www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှင်စောပု

## ချစ်ဦးညို

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာ *

မြန်မာရာဇဝင်သမိုင်း၌ သူ့နည်းနှင့်သူ အမည်နာမတွင် ကျန်ရစ်ခဲ့သော ထူးခြားသည့်အမျိုးသမီးများ ရှိခဲ့သည်။ သမ္ဘူလ၊ အပယ်ရတနာ၊ မဏိစန္ဒာ၊ မိဖုရားဖွားစော၊ စောလုံ၊ စောဥမ္မာ၊ ရှင်စောပု၊ ရှင်ဘို့မယ်၊ နန်းမတော်မယ်နု၊ ဆင်ဖြူမရှင်၊ စုဖုရားလတ် စသူတို့သည် ထီးရေးနန်းရေးများကို နောက်ခံပြုကာ လူသိများကြသော ရာဇဝင်ထွက် ဇာတ်ဆောင်များ ဖြစ်ကြသည်။

ကျွန်တော်သည် ပုဂံခေတ်မှ သမ္ဘူလနှင့် မဏိစန္ဒာခင်ဦးတို့၏ ရုပ်ပုံလွှာများကို (ပရိမ္မထိပ်ထား)နှင့် မဏိစန္ဒာ ဥဒါန်း)ဝတ္ထုများ တွင် ရေးသားခဲ့ပြီးပါပြီ။ ယခု(ရှင်စောပု)ကို လေးစားအပ်သော စာဖတ်သူ ရှေ့မှောက် ပို့ဆောင်အပ်ပါသည်။

ရှင်စောပု၏ နောက်ခံကားချပ်မှာ အဝ (အင်းဝ)နှင့် ဟံသာဝတီဖြစ်သည်။ ကာလအားဖြင့် ၁၅ ရာစုလယ်နှင့် နှောင်းဦးပိုင်း၊ မြန်မာသက္ကရာဇ် ၇၅၀ နှင့် ၈၁၀ ကျော် တစ်ဝိုက်ဖြစ်သည်။ ထိုကာလမှာ အင်းဝနှင့် ဟံသာဝတီတို့ ထီးပြိုင် နန်းပြိုင် အခြားပဒေသရာဇ်ငယ်များ၊ မြို့စားများလည်း

---

* ပထမနှိပ်ခြင်း၊ ၁၉၉၆၊ ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလက်ရုံး အာဏာပြိုင်နေကြသော အချိန်သမယဖြစ်သည်။ ရှင်စောပုသည် ထီးနန်း၊ စစ်မက်ထူပြောသောခေတ်ကို ဖြတ်သန်းခဲ့ရသည့် အမျိုးသမီး ဖြစ်လေသည်။

ထူးခြားချက်အဖြစ် သမိုင်းဆရာတို့ တညီတညွတ်တည်း မှတ်ချက်ချကြသည်မှာ ရှင်စောပုသည် သမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မ ဖြစ်နေခြင်းပင်။ နောက်တစ်ခုမှာ ရှင်စောပုသည် ရွှေတိဂုံစေတီကြီးနှင့် ရွှေမော်ဓောစေတီကြီးတို့နှင့် ယှဉ်တွဲနေခြင်းပင် ဖြစ်သည်။

*

ဤ"ရှင်စောပု"ဝတ္ထုတွင် အခန်း ၂၀ ခွဲထားပြီးအခန်းတိုင်း၏ အဖွင့်အဖြစ် လင်္ကာကဗျာများကို တွေ့ကြရပါမည်။ ထိုလင်္ကာကဗျာများမှာ အမျိုးအမည် စုံလင်ပါသည်။ ဖြစ်သင့်သည်မှာ သက်ဆိုင်ရာ လင်္ကာကဗျာအောက်တွင် မည်သူရေးဟု (ဥပမာ-ပြင်စည်မင်းသား၊ မုံရွေးဆရာတော်၊ ရှင်မဟာရဋ္ဌသာရ၊ နတ်ရှင်နောင် စသည်) တစ်ပါတည်း ထိုးသင့်ပါသည်။

သို့သော် ရေးသားမည့်အခန်းနှင့် အဖွင့်လင်္ကာကို တွဲစပ်ရာ၌ အခက်အခဲတစ်ခု ကြုံရပါသည်။ ကျွန်တော်သည် မြန်မာစာညွန့်ပေါင်းကျမ်းများကို မွှေနှောက်ရှာဖွေကာ၊ ဝတ္ထုအခန်းနှင့် လိုက်ဖက်သင့်မြတ်သည့် စာကဗျာကို ရွေးချယ်ပါသည်။ သို့ရွေးချယ်ရာတွင်...

ကျည်းကန်ရှင်ကြီး၏ မိခင်မေတ္တာဘွဲ့၊ ရတုပိုဒ်စုံထဲမှ
ဘိုးသူတော် ဦးမင်း၏ လေ့တော်သံထဲမှ
ပြင်စည်မင်းသား၏ မွန်သာချင်းထဲမှ
မုံရွေးဆရာတော်၏ သီလဝပျို့ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



အမည်မသိ စာဆို၏ သားရွှေခဲဆုံးမ စာထဲမှ
ရှင်မဟာဌသာရ၏ ရူပကလျာဘွဲ့ထဲမှ
နတ်ရှင်နောင်၏ ရတုပိုဒ်စုံထဲမှ
ဦးပေါ်ဦး၏ ရတုထဲမှ
အပိုဒ်အချို့ကို မူရင်းသတ်ပုံ စာလုံးပေါင်းပါ မကျန် ကူးယူဖော်ပြပါသည်။

ထိုစာအသီးသီးတို့အောက်တွင် (ဦးပုည၊ ဦးမင်း၊ နတ်သျှင်နောင်၊ ရှင်မဟာရဋ္ဌသာရ၊ ပြင်စည်မင်းသား) စသည်ဖြင့် ဖော်ပြလိုက်ပါက ဝတ္ထုဇာတ်ကြောင်းအတိုင်း စီးဆင်းသွားနေသည့် အလျဉ်တွင် (ခေတ်ကာလ ချင်းမတူသည့်အတွက်) အရသာ ပေါ့ပျက်သွားနိုင်သည်ဟု ယူဆမိပါသည်။

ထို့ကြောင့် ရတု၊ မော်ကွန်း၊ လေ့တော်သံ၊ ဧချင်း၊ သာချင်း၊ ပျို့၊ မေတ္တာစာ၊ ဆုံးမစာ ကောက်ချက်များအောက်တွင် ဆိုင်ရာစာဆိုများ အမည်ကို မရေးထိုးဘဲ ချန်လှပ်ထားခြင်း ဖြစ်ပါသည်။

အခန်းဖွင့်စာကဗျာတို့၏ ကြီးစွာသော အထောက်အပံ့ ကျေးဇူးတရားကို ကျွန်တော် ထိန်ချန်လို၍ မဟုတ်ပါ။ ဝတ္ထုကြောင်းကို ငဲ့ညှာလို၍ဖြစ်ကြောင်း နားလည် ခွင့်လွှတ်ပေးစေလိုပါသည်။

*

"ရှင်စောပု" ကို ရေးသားရာ၌ အောက်ပါတို့ကို မှီငြမ်းကိုးကား ပါသည်။

* အထူးထုတ် ရွှေတိဂုံသုတေသနစာစောင်(၁)
(နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန)

www.burmeseclassic.com

www.burmeseclassic.com



- မြန်မာစာညွန့်ပေါင်းကျမ်း(ပထမတွဲ)(ဒုတိယတွဲ)(ပဥ္စမတွဲ)(မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးပညာ ပြန့်ပွားလှုံ့ဆော်ရေးစာစဉ်)
- မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ) (မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးပညာ ပြန့်ပွားရေး လှုံ့ဆော်ရေးအဖွဲ့)
- ဦးကုလား မဟာရာဇဝင်ကြီး (အဋ္ဌမတွဲ) (နဝမတွဲ)
- ရာဇဓိရာဇ် အရေးတော်ပုံကျမ်း (ဗညားဒလ)
- ဓမ္မစေတီ (မစ္စတာမောင်မှိုင်း)
- မွန်ဘဝဓလေ့နိဒါန်း (ကြည်မြလွင်)
- ရာဇဝင်ထဲက မိန်းမသားများ၊ (ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)(စာပေဂျာနယ် အမှတ် ၁၀၊ ၁၉၉၀ ပြည့်နှစ်)

*

"ရှင်စောပု" ဝတ္ထုရေးသားဖြစ်ဖို့ရန် အားပေးတိုက်တွန်းသော ဆရာများ၊ မိတ်ဆွေများအားလုံး၏ ကျေးဇူးကို မှတ်တမ်းပြုပါသည်။

**ချစ်ဦးညို**

www.burmeseclassic.com

www.burmeseclassic.com

(၁)

လွှတ်ဦးသဘင်၊စံညာခွင်က၊ပလ္လင်ပြောင်ရှန်း၊ မြူရိပ်စန်းထက်၊ တစ်သန်းနေနှင့်၊ လနှယ်မှန်ကင်း၊မြတ်ရှင်ရင်း၊ညင်းညင်းပျပျ၊ယုယခွေညောင်း၊ ညွှတ်ညွှတ် ပျောင်းမျှ၊ ယုံကြောင်းယုံဖွယ်၊ အသွယ်သွယ်ကို၊ နားဝယ်မြမြ၊ ဆိုမောလှလျက် . . . ။

www.burmeseclassic.com

www.burmeseclassic.com


တင်းတိမ်ခန်းဆီးစသည် လေပြည်တစ်ချက်အသုတ်တွင် လှိုင်းနှယ်တွန့်ရှုန့်လှုပ်ရှားသွား၏။

ပြတင်းပေါက်မှ ဟိုးအဝေးတွင် ဝင်းမွတ်ပြာစင် ကောင်းကင်ကို တစ်မျှော်တစ်ခေါ်တွေ့ရသည်။တိမ်တိုက်တိမ်လွှာတို့ ကင်းသောကြည်လင်သည့် ကောင်းကင်ပြာ၊ နေရောင်ခြည်ကောင်းစွာ တောက်ပသောအဇ္ဈော။ သပ္ပာယ်လှစွာ မိုးမိုးမားမား တည်နေသည်ကား တိဂုံဆံတော်ရှင် စေတီတော်ဖြစ်သည်။ သိင်္ဂုတ္တရ ကုန်းတော်ပေါ်တွင် ရွှေတောင်ကြီး ထပ်ဆင့်ပေါက်နေသည်။ ထီးတော်စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်သည် မိုးယံသို့ထိုးစွင့်ကာ အနာဒိ အနန္တစကြဝဠာမှတစ်ဆင့် အလုံးစုံကို သိတော်မူခြင်းတည်းဟူသော သဗ္ဗညုတဉာဏ်တော်ကို ကိုယ်စားပြုနေ၏။

သိင်္ဂုတ္တရကုန်းတော်နှင့် တိဂုံဆံတော်ရှင် စေတီတော်ကြီး။

တင်းတိမ်ခန်းဆီးစ ဖြူလွလွ တပ်ဆင်ထားသည့် ပြတင်းပေါက်အနီးတွင် သလွန်ညောင်စောင်းတစ်ခု ခင်းထားသည်။ ညောင်စောင်းပေါ်တွင်လည်း ခေါင်းအုံး၊ မှီအုံးမွေ့ရာနှင့် ကမ္ဗလာဖုံတို့ကို အစေ့စပ်ခင်းကျင်းစီမံထားသည်။ ထိုအိပ်ရာထက်တွင် လဲလျောင်းနေသူသည်

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းဘက်သို့ လှည့်စောင်းရင်း ကမ္ဗလာစောင်အတွင်းမှ လက်အစုံကို ထုတ်ယူကာ နဖူးထိပ်ထက်၌ လက်အစုံကို ဖူးငုံစေလိုက်သည်။

လက်ဖမိုးများမှာ အကြောပြိုင်းပြိုင်း ခုံးမောက်လျက် လျော့ရဲသော အရေပြားတို့ဖြင့် ဖုံးလွှမ်းနေပေပြီ။ ပူးကပ်ထားသော လက်ချောင်းများသည် ရှည်သွယ်ဖြောင့်မတ် နေကြသော်လည်း အရိုးအဆစ်တို့ ငေါငေါပေါ် နေကြပြီး လက်ဖဝါးပြင်မှာလည်း သွေးရောင်တို့ဖြင့် ဖျော့တော့နေကြပြီ။

သို့သော် ဖူးငုံချီလက်အုပ်အစုံသည် နဖူးထိပ်ထက်တွင် တုန်ယင်ခြင်း မရှိ၊ ပကတိငြိမ်သက်စွာတည်၏။ ထိကပ်ထားသော နဖူးဆံစတို့သည် ငွေရောင်ဖွေးဖွေးဖြင့် ဆွတ်ဆွတ်ဖြူနေကြသည်။

အပြာရောင် အဇ္ဗူာနှင့် တောက်ပသော နေရောင်အောက်မှ ရွှေရောင်ဝိုးဝင်း တိဂုံဆံတော်ရှင် စေတီဆီသို့ ငေးမျှော်နေသော မျက်လုံးအစုံတို့သည် ဝေသီရီမှိုင်းရှိကြသည်။ ထိုမျက်လုံးအစုံတို့ကို မကြာမီ မျက်လွှာချလျက် သိမ်းဆည်းလိုက်သည်။

ပါးလွှာ၍ ဆေးရောင်ပြယ်နေသော နှုတ်ခမ်းအစုံတို့ ဖွဖွ လှုပ်ရှားလာကြသည်။ တိုးတိမ်လွန်းသော အသံဖြစ်၍ မည်သူမျှ မကြားရ။ သလွန်ညောင်စောင်း၏ ခေါင်းရင်းဘက် ကြမ်းပြင်တွင်ဒူးတုပ်ပျပ်ဝပ် ထိုင်နေသော ခမ္မစေတီမင်းသည် တရွရွလှုပ်နေသော ထိုနှုတ်ခမ်းများကို ငေးစိုက်ကြည့်နေသည်။ ခမ္မစေတီမင်း၏ နောက်ပါးမှ အမတ်နှစ်ဦးတို့သည် ဝတ်လုံစကို အသာအယာသိမ်းရင်း သလွန်ညောင်စောင်းထက်ဆီ လှမ်းကြည့်နေကြသည်။ ညောင်စောင်း ခြေရင်းတွင် ဒူးတုပ် ထိုင်နေကြသော မွေ့နန်နှင့် မွေ့နှောင်းတို့သည်လည်း တိတ်ဆိတ်နေကြသည်။

သလွန်ညောင်စောင်းထက်မှ ချည့်နဲ့ ဖျော့တော့သော သဏ္ဍာန်ကား နဖူးထိပ်ဘက်တွင် လက်အုပ်ချီလျက် နှုတ်မှ အသံမဲ့ တတွတ်တွတ် ရွတ်ဆိုလျက် . . . ။

တိဂုံဆံတော်ရှင်ကို အဝေးမှ ဖူးမြော်ရင်း အသံမဲ့ ရွတ်ဆိုနေသည့် စကားများကို မည်သူမျှ မကြားနိုင်။ မည်သူမျှ မကြားရ။ တိတ်ဆိတ်ခြင်း၊ ငြိမ်သက်ခြင်း၊ အသံဗလံအလုံးစုံကို ထိန်းသိမ်းခြင်းတို့ဖြင့်သာ စောင့်ဆိုင်းနေကြရသည်။

အသံမဲ့စကားလုံးများကို ရွတ်ဆိုနေသူ သလွန်ညောင်စောင်းပေါ်မှ သဏ္ဍာန်သည်သာ သိနိုင်ပေမည်။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကို ရွတ်ဆို အာရုံပြုနေသည်လား၊ ဆုတောင်းဆုပန်စကား ဆိုနေသည်လား။ အဓိဋ္ဌာန်နှင့် သစ္စာကို တိုင်တည်နေသည်လား။

www.burmeseclassic.com

www.burmeseclassic.com


သလွန်ညောင်စောင်းထက်မှ"ဘုရင်မကြီး ရှင်စောပု" ကိုယ်တိုင်သာ သိပေလိမ့်မည်။

ဖြူလွလွ ခန်းဆီးစသည် အဝေးမှ သိင်္ဂုတ္တရကုန်းတော်နှင့် တိဂုံဆံတော်ရှင် စေတီကြီး၏မြင်ကွင်းကို ပိုမိုကျယ်ပြန့် ရှင်းလင်းစေသောအားဖြင့် လေသုတ်တွင် ပြတင်းပေါင်ဆီသို့ တိုးကပ် ဖယ်ရှားပေးလိုက်၏။

ငြိမ်သက်တိတ်ဆိတ်လွန်းသော နန်းဆောင်ထဲတွင် ငြိမ်းအေးချမ်းမြေ့ခြင်းနှင့် ဓမ္မအမြိုက်သည်သာ ညင်သာစွာ ကျရောက်နေလေသည်။

* *

". . . စေတီတော်ကို ခံသော ပစ္စယာတစ်ထပ်၌ ပစ္စယာ၏ အဝထက်တွင် ရွှေချထားသော ကျောက်ထီးကို စီ၍ စိုက်ခဲ့ပြီဘုရား"

တိဂုံဆံတော်ရှင် စေတီတော်ကြီး တစ်ပိုက်နှင့် ကုန်းတော်ပေါ်တွင် မိမိပြုခဲ့သော သာသနိက အဆောက်အအုံတို့ကို တစ်ခုချင်း ပြန်လည်ဖော်ထုတ် သိမှတ်ရင်း ဘုရင်မကြီးသည် အာရုံပြု လျှောက်ထားနေ၏။

" ထီးနှင့် စေတီ၏ ပန်တင်ခုံ ပစ္စယာအကြားတွင် ကျောက်ပြားအပြည့်ခင်းခဲ့ပါပြီ ဘုရား . . . ။

" ပန်းတင်ခုံ ပစ္စယာကို ခါးဖွဲ့ပြီးလျှင် ကျောက်ဖြင့်ပြီးသော ဆီမီးအိမ်ကိုပတ်လည်အပြည့် စီခဲ့ပါပြီဘုရား . . . ။

" ပန္နသာဟု ဆိုအပ်သော လက်ယာရစ်လှည့်သော နေရာ စေတီရင်ပြင်၌ ထီး၏ ဝန်းကျင်နေရာဝယ် ကျောက်ပြား အပြည့် ခင်းခဲ့ပါပြီဘုရား"

သာသနိက အဆောက်အအုံ အခင်းအကျင်း အသေးစိတ်တို့သည် ဘုရင်မကြီး၏ အာရုံ၌ တိကျစွာ ပေါ်ပေါက်လျက်ရှိ၏။

"ပန္နသာအဆုံး၌ တံတိုင်းခတ်၍ ကြာပန်းတို့ဖြင့် ခြယ်လှယ်ခဲ့ပါပြီဘုရား၊ ဤအထပ်အဆုံး၏ နောက်အဆင့်အထပ်၌လည်း ဝန်းကျင်ဝယ်၊ အမြဲတမ်း သုခမ္မာဇရပ်ဆောင်တို့ကို ဆောက်လုပ်ခဲ့ပါပြီဘုရား. . . ။

"ထိုမှ နောက်တစ်ဆင့် ပန္နသာဟု ဆိုအပ်သော ရင်ပြင်တစ်ထပ်ကိုလည်းကောင်း၊ ထိုမှ နောက်တစ်ဆင့် အထပ်၌ ဝန်းကျင်အပြည့်၌ တံတိုင်းကို လည်းကောင်း ခင်းကျင်းခတ်လုပ်ခဲ့ပါပြီဘုရား . . . ။

www.burmeseclassic.com

www.burmeseclassic.com


"ထိုတံတိုင်း၌ အုန်းပင်အပြည့်စိုက်လျက် အရိပ်အာဝါသကို ဖြစ်စေခဲ့ပါပြီဘုရား၊ တံတိုင်းအပြင် မြေ၌လည်း အပြေအပြစ် ညီညာပြန့်ပြူး ခင်းဖို့ခဲ့ပါပြီဘုရား"

ပစ္စယာပေါ်မှ ရွှေချထားသော ကျောက်ထီးများ၊ ကျောက်ဆီမီးအိမ်များကိုလည်း၊ ဘုရားကြီးအာရုံ၌ တစ်ခုချင်း ပြတ်ပြတ်ထင်ထင် မြင်သည်။

"သာသနိက အဆောက်အအုံ၊ ထိုကုသိုလ်ကောင်းမှု အစုစုတို့တွင် ဘုရားတပည့်တော်မ ရှင်စောပုသည် မိမိကိုယ်တိုင်၏ လက်တို့ဖြင့် သယ်လျက်၊ ဦးခေါင်းဖြင့်ရွက်လျက်၊ ထို့အတူ တိုင်းသားပြည်သူတို့သည်လည်း သူတို့၏ လက်များ၊ ဦးခေါင်းများဖြင့် သယ်ပိုးရွက်ထမ်းလျက်၊ ပူဇော်သမှု၊ ဒါနပြုခဲ့ကြပါသည်ဘုရား၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်၊ ကျေးဇူးတော် အနန္တတို့ကို ရည်စူးပူဇော်လျက်၊ ထိုသို့ပြုခဲ့ကြရသော၊ ကောင်းမှုကုသိုလ်အဖို့ကြောင့် . . . "

ဆုတောင်းဆုပန်စကားကို ဆိုရတော့မည်၊ အာရုံထဲတွင် အသံမဲ့ လျှောက်ထားတိုင်တည်နေသော စကားလုံးတို့ တန့်ရပ်သွား၏။

ဣဒံ မေ ပုည် အာသဝက္ခယံ ဝဟံ ဟောတု၊ ဣဒံ မေ ပုည် ဗောဓိဉာဏာဿ ပစ္စယော ဟောတု၊ ဣဒံ မေ ပုည် နိဗ္ဗာနဿ ပစ္စယော ဟောတု . . . အစရှိကုန်သော ဆုတောင်းဆုပန် စကားတို့သည် အလိုအလျောက် ပင် အာရုံထဲသို့ ရောက်ရှိလာကြသည်။ သို့သော်

အာသဝေါတရားတို့ ကင်းကုန်ရာ၊ ဗောဓိဉာဏ်ကို ရရှိရာ၊ နိဗ္ဗာန်အမတသို့ ဆိုက်ရောက်ရာ၊ ထိုသို့သော အန္တိမ ခရီးဆုံး၊ သံသရာမှ ကျွတ်လွတ်မှု အဆုံးသို့မရောက်မီ ကာလ၊ အကြားအကြားသော ဘဝတို့ ရှိနေပေဦးမည်။ ခန္ဓာနှင့်နာမ်ရုပ်တို့ ဖြစ်ပေါ်ကြဦးမည်။ ထိုသံသရာ ဘဝတစ်လျှောက်မှ မကင်းပြတ် မကုန်ခန်းနိုင်သေးသရွေ့ ဘဝတာတို့ကို ဖြတ်သန်းကျော်လွှားရာတွင် . . .

မည်သို့သော ဘဝမျိုးကို ရပါလို၏ . . . ဟု ဆုတောင်းရမည်နည်း။

အသက်ရှည်သော၊ အဆင်းလှသော၊ ဥစ္စာချမ်းသာသော၊ ခွန်အား ပြည့်သော၊ အမျိုးမြတ်သော . . .

ဤဆုများကို ဘုရင်မကြီး ထည့်သွင်း မစဉ်းစားချင်။

ချမ်းသာအစစ်မဟုတ်လေသော၊ ထိုအသက်၊ အဆင်း၊ ဥစ္စာ၊ ခွန်အား၊ အမျိုးဇာတ်တို့၏ ပြည့်စုံတင့်တယ်ခြင်း၊ ဟိုမှာဘက်အစွန်းတွင် ကြောက်စရာကောင်းသော အကျိုးရလဒ်များကို တနင့်တပိုး ခံစားပြီးခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com


လေးပါးသော လောကဓံတရားနှင့် အခြားလေးပါးသော လောကဓံတရားလှိုင်းတံပိုးတို့အလယ်တွင်၊ မြှုပ်ချည်ပေါ်ချည်၊ နစ်ချည်မွန်းချည်၊ စုန်ချည်ဆန်ချည်၊ သက်စွန့်ဆံဖျား ကူးခပ်ခဲ့ပြီး။ လှိုင်းလုံး၏ ကိုင်မြှောက်ပစ်လွှင့်ခြင်းကြောင့် အဝေးသို့လည်း လွင့်စဉ်ဖူးပြီ။ ဝဲကတော့၏ စုပ်ယူခြင်းကြောင့် နက်စွာသော အခြေထိလည်း စုန်းစုန်းမြုပ်ခဲ့ရဖူးပြီ။ အခါအခွင့်သင့်သော ရာသီဥတု၏ မျက်နှာသာပေးမှုဖြင့် ပြန့်ပြူးသာယာသော ကမ်းထက်တွင်လည်း မှေးစက်ခိုနားခဲ့ဖူးပြီ။

နှလုံးသည်းပွတ်ကား၊ ဒဏ်ရာဒဏ်ချက်များဖြင့် မြင်မကောင်း။

ထိုနှလုံးသည်းပွတ်ကို သယ်ပိုးပွေ့ဖက်ထားရင်းဖြင့်ပင် ဇရာက အလံစိုက်လာ၏။ ဗျာဓိက တံခွန်လွှင့်လာ၏။ အရဏကား မဝေးလှတော့ပြီ။

သေဆုံးရမည်ကိုကား၊ ဘုရင်မကြီး စိုးစဉ်းမျှ မထိတ်လန့်။

သေဆုံးဖို့ အသင့်ပြင်ထားပြီးပြီ။ သံသရာခရီးအတွက် ရိက္ခာ၊ လှေနာဝါ အထုပ်အပိုးတို့ အသင့်စီမံထားပြီးပြီ။ ခရီးသည်ကပင် ခရီးကို ပြန်၍ စိန်ခေါ်နေနိုင်ပြီ။

အစုစုသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ဖြင့် မိမိ၏ ကံကို ဖြည့်တင်း အားကောင်းစေခဲ့ပြီးပြီ ဖြစ်၏။

ထိုကုသိုလ်ကံ အစုစုတို့ကို၊ သစ္စာဆို တိုင်တည်လျက်၊ ဆုတောင်းဆုပန်ပြုတော့မည် . . . မည်သည့် ဆုတောင်းဆုပန်မျိုးနည်း။

နိဗ္ဗာန်ဆုကိုကား အလွှဲအသွေ အာရုံညွှတ်ပြီး ဖြစ်၏။ သို့သော် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် မဆိုက်သေးသော၊ မိမိသန္တာန်ကို မိမိအသိဆုံး။ ခန္ဓာအသစ်နှင့် ရုပ်နာမ်အသစ်တို့ကို ရရှိပိုင်ဆိုင်ရဦးမည် ဖြစ်သည်။ ပြုခဲ့သမျှသော ကံတို့သည် ထိုခန္ဓာအသစ်၊ ရုပ်နာမ်အသစ်တို့၌ အစဉ်တစိုက် ဂုဏ်သတ္တိပြလျက် လိုက်ပါလာကြဦးမည်ဖြစ်သည်။

မည်သည်ကို ဆုတောင်းဆုပန်ရမည်နည်း။

ဖြစ်လေရာ ဘဝဘဝတိုင်းတွင် . . .

ဆုတွေတသီကြီး အာရုံထဲပေါ်လာ၏။ ကိုယ်တိုင်တောင်းခဲ့သည်များ၊ တစ်ပါးသူတို့ တောင်းကြသည်များ၊ ကျမ်းဂန်တို့၌ တွေ့ရသည်များ၊ သမက်တော်ဓမ္မစေတီမင်း ပြောခဲ့သည်များ . . .

ထိုဆု အမျိုးအစားများအားလုံး တစ်ခုခုသော်မျှ အာရုံ၌ မစွဲကပ်။ အာလယမဖြစ်။ ဆန္ဒမပေါ်။

www.burmeseclassic.com

www.burmeseclassic.com


" သီရိတြိတုဝနာဒိတျာပြ ဝရဓမ္မဓေတြ၊ လောကျနာထ မဟာဓမ္မ ရာဇာဓိရာဇာဒေဝီ "ဘွဲ့ ခံသော ဘုရင်မကြီးသည် မိမိတောင်းဆုပန်ရမည့် ဆုကို အစဉ်းစားရခက်နေ၏။ မလိုချင်သော အရာကို ပယ်ရှောင်ရမည်။ လိုချင်သော အရာကို သယ်ဆောင်ရမည်။ ဆုပန်ထွာတောင်းဆိုခြင်း ဟူသည်မှာ မလိုချင်တာကိုဖယ်၍ လိုချင်တာကို ညွတ်သော စိတ်ဆန္ဒ၏ ပြဋ္ဌာန်းမှု ဖြစ်သည်။

မိမိ ဘာကို လိုချင်သနည်း။ ဘာကိုမလိုချင်သနည်း။

နဖူးထက်မှ လက်အုပ်အစုံကို ပြန်သိမ်းချက်၊ ရင်ဘတ်ပေါ်တွင် အသာအယာယှက်တင်လိုက်သည်။ မျက်ဝန်းအိမ် အစုံမှ သဒ္ဓါဖြင့် ပြည့်သော အကြည့်တို့ကား အဝေးမှ တိဂုံဆံတော်ဆီသို့ မရွေ့မဖယ် စတမ်းကျရောက်လျက်ပင်။

စိမ်းညို့မှိုင်းပျ ကုန်းတော်ထက်တွင် ရွှေတောင်ကြီးပေါက်လျက် ရှိသည်။အဝေး၏အဝေးဆီမှဖြစ်၍ ထီးတော်ဆည်းလည်းသံများကို မကြားနိုင်။ သို့သော် ပင်လယ်ဘက်မှ လာသော လေပြည်တွင် တချွင်ချွင် လှုပ်ခါနေကြသည့်ဆည်းလည်း ညောင်ရွက်သံများ၏ အသံကို စိတ်နားဖြင့် ကြားယောင်နေ၏။ ဆည်းလည်းသံတို့က ဘုရင်မကြီးကို တစ်ခုတည်းသော အမေးစကားဖြင့် ဆိုမြည်နေကြ၏။

"ဘုရင်မကြီး သင်ဘာဆုတောင်းမှာလဲ၊ နိဗ္ဗာန်အမတ မျက်မှောက် မပြုရမချင်း ဖြစ်လေရာ သံသရာဘဝ အဆက်ဆက်မှာ၊ ဘယ်လိုအဖြစ် မျိုးကို လိုချင်တာလဲ၊ ဘယ်လို အဖြစ်မျိုးကို မလိုချင်တာလဲ၊ ဆိုလေ ဘုရင်မကြီး"

ငြိမ်သက်လွန်းသော ရင်အုံပေါ်မှ ယှက်ထားသည့် လက်အစုံကို ကြည့်ရင်း၊ အနီးရှိ ဓမ္မစေတီမင်းသည် အနည်းငယ်လှုပ်ရှားလာသည်။ ဘုရင်မကြီး၏ မျက်လုံးအိမ်များဖွင့်ဟနေပြီး တစ်ချက်တစ်ချက် မျက်တောင်ကို ပုတ်ခတ်လှုပ်ရှားနေသောကြောင့်၊ ဓမ္မစေတီမင်း နေရာတွင် ပြန်ထိုင် လိုက်၏။

ကိုယ်လုပ်တော် မောင်းမမှူးမိနဲ့နှင့်မိသင်တို့က၊ ပန်းဖောက်ကတ္တီ ပါယပ်ဖြင့် အသာအယာလှုပ်ယမ်းပေးကြသည်။ အမတ်နှစ်ဦးမှာ ဓမ္မစေတီ မင်း၏ အရိပ်အကဲကို ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် တိုးဖွသော ခြေသံတစ်သံ၊ နန်းမဆောင်၏ တံခါးမှ ပေါ်လာ၏။ ခြေသံကို လုံခြုံအောင် ထိန်းသိမ်းလျက် ဝင်ရောက်လာသူကား ဘုရင်မကြီး၏ သမီးတော် နဲ့တကာသင်။ ဓမ္မစေတီမင်း၏ မိဖုရား။

မိဖုရားသည် မယ်တော်၏ ညောင်စောင်းအနီး အသာအယာ ဝင်ထိုင်လျက် ဒူးထောက်သည်။ ညောင်စောင်းပေါ်မှ မယ်တော်ကြီးကို အရိပ်အခြည် လှမ်းကြည့်သည်။ မိမိရောက်ရှိလာကြောင်း မယ်တော်ကြီး သိသည်။ သို့သော် မိမိအား နှုတ်ဆက်စကားလည်း မဆို။ ငဲ့စောင်း၍လည်း မကြည့်။ ပြတင်းမှ တစ်ဆင့်၊ အဝေးရှိ တိဂုံဆံတော်ရှင်ဆီသို့သာ ငေးမော ဖူးမြော်နေသည်ကို တွေ့လိုက်၏။

ရီဝေမွဲသီသော မျက်လုံးများ အထက်အောက်ရှိ မျက်ခွံ မျက်ရစ် တို့သည် တွန့်လိပ်ပျော့ခွေလျက် ရှိနေကြပေပြီ။ သို့သော် မယ်တော်ကြီး၏ အမြဲတစေ စူးရှတောက်ပနေတတ်သော မျက်ဝန်းအိမ်များမှ နက်ရှိုင်းသော အကြည့်ကမူ ဇရာနှင့် ဗျာဓိကို မထီမဲ့မြင် ပြုနေကြဆဲပင်ရှိ၏။

ဤကား ဘုရင်မတစ်ပါး၏ မျက်လုံး။

ဤကား ရှင်စောပု၏ မျက်လုံး။

ဟံသာဝတီပြည့်ရှင် ဓမ္မစေတီဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီး ဟူသော အဖြစ်သည် သက်ကြီးရွယ်အို မိခင်ကြီး တစ်ဦးအနီးတွင် သမီး ဟူသောအဖြစ်သို့ ညင်သာစွာ ကူးပြောင်းသွားလေသည်။ ထိုအခိုက်ဝယ် ထိုသမီး၏ မျက်နှာပေါ်မှ မိဖုရားခေါင်ကြီးတို့၏ ရာဇမာန်တို့သည် အလုံးစုံ ကင်းပလျက်ရှိသည်။

ဘုရင်မကြီးကား သမီးကိုလည်းကောင်း၊ သမက်ကိုလည်းကောင်း၊ မှူးမတ် ရံရွေများကို လည်းကောင်း လျစ်လျူပြုလျက် သိဂုံတ္တရကုန်းထက် သို့သာ စူးစူးစိုက်စိုက် ငေးမျှော်ဖူးမြော်နေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com


မမြင်မကြားမသိနိုင်သော ရှေ့သံသရာဘဝ ဘဝအတွက် ဆုတောင်းဆုပန် မပြုသာသေးသော ထိုအချိန်၌ မြင်ခဲ့ကြားခဲ့ သိခဲ့ပြီးသော လက်ရှိဘဝ၏ အတိတ်ရုပ်ပုံလွှာများကမူ အစီအရီ ပေါ်လာဖို့ မှတ်ဉာဏ်တံခါးဝ၌ အလျှိုလျှို ထွက်ပြူလာကြသည်။

ဒဂုံနေပြည်၏ ဤဒေသ၊ ဤနန်းဆောင် ဤလေသာပြတင်းဝ၊ ဤသလွန်ညောင်စောင်းထက်ဝယ် ဤသို့ဤနှယ် လဲလျောင်းနေသည့် အချိန်ကာလ မတိုင်မီ ဟိုမှာဘက်ဆီမှ အတိတ်ဖြစ်ရပ်တွေ . . .

နေရောင်တောက်ပသော အပြာရောင်အဇ္ဈောပြင်ကြီးသည် အတိတ်သို့ပြန်သွားသောအတွေးမြားတံ ဖြတ်သန်းသည့် ထုအပြင်ကြီးဖြစ်သွား၏။

အနှစ်နှစ် အလလက ရုပ်ပုံလွှာများသည် လတ်လတ်ဆတ်ဆတ် အသက်ဝင်လာကြသည်။ မမေ့ကောင်း မပျောက်ကောင်း ဖြစ်ရပ်များ။ နှလုံးသွေးနှင့်ရေးခဲ့သော ကမ္ပည်းစာများ။ ပါဝင်ပတ်သက်သူများ၊ ဖြစ်ရပ်တွေ၊ အရေးအခင်းတွေ၊ လူတွေ လူတွေ၊ ဘုရင်တွေ၊ မှူးမတ်တွေ၊ စစ်သူရဲတွေ၊ မိဖုရား၊ ကိုယ်လုပ်မောင်းမတွေ . . .။ ပြီးတော့ စစ်တေးကြွေးကြော်သံတွေ။

မတွန့်မဆုတ် ခံစားရင်း၊ တွေးတော သုံးသပ်လိုက် ရှင်စောပု . . .

ဒီအတိတ်ခရီးရဲ့အဆုံး၊ ပစ္စုပ္ပန်ကို ပြန်ရောက်လာချိန်မှာ သင်ဘယ်လိုဆုမျိုး တောင်းရမလဲဆိုတာ အလိုလိုပေါ်လာပါလိမ့်မယ် . . .

ရင်ထဲမှ အသံတစ်သံကို ကြားလိုက်ရ၏။

အတိတ်သည် မည်းမှောင်၍ ကြောက်စရာကောင်းသော ချောက်ကမ်းပါး မဟုတ်တော့ပြီ။ တစ်လျှောက်လုံးဖြတ်သန်းခဲ့သော ဘဝရုပ်ပုံကားချပ်တွေကို ယခုအချိန်၊ ညောင်စောင်းထက်မှာ လဲလျောင်းရင်း တိဂုံဆံတော်ရှင်ဆီ မျက်နှာမူရင်း ပြန်လှန်သုံးသပ်ရသည်ကပင် နှစ်လိုဖွယ်ဖြစ်လာ၏။

အတိတ်က မိမိကို စုပ်ယူဝါးမျိုခြင်းမဟုတ်။

မိမိက အတိတ်ထဲသို့ ဝံ့စားစွာတိုးဝင်လိုက်ခြင်းဖြစ်သည်။

ဒါဟာ ရှင်စောပု ဆိုတဲ့ မိန်းမသားတစ်ယောက်ရဲ့ ဘဝရုပ်ပုံလွှာပဲလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၂)

“ ... လေးဒီပါ ကျွန်းကျွန်းပိုင် ယူကျုံး ...
ကြေညာဘုန်း၊ ရွှေတေဇာ ထွန်းလင်း ... မန်းမြေ
တောင်များထီး၊ ရွှေပြည်ကြီးတည်ရာ ... ရွှန်းဝင်း
စကြာပိုင်စိုးမြန်း၊ ဆယ်ဖြာပန်း ဦးနှိမ်ကာ၊
မင်းမင်းငယ်လေ ... စက်ဖဝါးရင်း ... ”

“ရေတက်ချိန်နီးနေပြီ . . . မင်း အခုပဲသွားတော့ သုဒ္ဓမာယာ၊ ဟောဟိုမှာ ကွမ်းခွက်တော်ကိုယူသွား”

တောတောင်ထဲမှာသာဆိုလျှင် ခြသေ့်ကြီးတစ်ကောင်၏ ဟိန်းဟောက်သံဟု ဆိုရမည်ဖြစ်၏။ ယခုကား ဟံသာဝတီ နန်းတော်၏ ပြာသာဒ်ဆောင်တစ်ခုအတွင်း ဖြစ်သည်။ ခြသေ့်ကြီးကား သုသျှင်ရာဇာဓိရာဇ် ဖြစ်ပြီး အမိန့်သံမှာ ဟိန်းဟောက်သံပင် ဖြစ်သည်။

အနီးရှိ မင်းကြီး သမိန်ဗြတ်စသည် ခေါင်းငိုက်စိုက်ချထား၏။ အမတ်ဒိန်က မတုန်မလှုပ် တောင့်တောင့်ကြီး ရပ်နေပြီး ပဏ္ဍိတ်အမတ်မင်းကံစီတစ်ယောက်သာ မြင်ကွင်းကို အေးဆေးသက်သာစွာ ကြည့်နေလေသည်။

“ရွှေလောင်းတော် အသင့်ဖြစ်ပြီ မဟုတ်လား ဟေ့ . . . အမတ်ဒိန်”

“ဖြစ်ပါပြီသုသျှင်”

“ကိုင်း . . . သုဒ္ဓမာယာ၊ ခင်တယင်ပေါ် တက်ဖို့နန်းတော်က ထွက်ပေတော့”

သုသျှင်ရာဇာဓိရာဇ်ကို ကြည့်ရင်း၊ ခမည်းတော်ဟု မမြင်တော့ဘဲ လည်ဆံမွေးများကို ခါလျက် ဟိန်းဟောက်နေသော ခြသေ့်ကြီးတစ်ကောင်ကိုသာ မြင်ယောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


ခြသေ့်ကြီး၏ ခံတွင်းရှေ့မှာ သွေးသံအလူးလူး အလိမ်းလိမ်း၊ သားကောင်ငယ်ကား . . . မယ်တော် တလသုဒ္ဓမာယာ။

မယ်တော်သည် ကျိတ်၍ ရှိုက်နေရင်းဖြင့် မထိန်းသိမ်းနိုင်တော့ဘဲ၊ ပခုံးနှစ်ဖက်စလုံး သိမ့်သိမ့်ခါနေ၏။ နံ့သာခြယ်သထားသော မယ်မယ့် မျက်နှာ လှလှလေးမှာ မျက်ရည်တွေ အစိုစိုအရွဲရွဲ။ သို့သော် ထူးခြားသည်က တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေသော မယ်တော်သည် အဘိသေက သဘင်ပွဲတစ်ခု တက်ရောက်မည့်နှယ် တင့်တယ် သိုက်မြိုက်စွာ ဝတ်စားဆင်ယင် ထားချေသည်ကော။

ပုလဲကြိုးတွေ ညှတ်နေအောင် ဆွဲထားသည့်ခရမ်းပြာရောင် ကိုယ်ကျပ်အနို့တပ် အင်္ကျီသည် အသားဖြူဝင်းသော မယ်တော့်ကိုယ်ထက်၌ မဟာဆန်စွာ ကျက်သရေဆောင်နေ၏။ ရွှေအချိတ်ဖောက်သော ဖဲထဘီ၏ ထဘီနားများပင်လျှင် အသစ်ကျပ်ချွတ် ဖွေးဖွေးဖြူလျက်ရှိသည်။ တိမ်တောင်တက် ဆံထုံးတွင်ရွှေကတော့စွပ်ထားပြီး၊ သဇင်ပန်းတွေ ဝေနေအောင် ပန်ထားသည်။ ရွှေကျင်ခတ် ပဝါမြိတ်သည် မတ်တော်၏လှပသော ရင်အုံနှင့် ခါးဝန်းဆီတွင် ဖိတ်လက်တွဲခိုနေသည်။

သို့သော် သိုက်မြိုက်ခမ်းနားစွာ ဝတ်စားဆင်ယင်ထားသည့် မယ်တော်သည် အဘယ့်ကြောင့် အဆင်တန်ဆာနှင့် ဆန့်ကျင်စွာ သိမ့်သိမ့်ခါ ငိုကြွေးနေရလေသနည်း။

မယ်မယ့်ကို မေးချင်သောကြောင့် အနီးသို့ ကပ်သွား၏။ သို့သော် မင်းကံစီက ဖမ်းဆွဲထားလိုက်သည်။

"အပုလေး၊ သခင်မ ဒီနားမှာပဲနေ"

မင်းကံစီက လေသံဖြင့်ဆို၏။ မယ်မယ် ခေါ်သလို အပုလေးဟု ခေါ်သည့်အပြင် သခင်မဟုလည်း ခေါ်သောမင်းကံစီ၏ အသုံးအနှုန်းကို သဘောကျသွား၏။ ထိုထက်မှ မင်းကံစီ၏ နွေးထွေးကျယ်ပြန့်သော လက်ဖဝါး ကြီးများမှ လုံခြုံမှုကို ရရှိခံစားလိုက်မိသည်။

"ဟေး ... သုဒ္ဓမာယာ မင်း မျက်ရည်တွေကို သုတ်လိုက်စမ်းပါကွယ်၊ သူ့ရဲကောင်း တစ်ယောက်ဆီကို သွားရမယ့်အချိန်မှာ ယုတ်ညံ့တဲ့ ငိုရှိုက်သံတွေ မထွက်စမ်းပါနဲ့၊ မင်း အခုလုပ်ရတဲ့အမှုဟာ ငါ့ရဲ့ ဘုန်းကျက်သရေနဲ့တကွ ဟံသာဝတီရဲ့ဂုဏ်ကိုပါ ဆောင်တဲ့အမှုလို့ နားလည်လိုက်စမ်းပါ၊ ဒါတွေကို ငါပြောခဲ့ပြီးပါပြီ သုဒ္ဓမာယာ"

www.burmeseclassic.com

www.burmeseclassic.com


ခမည်းတော် သုသျှင်ရာဇာဓိရာဇ်၏ ဟိန်းဟောက်သံများဖြင့် နန်းဆောင်သည် လှုပ်ခါနေသည်ဟု ထင်မိလေသည်။ ဟိန်းဟောက်သံများဖြင့် တတွတ်တွတ်ရေရွတ်ရင်း ခမည်းတော်သည်၊ မယ်မယ် တလသုဒ္ဓမာယာ ထိုင်နေရာဆီသို့ ချဉ်းကပ်သွားသည်။ ခမည်းတော် ဘာတွေ ပြောနေပြီး မယ်တော်က ဘယ်သို့ဗလုံးဗထွေး ငိုရှိုက်နေသည်ကို မကြားရတော့။

မင်းကံစီ၏ လက်ဖဝါးကြီးကို ဆုပ်ကိုင်ရင်း မေးမိ၏။

"ခမည်းတော်က ဘာဖြစ်လို့ ဒီလောက် အော်ဟစ် ငေါက်ငမ်းနေတာလဲဟင်... မင်းကံစီ၊ မယ်တော်ကကော လှလှကြီး ဝတ်စားထားပြီး ဘာဖြစ်လို့ ငိုနေရတာလဲ"

မင်းကံစီက လေသံဖြင့် ပြန်ဖြေသည်။

"နောက်တော့ ပြောပြမယ် အပုလေး သခင်မ၊ အခု သုသျှင်ရဲ့ရှေ့မှာ ဘာမှ မပြောသာဘူး"

အသာငြိမ်နေလိုက်ရတော့၏။ ခမည်းတော်ကမူ မယ်မယ်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဆူပွက်နေသော ရေနွေးအိုးကြီးပမာ တတွတ်တွတ် ဆိုနေဆဲ။

"မိဖုရားကို ငါမနှမြောဘူး၊ သင်းကိုသာ ငါနှမြောတယ် သိလား မင်းကြီး သမိန်ဗြတ်ဇ"

"မိန့်ပါ သုသျှင်"

" ရွှေလောင်းတော် အမှုထမ်းတွေ အဆင်သင့်ရှိပြီလား"

" ရှိပါပြီ သုသျှင်"

" ကဲ မင်းသွားတော့ သုဒ္ဓမာယာ၊ ထွက်တော့ ဒေါင်းပေါင်လုလင်ချောင်းဝမှာ ငါ့ရဲ့ သူရဲကောင်း လဂွန်းအိန်က မင်းကို စောင့်နေပြီ၊ သူ့ဆီ မင်းသွားပေတော့၊ မင်းကြီး သမိန်ဗြတ်ဇနဲ့ အမတ်ဒိန်"

" မိန့်ပါ သုသျှင်"

" လိုက်သွားကြ၊ လိုအပ်တာတွေ စီစဉ်ပေးလိုက်ကြ သံလုံယ်ကိုလည်းကျွန်ပ်ရဲ့စကားပါးလိုက်တယ်လို့၊မိဖုရားထက်သူရဲကောင်းကို ပိုပြီးချစ်တဲ့သုသျှင်က အမိန့်ပေးလိုက်တယ်လို့၊မင်းလိုချင်တဲ့ မိဖုရား တလသုဒ္ဓမာယာကို ငါစွန့်လိုက်တယ်လို့၊ ပုသိမ်တပ်တွေကို အပြတ်အသတ်ချေမှုန်း အမှုတော်ထမ်းလို့ ... ကြားလား"

" ကောင်းပါပြီသုသျှင် "

www.burmeseclassic.com

www.burmeseclassic.com


ခမည်းတော်သည် စကားဆုံးသည်နှင့် နန်းဆောင်ထဲမှ ခြေသံပြင်းပြင်းဖြင့် ထွက်သွား၏။ မင်းကံစီရှေ့ အဖြတ်တွင် စူးခနဲ လှမ်းကြည့်လိုက်သောခြင်္သေ့ကြီး၏ မျက်လုံးများကို ကြောက်ရွံ့စွာဖြင့် မင်းကံစီ ရင်ခွင်ထဲ တိုးကပ်မိလေသည်။ ခမည်းတော်ကို မချစ်တော့၊ ကြောက်စရာကောင်းသည့် ခြင်္သေ့ကြီးတစ်ကောင်။

မင်းကြီးသမိန်ဖြတ်ဇနှင့် အမတ်ဒိန်တို့ကြားတွင် မယ်မယ်ပါသွားလေပြီ။

" မယ်မယ့်ကို ဘယ်ခေါ်သွားကြမှာလဲ "

မယ်မယ့်ဆီ ပြေးသွားဖို့ ကြိုးစားသော်လည်း မင်းကံစီက ပွေ့ဖက်ထား၏။

" အပုလေးသခင်မ ဒီမှာပဲ နေနော်၊ အားလုံးနေသားတကျ ပြန်ဖြစ်သွားပါလိမ့်မယ် "

မင်းကံစီ၏ အသံကမူ အေးမြနေ၏။ တစ်ခုခုကိုကြိုသိသလိုလို အပိုင်အနိုင်ပြောနေသည့် လေသံဖြစ်၏။ သို့သော် မယ်မယ်ကား သည်းစွာငိုရှိုက်ရင်း ပါသွားလေပြီ။ မယ်မယ်...မယ်မယ့်ကို ဘယ်ခေါ်သွားကြမှာလဲ၊ မယ်မယ့်ကိုပြန်ပေးကြ...ငါ့မယ်မယ့်ကို ပြန်ပေးကြ။

အသက် ကိုးနှစ်မပြည့်တတ်သေးသော အပုလေးသခင်မဟု နန်းတော်ထဲတွင် ချစ်စနိုးခေါ်ကြသည့် ရှင်စောပု၏ ရင်တွင်းမှ အသံကို မည်သူမျှ ကြားကြမည်မဟုတ်။

မယ်မယ့်ကို ပြန်ပေးကြပါ...ခမည်းတော် သုသျှင်ကို ကြောက်တယ်၊ ခမည်းတော်ဟာ မာန်ဖီနေတဲ့ ခြင်္သေ့ကြီး...ခြင်္သေ့ကြီး။

* * *

" ထိတ်လန့်စရာ တစ်ခုခုနဲ့ ကြုံတွေ့လိုက်ရတဲ့ ကလေးငယ်တစ်ယောက်ကို ချော့မော့နှစ်သိမ့်ရာမှာ မဟုတ်မမှန်တာတွေ၊ မဖြစ်နိုင်တာတွေနဲ့ မဖြေသိမ့်ရဘူး၊ အပုလေး သခင်မ မေးလာရင် အဖြစ်မှန်ကို ပြောပြလိုက်ကြနော်၊ ဒါပေမဲ့ တစ်ခုသတိထား၊ သူ့ခမည်းတော် သုသျှင်အပေါ်မှာ လိုအပ်တာထက် ပိုကြောက်မသွားစေနဲ့၊ သမီးငယ်တစ်ယောက်ဟာ ဖခင်ကို ကြောက်စရာကောင်းတဲ့ လူကြီးအဖြစ်နဲ့ မမြင်စေအပ်ဘူး၊ ကြားလား... မိနဲ "

အထိန်းတော် မိနဲအား မင်းကံစီက မှာနေသည့်အသံကို မကြားတစ်ချက် ကြားတစ်ချက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


အထိန်းတော် မိနဲကိုယ်တိုင်လည်း ကြောက်ရွံ့နေသည်။ ကတုန်ကယင်နှင့် ဆောက်တည်ရာမဲ့ ဖြစ်နေသည်။

" ကျွန်… ကျွန်မက သခင်မလေးကို ဘာပြောရမှာလဲ မင်းကံစီ"

" သူမေးလာရင် အမှန်အတိုင်း ပြောပြလိုက်၊ ဒါပေမဲ့ တစ်ခုပြောဖြစ်အောင် ပြော၊ သူ့ မယ်မယ်ဟာ မကြာခင် ပြန်ရောက်လာလိမ့်မယ်လို့ "

" ရှင်… မင်းကံစီ ဘယ်လိုပြောလိုက်တယ် "

" အရှင်မ တလသုဒ္ဓမာယာဟာ မကြာခင် နန်းတော်ထဲကို ပြန်ရောက်လာလိမ့်မယ်၊ သူ့သမီးဆီ သူပြန်ရောက်လာလိမ့်မယ် "

" အို… တကယ်ပဲလား ဟင်၊ မင်းကံစီ ဘယ်လိုလုပ်သိသလဲ "

မိနဲ၏ အသံမှာ မယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းတို့ဖြင့် မပီမသဖြစ်နေ၏။

" ဒီမှာ… မိနဲ "

သုဿျှင်ရာဇာဓိရာဇ်၏ ညာလက်ရုံးပညာရှိ မင်းကံစီသည် လေးနက်ပိုင်နိုင်သော အသံဖြင့်ဆို၏။

" ကျုပ်… သုဿျှင်အကြောင်းကို သိတယ်၊ သူ့ရဲ့ကောင်း လဝွန်းအိန်အကြောင်းလည်း သိတယ်၊ သူ့ရဲ့ကောင်းကို ချစ်တတ်တဲ့ ဘုရင်နဲ့ အရှင်သခင်အပေါ် အသက်ပေးသစ္စာရှိတဲ့ သူ့ရဲ့ကောင်းတို့ အကြားက အပြန်အလှန် ထားရှိကြတဲ့ ယောကျ်ားစိတ်ဓာတ်ကို ကျုပ်သိတယ်၊ အဲဒီသဘောထားဟာ မင်းတို့မိန်းမသားတွေ နားမလည်နိုင်လောက်အောင် ထူးခြားတယ်၊ ပြင်းထန်တယ်၊ ကြောက်စရာကောင်းတယ်၊ ပြီးတော့ ဘုရင်နဲ့ သူ့ရဲ့ကောင်း နှစ်ဦးစလုံးဟာ ခုချိန်မှာ စစ်သွေးဆူဝေနေကြတယ်၊ စစ်ပွဲတွေကြောင့် သူတို့ရဲ့ နှလုံးသားဟာ ကြွပ်ရွနေကြတယ်၊ ဒီအချိန်မျိုးမှာ သူတို့ဟာ စစ်ပွဲဆိုတာကိုပဲ အလုံးစုံ ပုံအောပြီး တွေးတောဆင်ခြင်တယ်၊ အပဖြစ်သော အရာတွေအားလုံးဟာ သူတို့အတွက် ဘာမှ အမှုမထားလောက်တဲ့ အသေးအဖွဲ့တွေဖြစ်နေတယ်၊ အဲဒီ အသေးအဖွဲ့တွေထဲမှာ မိဖုရားတို့ သားသမီးတို့လည်း အပါအဝင်ဖြစ်တယ် "

" ရှင်… သူတို့ရဲ့ နှလုံးသားတွေဟာ စစ်နဲ့ကြွပ်ရွနေကြ "

" မင်းတို့နောက်တော့ နားလည်လာပါလိမ့်မယ် မိနဲ့ အရှင်မတလသုဒ္ဓမာယာလည်း နားလည်လာပါလိမ့်မယ်၊ အခုနေ အရေးအကြီးဆုံးက အပုလေးသခင်မကို မင်းအမှန်အတိုင်းပြောပြီး ချော့မော့နှစ်သိမ့်ထား

www.burmeseclassic.com

www.burmeseclassic.com


ဖို့ပဲ၊ ကလေးရဲ့ ရင်ထဲက အကြောက်တရားကို အမှန်ပြောပြခြင်းနဲ့ နှစ်သိမ့်လိုက်ပါ ”

“ မင်းကံစီ… ဒီကိုးနှစ်အရွယ် သမီးတော်လေး ရှင်စောပုကို ကျွန်မက ဘာတွေပြောပြီး နှစ်သိမ့် ချော့မော့ နေရမှာလဲ ”

မင်းကံစီ သက်ပြင်းမှုတ်ထုတ်၏။

“ ကဲ မင်းပြောမပြတတ်ရင်လည်း ကလေးကို အိပ်ပျော်အောင် သိပ်လိုက်ပေတော့၊ ကလေးလည်းကြောက်လန့်ပြီး မောပန်း နွမ်းနယ်နေရှာပြီ၊ အကောင်းဆုံးက သူ့အိပ်ပျော်အောင် သိပ်လိုက်တော့ ”

အကယ်ပင် ရှင်စောပုငယ် အိပ်ပျော်သွားပြီဖြစ်၏။ အပြစ်ကင်းစင်သော ချစ်စဖွယ် မျက်နှာ၏ ပါးပြင်ပေါ်တွင်မူ ခြောက်သွေ့စ မျက်ရည်စီးကြောင်းလေး တစ်ခု။ မင်းကံစီ ကြင်နာစွာ ပြုံးသည်။

“ မကြာခင် အားလုံး နေသားတကျ ပြန်ဖြစ်သွားမှာပါ မိနဲရယ်၊ ကဲ… ကျုပ် ရွှေလောင်းတော်ရှိရာ လိုက်သွားဦးမယ်၊ ခင်တယင်နဲ့ တင်ဆောင်ခေါ်သွားရမယ့် အရှင်မ သုဒ္ဓမာယာအနီးမှာ ကျုပ်ရှိနေမှ ဖြစ်မယ်၊ လဝွန်းအိန်ရှိရာ ဒေါင်းပေါင်လုလင်ချောင်းဝက လှေတပ်ကိုလည်း လိုက်သွားရဦးမယ်၊ မင်းကြီး ဗြတ်ဇနဲ့ အမတ်ဒိန်တို့ ကျုပ်ကို စောင့်နေကြ ရော့မယ် ”

ထိတ်လန့်ခြင်းဖြင့် နွမ်းနယ်စွာ အိပ်ပျော်နေသော အပုလေး သခင်မ၏ နဖူးဆံစကို ညင်သာစွာ ထိတို့လျက် မင်းကံစီ ထွက်သွား၏။

အထိန်းတော် မိနဲသည် ဘာကိုမှ နားမလည်နိုင်စွာ ခေါင်းကိုသာ အတွင်သာ ယမ်းခါရင်း ကျန်ရစ်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၃)

“ မိုးမိုးမာန်မာန် ... တိမ်ယံကွန့်မြူး....
မူးရွေ ယိုင်ကာသာ ... တွေမှိုင်ကာသာပင်...
ဖြေလည်းမရှင် ... ပျော်ဖွယ်သာဆင်၊ ပွေအင်
ရှေဘဝင် လွန်ကြည်ကွဲ ... သည်းနေမရှင် ...
မင်းလွင်မြူမှောင်...ပြာရောင်တောင်စိုးခြယ်လှယ်၊
အုံ့မှိုင်းမှုန်အာကာဘောင် ...ပူအောင် ပူအောင်
သာပင် ”

ရဟန်းဝတ်အဖြစ်မှ လူဝတ်လဲ၍ သုသျှင် ရာဇာဓိရာဇ်ထံတွင် ပဏ္ဍိတ်ပညာရှိအဖြစ် အမှုထမ်းခဲ့သော မင်းကံစီသည် အကယ်ပင် ရှေးဖြစ်နောက်ဖြစ်များကို အတိအကျ နိမိတ်ဖတ် ဟောနိုင်သူ ဖြစ်နေလေရော့သလား။

မင်းကံစီ ပြောခဲ့သော “ အရှင်မ တလသုဒ္ဓမာယာ မကြာခင်ပြန်လာပါလိမ့်မယ်၊ အားလုံး နေသားတကျ ဖြစ်သွားပါလိမ့်မယ် ” ဆိုသည့်စကားသည် မှန်ခဲ့လေသည်။

နံနက်အစောပိုင်းက မျက်ရည်စက်လက်ဖြင့် နန်းတော်မှထွက်ကာရွှေလောင်းပေါ် ပါသွားသော မယ်မယ်သည် နေထန်းတစ်ဖျားမရောက်ခင်မှာပင် နန်းတော်သို့ ပြန်ရောက်လာခဲ့၏။ မိနဲ ပြင်ဆင်ပေးထားသော စက်ရာထက်တွင် အိပ်ပျော်နေဆဲရှိသည့် ရှင်စောပု ငယ်သည်ပင်မယ်မယ် ပြန်ရောက်လာသည်ကို မသိလိုက်။

“ အပုလေး သခင်မ ထ ထ၊ မယ်မယ် ပြန်ရောက်လာပြီ ”ဟုမိနဲက လှုပ်နိုးတော့မှကြောက်ရွံ့ မောပန်းစွာ အိပ်ပျော်သွားသော ရှင်စောပုနိုးထ လာခဲ့သည်။ မိနဲစကားကို ရုတ်တရက် မယုံချင်။ သို့သော်မယ်မယ်ကပင် ပြန်ရောက်လာချေသည်။မယ်မယ်က အိပ်ရာထဲမှသမီးငယ်ကို ပွေ့ချီလိုက်၏။ “သမီးလေးရယ်” ဟုကတုန်ကယင်ရေရွတ်ရင်းပါးချင်းအပ်ထား၏။ မယ်မယ့်ပါးပြင်တွင် မျက်ရည်များ မရှိကြတော့။

www.burmeseclassic.com

www.burmeseclassic.com


မင်းကြီး သမိန်ဗြတ်ဇနှင့် အမတ်ဒိန်တို့ ပြန်ပါမလာကြ။ ခမည်းတော် ခြသေ့်ကြီးလည်း မရှိ။ မင်းကံစီ တစ်ယောက်တော့ ပြုံးနေသော မျက်နှာဖြင့် ခပ်လှမ်းလှမ်း၌ ရပ်နေသည်။

" မယ်မယ်... ပြန်လာပြီလား "

" မယ်မယ် ပြန်ရောက်လာပါပြီကွယ် "

" မယ်မယ်...ဘယ်သွားတာလဲ ဟင်၊ ရွှေလောင်းတော်ကြီးနဲ့ မယ်မယ့်ကို ဘယ်ခေါ်သွားကြတာလဲ၊ မယ်မယ်က ဘာဖြစ်လို့ ရွှေကျင်ခတ်ပဝါ အသစ်ကို ခြုံရင်းနဲ့ ငိုပြီး ပါသွားတာလဲ၊ မယ်မယ် ဘယ်ရောက်ခဲ့တာလဲ၊ ဘာဖြစ်လို့ လိုက်သွားတာလဲ ဟင် "

" မသိနားမလည်နိုင်သော အကြောင်းတရားတွေကို တရစပ်မေးလိုက်၏။ မိနဲက တစ်ခုခု ဝင်ပြောရန် ကြိုးစားရင်း ဘာပြောရမှန်းမသိ ဖြစ်နေစဉ် မယ်မယ်ကမူ သမီးလေး၏ မေးခွန်းတွေကို ပြောဖို့ စကားလုံး စီနေဟန်ရှိ၏။

မင်းကံစီ ရှေ့တိုးလာသည်။

" အရှင်မ... အပုလေး နားလည်နိုင်မယ့် စကားတွေနဲ့ ရှင်းပြဖို့ သင့်ပါတယ်၊ ကလေးရဲ့ နုနယ်တဲ့ နှလုံးမှာ အထင်အမြင်လွဲမှားမှု အညိုအမည်း မစွဲစေသင့်ဘူး ထင်ပါတယ် "

" ငါ ဘယ်ကနေ ဘယ်လို စရှင်းပြရမှာလဲ၊ မင်းကံစီ ရယ် "

မယ်မယ်သည် သားရဲတွင်းထဲမှ ခုန်တက်လွတ်မြောက်ခဲ့သော သမင်မယ်ကဲ့သို့ အကြောက်မပြေသေးဟန် ရှိ၏။ သို့သော် ရှင်စောပု သတိထားမိသည်။ ကောင်းကောင်း သတိထားမိသည်။ သမင်မယ်သို့ နှယ် လုပ္ပရွှန်းစိုသော မယ်မယ့် မျက်လုံးများ၌အကြောက်မပြေနိုင်သော ထိတ်လန့်ခြင်းနှင့်အတူ တင်းမာသော တစ်စုံတစ်ခု ခိုအောင်းဝင်ရောက်နေသည်။ မယ်မယ့်မျက်လုံးများမှာ ယခင်က ထိုသို့သော အရိပ်အရောင်မျိုးကို မတွေ့ဖူးခဲ့။

ထိုစဉ်တွင် ဗညားရံ နန်းဆောင်ထဲ ဝင်လာသည်။ ဗညားရံသည် ရှင်စောပုနှင့် တစ်မိပေါက် မောင်နှမအရင်း။ ရှင်စောပုထက် အကြီးဖြစ်၏။ သို့သော်အစ်ကိုတော် ဗညားရံနှင့် ရှင်စောပု သင့်မြတ်လှသည် မဟုတ်ချေ။ ဗညားရံသည် နှမငယ်ကို မခံချင်အောင်၊ နောက်ပြောင်တတ်သူဖြစ်သည့်အပြင်၊ ခမည်းတော်နှင့် သူ၏ သူရဲကောင်းကြီးများကို အားကျကာ အရွယ်နှင့်မလိုက် စစ်စိတ် စစ်သွေးဝင်နေသူလည်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

" ဟော...မယ်မယ် ပြန်ရောက်နေတယ်၊ သိပ်အံ့သြစရာ ကောင်းတာပဲ၊ ဘာဖြစ်လို့ မယ်မယ် ပြန်လာတာလဲ၊ ဒေါင်းပေါင်လုလင်ချောင်းဝကနေပြီး မသလုံကြီးရဲ့ တိုက်လှေနဲ့အတူ ပါသွားပြီထင်တာ"

ဗညားရုံသည် လေမုန်တိုင်းလေးတစ်ခုလို ခပ်ကြမ်းကြမ်း ဝင်ရောက်လာရင်း၊ သူထင်ရာ သူပြောချလိုက်၏။

" ဟင်...ပြောစမ်းပါဦး မယ်မယ်ရဲ့၊ မသလုံက ဘာပြောလိုက်သလဲ၊ သူ...တိုက်ပွဲထွက်သွားပြီလား၊ မယ်မယ်က ဘာဖြစ်လို့ သူ့ရဲကောင်းနောက်ကနေ လိုက်မသွားတာလဲ "

မင်းကံစီက ဗညားရုံ မင်းသားငယ်ကို လက်ဆွဲ ကြိုလိုက်သည်။

" အရှင့်သားလေးရဲ့ မယ်မယ် လိုက်သွားစရာ မလိုတော့ပါဘူး၊ နန်းတော်ကို ပြန်လာပါပြီ၊ မသလုံလည်း စစ်ထွက်သွားပါပြီ "

" ဩော်...ပဏ္ဍိတ်ကြီး မင်းကံစီ ပါလား၊ အံမာ ဟိုကောင်မလေးကကော မယ်မယ့်ရင်ခွင်ထဲ တိုးကပ်ပြီး ဘာဖြစ်လို့ ဖက်ထားတာလဲ၊ နင်တို့ မိန်းမသူတွေဟာ အရေးဆိုရင် ရင်ခွင်ထဲ တိုးဝင်ရတာနဲ့ ဖက်တွယ်ထားရတာနဲ့ ဒါပဲတတ်တယ်၊ ဟောဒီမှာ အပုလေး ကြည့်စမ်းဟေ့၊ ဒါ ဘာလဲ၊ သိလား "

ဗညားရုံက မင်းကံစီလက်ထဲမှ ရုန်းထွက်ကာ ခါးစည်းကြိုး၌ ချည်ထားသော တစ်စုံတစ်ခုကို ဆွဲထုတ်ပြသည်။ ဓားမြှောင်သေးသေး လေးဖြစ်၏။ လှပသော ရွှေနားကွပ် ဓားမြှောင်အိမ် ကလေးထဲမှဓားသွားကို တစ်ဝက်တစ်ပျက် ဆွဲထုတ်ထားသည်။

" တွေ့လား မြှောင်းမြန့်ပုသိမ်က ရန်သူတွေ တက်လာရင် တိုက်ခိုက်ချေမှုန်းဖို့၊ ဒါ ဘယ်ကရတယ် ထင်သလဲ၊ တပ်မှူးမင်းမသလုံ ကိုယ်တိုင်က ငါ့ကိုပေးထားတာ "

ဗညားရုံသည် မသလုံခေါ် လဂွန်းအိန်ကို စံပြသူရဲကောင်းကြီးအဖြစ် အားကျကြည်ညိုနေသူဖြစ်၏။

" တွေ့လား အပုလေး ဟံသာဝတီ နိုင်ငံတော်ကြီးရဲ့ ရန်သူတွေ မှန်သမျှကို ငါက သေနင်္ဂဗျူဟာနဲ့ တိုက်ထုတ်မှာ၊ အို...ဒါတွေ နင်တို့ မိန်းကလေးတွေ နားလည်မှာ မဟုတ်ပါဘူးလေ၊ နင်တို့ မိန်းမသူတွေက နန်းဆောင်ထဲမှာနေရင်းနဲ့ အလုပြင်မယ်၊ နံ့သာလိမ်းမယ်၊ သဘင်ပွဲတွေ တက်မယ်၊ ပန်းတွေပန်မယ်၊ မိကျောင်းစောင်းတီးပြီး တေးချင်းညည်းမယ်၊ ဒါပဲ သိတာကလား၊ ဟုတ်ဘူးလား မင်းကံစီ "

www.burmeseclassic.com

www.burmeseclassic.com


မယ်မယ်ရင်ခွင်ထဲမှ ရှင်စောပု ဝုန်းခနဲ ထွက်လိုက်၏။ မျက်ရည်စတို့ ကောင်းစွာမခြောက်တတ်သေးသော မယ်မယ့်အကြောင်းကို မိမိသိသလောက်ပင် မသိသေးဘဲ သူထင်ရာ မြင်ရာတွေစွတ်ပြောနေသော အစ်ကိုတော် ဗညားရံကို သည်းမခံချင်တော့။

" ဗညားရံ... နင်ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမနက် ဒီမှာ ဘာတွေဖြစ်သွားသလဲဆိုတာ နင်မသိဘဲ၊ ထင်ရာမြင်ရာတွေ စွတ်မပြောနဲ့ "

ဗညားရံ ရုတ်တရက် အံ့အားသင့်သွားပြီးမှ တဟားဟား ရယ်သည်။

" အဟား ဟား... အပုလေးက ကျားသစ်မလေးပါ လားဟေ့၊ ငါ့ကို ရန်တွေဘာတွေများတွေ့လို့...ဘာတဲ့ ဘာတဲ့ဒီမနက် ဘာတွေဖြစ်သွား တယ်ဆိုတာ မသိဘဲနဲ့တဲ့ ဟုတ်လား၊ ဟွန်း... နင်သာ မသိရှိမှာ၊ ငါက သိလိုက်သမှ အကုန်လုံး သိတယ် "

" နင် ဘာတွေသိလို့လဲ ဗညားရံ "

" ဘာတွေ သိရမှာလဲ၊ ငါပြောပြမယ် နားထောင်၊ ပုသိမ်သားတွေ လေ့တပ် အလုံးအရင်းနဲ့ တက်လာမယ်ဆိုတာ သိလို့ သူသျှင်က "

" သုသျှင်...သုသျှင်နဲ့ စစ်သည်မှူးမတ်တွေ ခေါ်သလို မခေါ်စမ်း ပါနဲ့၊ ခမည်းတော်ကို ခမည်းတော်လို့ပဲ ခေါ်ပါ ဗညားရံ "

" အဲ...ခမည်းတော်က လဝွန်းအိန်ကို လှေတပ်နဲ့ကြိုတိုက်ဖို့ ဒေါင်းပေါင်းလုလင်ချောင်းဝမှာ တပ်စွဲတပ်ပြင်ဖို့ အမိန့်ပေးတယ်လေ မဟုတ်ဘူးလား မင်းကံစီ "

မင်းကံစီက ခေါင်းညိတ်သည်။ မယ်မယ်ကမူ သားတော်ကို တအံ့တသြ ကြည့်နေ၏။ အသက် ၁၂ နှစ်ပင် မပြည့်တတ်သေးသော သားငယ်သည် စစ်ရေးစစ်ရာ အကြောင်းကို ဤမျှစိတ်ဝင်စားနေပြီလား ဟူသော အံ့သြမှုဖြစ်လေသည်။

" နားထောင်လိုက်စမ်း၊ အပုလေး..အဲဒီလိုဒေါင်းပေါင်လုလင်မှာ တပ်စွဲထားတဲ့ လဝွန်းအိန်ဆီကို ဂုဏ်ပြုချီးမြှောက်တဲ့ အနေနဲ့သုသျှင်... အဲ...ခမည်းတော်က ငါတို့မယ်မယ်ကို လွှတ်ပေးတယ်၊ မယ်မယ်ကိုယ်တိုင် ကွမ်းခွက်တော်မှာ ကွမ်းထည့်ပြီး လဝွန်းအိန်ဆီ အပို့ခိုင်းတာ သိလား၊ အဲဒါ သူ့ရဲကောင်းကို အားပေးချီးမြှောက်လိုက်တာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ အံ့အားသင့်ရသူမှာ ရှင်စောပု။ အို... မယ်မယ့်လို မိဖုရားကြီး တစ်ပါးက စစ်မှူးအမတ် ကျွန်ယုံလဂွန်းအိန်ဆီကို ကွမ်းခွက်တော် သွားဆက်ရသတဲ့လား၊ အဲဒီလို ဆက်သဖို့ကိုလည်း ခမည်းတော်ကိုယ်တိုင်က အမိန့်ပေးသတဲ့လား။ ရင်ထဲ၌ တစ်ချက် စူးခနဲဖြစ်သွား၏။

ဗညားရံကမူ အားပါးတရ ဆက်ပြောနေသည်။

" သိပ်စိတ်ဝင်စားစရာကောင်းတယ် သိလား၊ အပုလေး၊ ကွမ်းခွက်တော်သွားပို့တဲ့ ငါတို့မယ်မယ်ကို သူရဲကောင်း လဂွန်းအိန်က အနီးကပ်မြင်လိုက်တော့၊ ဘယ်လိုဖြစ်တယ် ထင်သလဲ "

" ဘယ်လို...ဖြစ်သလဲ၊ ဟင်... ဗညားရံ "

" ဟာဟ...လဂွန်းအိန်က မယ်မယ့်ကို ကြိုက်သွားတာပေါ့ "

မယ်မယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မင်းကံစီက မသဲကွဲရေရွတ်ကာ ဗညားရံကို ဆွဲခေါ်ရန် ကြိုးစားသည်။ ဗညားရံက အဆွဲမခံဘဲ ခုန်ထွက်လိုက်ပြီး...

" ငါတို့မယ်မယ်က သိပ်လှတာမဟုတ်လား၊ လဂွန်းအိန်ကြီး ကြိုက်တော့တာပေါ့၊ အဲဒီမှာတင် လဂွန်းအိန်က ငါတို့ခမည်းတော် ဆီကို မယ်မယ့်ကိုမှ မရရင် သူစစ်မထွက်နိုင်တော့ဘူးလို့ မင်းကြီး သမိန်ဗြတ်ဇတို့ကိုပြောလိုက်သတဲ့ အမတ်ဒိန်လည်းရှိတယ်တဲ့၊ ဟုတ်တယ် မဟုတ်လား မင်းကံစီ "

" ကိုယ်တော်လေး... အရှင့်သား "

" နားထောင်ဦး အပုလေး၊ အဲဒီမှာ ငါတို့ ခမည်းတော်ကလဲ ဟုတ်လား...ဒါဆိုရင် လဂွန်းအိန် ငါ့မိဖုရား မင်းယူတော့၊ စစ်သာနိုင်အောင်တိုက်ဆိုပြီး ပေးလိုက်တာဗျား၊ အဲဒါကြောင့် မယ်မယ့်ကို ဒီမှာ ပြန်တွေ့နေရတော့ ငါအံ့ဩနေတာ၊ ဘာကြောင့် လဂွန်းအိန်နဲ့ အတူပါမသွားတာလဲ၊ ခမည်းတော်က သူရဲကောင်းကြီးယူတော့လို့ ပေးလိုက်ပြီး ဥစ္စာကို၊ ကဲ...ပြောပါဦး မင်းကံစီ၊ ဘာကြောင့် မယ်မယ်က လဂွန်းအိန် နောက်ပါမသွား "

" ဗညားရံ တိတ်လိုက်စမ်း "

တင်းမာစူးရဲသော အသံ။ မယ်မယ်၏ အသံဖြစ်၏။

အမြဲတစေ နူးညံ့ချိုသာသော မယ်မယ့်ထံမှ တစ်ခါမျှမကြားစဖူး တင်းမာစူးရဲသည့်အသံ ထွက်လာသောကြောင့် ရှင်စောပုပင် တုန်လှုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


“ ဗညားရံ... မင်းခားမြှောင်ကို ပြန်သိမ်းပြီး လေသာဆောင်ကို သွားကစားနေလိုက်စမ်း ”

သမင်မ၏ မျက်လုံးညိုများသည် ကျားသစ်မ၏မျက်လုံးနက်များ အဖြစ် ပြောင်းလဲသွား၏။ ဗညားရံသည် မယ်မယ့်ကို အံ့သြစွာကြည့်ရင်း ခေါင်းငုံ့သွားသည်။

“ မယ်မယ်ပြောနေတယ်... မင်းသွားကစားချေတော့ ဗညားရံ ”

တစ်ချိန်လုံး မှန်တိုင်းဆင်နေသော လေနီကြမ်းငယ်သည် လေဆင်နှာမောင်းတစ်ခုလို ပျောက်ပြယ်သွား၏။ ဗညားရံသည် ခေါင်းငိုက်စိုက်ချကာ ခြေကို ဆောင့်နင်းလျက် ခားမြှောင်သွားကိုခားအိမ်ထဲ ဆောင့်သွင်းကာ ထွက်သွားလေသည်။

ရှင်စောပုလေးကား အစ်ကိုတော် ဗညားရံကို ဂရုမထားအားတော့။ ကြားလိုက်ရသည့်အဖြစ် သနစ်တွေကြောင့် ကတုန်ကယင်ကြီးဖြစ်လာ၏။

ခမည်းတော် အမိန့်နဲ့ မယ်မယ်က လဂွန်းအိန်စီ ကွမ်းခွက်တော် သွားဆက်ရသတဲ့။ လဂွန်းအိန်က မယ်မယ့်ကို ကြိုက်သွားပြီး မိဖုရားကိုမှ မရလျှင် စစ်မထွက်နိုင်ဘူး ပြောသတဲ့။ သည်အခါမှာ ခမည်းတော်က မယ်မယ့်ကို စစ်ထွက်အံ့ဆဲဆဲ လဂွန်းအိန်ထံသို့ပို့လွှတ်...

“ မယ်မယ် ”

ရှက်ကြောက် နာကြည်းစွာ ခေါ်လိုက်မိသော ကိုယ့်အသံကိုယ် ခြောက်ကပ်တုန်ယင်နေကြောင်း သတိထားမိ၏။

“ အဲဒါတွေတကယ်ပဲလားဟင် ”

“ သမီးလေးရယ်... အပုလေးရယ် ”

မယ်မယ့် မြည်တမ်းချက်သည် ငြင်းဆန်ကွယ်ဝှက်သော အဖြေမဟုတ်။ ဝန်ခံသော အဖြေစကား။ သည်လိုစကားမျိုး မကြားချင်။ ဗညားရံ ပြောသွားတာတွေ မဟုတ်ပါဘူး အပုလေးရယ်ဟု မယ်မယ် ပြတ်ပြတ်သားသား ငြင်းလိုက်စေချင်သည်။

“ မင်းကံစီ... ဒါတွေ တကယ်ပဲလား ဟင် ”

ပဏ္ဍိတ်မင်းကံစီသည် ကိုးနှစ်ရွယ် သမီးတော်လေးရှေ့၌ မျက်နှာအောက်ချလျက် တောင့်တောင့်ကြီးရပ်နေသည်။

“ ပြောစမ်းပါ ... ပြောကြစမ်းပါ ”

www.burmeseclassic.com

www.burmeseclassic.com


မင်းကံစီ ခေါင်းမော့လာ၏။

" အပုလေး သခင်မ...ဒါတွေကို ခေါင်းထဲကထုတ်ပစ်လိုက်ပါကလေးရယ်၊ အခု မယ်မယ်လည်း နန်းတော်ကို ပြန်ရောက်လာပါပြီ၊ လဂွန်းအိန်လည်း စစ်ထွက်သွားပါပြီ၊ ဒါဟာ သူတို့ စစ်သူရဲကောင်း မင်းယောကျ်ားကြီးတွေ အချင်းချင်း တစ်ယောက်အပေါ် တစ်ယောက်ထားရှိတဲ့၊ ယုံကြည်မှု သစ္စာစောင့်သိမှုတွေကိုပြတဲ့ စမ်းသပ်မှုတွေပါ၊ တကယ်တော့ လဂွန်းအိန်ဟာ သူ့စသခင်မ မိဖုရား တလသုဒ္ဓမာယာကို..."

" အပုလေး မေးတာကိုဖြေပါ မင်းကံစီ၊ ဗညားရံပြောသွားတာတွေ တကယ်ပဲလား "

ဗညားရံသည် လေနီကြမ်းလေး တစ်ခုလို ဝင်ရောက်လာပြီး လေဆင်နှာမောင်းတစ်ခုလို မွှေနှောက် ဖော့ယမ်းသွားပြီးမှ ပျယ်ပြယ်ကာ ပြန်လည် ထွက်ခွာသွားသည်ဆိုလျှင် ယခုအခါ ရှင်စောပုသည် လျှပ်စီးမုန်တိုင်းလေးတစ်ခုနှယ် ဖြစ်သည်ဟု ဆိုရတော့မည်။

မင်းကံစီက အကောင်းဆုံး အဖြေတစ်ခုခုပေးရန် ကြိုးစားရှာဖွေနေသည့်နှယ် အတန်ကြာမျှ စဉ်းစားပြီးနောက် –

" အခု အားလုံး နေသားတကျ ပြန်ဖြစ်သွားပါပြီ၊ အပုလေးသခင်မ "

" ဘာ . . . နေသားတကျ "

လျှပ်စစ်မုန်တိုင်း ဝင်းခနဲ ပြက်သွား၏။

" ဒီလိုတွေ ဖြစ်ပြီးတဲ့နောက်မှာ ဘယ်လိုလုပ် နေသားတကျ ပြန်ဖြစ်တော့မှာလဲ၊ မယ်မယ်ဟာ . . . "

" ဟေး . . . အပုလေးရေ "

ရှင်စောပု၏ တုန်ယင်နေသော မြည်တမ်းသံကို ဖြတ်တောက်လိုက်သောအသံတစ်ခု နန်းတော်တံခါးဝမှ ပေါ်လာ၏။ ဗညားရံနှင့်အသက်ချင်းမတိမ်းမယိမ်းရှိသူ သမိန်စည်သူဖြစ်သည်။ သမိန်စည်သူကား ခမည်းတော်၏ တူတော်ဖြစ်လေသည်။

"အပုလေးရေ . . . ဟိုနေ့က တို့များစိုက်ထားတဲ့ စံပယ်ရုံကလေးလေ၊ အပွင့်တွေ ပွင့်လာပြီ၊ လိုက်ကြည့်စမ်း "

www.burmeseclassic.com

www.burmeseclassic.com


ဟံသာဝတီ ရွှေနန်းတော်အတွင်ဝယ်၊ ရှင်စောပု၏ တစ်ယောက်တည်းသော ခင်မင်နှစ်လိုဖွယ် ကစားဖော် သမိန်စည်သူက ပြုံးရွှင်စွာ ပြောနေ၏။ စည်သူကိုတော့ ရှင်စောပု အကယ်ပင် သံယောစဉ်ရှိသည်။ စည်သူသည် လေနီကြမ်းသဖွယ်ဖြစ်သော ဗညားရံနှင့် ဆန့်ကျင်ဘက်။ လေပြည်နုကလေးလို အမြဲတစေ နူးညံ့အေးချမ်းသူဖြစ်၏။ ရှင်စောပု အပေါ်မှာလည်း အကယ်ပင် အနွံတာခံသူဖြစ်၏။

“ စည်သူပါလား မောင့်နှမလေးကို စံပယ်ရုံပြဖို့ လာခေါ်တာလား၊ ကောင်းတယ် သွားကြည့်ကြ ”

မယ်မယ်က ကမန်းကတန်း ဝင်ပြောသည်။

“ ဟုတ်ကဲ့ ... အရီးတော်ဒေဝီ၊ အပုလေးရေ စံပယ်ရုံလေး ပတ်ပတ်လည်မှာ အဝါရောင် မြေကပ်ပန်းလေးတွေ စိုက်ကြဖို့ ငါလာခေါ်တာ၊ နင်ရဲ့ စံပယ်တွေက ဖွေးဖွေး ဖြူနေပြီ၊ သိပ်ကို မွှေးတာပဲ သိလား ”

“ သမီး ... အပုလေး လိုက်သွားပါကွယ် ”

စည်သူက ရှင်စောပု၏ လက်ကို ကိုင်၍ ဆွဲခေါ်သည်။

“ လာစမ်းပါဟာ၊ နင့်စံပယ်ပွင့်လေးတွေကို လိုက်ကြည့်စမ်းပါ၊ ဟင် ... ငါ့လက်တွေက ”

စည်သူ၏လက်ချောင်းတွေမှာ မြေဆွေး ရွှံ့ခဲများဖြင့် ပေကျံနေသဖြင့် ရှင်စောပု၏ လက်မောင်းမှာလည်း မြေကြီးတွေ ပေသွားသည်။ ထိုအခါမှပင် စည်သူ့မျက်နှာကို ရှင်စောပု ကြည့်မိတော့၏။

ရှင်စောပု ရယ်လေသည်။

“ စည်သူ ... နင့်မျက်နှာမှာလည်း ပေပွလို့၊ ဘာတွေလဲ ”

“ ဟုတ်လား၊ အခုပဲ ပေါင်းသင်မြေဆွလာခဲ့တာလေ ”

စည်သူ့ မျက်နှာမှာလည်း မြေစ ရွှံ့စတွေပေကျံလျက် ရယ်စရာ ဖြစ်နေသည်။

“ စည်သူရေ ... မင်းတို့ စံပယ်ပွင့်လေးတွေကို ခူးပြီးရင် မယ်မယ့်ဆီ ယူခဲ့ပါဦး၊ မယ်မယ်လည်း ကြည့်ပါရစေနော်၊ ပွင့်ဦးပွင့်ဖျား စံပယ်ပွင့်လေးတွေကို ဘုရားတင်ရအောင်နော် ... ဟုတ်လား၊ ကဲ သမီးလေး လိုက်သွားလေကွယ် ”

www.burmeseclassic.com

www.burmeseclassic.com


ရှင်စောပုက မင်းကံစီကို တစ်ချက် လှမ်းကြည့်သေးသည်။ ကလေးငယ် တစ်ယောက်၏အကြည့်ကို မင်းကံစီ မျက်နှာလွှဲထားသည်။ ရှေ့မှ ဖြတ်သွားကြသော ကလေးနှစ်ယောက် တံခါးပေါက်ဆီရောက်တော့မှမင်းကံစီ သက်ပြင်းချသည်။ သို့သော် တံခါးဝမှနေ၍ ရှင်စောပု လှမ်းပြောလိုက်သံကို ကြားရသည်တွင် မင်းကံစီသည် လေးပင်စွာ မှုတ်ထုတ်လဲ့သော သက်ပြင်းကို ချက်ချင်းလိုပင် အားယူ၍ ရှိုက်သွင်းလိုက်ရပြန်၏။

"မင်းကံစီ ... နေသားတကျ ပြန်ဖြစ်သွားပြီလို့ မပြောပါနဲ့နော် "

*   *   *

www.burmeseclassic.com

www.burmeseclassic.com

(၄)

" ရွှေသုရိုးစည် ... ဂီဝါလည်ဝယ်၊ ရှစ်မည်လျှံပ ...
ရှေးကအတိတ်၊ တံဆိပ်ခြေနင်း၊ သည်ပုံနှင့်
ခင်းလျှင်လည်း၊ ချစ်ချင်းမပြိုင်၊ ရှုံးနှင့်နိုင်ကို၊
မီးပြိုင်ရေငုပ်၊ သွေလို့များ ဆုတ်ပါဘူး ... သမုဒ်
ထဲမှာ အုတ်ခဲလိုနစ်လို့ နေပါ့မယ် ..."

ရဲလှေတွေ၊ လှော်ကားတွေ၊ သံလှေတွေ၊ ရိက္ခာလှေတွေ၊ ပြီးတော့ တိုက်ဆင်တွေ၊ စစ်မြင်းတွေ၊ စစ်မောင်းသံတွေ၊ တံပိုးခရာသံတွေ၊ အဲမောင်းသွားတို့၏ ချွင်ချွင်ရိုက်ခိတ်သံတွေ။ လေးညို့တို့၏ တုန်ခါသံတွေ၊ မြားတံတို့ ရှီးရှီးပျံသန်းသံတွေ ...

ဟံသာဝတီ ကောင်းကင်ဝယ် မီးခိုးလုံးတွေက မစဲစတမ်း မှိုင်းညို့နေသည်။ မြောင်းမြ၊ ပုသိမ်၊ မုတ္တမ၊ လဂွန်းဗျည်း၊ ဒေးပသွယ်၊ ဒလ ဒေသများ၊ ချောင်းရိုးနှင့် မြစ်ရေပြင်ဝယ် တိုက်လှေတို့၏ စစ်တံခွန် အလံရောင်စုံများ တလူလူလွင့်လျက်။

လဂွန်းအိန်၊ အဲမွန်ဒယာ၊ ဗျည်းနွဲ့၊ သမိန်မြတ်ဇ၊ လောက်ဖျား၊ အဲဗျပုံ၊ ဗောဂွန်း စသော အမည်နာမများသည် စစ်မီးလျှံမှ ခိုးယှက်တက်ပျံသော မီးခိုးလုံးများဖြင့် ရေးခြယ်သော အမည်နာမများ ဖြစ်လာကြ၏။

ခမည်းတော် သုသျှင်သည် ရာဇလှံတံကို လက်မှချသည် မရှိတော့။ နန်းတော်ရွှေရေးဆောင်သည် စစ်မှူးမင်း သူရဲကောင်း အမတ်များ၏ စစ်ရေးသေနင်္ဂဆွေးနွေးပွဲများဖြင့် နေ့နေ့ညည စည်ကားလျက်ရှိသည်။

ဟံသာဝတီ နန်းမြို့တွင်းမှ ဆင်တင်းကုပ်၊ မြင်းဇောင်းတို့၌ အနာတရရှိခဲ့ကြသော တိုက်ဆင်နှင့် စစ်မြင်းများကို ကုသပေးဖို့ အမှုတော်

www.burmeseclassic.com

www.burmeseclassic.com


ထမ်းတို့ မနားမနေ ဝင်ထွက်နေကြသည်။

စစ်ရေးပြကွင်းပြင်၌ ခြေလျင်တပ်တို့ အချိန်ပြည့် ခါးရေးလုံရေး လေ့ကျင့်ကြသည်။ မြင်းသည်ကျော်များ၊ လေးသည်တော် စေတမန်များသည် စစ်မျက်နှာဒေသများ၌ ရက်ကန်းစင်ထက်မှ လွန်းကလေးများနှယ် ခေါက်တုံ့ လူးလာကူးသန်းနေကြသည်။

အမတ်ဒိန်နှင့် မင်းကံစီတို့သည် စစ်ရေးသေနင်္ဂများကို သုသျှင်နှင့် အတူ တွက်ချက်စီမံရင်း ညဥ့်လယ်စာကို စစ်ပွဲပြ မြေပုံယ်အနီး၌ပင် စားသောက်ကြရသည် ကများသည်။ တိုက်ဆင်တို့အတွက် သေရည်များကို ကျိုချက်ရသည့်သေတင်းကုပ်များမှ မီးဖိုကြီးများမှာ မီးမပြတ်ထိုးကြရသည်။ ဒဏ်ရာရ စစ်သည်များကို ကုသပေးကြရသည့် သမားများမှာ သွေးစွန်းပေသည့် ဝတ်လုံကို လဲလှယ်ရန်ပင် အချိန်မရ။

နန်းတော် ပွဲသဘင်ဆောင်၌ မိကျောင်း စောင်းသံ၊ လခြမ်းကြေးနောင်သံ၊ ပတ်သံ၊ လင်းကွင်းသံများ၊ မှိန်ဖျော့တိုးတိမ်နေချိန်တွင် နန်းဦးရင်ပြင်နှင့် ခံတပ်များ၊ ကတုတ်များ၊ တိုက်လှေစခန်းများ၌မူ သက်စွန့်ထမ်းရွက်၊ အသက်ကိုနှင်း၊ စွေးစွေးနီသောသွေး၊ ယောကျာ်းကောင်း စွမ်းရည် စသော စကားလုံးများ လှိုင်နေသည်။

နန်းဦးဘုရားကျောင်းဆောင်၊ ပြာသာဒ်ဆောင်စမုဒ်ဦးမှ ဂန္ဓကုဋီတိုက်နှင့် ဗုဒ္ဓမြတ်စွာရုပ်ပွားတော်များ ဆင်းတုတော်များ ရှေ့မှောက်တွင် မဟေသီ မိဖုရားကြီးများ၊ အဆောင်ရ မိဖုရားများ၊ ကိုယ်လုပ်မောင်းမများ၊ စစ်မှူးအမတ်ကတော်များ ထွန်းညှိပူဇော်သံများသည် ကြိုင်လှိုင်လင်းဖြာနေသည်။ မိန်းမသူတို့၏ ရွတ်ဖတ်ပူဇော်သံများသည် အဆုံးသတ်ဝယ် တစ်ခုတည်းသော ဆုတောင်းသံဖြင့် နိဂုံးချုပ်သွားကြသည်။ ဘုရားတပည့်တော်မ၏အရှင်ခင်ပွန်းသည် စစ်မြေတလင်းမှ ဘေးမသီရန်မခ၊ အောင်ပွဲဆင်လျက် ပြန်လည်ရောက်ရှိလာပါစေဘုရား . . . ။

ရွှေတိုက်စိုး အမတ်ဝန်သည် သုသျှင် ရာဇာဓိရာဇ်က စစ်အောင်ပွဲ ဆုလဒ်အဖြစ် သူရဲကောင်းများကို ချီးမြှောက်သော ရွှေစများ၊ ပုဆိုးအုပ်များ၊ ပဝါများ၊ ဘဏ္ဍာရတနာများကို စာရင်းပြုစု ထုတ်ပေးရခြင်းဖြင့် မအားမလပ် နိုင်အောင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုအခြင်းအရာများ အားလုံး၏ အချုပ်စကားလုံး ဝေါဟာရကား တစ်ခုတည်းဖြစ်၏။

စစ် . . . ။

*　*　*

ဗညားရံသည် ပို၍ပို၍သာ စစ်စိတ် စစ်သွေးများဖြင့် တက်ကြွနေ၏။ သူ၏ ကစားစရာများသည် ဓားမြှောင်၊ လေးမြား၊ လွှားကာ၊ အဲမောင်းများဖြင့်သာ အတိဖြစ်၏။ တိုက်ကုလားမြို့စား လဂွန်းအိန်ကား ဗညားရံ၏ တကယ့်စံပြ သူရဲကောင်းကြီး ဖြစ်သည်။ နတ်ဘီလူး စစ်သည်တော်ဟု ဗညားရံက လဂွန်းအိန်ကို တလေးတစား ခေါ်ဝေါ်သည်။

သမိန်စည်သူကား ပန်းမန်စိုက်ပျိုးခြင်း၌ မွေ့လျော်ခဲ့ရင်းမှာပင် ကျန်းမာရေး ချို့တဲ့ခဲ့သည်။ စည်သူ၏ နူးညံ့သော အပြုံးမျက်နှာသည် အမြဲလိုလို ဖြူရော် ဖျော့တော့နေသည်။

ရှင်စောပုအတွက်မူ စည်သူသည် ခင်မင်နှစ်လိုဖွယ် အကောင်းဆုံးသော တစ်ဦးတည်းသော ကစားဖော် သူငယ်ချင်းအဖြစ်မှသည် ပွင့်လင်းရင်းနှီးစွာ အားထားတိုင်ပင်ဖက်ရသည့် မိတ်ဆွေကောင်းတစ်ယောက်ပင်။ စည်သူသည် ရှင်စောပု ပြောသမျှတို့ကို စိတ်ရှည်စွာ နားထောင်ပေးတတ်ပြီး လိုက်လျော သည်းခံတတ်သူလည်း ဖြစ်လေသည်။

ရှင်စောပု ကိုယ်တိုင်ကား။

ဟံသာဝတီကောင်းကင်တွင် စစ်ပွဲ၏ မီးခိုးလုံးများ ပိုမိုထူထပ်ဆိုင်းညို့လာသည်နှင့်အမျှ ထိုကောင်းကင်၏အောက်၊ ဟံသာဝတီ နန်းတော်ထဲမှာမူ အလှဆုံးသော ပန်းတစ်ပွင့်သည် ဖူးရာမှ ငုံအာပွင့်ဝေလာနေ၏။ ဆန့်ကျင်ဘက်နှစ်ခုတို့ တစ်ပြိုင်တည်း ဖြစ်ထွန်းနေ၏။

သမိန်စည်သူသည် ယခင်ကလို စံပယ်နှင့် ဖွန်ရုံများစိုက်ဖို့ ရှင်စောပုကို လာမခေါ်တော့ဘဲ မွှေးပျံ့နီရဲသော နှင်းဆီပွင့်များကိုခူးကာ ရှင်စောပုထံ လာပို့တတ်သည်။ ပန်းလာပို့သောအခါများတွင်လည်း စည်သူသည် မျက်နှာကို အောက်ငုံ့ထားတတ်သည်။ ရှင်စောပုကို စေ့စေ့မကြည့်ရဲသလို မျက်လွှာကိုချရင်းဖြင့် မသိမသာ ခိုးကြည့်တတ်သည်။

" အပု ... နှင်းဆီပန်းတွေကတော့ သိပ်လှတာပဲ၊ ဒါပေမယ့် သတိထား ကိုင်နော်၊ အပု လက်ချောင်းလေးတွေ ဆူးစူးမှာစိုးလို့ " ဟု ပြောတတ်၏။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ပြန်စကားကို မစောင့်ဘဲ...

"ငါလေ အပုအတွက် သဇင်တွေ ပျိုးထားသေးတယ်၊ ပွင့်တော့မယ်၊ အဲဒီတော့မှ လာပေးမယ်နော်" ဟုဆိုကာ လှည့်ထွက်သွားသည်။ ထိုအခါမျိုးတွင် ဖျော့တော့သော စည်သူ၏ မျက်နှာပြင်၌ သွေးရောင် အနည်းငယ် လွှမ်းနေတတ် သည်ဟု ရှင်စောပု ထင်မိလေသည်။

ပန်းပေါင်းဆီမွှေးကို ငွေခွက်ဖြင့် ထည့်ယူလာသော အခါများမှာလည်း –

" အပုရယ် ... အဆင်သင့်လိုက်တာ၊ အပု ခေါင်းလျှော်ပြီးခါစ မဟုတ်လား၊ ဟောဒီမှာ ပန်းပေါင်းဆီမွှေး၊ ဒါပေမဲ့ဟာ အပုရဲ့ဆံပင်တွေက တစ်ထွေးကြီး နက်မှောင်ပြီး အလိုလိုကို အင်း ... မွှေးနေပြီးသား ဆိုတော့၊ ငါ့ပန်းပေါင်းဆီကို သုံးဖို့တောင် မလိုပါဘူးဟာ " ဟု ပြောတတ်ပြန်သည်။

ပြီးတော့ ဖားလျားဝေဝေ ခင်းဖြန့်ထားသော ဆံပင်တွေကို ငေးမောကြည့်ရင်း ...

" အပုရယ် နင်သိပ်လှတာပဲ " ဟု ပြောကာ

" ငါသွားတော့မယ် " ဟု ဖြုန်းစားကြီး ထပြန်သွားတတ်လေသည်။

ကြေးမုံပြင်ရှေ့တွင် မယ်မယ် ဆံထုံး ထုံးပေးသည်ကို ခံယူရင်း စည်သူ့အကြောင်းကို မယ်မယ်အားပြောပြသောအခါ မယ်မယ်က ပြုံးသည်။

" သမီးလေးက တကယ်လည်းလှတာကိုးကွဲ့ " ဟု ဆိုသည်။

သို့သော် မယ်မယ် အပြုံးသည် လေအသုတ်တွင် လွင့်ပြယ်သွားသော တိမ်မျှင်စတစ်ခုလို ချက်ချင်းပြယ်သွားပြီး ...

" မိန်းမသားတွေရဲ့ အလှဟာ စစ်သူရဲကောင်းကြီးတွေ အတွက်တော့ တန်ဖိုးကင်းမဲ့နေတတ်တယ် သမီးရယ်၊ သူတို့အဖို့ မိန်းမလှလေးတစ်ယောက်၊ တစ်ချက် ပြုံးလိုက်လို့ သွားတက်စွယ် ဖွေးဖွေး ဝင်းခနဲ လက်သွားတာဟာ သူတို့ရဲ့ ဒိုင်းလွှားနဲ့ လှံဖျားပေါ်မှာ နေရောင်တစ်ချက် ဟပ်လိုက်လို့ လင်းခနဲ ဖြစ်သွားတာလောက် ကျက်သရေရှိတယ်လို့ မထင်ကြပါဘူးကွယ် " ဟု တိုးတိမ်စွာ ပြောလေသည်။

အပုလေး နားလည်လိုက်ပါရဲ့ မယ်မယ်ရယ်ဟု ရှင်စောပု စိတ်ထဲမှ ပြန်ပြောလိုက်သည်။ တိမ်တောင်တက် ဆံထုံးတွင် ရွှေကတော့စွပ်လျက် ရွှေကျင်ခတ်ပဝါခြုံလျက် တောက်ပစွာ လှနေသော မယ်မယ်တစ်ယောက်၊ ခမည်းတော်သုသျှင် အမိန့်အောက်တွင်သိမ့်သိမ့်ခါ ငိုကြွေးခဲ့ရသည့် မြင်ကွင်းကို ရှင်စောပု မေ့ပျောက်၍မရ။

www.burmeseclassic.com

www.burmeseclassic.com



မင်းယောက်ျားကြီးတွေ၏ စစ်သံများ အကြားမှာပင် ရှင်စောပုသည် မိန်းမသားတို့၏ လှိုက်လှဲသော ရင်တွင်းစကားများကိုလည်း နားထောင်ခွင့် ရခဲ့၏။

အရီးတော် တလမည်ဒေါကား အလိုက်လှဲဆုံး၊ အသည်းထန်ဆုံးနှင့် အပွင့်လင်းဆုံး ပြောတတ်သူပင်။

“ ချစ်ခင်ကြင်နာမှုနဲ့ သံယောဇဉ်၊ မြတ်နိုးမှုနဲ့ စာနာခြင်း တရားတွေ အတွက် သူတို့ မင်းယောက်ျားတွေရဲ့ နှလုံးထဲမှာ နေရာမရှိတော့ဘူး၊ ဘုန်းလက်ရုံး အာဏာကိုသာ အချိန်ပြည့် တွေးတော ခံစားနေကြတဲ့ သူတို့ရဲ့ နှလုံးတွေဟာ မီးတောင်ပေါက်ကွဲပြီး ကျလာတဲ့ ချော်ရည် ချော်မြုပ်တွေ အေးခဲပြီး မာကျောသွားတဲ့ ချော်ခဲတွေလို ဖြစ်နေကြပြီ အပုလေးရဲ့ ”

အရီးတော် တလမည်ဒေါသည် စကားပြောကောင်းသလို စိတ်ဖတ် သူလည်းဖြစ်၏။

“ ဟဲ ... ခမည်းတော် သုသျှင်လား ... ဟမ်း၊ အမာကျောဆုံး ချော်ခဲကြီးလေ၊ သူ့အကြောင်းကို အရီးတော်က အူချေး၊ ချေးခါးကအစ သိတယ်၊ သူဟာ ပင်ကိုအရတော့ မဟုတ်မခံ ဆတ်ဆတ်ကြဲပဲ၊ ဒါပေမဲ့ မဟာဆီ မဟာသွေးကြောင့်ပဲလား၊ သူ့ကိုယ်က စိတ်ကြမ်း ကိုယ်ကြမ်းမို့ ကြောင့်ပဲလားမသိဘူး၊ သုသျှင်ဟာ လူစင်စစ်က နတ်ဘီလူး ဖြစ်သွားတယ်၊ ပြီးတော့ အေ ... သစ္စာတရားဆိုတာလည်း သူနဲ့ သူ့လူစွမ်းကောင်းတွေ အကြားမှာပဲ ရှိချင်ရှိမယ်၊ ဇနီးမယားတွေအပေါ်မှာတော့ သူဟာ လုံးလုံးကြီး ကို သစ္စာမဲ့တဲ့ ယောက်ျားတစ်ယောက် ”

ခမည်းတော်နှင့် အရီးတော် တလမည်ဒေါတို့မှာ ငယ်စဉ်ကပင် နန်းတွင်း၌ ကစားဖော် ကစားဖက် သူငယ်ချင်းများ ဖြစ်ခဲ့ကြပြီး၊ အရွယ်ရောက်လာသောအခါတွင်လည်း အပြန်အလှန် ချစ်ခင်စုံမက်ခဲ့ကြ သည်ဟု ရှင်စောပုသိရ၏။ ထို့ပြင် အရီးတော် တလမည်ဒေါသည် ခမည်းတော်၏ ငယ်ချစ်ဦး။

“ အပုလေးရဲ့ မှတ်ထား၊ ဘုရင်ဧကရာဇ်မင်း ယောကျ်ားကြီးတွေ ဆိုတာ၊သူတို့ရဲ့ ကမ္ဘာလောကကို ဘုန်းလက်ရုံး၊ အာဏာ၊ စစ်အောင်ပွဲ တွေနဲ့ပဲ တည်ဆောက်တတ်တယ်၊ ဇနီးမယား သမီးသားတို့အပေါ်ချစ်ခင် ကြင်နာရမှန်း သိကြတာ မဟုတ်ဘူး၊ သူတို့က မာကျောခက်ထန်တဲ့

www.burmeseclassic.com

www.burmeseclassic.com


နှလုံးသားကိုပဲ ဂုဏ်ယူတတ်တယ်၊ နူးညံ့သိမ်မွေ့ခြင်းကို ပျော့ညံ့ခြင်းလို့ မြင်တတ်ကြတယ် ”

အရီးတော် တလမည်ဒေါ ဘာကြောင့် နာနာကြည်းကြည်းဖြင့် ဤမျှ ပြင်းထန်သော စကားလုံးတို့ကို သုံးနေရသလဲဟု မယ်မယ့်အား မေးကြည့်မိ၏။

မယ်မယ်က ခေါင်းကို အသာအယာ ယမ်းရင်း ပြောပြသည်။

“ တလမည်ဒေါ နာကြည်းမယ်ဆိုလည်း နာကြည်းစရာပဲ သမီးရယ်၊ အမှန်တော့ သူသျှင်ရဲ့ ပွင့်ဦးအချစ်ကို ရရှိခဲ့တာသူပါ၊ ဘိုးတော် မင်းတရားကြီးကို တော်လှန်အာခံပြီး သူသျှင်ဟာ တလမည်ဒေါ နှလုံးကြေကွဲခဲ့ရတယ် ”

“ ဘာဖြစ်လို့လဲ မယ်မယ် ”

“ သမိန်ဗြတ်ဇကို မြောင်းမြစားခန့်အပ်၊ သီလဝကို ပုသိမ်စား ခန့်အပ်တဲ့ အောင်ပွဲတွေအပြီးမှာ သူသျှင်ဟာ၊ မွေမနိတ်ကိုလည်း ပီယရာဇာ ဒေဝီဘွဲ့နဲ့ မိဖုရားမြှောက်ခဲ့တယ်လေ ”

“ မွေမိနိတ်၊ ဩော်…တိဂုံဆံတော်ရှင်မှာ ဘုရားဖူးပြီး အပြန်တွေ့ခဲ့ တယ်ဆိုတဲ့ မပည့်ငယ်ရဲ့မယား ဆိုတာလား မယ်မယ် ”

“ ဟုတ်တယ်၊ တလမည်ဒေါနဲ့ ချစ်ခင်ကြင်နာစမှာပဲသူသျှင်ဟာ မွေမနိတ်ကို ကောက်ခဲ့တာ၊ အခု ပီယရာဇာဒေဝီဘွဲ့နှင်းပြီး အဆောင် အယောင်ကြီးစွာပေး၊ မြှောက်စားလေတော့ တလမည်ဒေါ ဘယ်လိုခံစား ရမလဲ တွေးကြည့်ပေါ့ သမီးရယ် ”

ခမည်းတော်သည် လူမဟုတ်၊ နတ်ဘီလူးဖြစ်သည်ဟု အရီးတော် တလမည်ဒေါ ပြောသည်ကို ရှင်စောပု သဘောပေါက်မိသည်။

“ အရီးတော်ကို သနားပါတယ်နော် မယ်မယ် ”

“ အေးပေါ့ကွယ်၊ တလမည်ဒေါဟာ စိတ်လည်း အင်မတန်ကြီးတာ၊ သူ့စိတ်ဟာ အတင်းဆုံးဆွဲညှိထားတဲ့ မိကျောင်းစောင်းကြိုး တစ်ချောင်း လိုတင် တင်မြည်နေတာ၊ အင်း အဲဒီလို တင်းလွန်းထားရင် ထောက်ခနဲ ပြတ်တတ်တယ် သမီးရဲ့ ”

မယ်မယ့်ဥပမာသည် အသိဥာဏ်ဝယ် ထင်းထင်းပေါ်လာ၏။ အထိန်းတော် မိနဲနှင့် မိသင်တို့ ညဥ့်ဦးယံတွင် ဆိုကြတီးကြရာ၌ မိသင်

www.burmeseclassic.com

www.burmeseclassic.com


တီးသော မိကျောင်းစောင်းကို မြင်ယောင်လာသည်။ တင်တင် မြည်နေသော စောင်းကြိုးကို မိသင်သည် လျှော့လျှော့ချပေးရလေသည်။

တင်းလွန်းထားရင် ထောင်းခနဲ ပြတ်တတ်တယ်တဲ့။ မယ်မယ့် စကားကို နားထောင်ရင်း ရင်ထဲမှာ ကြောက်သွားမိလေသည်။

* * *

အထိန်းတော် မိသင်က တေးချင်းကို ညည်းဆို ဆိုရင်းမိကျောင်း စောင်းကြိုးကို လက်ဖျားဖြင့် ခတ်လိုက်၏။

ရှေ့မှောက်တွင် ပန်းခြင်းတစ်ခု ရှိနေသည်။ပန်းခြင်းထဲမှ သဇင်ပန်းများသည်ကနုတ်များနှယ် အကွေ့ကွေ့ အငိုက်ငိုက် ယှက်လိမ်လျက်။ ထိုသဇင်ပန်းများအကြားတွင် ပါလာသော တစ်စုံတစ်ခုသော အရာကို ရှင်စောပု လှမ်းမကိုင်ရဲ မယူရဲရှိနေသည်။ မထိမကိုင်ရဘဲနှင့် ထိုအရာကို သိနေ၏။ ရှင်စောပုသာမက မိနဲလည်း သိသည်။ မိသင်လည်း သိသည်။

သဇင်တွေဝေနေသော ပန်းခြင်းထဲမှာ သဝဏ်တစ်ခုရှိ၏။ ဝိုင်းစက်သော လက်ရေးများကို ဝိုးတဝါးမြင်ရ၏။

သဝဏ်ချပ်ကို ဖြူလွသော ပိုးချည်ဖြင့် ရစ်ပတ်ထားသည်။

"ချစ်ချင်းမပြိုင်၊ ရှုံးနှင့်နိုင်ကို၊ မီးပြိုင်ရေငုပ်၊ သွေလို့များ ဆုတ်ပါဘူး သမုဒ်ထဲမှာ၊ အုတ်ခဲလိုနစ်လို့ နေပါ့မယ်...တဲ့ သခင်မလေးရဲ့၊ ဘယ်လောက်လှတဲ့ စာလေးလည်းနော်၊ ဒါပေမဲ့ ဟောဒီသဇင်ပန်းခြင်းထဲက သဝဏ်လွှာ လေးပေါ်မှာ ရေးထားတဲ့ စာလုံးလေးတွေက အဲဒီတေးထက်ပိုပြီး လှမှာ သိရဲ့လား "

မိနဲက ပြုံး၍ဆိုသည်။

" အို... မိနဲနော် "

ရှက်သွေးဖြာသွားသော ပါးပြင်နွေးနွေးကို အသာအယာ လက်ချောင်းများဖြင့် ကာကွယ်လိုက်မိ၏။

" သြော်... ကြည့်စမ်း၊ သခင်မလေး မျက်နှာပေါ်မှာ နှင်းဆီနုသွေးလေး ဖြတ်သွားတယ်၊ အဲဒါဘာလဲ သိလား။ နှလုံးသွေးကနေ အရောင်ဟပ်လိုက်တာ နှလုံးသွေးက အနီရောင်လေ၊ အို လို့ပြောလိုက်ချိန်မှာ နှင်းဆီနုသွေး ဖြစ်သွားတာ၊ နှင်းဆီနုသွေးရဲ့ အဓိပ္ပာယ်က ရှက်လှပါတယ် အမောင်ရယ်...တဲ့ "

" မိသင်နော်...ကြည့်စမ်း "

www.burmeseclassic.com

www.burmeseclassic.com


" မိသင် မကြည့်ပါဘူး၊ အပုလေး သခင်မရယ်၊ ရှက်စနိုး အဲဒီပါးပြင်လေးကို စိုက်ကြည့်နေမယ့်သူက သမိန်စည်သူပါ "

" ကြည့်နော်... အပုရှက်လာပြီ၊ ငိုလိုက်မှာ သိလား "

" ငိုရင်လည်း ချော့မယ့်သူ ရှိပါသော်ကော တော်၊ အချစ်ရဲ့ လှိုက်လှဲမှုကြောင့် စိမ့်ထွက်လာတဲ့ မျက်ရည်ဥလေးတွေဟာ ပုလဲလုံးလေးတွေတဲ့၊ သမိန်စည်သူ ကိုယ်တော်လေးက အပုလေးရဲ့ အဲဒီချစ်မျက်ရည် ပုလဲလုံးလေးတွေကို ကုံးသီပြီး သူ့ရင်မှာ ဆွဲထားမှာ သိလား "

မိနဲနှင့် မိသင်တို့ကို ဘာမှ ပြန်မပြောနိုင်တော့။

သမိန်စည်သူ ပို့လိုက်သော သဇင်ပန်းခြင်းနှင့် ချစ်သဝဏ်ကလည်း သူတို့နှစ်ယောက်၏ ကျီစယ်စကားများအတွက် အထင်အရှားသာဓကဖြစ်နေသည်။

နှင်းဆီနီနီရဲရဲတွေကို ပို့လိုက်သော သမိန်စည်သူထံမှ တစ်နေ့သောအခါ ဤသို့သော သဝဏ်မျိုး ရောက်လာမည်ဟု မျှော်လင့်ထားပြီးဖြစ်သော်လည်း တကယ်တမ်း လက်ခံရပြီ ဆိုသောအခါ ရင်တွေဖိုနေ၏။ ပိုးချည်ဖြူ ရစ်ပတ်ထားသော သဝဏ်ကို လှမ်းမယူရဲ။

" ဟံသာဝတီ ရွှေနန်းတော်မှာဖြင့် အလိုက်ဖက်ဆုံး၊ ကျက်သရေအရှိဆုံး ချစ်သူမောင်နှံတွေပဲ၊ ကိုယ်တော်လေး စည်သူဟာ သူ့သျှင်မင်းတရားရဲ့ တူတော်၊ သားတော်တွေထဲမှာဖြင့် စိတ်နှလုံး အမြင့်မြတ်ဆုံး၊ အတည်ငြိမ်ဆုံး မင်းယောကျ်ား "

မိနဲနှင့် မိသင်တို့ အတိုင်အဖောက် ညီနေကြသည်။

" စစ်...စစ်နဲ့ တစစ်စစ် အော်မြည်ရင်း ဓားတွေသွေး၊လှံတွေချွန်၊ မြားတွေသနေတဲ့ ကြမ်းကြမ်းရမ်းရမ်းကြီးတွေကြားမှာ ကိုယ်တော်လေး စည်သူဟာ သိက္ခာအရှိဆုံး မင်းသားလေး "

" အံမယ်... မိနဲရယ်၊ အေးဆေးတည်ငြိမ်ပေမဲ့ တကယ်လိုအပ်ရင်လည်း ကိုယ်တော်လေးဟာ ဓားဆွဲပြီး ရှေ့ကထွက်ရဲသူပါနော်၊ လူရည်လူသွေး သိတတ်တဲ့ အမတ်ဒိန်က ပြောဖူးတယ်၊ စစ်ရေးညီလာခံ အချိန်မှာ သမိန်စည်သူ တွက်ချက်ပြတဲ့ သေနင်္ဂတွေဟာ အကွက်စေ့လှတယ်တဲ့၊ နှလုံးရည်နဲ့ စစ်တိုက်တတ်သူဆိုလို့ ရှားတယ်တဲ့၊ အဲဒီ ရှားရှားပါးပါးထဲမှာ သမိန်စည်သူဟာ ရှေ့ဆုံးက အပါအဝင်...တဲ့ "

" ဟုတ်လား... ကိုယ်တော်လေးက စစ်ရေးညီလာခံ တက်သတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com


" အသက်နှစ်ဆယ့် နှစ်နှစ်ရှိပြီလေ၊ သုသျှင်မင်းတရားက အရွယ်ရောက်ပြီး မင်းသားတွေကို သူ့စစ်ရေး ညီလာခံ ခန်းမထဲ မခေါ်ဘဲ နေမလားလို့ "

" ဩော်... ကိုယ်တော်လေးတောင် နှစ်ဆယ့်နှစ်နှစ် ရှိမှကိုး "

" အလိုတော် မိသင်ရယ်၊ အချိန်ကာလတွေက ရပ်တန့်နေတာမှ မဟုတ်ဘဲ၊ တို့များ အပုလေးသခင်မတောင် အသက်နှစ်ဆယ်ရှိပြီကော "

" ဟုတ်ပါရဲ့တော်၊ ဟံသာဝတီ တစ်လွှား စစ်သံတွေ ဆူလွန်းလို့ မေ့မေ့ပျောက်ပျောက် ရှိနေတာ၊ အင်း အချိန်တွေများ ကုန်လွယ်လိုက်တာ၊ ဟုတ်ပါရဲ့ သခင်မလေးတောင် အသက်နှစ်ဆယ် ရှိနေပြီ "

" အေးလေ... ကိုယ်တော်စည်သူက နှစ်ဆယ့်နှစ်၊ အပုလေး သခင်မက နှစ်ဆယ်၊ ကိုင်း...ဘယ်လောက်လိုက်ဖက် တင့်တယ်သလဲလို့ "

" အိုး... တော်ကြတော့ "

မျက်နှာတစ်ပြင်လုံး ထူပူနီမြန်းခံစားရကာ၊ ခပ်ဆောင့်ဆောင့် အော်လိုက်တော့မှ မိနဲ့နှင့် မိသင်တို့ တိတ်သွား၏။ သို့သော် မျက်နှာများက ပြုံးစိစိ။

တိတ်ဆိတ်မှု အခိုက်အတန့်လေးဝယ် သမိန်စည်သူ၏ အသွင်က အာရုံ၌ ရစ်သီရစ်ဝဲထင်လာ၏။

မျက်ခုံးမွေးထူထူ၊ အသားဖြူဖြူ၊ စေ့စပ်သော နှုတ်ခမ်း၊ သပ်ရပ်စွာ ထုံးဖွဲ့သော သျှောင်နှင့် ဖြူဆွတ်သော ခေါင်းပေါင်းပဝါ၊ အကြင်နာရိပ် အမြဲသန်းနေသည့် ပြုံးယောင်မျက်လုံးများ။

" ဩော်... တစ်ခု တင်ဖို့ ရှိပါသေးသကော အပုလေး သခင်မ "

" ဘာပါလိမ့် မိနဲ "

" ညနေရီမှာ ကိုယ်တော်လေး စည်သူက လာခဲ့ပါရစေတဲ့၊ သဇင်ပန်းခြင်း လာပို့တဲ့ မင်းလုလင်လေးကို မှာလိုက်ပါတယ် "

ဘာမှ ပြန်မပြောမိ။ ဖိုနေသောရင်သည် လှိုက်ခနဲဖြစ်သွား၏။

ငယ်စဉ် ကလေးဘဝ၊ ကစားဖော် ကစားဖက် စံပယ်ရုံကလေးတွေ အတူစိုက်ဖော်စိုက်ဖက်၊ မျက်နှာမှာ မြေဆွေးနှင့်ရွှံ့စေးတွေ ပေကျံနေတတ်သော သူငယ်ချင်း၊ ယခုတော့...

ချစ်ခွင့်ပန်ဝဏ်လွှာနှင့် သဇင်ပန်းတို့ကို သယ်ဆောင်လာသည့် ပန်းခြင်း သူပို့လာချေပြီ။ ညနေဆိုလျှင် သူကိုယ်တိုင် လာမည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com


အေးမြသော သီတာရေစင်ကို ပက်ဖျန်းချိုးသုံးခွင့်ရလိုက်ပြီးနောက် ရုတ်ခြည်းပင် မီးတောက်မီးလျှံတစ်ခု ဟုန်းခနဲ ထတောက်သည်။ ချစ်ခြင်းမေတ္တာတို့ဖြင့် ထုံမွမ်း ပျောင်းအိခဲ့သော နှလုံးသားသည် မီးအလျှံ၏ အရှိန်ကြောင့် ဖြင်းဖြင်း ကွဲကြေမတတ်ရှိ၏။

ဘုရား... ဘုရား အဘယ်သို့သော ကြောက်စရာ တိုက်ဆိုင်မှုပါလိမ့်။

ချစ်သူ၏ ချစ်တေးကို ချိုမြစွာ နားဆင်နေသည့် နားထဲသို့ ကြောက်စရာ သတင်းဆိုးကြီးတစ်ခု ဝင်လာသည်။

အရီးတော် တလမည်ဒေါ သူ့ကိုယ်သူ အဆုံးစီရင်သွားပြီတဲ့။

မယ်မယ်သည် တုန်လှုပ်ချောက်ချားစွာ ပြန်ပြောပြလေသည်။

" အမတ်ဒိန်ကိုယ်တိုင် မချိတင်ကဲ ပြောပြတယ်၊ သုသျှင် အမိန့်နဲ့ အမတ်ဒိန်ကိုယ်တိုင် တလမည်ဒေါဆီ သွားခဲ့ရတာ၊ တလမည်ဒေါကို အမျက်ထားပြီး စည်းစိမ်ကျေးကျွန်တွေ ပြန်နုတ်သိမ်းခဲ့ပြီးနောက်မှာ သုသျှင်ဟာ ဒီလောက်နဲ့ အမျက်မပြေနိုင်ဘူး၊ တလမည်ဒေါကလည်း သုသျှင်ရဲ့စိတ်ကို သိရက်သားနဲ့ အုတ်တံတိုင်းကို ခေါင်းနဲ့ ပြေးဆောင့်တာကိုး၊ ပေးသနားတော်မူထားတဲ့ လက်စွပ် ဆယ့်နှစ်ချည်ကို သွားသိမ်းချေလို့ သုသျှင်က အမတ်ဒိန်ကို လွှတ်ယူခိုင်း လိုက်သတဲ့ "

ခါးသီးသော သတင်းဆိုးကြီးပင် ဖြစ်၏။

တလမည်ဒေါသည်ထိုလက်စွပ် ဆယ့်နှစ်ချည်ကို ဆံထုံးထဲတွင် သိမ်းထုပ်ထားခဲ့သည်။ အမတ်ဒိန်က တလမည်ဒေါရှေ့တွင် ဒူးထောက်၍ ဆို့နစ်စွာ တောင်းပန်ခဲ့သည်။ ကျေးတော်ကျွန်တော်မျိုးလက်ဖြင့် အရှင်သခင်၏ ဦးဆံကို မထိစကောင်းပါ။ မကိုင်စကောင်းပါ အရှင်မ၊ ဒါပေမဲ့ သုသျှင်ရဲ့ တစ်ချက်လွှတ် အမိန့်တော်အရ...။

စိတ်ကြီးသော အရီးတော် တလမည်ဒေါသည် အမတ်ဒိန် စကားအဆုံးမှာပင် ဒေါသနာကြည်းချက်ဖြင့် မူးမေ့လဲကျသွားခဲ့လေသည်။ သတိ ပြန်ရလာသောအခါ ကိုယ်တိုင်ပင် ဆံထုံးကို ဖြေ၍ လက်စွပ်ဆယ့်နှစ်ချည်ကို အမတ်ဒိန်လက်ထဲ ထည့်ခဲ့၏။

ထိုလက်စွပ်များ ပီယရာဇာဒေဝီထံ ရောက်သွားပြီ၊ သုသျှင်က ပေးသနားလိုက်ပြီဟု သိရသောအခါတွင်ကား တလမည်ဒေါသည် ဖုံးမသိန်နှင့် သံပရာကို ဆေးထည့်ရောစပ်၍ သောက်လိုက်သည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com


" အဲဒီ အဆိပ်တွေဟာ တကယ်တော့ တလမည်ဒေါရဲ့ အူတွေ၊ ကလီစာတွေကို လော်မြိုက်ဖြတ်ပိုင်းနိုင်ပေမဲ့ သူ့နှလုံးသားကိုတော့ ဘာမှ လုပ်နိုင်မှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ နာကြည်းချက်တွေနဲ့ အတူ တလမည်ဒေါရဲ့ နှလုံးဟာအစောကြီးကတည်းကအပိုင်းပိုင်းပြတ်တောက် ကြေမွနေခဲ့ပြီးသားလေ၊ အို... တလမည်ဒေါ အစ်မတော်ကြီး ချစ်ခြင်း မုန်းခြင်းတွေရဲ့ အခြားတစ်ဖက်ကို ရောက်သွားရှာပေ့၊ အစ်မတော်ကြီး ကောင်းရာ သုဂတိ လားပါစေ "

မယ်မယ့် မြည်တမ်းသံကို နားထောင်ရင်း တုန်လှုပ် ချောက်ချား စွာဖြင့် တင်းလွန်းသောကြောင့် ပြတ်ထွက်သွားသည့် စောင်းကြိုးတစ်ချောင်း ကို မြင်လိုက်၏။ ထောင်းခနဲ ပြတ်သွားခြင်းနှင့်အတူ ဂီတသံလည်း ပျောက်ကွယ် ချုပ်ငြိမ်းခဲ့လေပြီ။ မိကျောင်းစောင်းကြိုး အသစ်တစ်ချောင်း သည် ပြတ်သွားသော ကြိုးနေရာမှာ အစား ဝင်ရောက်လာနိုင်သေးသော် လည်း အရီးတော် တလမည်ဒေါကား ဟံသာဝတီ ရွှေနန်းတော်ကြီးကို နာကြည်းစွာဖြင့် မျက်ကွယ်ပြု သွားပေပြီ။

" ခမည်းတော်ဟာ ကြောက်စရာ ကောင်းလှချည်လား မယ်မယ် "

" ဖခမည်းတော် တစ်ယောက်အပေါ် သမီးဖြစ်သူက အဲဒီလိုတော့ မမြင်သင့်ဘူး အပုလေး၊ ခုဟာက တလမည်ဒေါရဲ့ ဘဝဝဋ်ကြွေးလည်း ပါတယ်လို့ သဘောထားပါကွယ် "

" မယ်မယ့်ကိုသာ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံစေခဲ့ရင်တော့လား "

လှပသော မျက်နှာပြင်သည် နီမြန်းသွား၏။

" အို... မယ်မယ် မကြုံနိုင်ပါဘူး သမီးရယ် "

" မယ်မယ်... အပုလေးဟာ ကိုးနှစ် ဆယ်နှစ်အရွယ် သူငယ်နုပ်စား မဟုတ်တော့ဘူး၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူရဲကောင်း လဂွန်းအိန် ဆီ ရွှေလောင်းတော်နဲ့ မယ်မယ်သွားခဲ့ရတဲ့အဖြစ်ကို သမီးမေ့မယ် ထင်သလား၊ မိန်းမသားတစ်ယောက်ကို သူတို့ မင်းယောကျ်ား သူရဲ ကောင်းကြီးတွေက ဝတ်လုံကိုယ်ကျပ်တစ်ခုလို ရွှေခါးစည်းကြိုးတစ်ခုလို၊ မှိုင်းလုံ ဝတ်လဲတော် တစ်ခုလို၊ တိုက်ဆင်တစ်ကောင်လို၊ မြင်းတစ်စီးလို သဘောထားပြီး၊ အဲဒီလို ပေးကြ ယူကြ လက်ပြောင်း လက်လွှဲ လုပ်ကြလို့ ရသတဲ့လား၊ ဒီမှာ မယ်မယ် "

" အပုလေး ... ဟဲ့ ဟဲ့ "

www.burmeseclassic.com

www.burmeseclassic.com


" အဲဒီတုန်းက မယ်မယ် ပြန်ရောက်လာတော့ မင်းကံစီက ပြောခဲ့တယ်၊ အားလုံးနေသားတကျ ဖြစ်သွားပါပြီတဲ့၊ ဟင်း... ဟင်း ဘယ်မှာ နေသားတကျလဲ မယ်မယ်၊ မယ်မယ့်ရင်ထဲမှာ တစ်သက် ဖျောက်လို့မရနိုင်တဲ့ ဒဏ်ရာတစ်ခု ဖြစ်သွားပြီဆိုတာ သူတို့မသိကြပေမဲ့ အပုလေး သိတယ်၊ သမီးသိတယ်၊ ဒေါင်းပေါင် လုလင်ချောင်းဝကို မသွားမိနဲ့၊ သွားပြီး ပြန်လာတဲ့ မယ်မယ့်မှာ၊ အသက်ရှင်လျက်ဘဝ ပြောင်းသွားပြီဆိုတာ သမီးသိတယ် "

" သမီးရယ် တော်ပါတော့၊ ဒါတွေ ပြန်မပြောပါနဲ့တော့ "

ချစ်သူထံမှ ချစ်ခွင့်ပန်စကားကြားရသည့် နေ့မှာပင် အရီးတော် တလမည်ဒေါ၏ သတင်းဆိုးကိုကြားရသည့် အဖြစ်။

ညနေခင်း... ပန်းရုံတွင် သမိန်စည်သူနှင့် တွေ့ချိန်၌ကား ရှင်စောပု သည် လှိုက်လှဲသည်းထန်လာသော ဝေဒနာတို့ကို မထိန်းသိမ်းနိုင်တော့ သဖြင့် ချစ်သူ၏ ရင်ခွင်ထဲသို့ တိုးဝင်ကာ အားပါးတရ ငိုကြွေးမိတော့၏။ သမိန်စည်သူက တင်းကျပ်စွာ ထွေးပွေ့ရင်း ပြော၏။

" တိတ်ပါ အစောရယ်၊ အမောင့်ရဲ့ မေတ္တာအားဖြင့် အစောလေး ငြိမ်းချမ်းရစေ့မယ်၊ ဒီလို အဖြစ်မျိုးတွေ ဘယ်လိုမှ ဘာကြောင့်မှ မကြုံစေရဘူး မှတ်ပါ၊ အမောင်သစ္စာ ဆိုပြပါမယ် "

အစောဟု သူ အခေါ်ပြောင်းပုံကို သတိထားမိသည်။

သူ့ရင်ခွင်ကို မျက်ရည်များဖြင့် စိုရွှဲစေလျက် ပြောမိလေသည်။

" ဘာကြောင့်များ သမိန်စည်သူတို့၊ ရှင်စောပုတို့ဟာ ဟံသာဝတီ နိုင်ငံတော်ကြီးရဲ့ အရှင်သခင်၊ သုဿျှင် ရာဇာဓိရာဇ်ရဲ့ နန်းတော်ကြီးထဲမှာ လူလာဖြစ်ရတာပါလိမ့် အမောင်ရယ်၊ ဟိုး ကျေးလက် ဇနပုဒ်ဆီမှာ ရိုးသားအေးချမ်းတဲ့ ဘဝနဲ့ တောသူတောင်သား သာမန်အညတရတွေပဲ ဖြစ်လိုက်ပါတော့လား "

"စစ်မက်ရေးရာတွေ မငြိမ်သက်သေးတဲ့ ကာလမို့ပါကွယ်၊ ဝိပ္ပတ္တိတရားလေးပါးထဲမှာ ပါတယ်မဟုတ်လား၊ ကာလဝိပ္ပတ္တိဆိုတာလေ၊ ဒါပေမဲ့ တရားတော်မှာ အဲဒီဝိပ္ပတ္တိ တရားတော်တွေထဲက၊ တချို့ကို မိမိရဲ့ ပယောဂ သမ္ပတ္တိ တရားနဲ့ ချေဖျက်လို့ ရနိုင်ပါတယ်တဲ့ "

လေသံသက အေးဆေးသလို မျက်နှာက တည်ငြိမ်နေသော ချစ်သူကို မော့ကြည့်ရင်း၊ ဤအသက်အရွယ်ဖြင့် ဤမျှလေးနက်သည့် သူ့ကို အံ့သြမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com


" အမောင်တို့ လက်ထက်မှာ၊ ဒီလို အဖြစ်ဆိုးမျိုးတွေ မပေါ်ပေါက်အောင် လုပ်ကြရမှာပေ့ါ၊ ပိယေဟိဝပ္ပယောဂေါနဲ့ အပိယေဟိသမ္ပယောဂေါ ဆိုတဲ့ ဒုက္ခဆင်းရဲနှစ်ပါးလေ၊ တိတ်ပါ အစောရယ် "

" အမောင်တို့ လက်ထက် "

" အင်းလေ အမောင်နဲ့ အစောတို့ လက်ထက်၊ သမိန်စည်သူနဲ့ ရှင်စောပုတို့ လက်ထက် စစ်မက်တွေ ပပျောက်ရမယ်၊ ပြည်ထောင်မင်း အချင်းချင်းတွေ ချစ်ကြည်ရမယ်၊ ဟံသာဝတီမှာ တရားဓမ္မသံနဲ့ တေးဂီတသံတွေပဲ ဖုံးလွှမ်းစေရမယ် "

စပယ်ရုံစိုက်ခဲ့သော ချစ်သူထံမှ ငြိမ်းအေးချမ်းမြေ့ခြင်း စကားတွေကို ကြားရသောအခါ နှလုံးအိမ်သည် ကြည်နူးမှုများဖြင့် ထုံယစ်သွားခဲ့ရလေသည်။

* * *

ခမည်းတော် သုသျှင်ရာဇာဓိရာဇ်သည် စစ်မြေတလင်း အရပ်ဒေသများတွင် လှည့်လည်နေရာမှ ဟံသာဝတီသို့ ပြန်ရောက်ခဲ့ပြီ ဖြစ်၏။ တိုင်းနိုင်ငံ သူပုန်သူကန် ဖီဆန်သူမှန်သမျှကို အောင်မြင်စွာ သုတ်သင်ခဲ့ပြီးသော ထိုအချိန်တွင် အယုဒ္ဓယမင်းထံမှ စီးတော်ဆင်ဂန္ဓကို လက်ဆောင်ပဏ္ဏာ ပို့ဆက်လာသည်။

ခမည်းတော်သည် မောခေါဘုရား ကုန်းတော်ပေါ်တက်၍ မကိုဋ်တော်ကို လှူအပြီး၊ ပြန်အဆင်းတွင် အယုဒ္ဓယမင်း၏ ဆင်တော်ဂန္ဓလက်ခံရေး အစီအစဉ်များ ချမှတ်ခဲ့၏။

ဆင်တော်ဂန္ဓကို ကြိုဆို လက်ခံသိမ်းပိုက်သည့် အခမ်းအနားမှာ ကြီးကျယ်လှဘိခြင်း၊ ဗိုလ်မင်းကြီး ဗြတ်ဇ၊ အမတ်ဒိန်မဏိရွတ်၊ ရဲသင်ရန်၊ သမိန်ဇိပ်ဖြစသည့် ထိပ်တန်းအမတ်ကြီးများ ကိုယ်တိုင်၊ ဆင်တပ်များဖြင့် ကမန်ပိုက်တိုင်အောင် ထွက်ကြိုကြရသည်။ ကူထွတ်မြို့တွင် သမိန်ဇေချစ်နှင့် သမိန်သံကြယ်တို့ကို တပ်မင်းခန့်၍ သစ်တပ်မြို့ကြီး အခိုင်အခံ့တည်သည်။

ဆင်တော် ဂန္ဓကို အကြိုတော်ထောက်သည့် စစ်အင်္ဂါအလုံးအရင်းဖြင့် တပ်မင်းကြီးများ ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေချိန်မှာပင် ဟံသာဝတီ ရွှေနန်းတော်၌ ထိုထက်ပို၍ ကြီးကျယ်သော အခမ်းအနားကြီး တစ်ခုကျင်းပ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။

သုသျှင်၏ တူတော်သမိန်စည်သူနှင့် ရှင်စောပု တို့၏ စုလျားရစ်ပတ် လက်ထက်မင်္ဂလာပွဲ။

" အယုဒ္ဓယမင်း ဆက်သတဲ့ ဆင်တော်ဂန္ဓလည်းရောက်၊ တို့များရဲ့ သခင်မလေးကလည်း ဗုဒ္ဓဟူးသမီး မဟုတ်လား၊ တိုက်ဆိုင်လှတဲ့ မင်္ဂလာ ပွဲပဲဟေ့ "

ဟံသာဝတီ နန်းတော်သူ နန်းတော်သားတို့ အားပါးတရ ဆိုကြ၏။

မော်ဓောစေတီကုန်းတော်ထက်၊ ဗုဒ္ဓဟူး ထောင့်တွင် ကြင်စဦး မောင်နှံတို့ ပန်းဆီမီး ရေချမ်းများ ကပ်လှူကြသည့် ညဉ့်က အမောင်က မေးသည်။

" ဘာဆုတွေ တောင်းသလဲအစော "

" ဟံသာဝတီနိုင်ငံတော် အလုံးမှာ၊ သတ္တန္တရ၊ ရောဂန္တရ၊ ဒုဗ္ဘိက္ခန္တရ ကပ်တွေ၊ နောင်ဘယ်တော့မှ မကျရောက်ပါစေနဲ့လို့ ဆုတောင်းတယ် အမောင် "

" သာဓုပါကွယ် "

သံသရာအဆက်ဆက်၊ ချစ်သူခင်ပွန်းနှင့် အတူတကွ ဖြစ်လေရာ ဘဝပေါင်းရပါစေသား၊ နိဗ္ဗာန်မင်္ဂဖိုလ်သို့ မျက်မှောက်အတူ ပြုရ ပါစေသားဟူသော ဆုတောင်းမျိုးမဟုတ်။ ဒါကိုပင် စိတ်နှလုံး ကြီးမြင့်သော အမောင်က ကျေနပ်စွာ သာဓုခေါ်ရှာလေသည်။

သို့သော် အမောင် ဆက်မမေးဖြစ်သော၊ မေးလျှင်လည်း ဆို့နစ်စွာ အဖြေရခက်နိုင်သော စကားတစ်ခွန်းတော့ ရှိ၏။

" လက်ထပ်မင်္ဂလာပွဲကြီး အထိမ်းအမှတ်နဲ့ သံဃာတော်တွေကို ဆွမ်းလုပ်ကျွေး ပူဇော်ရတဲ့ ကုသိုလ်၊ ဟံသာဝတီသားတွေကို စွန့်ကြဲလှူဒါန်း ရတဲ့ ကုသိုလ် အစုစုတွေကိုလည်း အစောလေ အမျှပေးဝေခဲ့ပါတယ်၊ ဘယ်သူတွေကို အထူးရည်စူးပြီး အမျှပေးဝေခဲ့သလဲဆိုတော့၊ စစ်ပွဲမှာ ကျဆုံးသွားကြရတဲ့ရဲမက်တွေ၊ တပ်မင်းဗိုလ်မင်းတွေ၊ ပြီးတော့ အရီးတော် တလမည်ဒေါ်၊ ပြီးတော့ ဖခင်ရဲ့ အထင်လွဲမှုနဲ့ အသက်ဆုံးသွား ရရှာတဲ့ မင်းသား ဗောလောကျန်းဒေါ် အပါအဝင်၊ ဒေါသမာနနဲ့ အာဃာတ မီးလျှံတွေကြားမှာ လောင်ကျွမ်း ပျက်စီးခဲ့ရရှာသူတွေလေ၊ ဖြစ်လေရာ ဘဝဘဝတွေမှာ သူတို့တစ်တွေ အဲဒီ အဖြစ်ဆိုးမျိုးတွေနဲ့ မကြုံကြပါစေနဲ့လို့ သူတို့အတွက် အမျှပေးဝေရင်းနဲ့ အစော ဆုတောင်း မိပါတယ် အမောင် "

www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်မင်္ဂလာပွဲသည် ခြိမ့်ခြိမ့်သဲ ကျင်းပပြီးစီးခဲ့၏။ အစခပ်သိမ်း အထမြောက် ပြည့်စုံသော ပွဲကြီးသဘင်ဖြစ်ခဲ့၏။ တစ်ခုပဲ ဆိုစရာရှိသည်။ ယင်းမှာ အစ်ကိုတော် ဗညားရံနှင့် ပတ်သက်သည်။

နှမငယ် ရှင်စောပု၏ လက်ထပ်ပွဲကြီး ဝှဲချီးဆင်ယင်နိုင်သည်ကို အကြောင်းပြုလျက် ဗညားရံသည် ဂုဏ်ယူပျော်ရွှင်လှသည်ဟုဆိုကာ သေတကောင်းများကို တစ်လုံးပြီး တစ်လုံး သောက်ခဲ့သည်။ သေအယစ်လွန်သော ဗညားရံသည်၊ နန်းတော်စောင့် ရဲမက်အချို့ကို စိန်ခေါ်၍ ဓားကစားခဲ့သည်။ သူ့သျှင်၏ သားတော် ဓားရမ်းမှုကြောင့် ရဲမက်အချို့ ခုခံရင်း ဒဏ်ရာရခဲ့ကြ၏။

အစ်ကိုတော် ဗညားရံသည် ဘယ်သောအခါမှ လိမ်မာ ယဉ်ကျေးသူ ဖြစ်လာနိုင်တော့မည် မဟုတ်ဟု နားလည်လိုက်မိသည်။

ဟံသာဝတီနိုင်ငံတော်ကြီးကား အတွင်းရန်၊ သူပုန်သူကန်နှင့် ရာဇအာဏာလုပွဲတို့ ချုပ်ငြိမ်းခဲ့ပြီဖြစ်သော်လည်း အဝနိုင်ငံတော်နှင့် အဝဘုရင်မင်းကြီးစွာ၊ သားတော် ဆင်ဖြူရှင်၊ သားတော် မင်းခေါင်တို့နှင့် ပတ်သက်သော နောက်ထပ် သတ္တန္တရကပ် ဘေးတစ်ခုသို့ ရှေးရှုနေပြီ ဖြစ်ကြောင်းကိုကား သမိန်စည်သူလည်းမသိ။ ရှင်စောပုလည်း မသိ။

အလွန်အကျွံသေယစ်နေသော ဗညားရံ၏ မူးမူးရူးရူး စကားမှာ နိမိတ်ဖတ်သလို ဖြစ်နေလေသည်။

" ဟေး ... ဘယ်မှာလဲ၊ ငါ့ဓား၊ ပြန်ပေးကြစမ်း၊ ခမည်းတော် သူ့သျှင် ... သားတော်ကို ဓားကိုင်ခွင့်ပြုပါ၊ မြောင်းမြ ပုသိမ်၊ ဒေးပသွယ်၊ လဂွန်းဗျည်းတွေကျပေမဲ့ ဟံသာဝတီ နိုင်ငံတော်ကြီးကို ဇမ္ဗူဒိတ်ကျွန်း အလုံးအထိ ချဲ့ထွင်ရဦးမှာ သိရဲ့လား၊ ငါ့ဓား ပြန်ပေးကြစမ်းပါ၊ ငါ ဓားလွတ်ကို ကိုင်ထားဦးမှဖြစ်မှာ၊ ကျုပ်ရဲ့ သူရဲကောင်းကြီး လဂွန်းအိန်... တိုက်ကုလား မြို့စားကြီး၊ ခင်ဗျား အဲမောင်းကြီးကို ဆက်ကိုင်ထားဦးဗျ သိရဲ့လား "

* * *

ငါးနှစ်ဟူသော အချိန်သမယသည် သစ်ခြောက်ပင်ထက်မှ ရော်ရွက်လေးတစ်ရွက်၊ အညာတံမှ ပြုတ်ကြွေကျသလို မြန်ဆန်လွန်းလှ၏။

အသက် နှစ်ဆယ့် ငါးနှစ်ဟူသော အရွယ်သည် လင်သေမုဆိုးမ ဟူသောအဖြစ်ကို ခံယူရန်အတွက် နုနယ်လွန်းလှသည်။ မရဏမင်းသည် ဇနီးခင်ပွန်းသည်တို့၏ ချမ်းမြေ့သော ဘဝကို ရက်စက်စွာ ဖိုးဖောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်တောက်ပစ်လိုက်၏။

" ပိယေဟိ ဝိပ္ပယောဂေါနှင့် အပယေဟိ သမ္ပယောဂေါ၊ ဒုက္ခနှစ်ပါး ချုပ်ငြိမ်းစေရမှာပေါ့ကွယ် " ဟု ပြောခဲ့သော အမောင်သည် မိမိကိုယ်တိုင်လည်း ထိုတရား နှစ်ပါးကို မလွန်ဆန်နိုင်။ ချစ်သော ကြင်ယာတော် ရှင်စောပုကိုလည်း ကာကွယ်မပေးနိုင်ဘဲမရဏနိုင်ငံသို့ ကောက်ကောက်ပါ လိုက်သွားခဲ့ လေသည်။

ငယ်စဉ်ကတည်းက ကျန်းမာရေး မကောင်းရှာခဲ့သော သမိန်စည်သူ သည် သမီးတော်လေးနှစ်ပါး၊ သားတော်လေး တစ်ပါးနှင့်အတူ ချစ်ဇနီးကို ထားပစ်ခဲ့၏။

" ချစ်သောသူနှင့် ကွေကွင်းရခြင်းဆင်းရဲကို အစောကြုံရပြီ၊ မချစ်သောသူများနဲ့ အတူနေရခြင်း ဆင်းရဲကို မကြုံပါရစေနဲ့ အမောင်ရယ်၊ စိတ်နှလုံး မြင့်မြတ်လှတဲ့ အမောင်တစ်ယောက် သုဂတိဘဝကနေပြီး အစောကို ဆုပေးပါ၊ ကယ်မပေးပါ "

သမိန်စည်သူ၏ အရိုးအိုးကို ပွေ့ပိုက်ကာ မူးမေ့လဲကျ မသွားအောင် သတိထားရင်း ဆုတောင်းခဲ့သည်။ ဒုက္ခ ဆင်းရဲမြစ်ကို ဆန်တက်မည့် အင်အားတွေ မွေးယူလိုက်သည်။ သမီးတော်လေး နဲတကာသင်၊ နဲတကာ တော်နှင့် သူ့ဖခမည်း ကွယ်လွန်သည်ကိုပင် မသိရှာသေးသည့် သားကလေး ဗညားပရူတို့ကို ပွေ့ဖက်ရင်း အင်အားတွေ မွေးလိုက်၏။

ဈာပနတော် အခမ်းအနားတွင် သေခိုးမပြယ့်တပြယ်ဖြင့် အစ်ကို ဗညားရံက ပြေးလာသေးသည်။

" ငါ့နှမ အပုလေး၊ နင် အသက်ငယ်ငယ်လေး ရှိသေးတာပဲ၊ ပြီးတော့ နင်က မိန်းမချော တစ်ယောက်ပဲဟ၊ နင်အလှကို မြတ်နိုးတဲ့ မင်းညီမင်းသားတွေ ဟံသာဝတီ နန်းတော်မှာ အပုံကြီး၊ ဟဲ ... ဟဲ တစ်ပင်လဲမှ တစ်ပင်ထူ "

ထခုန်အုပ်တော့မည့် ကျားသစ်မတစ်ကောင် မာန်ဖီသံမျိုးဖြင့် အစ်ကိုတော် ဗညားရံကို လူပုံအလယ်မှာပင် ပက်ခနဲ ပြန်ပြောပစ်ခဲ့၏။

" သေအိုးထဲ ခေါင်းစိုက်ပြီး အာဏာနဲ့ စည်းစိမ်အတွက် လူတကာကို စားပွဲတောင်းနေတဲ့ နင်တို့လို လူမျိုးတွေသာ တစ်ပင်မလဲခင် တစ်ပင်ထူကြ၊ ဗညားရံ နင် အခု ငါ့ရှေ့က ထွက်သွားစမ်း "

ဗညားရံသည် အကြီးအကျယ် မျက်နှာပျက်သွားပြီ ...

" အံမာ ... နင်က ဒီစကား ပြောတယ်လား၊ ဟေ့ အပု တုန်း

www.burmeseclassic.com

www.burmeseclassic.com


လက်ရုံးနဲ့ တည်ဆောက်ခဲ့တဲ့ လူ့လောကမှာ ဘယ်သူက ဘယ်သူ့ကို အမိန့်ပေးနိုင်မလည်း ဆိုတာ စောင့်ကြည့်လိုက်၊ ဈာပန အခမ်းအနားကာလ ဖြစ်နေလို့၊ ပြီးတော့ ... နင် မုဆိုးမ ပူပူနွေးနွေးလည်း ဖြစ်နေလို့ ငါ သည်းခံလိုက်တယ် အောက်မေ့ပါ ”

မင်းကြီး သမိန်ဖြတ်ဇက တောင်းတောင်းပန်ပန်နှင့် ဆွဲခေါ်သွားသောကြောင့် ဗညားရံ ပါသွားပြီ ရုပ်ပျက်ဆင်းပျက် မဖြစ်ခဲ့ခြင်းပင်။

ရှင်စောပုကား သောကနှင့် ပရိဒေဝအပေါ်တွင် မာန်မာနကို အလွှဲအရှောင်သာ အထွက်တပ်လိုက်ရ၏။

အမောင်ရေ ... အစောဘဝခရီးမှာ ဘယ်လိုကြမ်းတမ်း ခက်ခဲမှုတွေနဲ့ ကြုံလာရမယ် မသိနိုင်ဘူး၊ အစောလေ သားသမီး သုံးယောက်ရဲ့ မိခင်ဘဝနဲ့ မိန်းမကြမ်းကြီး လုပ်ရဦးမယ် ထင်ပါရဲ့။

* * *

ဟံသာဝတီ နန်းတော်တွင်း၌ ရှင်စောပုဟူသော လင်သေမုဆိုးမ ဘုရင့်သမီးတော်တစ်ပါးက သားနှင့်သမီးတို့ကို မိခင်မေတ္တာဖြင့် ထိန်းသိမ်းစောင့်ရှောက်ရင်း ရင်သွေးငယ်တို့ကို ဖွံ့ဖြိုးအောင် မွေးမြူ နေချိန်၌ ...

ဟံသာဝတီနန်းတော်၏ပြင်ပ၊ နိုင်ငံတော်အဝန်း၊ မြစ်ချောင်းတောတောင် ဒေသများတွင်ကား အဝ–ဟံသာဝတီ စစ်ပွဲများသည် တစ်ပွဲပြီးတစ်ပွဲ တရစပ် ပေါ်ပေါက်နေ၏။ ခမည်းတော် သုဿျှင်သည် စစ်သူရဲကောင်းများကို ဖွံ့ဖြိုးအောင်မွေးမြူနေ၏။

မိခင်တစ်ဦး၏ ရင်၌အဖမဲ့သွေးတို့အပေါ် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မေတ္တာကရုဏာပန်းပွင့်တို့ ဖူးပွင့်နေချိန်ဝယ် စစ်တလင်းမှာလည်း သုဿျှင် ရာဇာဓိရာဇ်နှင့် ဘုရင်မင်းခေါင်တို့သည် လက်ရုံးသတ္တိ၊ နှလုံးဗျတ္တိ၊ သစ္စာပေးခြင်း၊ သစ္စာခံခြင်း၊ ကတိတည်ခြင်း၊ စစ်သေနင် ကြွယ်ဝခြင်း စသည့် ယောကျ်ားကောင်းတို့၏ ဂုဏ်သိက္ခာဆိုသော အရာများကို အပြိုင်းအရိုင်း ဖူးပွင့်စေခဲ့ကြလေသည်။

ထိုစစ်ပွင့်များ အပြိုင်းအရိုင်း ဖူးပွင့်ခဲ့ရာ မြေအပြင်ဖြစ်သော ဒလ၊ မုတ္တမ၊ သန်လျင်၊ မြောင်းမြတို့သည်ကား စစ်ပွင့်များအတွက် မြေဆီအနှစ်များကို ပေးဆပ်ရင်းဖြင့် ထောင်းထောင်းမွမွ ဖြစ်ခဲ့ကြ၏။

ယောကျ်ားကောင်းတို့၏ ဂုဏ်သိက္ခာသည်လည်း ရှင်သန်ခြင်း၊ သေဆုံးခြင်းများဖြင့် ခြံရံထွက်ပေါ်လာကြ၏။ သမိန်အဝံနန့်နိုင်၊ သမိန်သံလိုက်၊ သံစစ်ကဲ၊ သမိန်ဗရမ်းတို့ ဂုဏ်သတင်း မွှေးပျံ့ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


သုဿျှင်၏သားတော်၊ ညီတော်၊ တူတော်တို့သည် စစ်ပွဲညာတံရိုး တစ်ခုတည်းတွင် အသွေးအရောင် ရနံ့အမျိုးမျိုးဖြင့် ဖူးပွင့်ဝေဆာလာကြသည့် ပန်းပွင့်များဖြစ်ချေသည်။

သမိန်လောက်ဖြား၊ သမိန်မရူ၊ အရီးတော် မဟာဒေဝီတို့သည် အမည်ဆိုးဖြင့် ဘဝကို ပေးဆပ်သွားကြ၏။အဝသို့ သုံ့ပန်းအဖြစ် ရောက်သွားသော သမိန်ဗရမ်းက မော်တုံ မော်ကယ်စစ်ကူ၊ ဥတည်ဘွား၏ နာမည်ကြီး သူရဲကောင်း ကာမဏိကို စီးချင်းထိုး၍ အနိုင်ယူပြခဲ့၏။ ရန်သူဝိုင်းထားသော ဒလမြို့တွင်းမှ အသေကောင်ယောင်ဆောင်ကာ နေပြည်တော်သို့ အရောက် ထွက်နိုင်ခဲ့သော အဲမွန်ဒယာသည် ပွဲကောင်းရခဲ့၏။

သုဿျှင်၏ အားအထားရဆုံး တပ်မင်းကြီး ဗြတ်ဇသည် စစ်ဘေးစစ်ဒဏ် ဖိစီးကာ ပြင်းစွာ နာမကျန်းဖြစ်ချက် မြောင်မြ စစ်မြေပြင်မှ အပြန် ဒလတွင် အနိစ္စရောက်ခဲ့သည်။ မင်းကြီး ဗြတ်ဇ၏ အလောင်းကို ဖက်၍ ငိုကြွေးခဲ့သော သူရဲကောင်း လဂွန်းအိမ်သည်လည်း မကြာမီပင် ရေကြောင်းတိုက်ပွဲ၌ ရဲလှေ မရူသမိန်ဖြိတ်ကမ်မှာ လုံထိ၍ ကျဆုံးခဲ့သည်။

ထိုအချိန်တွင် အဝဘုရင် မင်းခေါင်၏သားတော် အသက် နှစ်ဆယ် မပြည့်သေးသော မင်းရဲကျော်စွာသည်ကား ပွဲကောင်းများကို တစ်ခုပြီးတစ်ခု ရနေလေသည်။

သို့သော် အမတ်ဒိန် သတိပေးနေသည့်ကြားမှပင် စစ်သွေးကြွ နေသော မင်းရဲကျော်စွာသည် ပြင်းထန်လှသော ဆင်စီးချင်း တိုက်ပွဲထဲသို့ အတင့်ရဲစွာ တိုးဝင်သွားရင်း ဟံသာဝတီ တိုက်ဆင်သုံးစီး အလယ်တွင် သူစီးသော ဆင်တော် ငချစ်ခိုင်ထက်မှ ကျခဲ့သည်။

ထို့နောက် သုံ့အဖြစ် အဖမ်းခံရပြီး သုဿျှင်မျက်စိအောက်မှာ ဒဏ်ရာဖြင့် ကွယ်လွန်ခဲ့သည်။

စစ်ကြီးသည် သူရဲကောင်းများ၊ မှူးမတ်များ၏ ရှင်သန်ခြင်း၊ သေဆုံးခြင်း၊ ဂုဏ်သိက္ခာနှင့်ဝိညာဉ်များကို ဝလင်စွာ စားသုံးပြီးနောက် ရမ္မက်အာသာ ပြေသွားခဲ့ဟန်တူ၏။

သုဿျှင်သားတော် ဗညားခက်ကို လက်ရဖမ်းနိုင်ခဲ့ပြီး နောက် ဘုရင် မင်းခေါင်သည် အဝသို့ ပြန်သွားသည်။ လက်တွင် စွန်းပေခဲ့သော သွေးစများကို ဆေးကြောကာ ဘုရင်မင်းခေါင်သည် ဘုရားပုထိုး ဂူကျောင်းများ ဆောက်လုပ် လှူဒါန်းကာ ကုသိုလ်ရေးဘက်သို့ မျက်နှာမူ သွားသည်။ နှစ်များမကြာမီ ဘုရင်မင်းခေါင် အနိစ္စရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် သုသျှင် မြည်တမ်းရေရွတ်၏။

“ ငါ့ညီတော် မင်းဖြစ်ချိန်ကစပြီး ငါနဲ့ ရန်ဖက်ဖြစ်ခဲ့ကြတယ်၊ အပြန်အလှန်စစ်ပြု၊ အပြန်အလှန် သုံ့ယူခဲ့ကြတယ်၊ သူ့ဘက် ကိုယ့်ဘက် ယောကျ်ားကောင်းတွေ ဆုံးရှုံးခဲ့ကြတယ်၊ အခု ငါ့ညီတော် အနိစ္စတရား နောက်လိုက်သွားပြီ၊ ငါ ကျန်ရစ်ခဲ့တယ်၊ ငါကကော သင်္ခါရ တရားကို လွန်ဆန်နိုင်မတဲ့လား ”

သုသျှင်၏ မိဖုရားများက ပြက်ရယ်စကား ဆိုကြ၏။

“ အရှင် ... ဘုရင်မင်းခေါင် မရှိတော့ဘူးလေ၊ အဝကို စစ်ချီပြီး ဘုရင်မင်းခေါင်ရဲ့မိဖုရားတွေ ကတော်စိုးမင်းတွေ၊ ကိုယ်လုပ် မောင်းမတွေကို သိမ်းပိုက်တော် မူပါတော့လား ”

စစ်မာန်စွယ်ကျိုးခဲ့လေပြီဖြစ်သော သုသျှင်သည် များစွာ ပြောင်းလဲသွားလေသည်။ ဖိန့်ဖိန့်တုန် ကြောက်ခဲ့ကြသော မိဖုရားများက စိတ်ဓာတ်ကျနေပြီဖြစ်သော သုသျှင်ကို ပြက်ရယ်စကားဆိုကြသည်။ သုသျှင် စိတ်မဆိုး။

“ အေး ... ငါ့ကို ပြက်ရယ်စကား ဆိုကြတယ်ပေါ့လေ။ အခုအခါ ဟာစစ်မက်ပြုရမယ့်အခါ မဟုတ်တော့ဘူး ကွယ်ရို့၊ ငါ အသက်အရွယ်ကြီး ခဲ့ပြီ၊ ညဲတို့ တစ်တွေကို ငါ ပခုံးတစ်ဖက်နဲ့ ထမ်းနိုင်သလောက် ထမ်းရင်း ကျန် ပခုံးတစ်ဖက်နဲ့ သံသရာအကျိုးကို ငါလုပ်တော့မယ် ”

စစ်ပွဲတိမ်သလ္လာများ ကင်းစင်သွားသော သုသျှင်၏ နှလုံးသည် အပြာရာင် တောက်လာခဲ့သည်။ထိုနှလုံး ကောင်းကင်တွင်ထွန်းပနိုင်သည့် လဝန်းကို သုသျှင် ရှာဖွေတွေ့ရှိသွားသည်။

“ သမီးတော် အပုလေးခမျာ မုဆိုးမဘဝနဲ့ ကြွံကြွံခံ ရှာပေတယ်၊ အပုလေးဟာ သူ့မယ်မယ် သုဒ္ဓမာယာလို အင်မတန် ရင့်ကျက်ပြည့်ဝတဲ့ သူပဲ ”

မယ်မယ်နှင့် ပတ်သက်၍ အညိုအမည်း စွဲခဲ့သော နှလုံးသားကို မေ့ပျောက်လျက် ရှင်စောပုသည် သက်တော် ခုနှစ်ဆယ်ကျော် ခမည်းအိုကြီးကို လုပ်ကျွေးပြုစုခဲ့၏။

“ အပုလေးရယ် ... မင်းတို့ သားအမိတွေအပေါ် ခမည်းတော် ကျူးလွန် ခဲ့တာရှိရင် အပြစ်ကခွင့်လွှတ်ကြပါ ”

နတ်ဘီလူး စစ်သည်တို့၏ ဧကရာဇ်သည် သမီးငယ် မုဆိုးမထံတွင် အနူးအညွတ် တောင်ပန်စကားဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com


" ငါ့သမီးဟာ တပေါင်းလဖွား ဗုဒ္ဓဟူးသမီး၊ ဒါပေမဲ့ မုန်ယစ်ပြီး မြင်ကရာ ထိုးဇော့တတ်တဲ့ ဆင်မျိုး မဟုတ်ဘူး၊ ဖြူစင်မွန်မြတ်တဲ့ ဥပေါသထဆင်မျိုး၊ အပုလေးရယ် ညဲတစ်ယောက်ပဲ ဖခင်အိုကြီးအနားမှာ ရှိပါကတော့ကလား "

" သံသရာခရီးအတွက်သာ အာရုံညွှတ်ပါတော့ ဖခမည်းတော်၊ လောဘ ဒေါသ မောဟနဲ့ လောင်မြိုက်ခံခဲ့ရတဲ့ စိတ်နှလုံးကို တရားစမ္မ အမြိုက်နဲ့သာ ဆေးကြောသန့်စင်ပါ၊ ခမည်းတော်အနားမှာ အပုလေး အမြဲရှိနေပါမယ် "

" အင်း ... သားတော်ကြီး ဗညားရံကတော့ ခုထိ မလိမ္မာသေးဘူးနော် "

" ဘယ်သားတော်၊ သမီးတော်တွေ အကြောင်းကိုမှ မတွေးပါနဲ့တော့ ခမည်းတော်၊ ဥပေက္ခာတရားကို နှလုံးသွင်းနေပါ "

" ခမည်းတော် ဟံသာဝတီနန်းပလ္လင်မှာ စထိုင်တဲ့ အချိန်ကစပြီး နှစ်ပေါင်း အင်း ... နှစ်ပေါင်း "

" သုံးဆယ့် ရှစ်နှစ် အနှစ်လေးဆယ်နီးပါးပါ ခမည်းတော် "

" ဘုရား ... ဘုရား အနှစ်လေးဆယ်နီးပါး ခမည်းတော် ရာဇအာဏာကို စွဲကိုင်ပြီး အမှားတွေ အများကြီး လုပ်ခဲ့မိတာပါလား အပုလေးရယ် "

" အမှားမှန်းသိလိုက်တဲ့ အချိန်ဟာ ဘယ်တော့မှ နောက်မကျပါဘူး ခမည်းတော်ရယ်၊ နောင်တနဲ့ ကုက္ကုစ္စတွေကို ဖယ်လိုက်ပါ၊ နှလုံးအိမ်ကို သဒ္ဓါနဲ့ ကြည်လင်အောင် လုပ်လိုက်ပါ၊ နိဗ္ဗာန်ရဏတရား ငါးပါးကို ဆင်ခြင်ပါ "

" သမီးရယ် ... ညဲရှိပေလို့သာပဲ အစွယ်ကျိုးတဲ့ ဆင်ကြီးအနားမှာ ဘယ်သူမှ မရှိကြတော့ဘူးနော် "

ခမည်းတော်သည် ဘုရားရိပ်၊ ကျောင်းရိပ်မှာပင် ငြိမ်းချမ်းစွာ ကံတော်ကုန်လိမ့်မည်ဟု ရှင်စောပု တွက်ဆထားခဲ့၏။ သို့သော် ဆင်၌ ဝါသနာပြင်းပြလှသော ခမည်းတော်ကြီးသည် အသက်အရွယ်ကြီးသော်လည်း ငါ ကျန်းမာသေးသည်ဆိုကာ လပွတ်သလွတ်ချောင်းကောသို့ ဆင်ရံထွက်သွားခဲ့၏။

ဆင်ကျုံးလုပ်၍ ကိုယ်တိုင် ဆင်ကျော့ရာတွင် ဆင်ကိုမိအောင် ဖမ်းနိုင်ခဲ့၏။ သို့သော် ဆင်တို့၏ အထွက်တွင် လွန်ချုပ်မိ၍ ပေါင်၌ ရှနာထိခိုက်ခဲ့သည်။ အရိုးကိုပါ ထိသွားသဖြင့် အနာကိုက်ခဲ သည့်ဆန်

www.burmeseclassic.com

www.burmeseclassic.com


လှသဖြင့် တဲအရှင် ဆောက်လုပ်ကာ သုသျှင်ကို တဲတွင် လဲလျောင်းစေပြီး အမှုတော်ထမ်းတို့ ပြန်လည် ခေါ်ဆောင်ခဲ့ရသည်။

ဟံသာဝတီသို့ အပြန်ခရီးတွင် ဆင်ဆယ်စီးကို ရှေ့မှ ခရီးတွင်စေလျက် လမ်းအဖြောင့်ဖြင့် အပြင်းပြန်ခဲ့ကြသည်။ သမားတော်လေးယောက်တို့ အချိန်ပြည့် ကြပ်မတ်ကုသခဲ့သည်။

သို့သော် ဆင်ကိုချစ်သော၊ ဆင်၌ ဝါသနာပြင်းသော၊ ဆင်စီးချင်းတိုက်ရာတွင်သူမတူသော၊ ကိုယ်တိုင်လည်း မုန်ယစ်ဆင်ကြီး တစ်ကောင်နှယ် ဖြစ်လေသော သုသျှင်သည် သူ ချစ်သော ဆင်များအလယ်မှာပင် ကံကုန်ခဲ့လေသည်။

ဟံသာဝတီ နေပြည်တော်သို့ပင် မရောက်ခဲ့။ လမ်းခရီးမှာပင် အသက်ပျောက်လေသဖြင့် ရုပ်ကလာပ်ကိုတဲရှင်မှ ဝေါဗလာထက်ပြောင်းရွှေ့ တင်ဆောင်ခဲ့ကြရ၏။ မိဖုရားကိုယ်လုပ် မောင်းမ၊ သားတော်သမီးတော် မှူးမတ် ဗိုလ်ပါတို့က ကမ္ဗာသိမ်ပိုက် အရပ်သို့ ထွက်ကြိုကြရ၏။

သုသျှင်သည် သူ၏ ဘုန်းလက်ရုံးအာဏာကို ထွန်းညှိတောက်ပစေခဲ့သော ဟံသာဝတီ ရွှေနန်းတော်ကြီးသို့ ပြန်မရောက်နိုင်တော့ဘဲ ကမ္ဗာသိမ်ပိုက်မှာပင် သင်္ဂြိုဟ်ရ၏။

အပြန်ခရီး တဲအရှင်ထဲတွင် အချိန်ပြည့် ကုသစောင့်ကြပ်ခဲ့ရသော သမားတော် လေးဦးတို့က သုသျှင် ရုပ်အလောင်းကို မီးသင်္ဂြိုဟ်သည့် နံ့သာထင်းပုံကြီး အနီးတွင် ရှင်စောပုကို စကားတစ်ခွန်း ပြောကြသည်။

" သုသျှင်ရဲ့ နောက်ဆုံးထွက်သက် မတိုင်မီ မိန့်တော်မူ သွားတဲ့ စကားကတော့ အပုလေးရယ် ခမည်းတော်ကို ခွင့်လွှတ်ပါဆိုတဲ့ စကားပါပဲ အရှင်မ "

နံ့သာထင်းပုံကြီးမှ ဟီး ဟီး ထတောက်သော မီးတောက်မီးလျှံကြီးများကို ကြည့်ရင်း မငိုရှိုက်ဘဲ မျက်ရည်ကျလာလေသည်။

ထို့နောက် တိုးတိမ်စွာ ရေရွတ်လိုက်၏။

" ခွင့်လွှတ်ပါတယ် ခမည်းတော်၊ အပုလေးပြုသမျှ ကုသိုလ်အစုစုကိုလည်း ထပ်တူအမျှရပါစေ... သုဂတိဘဝ လားပါစေ... "

* * *

www.burmeseclassic.com

www.burmeseclassic.com

(၅)

**" ညွတ်နူးမရှင်၊ ဗျာပါစင်လည်း၊ ပူပင်ညှိုးမြန်း၊ မကြီးလွန်းတည့်၊ ဆိုဆန်မဆို၊ တော်မည်ကိုမူ၊ မြင်းမိုရ်ထက်မျှ၊ လွန်မကဟု၊ နောင်မြညိုမွတ်၊ လှည့်စားမှတ်ဖြင့်၊ ပတ်ပတ် ဝန်းဝန်း ၊ ဆန်းဆန်းထူးထူး၊ မူးမူးလည်အောင် ... "**

" မိနဲ့ အဲဒီ ဆင်ရုပ်၊ မြင်းရုပ်တွေကို သိမ်းထားလိုက်ပါ၊ တခြား အရုပ်တွေနဲ့ သားလေးကစားပါစေ "

သုံးနှစ်အရွယ် သားတော်လေး ဗညားပရူအနီးမှ ဆင်ရုပ် မြင်းရုပ်တွေကို မမြင်လိုသဖြင့် အထိန်းတော် မိနဲ့ကို ဖယ်ခိုင်းလိုက်၏။ မိနဲ့က ဗညားပရူလက်ထဲမှ ဆင်ရုပ်ကို ဆွဲယူလိုက်သောအခါ သားတော်လေးသည် စူးစူးဝါးဝါး အော်ဟစ်တော့သည်။

"မရဘူး သခင်မ၊ ဘမျိုးဘိုးတူရယ်လေ၊ အဲဒီတိုက်ဆင်ရုပ်နဲ့ပဲ သားတော်လေးဟာ အမြဲကစားနေတယ်"

သက်ပြင်းရှိုက်မိလေသည်။

အဆောင်တော်အတွင်း၌ ဆီမီးရောင် ထိန်ထိန်လင်းနေသော်လည်း အပြင်တွင်မူ ပိန်းပိတ်သား မည်းမှောင်နေသည်။ လဆုတ်ရက် ညဥ့်သန်းခေါင် ချဉ်းလုပြီဖြစ်၏။ သားတော်လေး ဗညားပရူသည် စက်ရာမဝင်နိုင်သေး။ အဆောင်တော်တစ်ခုလုံးရှိ ရံရွေများ အိပ်မောကျနေကြပြီဖြစ်၏။ မကြာမီ နန်းတော်စောင့်တပ်တို့ ကင်းလှည့်ကင်းပြောင်း အချက်ပေးသံ ထွက်ပေါ်လာတော့မည်။

" သားငယ်လေး ပုန်းမလိုင်စားမယ် မဟုတ်လား ကွယ် "

မိနဲ့က ဆင်ရုပ်ဆီမှ အာရုံပြောင်းသွားစေရန်၊ ဗညားပရူလေးကို ညဥ့်နက်လယ်စာ ထမင်းဟင်းဖြင့် ချော့မော့သည်။ ဗညားပရူသည် ပုန်းမလိုင်ကိုလည်း စိတ်မဝင်စားချေ။

www.burmeseclassic.com

www.burmeseclassic.com


“ အပုလေး… သခင်မ… မိသင်ကို နှိုးလိုက်ရမလားဟင် ”

“ ဘာလုပ်မလို့လဲ မိနဲရယ်၊ မိသင် အိပ်ပါစေတော့လား ”

“ သားငယ်လေးက ဘယ်လိုမှ ချော့မရဘူး၊ မိသင်နှိုးပြီး မိကျောင်းစောင်းလေးနဲ့ ဧချင်း ကျူးခိုင်းလိုက်မယ်လေ ”

“ အို… ညဥ့်သန်းခေါင် တိုင်တော့မယ် မိနဲရယ်၊ သူတကာတွေ အိပ်မောကျနေချိန် ဧချင်းကျူးလို့ မတော်ပါဘူး၊ တူရိယာဂီတသံ ဆိုတာဟာလည်း ”

ရှင်စောပုစကားကို အဆုံးမသတ်လိုက်ရ။အဆောင်တော် တံခါးဆီမှ ရုတ်ရုတ်သဲသဲ အသံများက တိတ်ဆိတ်သော သန်းခေါင်ယံကို ထိုးဖောက်ထွက်လာသည်။ တေးဂီတသံဖြင့် လှုပ်နှိုးရမည်ကိုပင် အားတုံ့အားနာ ဖြစ်ခဲ့သော်လည်း ဆူညံ လှုပ်ရှားသံများကိုမူ မတားဆီးသာ။

အဆောင်တော်ထဲသို့ အချိန်မတော်ကြီး ရောက်လာသူကား အစ်ကိုတော် ဗညားရံ…။

“ အစ်ကိုတော် အချိန်မတော်ကြီး ဘယ်လိုဖြစ် ”

“ စစ်ဆိုတာ အချိန်တော်တယ်၊ မတော်တယ်မရှိဘူး အပု၊ အခု ငါလာတာကအဲ…ဟော့ ငါ့ကိုရေတစ်ခွက်လောက် အရင်တိုက်ကြစမ်းပါဦး ”

အစ်ကိုတော် ဗညားရံ၏ မျက်ခွံများမှာ မို့အစ်နေသည်။ ထူပိန်းနီမြန်းသော မျက်နှာပြင်ထက်မှာ တစ်ခုခုကို ထိတ်လန့်လာသည့် အသွင်။ ဗညားရံနောက်မှ လိုက်ပါခြံရံလာသော စစ်သည်များလည်း ဏ္ဍန္တေမရ ဖြစ်နေကြ၏။

သားတော်လေး ဗညားပရူသည် မိနဲ၏ ရင်ခွင်ထဲသို့ တိုးဝင်သည်။ တိုက်ဆင်ရုပ်ကိုမူ လက်ကမလွှတ်။

ရေတကောင်း တစ်ခုလုံးနီးပါး ငုံ့သောက်ပြီးနောက် ဗညားရံသည် ရုတ်တရက် စကားမပြောနိုင်သေးဘဲ မောဟိုက်နေ၏။

“ နင်တို့ မိန်းမသူတွေကတော့ ဘာမှမသိဘူး၊ ငါတို့မှာ တိုင်းရေးပြည်ရာ၊ ထီးနန်းရေးရာတွေနဲ့ နေ့နေ့ညဥ့်ညဥ့် မသိနိုင်အောင်ဘဲ ”

“ တိုင်းရေးပြည်ရာကို မသိတဲ့ မိန်းမသား မဟုတ်ဘူး ဗညားရံ၊ နင်တို့အရေးတွေမှာ ငါဝင်ကို မဝင်ချင်လို့ အာရုံထဲက ဖယ်ထုတ်ထားတာ၊ အခု ငါနင့်ဆီ လာနေတာကလည်း ခမည်းတော် သုသျှင် ကံတော်ကုန်ပြီးနောက်မှာ သားတော်၊ ညီတော်၊ မင်းညီ၊ မင်းသားတွေ ထီးနန်းအရေး

www.burmeseclassic.com

www.burmeseclassic.com


ရှုပ်ထွေးလွန်းလို့ သိလား၊ တစ်အူထုံ့ဆင်း မောင်နှမရယ်လို့ နင်နဲ့ငါ နှစ်ယောက်ပဲရှိတာ၊ သွေးသားအရင်းအချာဆိုတာလေး အားထားပြီး ငါ့ကလေးတွေနဲ့ တူတော် တူမတော်တွေ သူတစ်ပါး ဝမ်းကွဲ ဘကြီးတော် ဦးရီးတော်၊ အရီးတော်ယ်ထက် စာရင် ဦးရီးတော် အရင်းရဲ့ အရိပ်အာဝါ သက ပိုလုံခြုံတန်ကောင်းရဲ့လို့ ငါနေတာ သိလား ”

ခပ်တင်းတင်း ပြန်ပြောလိုက်သောအခါ ဗညားရံ နှုတ်ဆွံ့သွား၏။ ခဏကြာမှ နှုတ်ခမ်းကို လက်ခုံဖြင့် သုတ်လျက် ပြုံးသည်။

“ အပု… နင်ဟာ ဗုဒ္ဓဟူးသမီးရယ် မပြောရဘူး၊ စိတ်ထဲမတွေ့တာနဲ့ ဆင်တစ်ကောင်လို၊ ဦးတည်မိရာ တိုးခွေ့တော့တာပဲ၊ ငါလာတာက နင်နဲ့ တိုင်းရေးပြည်ရာလေး ဆွေးနွေးချင်လို့ပါ ”

“ ဒီအချိန်ကြီးမှ လာရအောင် ဘာတွေအရေးပေါ်လို့လဲ ဗညားရံ ”

“ အင်း အရေးပေါ်ဆို အဝမင်းသီဟသူ အခု ဒဂုံကို လုပ်ကြံဖို့ ရေကြောင်း ကြည်းကြောင်းချီလာပြီ ”

အထိန်းတော် မိနဲက ဗညားပရူလေးကို ယခုပင် လွတ်ထွက်သွားတော့မည့်နှယ် တင်းတင်းကြီး ပွေ့ထားလိုက်၏။ ဘုရင်မင်းခေါင်ကို ဆက်ခံစိုးစံသော အဝဘုရင် ဆင်ဖြူရှင်သီဟသူ၊ ဒဂုံသို့ ချီလာပြီဟူသော သတင်းသည် စိတ်မအေးဖွယ် အမှန်ပင်။

“ အဝ ဟံသာဝတီ စစ်ပွဲကြီးတွေ ထပ်ဖြစ်ဦးမယ်လို့ နင်ပြောချင်တာလား ဗညားရံ ”

“ အဲ… အဲဒီလို အတွေးမျိုး မဝင်ရအောင်၊ ငါ့ခေါင်းကို ငါမြန်မြန်ကြီး ထုရိုက်နေချင်တယ် ”

ဗညားရံ၏ စကားမှာ အားရစရာမရှိ။

ဖြစ်စဉ်တစ်ခုလုံးကို ရှင်စောပု အလျင်အမြန် သုံးသပ်ကြည့်လိုက်၏။ ခမည်းတော် သုသျှင်ရာဇာဓိရာဇ်၏ လွန်ပြီးနောက်တွင် သားကြီး ဗညားဓမ္မရာဇာက ဟံသာဝတီ ထီးနန်းကို ဆက်ခံခဲ့သည်။ ဤတွင် ဗညားရံနှင့် ဗညားကျန်းတို့က နောင်တော်ကို ဒဂုံနှင့် သန်လျင်မှနေ၍ ဆန့်ကျင်ခဲ့ကြသည်။ ဗညားဓမ္မရာဇာ၏ အာဏာစက်အောက်သို့ မဝင်ကြ။

သို့သော် ဗညားရံသည် စိတ်ဓာတ်ခိုင်မာပြတ်သားသူ မဟုတ်သူပီပီ၊ နောင်တော်မင်းထံ အကြည်အသာ ပြန်ဝင်ခဲ့သည်။ သူအိမ်ရှေ့ ဥပရာဇာ ရခဲ့သည်။ အငယ်ဗညားကျန်းမူ ဆက်လက် ပုန်စားလျက်၊ ဒဂုံတွင် အခိုင်အခံ့ နေခဲ့လေသည်။ နေရုံမက ဗညားကျန်းသည် အဝဘုရင်

www.burmeseclassic.com

www.burmeseclassic.com


ဆင်ဖြူရှင် သီဟသူထံ အမတ်နှစ်ဦးလွှတ်၍ ပဏ္ဏာဆက်ကာ ဒလကို ကူညီလုပ်ကြံပေးဖို့ အကူအညီတောင်းခဲ့သည်။ ဆင်ဖြူရှင် သီဟသူသည် ရဲလှေလွှန်းကြင် ရေကြောင်းအင်အားဖြင့် ဒလကို ချီတက်ခဲ့၏။ ဒလတွင်ခံနှင့်သော သမိန်မေခွင်နှင့် သမိန်ပွန်စည်တို့ တပ်ပျက်ပြီး တစ်မြို့လုံး ထောင်းထောင်းကြေတော့သည်။

သို့သော် မမျှော်လင့်သော ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့၏။

အဝတပ်မှူးများသည် ဒလချီဆင်မြင်း လက်နက်များကို သိမ်းယူသည် သာမက မြို့နေယောကျ်ား၊ မိန်းမများကိုပါ ပစ္စည်းဥစ္စာနှင့်တကွ၊ သုံ့အဖြစ် သိမ်းယူသော အခါ အဝတပ်ကို ပင့်ခေါ်သူ ဗညားကျန်းက လက်နက်၊ ရွှေငွေတို့ကိုသာ သိမ်းသင့်သည်။ လူကို မသိမ်းသင့်ဟု တားဆီးခဲ့၏။ စစ်ကူခေါ်သူနှင့် စစ်ကူပံ့သူချင်း အချင်းများကြပြန်သည်။ အဝတက်မှူး ရာဇသင်္ကြံသည် ဗညားကျန်း၏ လက်လွန်မှုကြောင့် သေဆုံးသွား၏။

ဗညားကျန်းသည် ချက်ချင်းပင် ဘက်ပြောင်းသွားကာ ဟံသာဝတီ ရွှေနန်းတော်ကို ချဉ်းကပ်ပြန်လေသည်။ အဝတပ်များ တစ်လှည့်တစ်ဖန် ရှုံးနိမ့်ကာ စစ်သည်အင်အား တစ်ဝက်မျှဖြင့် ပြန်သွားကြရ၏။ ဗညားကျန်းသည် သူ၏ နှစ်ဖက် နင်းထားသော ခြေတို့ မခိုင်မြဲတော့ဟုသိလာပြီး မုတ္တမသို့ ထွက်ပြေးလေတော့သည်။

ရှုပ်ထွေးသော ဤအရေးကို စောင့်ကြည့်ရင်း တစ်စခန်း ထလာသူကား အစ်ကိုတော် ဗညားရံ ...။ ဗညားရံ ဘာလုပ်မည်ကို ရှင်စောပု ကြိုတင်မှန်းဆခဲ့၏။ ထိုအတိုင်းပင် ဖြစ်လာသည်။ ဗညားကျန်းသည် ဟံသာဝတီ ထီးနန်းအတွက် ရည်ရွယ်လှုပ်ရှားခဲ့သော်လည်း သူ့ဇာတ်သူ မနိုင်မနင်း ဖြစ်ခဲ့ရသည်။ ဗညားကျန်း၏ အမှားကို သင်ခန်းစာယူလျက် မိမိလှုပ်ရှားလိုက်လျှင် ဗညားဓမ္မရာဇာဆောင်းထားသောထီးဖြူကို မိမိရရှိမည် ဧကန်ဟု တွက်ကာ သူ အပိုင်စားရသော ဒဂုံသို့ ချီပြီး စစ်အင်အား ဖြည့်တင်း ပြင်ဆင်လေသည်။

ဗညားဓမ္မရာဇာ၊ ဗညားရံ၊ ဗညားကျန်း ... ။ သုဿျှင်၏ သားတော်များသုံးစုကွဲနေသည်။ ဟံသာဝတီနိုင်ငံတော်သည် စည်းလုံးမှု လျော့ရဲနေသည်။ အဝမင်း သီဟသူသည် ပါးနပ်ထက်မြက်သူဖြစ်၏။ တပ်ငါးတပ်၊ တိုက်လှေငါးရာ၊ လှော်ကားသံလှေနှစ်ရာ၊ ရိက္ခာတင်ကုန်လှေနှစ်ရာ၊ စစ်သည် သောင်းချီလျက် ခဲပေါင်မြို့ကို ချီတက်လုပ်ကြံတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ခဲပေါင်ကျပြီးနောက် ပုသိမ်ကို သိမ်းခဲ့ပြန်၏။ ထို့နောက် ဒလ။ ဆင်ဖြူရှင် သီဟသူ အောင်ပွဲအဆင့်ဆင့် ရခဲ့လေသည်။

ယခု ... ဒဂုံသို့ ချီလာပြီ ... တဲ့။

*       *       *

" ဒဂုံမှာ နင် ... စစ်အင်အား ဖြည့်ထားတယ် မဟုတ်လား ဗညာရံ "

ဗညားဓမ္မရာဇာ ဟံသာဝတီ နန်းတက်စက ပုန်စားခဲ့ဖူးသော အစ်ကိုတော်ဗညားရံ၏ အကြံအစည်ကို ရှင်စောပု ကောင်းစွာ သိထားသော်လည်း ဘာသိဘာသာ နေခဲ့၏။ ဥပရာဇာ အဖြစ်ကို ရထားသော ဗညားရံသည် ထီးနန်းပလ္လင်ကို အချိန်တိုင်းပင် မျက်စောင်းထိုးနေမည်သာ ဖြစ်သည်။ ဒဂုံတွင် စစ်အင်အား ဖြည့်လျက် တပ်တွေ လေ့ကျင့်ပြင်ဆင်နေခြင်းမှာ အဝဘုရင် ဆင်ဖြူရှင် သီဟသူကို ရင်ဆိုင်ရန်ထက် ဟံသာဝတီကို တော်လှန်ရန်က ပိုဖြစ်နိုင်မည်ဟု တွေးဆထား၏။

" ဟုတ်တယ်မဟုတ်လား၊ ဒဂုံဟာ တောင့်တင်းနေတာပဲ မဟုတ်လား "

မိမိသိထားသော အချက်ကို ဖုံးကွယ်၍ ထပ်မေးသည်။

" တောင့်တင်းတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အဝတပ်တွေ အင်အားကြီးလွန်းလှတယ် အပု "

" ဒါဆို နင် ဟံသာဝတီနန်းတော်က စစ်ကူခေါ်ပေါ့၊ နောင်တော် ဗညားဓမ္မရာဇာဘုရင် ရှေ့မှောက် နင်ကိုယ်တိုင် ဝင်ပေါ့ ဗညားရံ "

ပစ်ကွင်းကို တည့်တည့်ကြီး ထိသွားလေသည်။ ဗညားရံသည် ရှုံ့ရှုံ့ရွဲရွဲ ဖြစ်သွား၏။

" ငါ ဘယ်တော့မှ အဲဒီလို မလုပ်ဘူး၊ မှတ်ထား အပု "

" ဘာဖြစ်လို့လဲ၊ ဆင်ဖြူရှင် သီဟသူကို ရင်ဆိုင်ဖို့ အရေးမှာ ကိုယ့်နောင်တော် ဟံသာဝတီ ဘုရင်ကို ဘာကြောင့် အကူမတောင်းဘဲ နှမတစ်ယောက်ဖြစ်တဲ့ မုဆိုးမတစ်ယောက်လည်းဖြစ်တဲ့ ငါ့ဆီကိုဘာကြောင့် အချိန်မတော်ကြီး လာပြောနေရတာလဲ "

www.burmeseclassic.com

www.burmeseclassic.com


ရေမရှိတော့သော တကောင်းကို အယောင်ယောင် အမှားမှားဖြင့် ဗညားရံ ငှဲ့သည်။ ရေတစ်စက်မှ ကျမလာသည်တွင် တကောင်းကို ဆောင့်ချသည်။

" ငါက ... ငါက ... အဲ ... နင် စောစောက ပြောသလိုပဲလေ တစ်အူထုံ့ဆင်း မောင်ရင်းနှမဆိုလို့၊ နှမတစ်ယောက်ဆိုလို့ နင်ရှိတာ မဟုတ်လား၊ နောင်တော် ဗညားဓမ္မရာဇာဆိုတာလည်း အဲ ... သူက ဟံသာဝတီနန်းသခင်လေ၊ ဗညားကျန်း လုပ်သွားတာကို သူမေ့မတဲ့လား၊ အဲဒါနဲ့ဆက်စပ်ပြီး ငါ့ကိုကော သူက ယုံမတဲ့လား၊ ငါက သူပေးလို့ ရထားတဲ့ အိမ်ရှေ့ဥပရာဇာပဲ မဟုတ်လား "

ဗညားရံ၏ ထန်းလက်များသည် မိုးကြိုး လျှပ်စီးကို မကာကွယ်နိုင်ချေ။ ရှင်စောပုက အစ်ကိုဖြစ်သူ၏ မျက်လုံးကို တည့်တည့်ကြီး စိုက်ကြည့်ပစ်လိုက်၏။

" ဗညားရံ ... နင် မဟုတ်တာတွေ မကြံနဲ့၊ သေခိုးသေငွေ့ တွေနဲ့ အမြဲလိုလို ရီဝေထုံထိုင်းနေတဲ့ နင့်ဦးနှောက်ထဲမှာ မဟုတ်တဲ့ စိတ်ကူးတွေ မဝင်နဲ့၊ ခမည်းတော် သုသျှင်ဟာ နတ်ဘီလူးမင်းတို့ရဲ့ ဧကရာဇ်လို့ တင်စားခေါ်ဝေါ်ခြင်း ခံရတဲ့၊ စစ်သူရဲကောင်း ဘုရင်တစ်ပါး။ အနှစ်လေးဆယ်နီးပါး၊ အေး ... သူ့နန်းသက် တစ်လျှောက်လုံးလိုလို စစ်မှာ မွေ့လျော်ခဲ့တာ၊ သူရဲကောင်းတွေ အများကြီးကို မွေးထုတ်ခဲ့တာ၊ ရန်သူရဲ့ လေးစားခြင်းကို ခံခဲ့ရတာ၊ အေး ... အဲဒီလို ခမည်းတော်တောင်မှ နောက်ဆုံးမှာ သတ္တန္တရကပ်ဘေးဆိုတာကို သဘောပေါက်ပြီး ယူကျုံးမရနဲ့ နောင်တတရားရသွားခဲ့တာ နားလည်လား ဗညားရံ "

" နင် ... ဘာတွေပြော "

" နားထောင်စမ်း ဗညားရံ၊ ငါတို့မိန်းမသားတွေဟာ နင်တို့လို ခါးရှည်မကိုင်၊ လှံမစွဲ၊ လေးမြားမလွယ်ပေမဲ့ စစ်ဆိုတာကို နင်တို့ထက် ပိုသိတယ်၊ စစ်ရဲ့ အနိဋ္ဌာရုံတွေကို ပိုမြင်တယ်၊ သေနင်္ဂဗျူဟာဆိုတာ ရေကြောင်း၊ ကြည်းကြောင်းမှာသာ ပေါ်ပေါက်တာ မဟုတ်ဘူး၊ မိန်းမသားတွေရဲ့ နှလုံးသားမှာလည်း ပေါ်ပေါက်နိုင်တယ်ဆိုတာ နင် သိလား "

" တော်ပါတော့ဟာ ... ဒဂုံကို အဝတပ်တွေ ချီလာပြီလို့ပဲ ငါပြောရ သေးတယ်၊ ဒဂုံဟာ ငါစားရတဲ့မြို့လေ၊ ဒါကို နင်က ဘာတွေ ကြီးကြီးကျယ်ကျယ် လျှောက်ပြောနေတာလဲ "

www.burmeseclassic.com

www.burmeseclassic.com


ဗညားရံ ဒေါသဖြင့် ပြန်အော်တော့၏။

" အေး ... သေဖွဲ့ သိမ်နုပ်တဲ့အရာတွေ မပေါ်ပေါက်စေချင်လို့ ကြီးကျယ်တဲ့ စကားကို ပြောနေတာပဲ၊ ငါရှင်းရှင်းပြောလိုက်မယ် ဗညားရံ၊ ဒဂုံအတွက် ပူပန်ရင် နောင်တော် ဗညားဓမ္မ ရာဇာဘုရင်ဆီသွား၊ ငါ့ဆီ လာစရာ မလိုဘူး၊ ငါနဲ့ တိုင်ပင်စရာ ဘာအကြောင်းမှလဲ မရှိဘူး၊ အေး ... နောင်တော်ဘုရင်က ဟံသာဝတီနိုင်ငံတော်အရေးအတွက် စစ်ရေး ညီလာခံခေါ်တဲ့အခါ ငါလာမယ်၊ အဲဒီညီလာခံမှာ စစ်နဲ့ပတ်သက်တဲ့ ငါတို့ မိန်းမသားတွေရဲ့အမြင်၊ မိခင်တွေရဲ့အမြင်၊ မုဆိုးမတွေရဲ့အမြင်ကို အားလုံးကို ကိုယ်စားပြုပြီး ငါလျှောက်တင်မယ် ဒါပဲ "

" ငါပြောဦးမယ် အပု "

" ဘာမှ မပြောနဲ့တော့ ငါ့သားတော် ဗညားပရူ သုံးခါလည်သား လေးပဲ ရှိသေးတယ်၊ အခု သားလေးကို သိပ်ဖို့ ငါတို့ကြိုးစားနေတယ်၊ ခုချိန်မှာ ငါ့သားလေး အိပ်သွားဖို့က နင့်ရဲ့ ဒဂုံထက် ပိုအရေး ကြီးတယ်၊ နင်သွားတော့ ဗညားရံ "

"ဗညားရံ၏ ထူအစ်သော မျက်ခွံများ နီရဲသွား၏။ သွေးကြောမျှင်များ ယှက်သန်းနေသော မျက်ဆန်အိမ်တွေ ဝိုင်းဝိုင်းလည်နေသည် ထင်ရသည်။ အံကြိတ်လိုက်သဖြင့် သူ၏ လေးထောင့်စပ်စပ် မျက်နှာသည် ပို၍ အကြည့်ရ ဆိုးသွားသည်။

" ကောင်းပြီ အပု၊ နောက်မှ နင် ငါ့ကို အဆိုးမဆိုနဲ့ "

ဗလုံးဗထွေးပြောပြီး ဗညားရံ ခြေဆောင့်နင်းလျက် ထွက်သွား၏။

သန်းခေါင်ယွန်းခဲ့ပေပြီ။

ဗညားပရူသည် မိနဲ ရင်ခွင်ထဲတွင် ဘယ်အချိန်က အိပ်ပျော် သွားသည်မသိ။ ဘာမှ မသိရှာသော အပြစ်ကင်းသည့် ကလေးငယ်၏ မျက်နှာကို ကြည့်ရင်း မောပန်းစွာ ညည်းမိတော့သည်။

" မိသင်ကိုနှိုးပြီး ရွှေနားတော်သွင်း ဇချင်းဆိုခိုင်းဖို့က ငါ့အတွက်များ ဖြစ်နေမလား မိနဲရယ် "

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၆)

“ ဝေမှတ်မျှရည်၊ ကြင်မြဲသည်ကို၊ ကျူးရှည်
လနှစ်၊ စစ်ကိုယိုးမယ်၊ တော်သည့်နှယ်ပင်၊ ယုံဖွယ်
တိချည်း၊ နှုတ်ဝယ်ဖြည်းမျှ၊ ကျွန်လည်းအကြိုက်၊
ရှင်လိုလိုက်၍၊ ဇော့ဝိုက်နောက်လည်၊ မှာသည်
နှင့်ပင်၊ အတင်ချေ၊ ကျေရခါခါ၊ မသိ
သာခဲ့…”

မျက်ရည်တစ်ပေါက်ကလေးတောင် မကျစေရဘူးဟု အားတင်း လိုက်၏။ ဇော့ဝိုက်ဖိတ်လျှံလုလုမျည်ရည်ဥတို့ကို မျက်ဝန်းအိမ်အပြင်သို့ ထွက်ကျခွင့် အပြုဘဲ မျိုသိပ်လိုက်သည်။ ထိုအခါ နှလုံးသည်းပွတ်သည် ဆတ်ဆတ်ခါ နာကျင်သွားခဲ့လေသည်။

သို့သော် ထိုနာကျင်သောရင်ကို စွင့်လျက် လည်ကို ဝင့်လျက်ပင် ရွှေဝေါပေါ်မှ ဆင်းလိုက်၏။ ဤခြေလှမ်းတို့သည် မိမိဘဝကိုသာမက ဟံသာဝတီနှင့် အဝနှစ်ပြည်ထောင်စလုံး၏ ဘဝကိုပါ ပြောင်းလဲစေမည့် ခြေလှမ်းများ ဖြစ်ပေသည်။

ပန်းလှိုင်ဆိပ်တွင် တင့်တယ်ခမ်းနားသော ဖောင်တစ်စီး ထိုးဆိုက် ထားသည်။ ဖောင်ပေါ်တွင် ရွှေရောင်ဝင်းနေသော တိုင်လုံးနှင့် မဏ္ဍပ် ပြာသာဒ်တို့က နေရောင်ခြည်ဖြင့် တောက်ပနေကြသည်။ လှိုင်းကြက်ခွပ် များက ကောင်းချီးပေးနေကြသလား၊ သောကပရိဒေဝဖြင့် ဖျပ်ဖျပ်လူး နေကြသလား။

“ ကျွန်တော်မျိုး မိုးညှင်းသတိုးပါ သခင်မ၊ အဝ ရွှေနန်းသခင်ရဲ့ ကြည်းကြောင်း တပ်မင်းမှူး ဖြစ်ပါတယ်၊ သခင်မ အလိုတော်ရှိရာ အမိန့်တော် မှတ်တော်မူပါ။ ဖောင်တော်ထက် မရောက်ခင်မှာ အားလုံး ခပ်သိမ်း ကျွန်တော်မျိုး အမှုတော် ယူရပါတယ် ”

www.burmeseclassic.com

www.burmeseclassic.com


ရေညိုစိမ်းရောင် ကတ္တီပါ ဝတ်လုံဖြင့် မောက်ရူဆောင်းထားသော သူက ဒူးထောက်၍ တင်လာသည်။ ကျိုးနွံ့ ခံညားသင့်သည်ထက် ပို၍ ကျိုးနွံ့ ခံညားနေသော ထိုသူ့အမူအရာကို မကြိုက်လှ။ ထိုထက် မိုးညှင်း သတိုးဆိုသူ၏ မျက်လုံးကို သဘောမတွေ့။ ရွှန်းရွှန်းစားစား ကြည့်လိုက်သော မျက်လုံးများသည် မိန်းမသားတစ်ယောက်၏ အလှကို တစ်ခဏချင်းမှာပင် ခြုံငုံ သုံးသပ်ကြည့်လိုက်သော အကြည့်မျိုးဖြင့် အရောင်တောက်နေ၏။

ဒူးထောက်နေသော မိုးညှင်းသတိုးရှေ့မှ ခြေလှမ်းမှန်မှန်ဖြင့် ဖြတ်ခဲ့သည်။ စကားတစ်ခွန်းမျှ မဆိုခဲ့။

ရွှေဝေါတော်ဆိုက်သည့်နေရာမှ ဖောင်တော် ကပ်ထားသည့် မြစ်ဆိပ် ဆင်ခြေလျှော ကမ်းပါးတစ်လျှောက်လုံး ရာဇမတ်ခင်းလမ်း ပြုလုပ်ထား၏။ ဝဲယာတွင် ကမ်းလုံးညွှတ်မျှ ပရိသတ်ကြီး။ မည်သူ့ ကိုမျှ မကြည့်ဘဲ တူရူသို့သာ ငေးမောကာ တစ်လှမ်းချင်း လျှောက်ခဲ့သည်။

ရှေ့ဆီတွင် သိုင်းကိုင် ကျိုင်းကိုင် အမှုထမ်းများ။ နောက်ဆီတွင် ရံရွေများ။ ကမ်းပါးထိပ်ရှိ ရွှေရောင် ဝင်းနေသော ပြာသာဒ်သုံးဆောင်မှ စည်သံ၊ ခွက်ခွင်းသံ၊ ပတ်သာသံ၊ ခရုသင်းသံများ သဲ့သဲ့ကျန်ရစ်ခဲ့သည်။

ရေစပ်သို့ နီးလာခဲ့ပြီ။ ဖောင်တော်နှင့် ဆက်သွယ်ခင်းကျင်းထားသော တံတားနားဆီသို့ရောက်တော့မည်။ စက္ခုအာရုံတွင် ဘယ်သူ့ကိုမျှ ဘာကိုမျှ အမှတ်မထားပါပဲလျက်၊ တံတား၏ သည်မှာဘက် ထိပ်တွင် အသင့်ရပ်စောင့်နေသူမူကား မျက်စိထဲတည့်တည့်ကြီး ဝင်လာသည်။

အစ်ကို ဗညားရံ။

ဗညားရံသည် အညိုရင့်ရောင် ကတ္တီပါဝတ်စုံကို ဝတ်ဆင်ထားပြီး နက်ပြာရောင် ဝတ်ရုံကို သိုင်းချည်ထားသည်။ ယောကျာ်းတန်မဲ့ သူ့တစ် ကိုယ်လုံး ရွှေငွေ ရတနာ လည်ဆွဲများ၊ လက်ဝတ်များဖြင့် ဖိတ်ဖိတ်လက် နေသည်။

ဗညားရံရှေ့တွင် ခြေလှမ်းများ အလိုလို တုံ့ရပ်သွား၏။

သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

ဗညားရံမျက်နှာ အောက်ငုံ့သွားသည်။ ဖိတ်လက်တောက်ပနေ သော သူ့တစ်ကိုယ်လုံး ရုတ်ခြည်း ညှိုးငယ်ပြယ်လွင့်သွားသည်ဟု ထင် မိသည်။ မျက်နှာကို ငိုက်စိုက်ချထားရင်းဖြင့်ပင် အကြည့်လွှဲလျက် ဗညားရံ မပီမသပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


" ငါ ... ငါ နင့်အတွက် ဂုဏ်ယူပါတယ်အပု၊ စစ်မီးကို နင်တစ်ဦးတည်း ငြိမ်းသတ်လိုက်တာပါ။ အားလုံးကို နင်ကယ်လိုက်တာပါ။ ပြီးတော့ သီရိတြိဘုနာဒိတျာပဝရအတုလ အဂ္ဂမဟာ ... "

" တိတ်စမ်း "

ဗညားရံ တစ်ကိုယ်လုံး တုန်သွား၏။ မိန့်တ်မှ ဆောင့်ထွက်သွားသော ကိုယ့်အသံကိုပင် မမှတ်မိချင်။ ချက်ချင်းပင် သတိကို ပြန်လည်ဆောက်တည်လိုက်ပြီး ...

" ပြန်ပြောစမ်း "

" ဘာကို ... ဘာကို ... ပြန်ပြောရမှာလဲအပု "

" နင် ... ခုတင်က ရွတ်လိုက်တဲ့ ငါ့ရဲ့ဘွဲ့အမည်အပြည့်အစုံ "

" သီ ... သီရိတြိဘုနာ ဒိတျာပဝရ အတုလ အဂ္ဂမဟာ ဓမ္မရာဇာဓိရာဇာ မ ... မဟာ ... ဒေ... ဒေဝီ "

" အေး ... အဲဒီ ဘွဲ့မည် နာမတော်ခံထားပြီဖြစ်တဲ့၊ အဝဘုရင်ဆင်ဖြူရှင်ရဲ့ မိဖုရားကြီး တစ်ပါးရှေ့မှာ နင်ဒူးထောက် ခစားလိုက်စမ်း "

ဗညားရံသည် အယောင်ယောင် အမှားမှားဖြင့် နမဖြစ်သူ၏ခြေရင်းတွင် ဒူးတုပ်လေသည်။ ခေါင်းမဖော်ရဲ၊ မျက်နှာမမော်ရဲ။

" မိုးညှင်းသတိုး "

လှည့်မကြည့်ဘဲ ခေါ်လိုက်၏။

" ခစားနေပါတယ် သခင်မ " ဟူသော အသံ နောက်ဘက်မှ ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com


" ဒဂုံစား ဗညားရံကို ဆုတော် လာဘ်တော်အဖြစ် လွန်းချိတ်ထဘီ ခါသာပိတ် တစ်အုပ်နဲ့၊ မုန်ယစ်တဲ့ တိုက်ဆင်ကို တိုက်ကျွေးတဲ့ သေရည် တစ်အိုးပေးလိုက် "

တံတားပေါ်သို့ ခြေတစ်ဖက် လှမ်းတက်လိုက်သည်။

နောက် ခြေလှမ်းတစ်ဖက်ကို အားယူ၍ နုတ်ရ၏။

တံတား၏ အဆုံး၀ယ် ရွှေဖောင်တော်။ ရွှေဖောင်တော်မှာ အ၀ဘုရင် ဆင်ဖြူရှင် သီဟသူ။ ထို့နောက် အ၀မှူးမတ် သေနာပတိများ၊ ရံရွေ ကိုယ်လုပ် မောင်းမများ၊ ကျေးတော်မျိုး ကျွန်တော်မျိုးများ။

အိမ်မက်တစ်ခုထဲသို့ တိုး၀င်သွားရသည့်နှယ် ဖြစ်၏။

သို့သော် အိမ်မက်မဟုတ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၇)

"လိုက်လေသော်ကား၊ ဘသည်း
ချားသည်၊ ရပ်ခြားတစ်သွေ၊ သူ့မိုးမြေဝယ်၊
မျိုးဆွေသားချင်း၊ အရင်းဇာတိ၊ မရှိလေလှည့်၊
ဖြစ်ရေသည့်ကြောင့်၊ မည်မှည့်ဖော်ထုတ်၊ အယုတ်
အလတ်၊ အမြတ်ပည်းသီ၊ သူချစ်ညီအောင်၊
သင်္ဂြိုဟ်ရှေးခဲ၊ ပုလဲလည်ဝတ်၊ ဖသက်မှတ်သည်၊
ကျင့်တတ်ပါစေ၊ မြဲနေမေတ္တာ၊ ချစ်ညီညာ
အောင် "

မီးကျီးခဲ ရဲရဲတို့ဖြင့် မီးပြင်းတိုက်ထားခံရသော သံချောင်းတစ်ခု နှယ်ပင် ဖြစ်၏။ ပန်းပဲဖိုထဲမှ သံချောင်းသည် ဦးစွာ မီးပြင်းတိုက်ခံ ရသည်။

ထို့နောက် ရဲရဲနီနေစဉ်ခိုက်မှာပင် ညှပ်ဖြင့် ဆွဲယူကာ ပေတုံးပေါ် တင်၍သံတူဖြင့် အထုခံရပြန်သည်။ ထိုအချိန်မှာပင် ရေလောင်းခံရကာ ရှဲရှဲမြည်သော အသံနှင့်အတူ ပူပြင်းသော အငွေ့များ ခြောင်းခြောင်းထ လေသည်။

ဤအဖြစ်ကား ပန်းဘဲသမား၏ ပန်းပဲဖိုထဲမှ သံချောင်းတစ်ခု မဟုတ်ချေ။ နှလုံးသားဖြစ်၏။ မိန်းမသား တစ်ယောက်၏ နှလုံးသား။

ဝေဒနာသုံးခုတို့က တစ်လှည့်စီ တစ်လှည့်စီ အခါမပြတ် ရိုက်ပုတ်နှိပ် စက်ကြသည်။

ဦးစွာသော ဝေဒနာကား၊ နာကြည်းခြင်း။

ညဥ့်သန်းခေါင်အချိန်မတော် နန်းတော်ထဲ ရောက်လာသော၊ ဒဂုံကို ဆင်ဖြူရှင် သီဟသူ ဝိုင်းဝန်းပိတ်ဆို့ဖို့ ချီလာပြီဟု အထိပ်တလန့် လာပြောသော ဗညားရံ ... ။ အစ်ကိုဖြစ်သူ၏ မရိုးသားသောစိတ်၊ သစ္စာ မဲ့သော သဘောထားနှင့် ဗညားရံအား တင်းမာပြတ်သားစွာဆက်ဆံပြီး နန်းတော်ထဲမှ နှင်ထုတ်ခဲ့၏။ ထိုစဉ်က သူ နောက်ဆုံးပြောသွား သည့်စကား။

" နောင်မှ နင် ငါ့ကို အဆိုးမဆိုနဲ့ "

သင်းမှာ ထိုအချိန်ကတည်းက အကြံရှိပြီးသား ဖြစ်ချေသည်။

အဝဘုရင် ဆင်ဖြူရှင် သီဟသူ၏အင်အားကို ဗညားရံ ကြောက်ဒူး

www.burmeseclassic.com

www.burmeseclassic.com


တုန်ခဲ့၏။ ခြံတစ်ခါ ခုန်ဖူးခဲ့ပြီဖြစ်၍ နောင်တော် ဗညားဓမ္မရာဇာကိုလည်း သူ ကပ်ခွင့်မသာ။ ထိုစဉ်ကပင် ဗညားရံသည် " နှမ ရှင်စောပုအား သီဟသူထံ ဆက်သ၍ အကျေအအေး စေ့စပ်မည် " ဟု ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပေသည်။

အဝတပ်တွေ၊ ရေကြောင်းကြည်းကြောင်းဖြင့် ဒဂုန်ကို ပိတ်ဆို့သော အခါ ဗညားရံသည် သူ့အကြံကို အရအမိ အကောင်အထည်ဖော်ခဲ့၏။ ဒါကိုပင် သူက စစ်ကို ရှောင်တိမ်းခြင်း၊ နှစ်ဖက်စစ်သည်များနှင့် တိုင်းသူပြည်သားတို့ စစ်ဘေးရန်နှင့် မကြုံတွေ့အောင် ဖြေရှင်းခြင်းဟု နာမည်ကောင်းယူသည်။

သုဿျှင် ရာဇာဓိရာဇ်၏သမီးတော်ရင်းအား၊ ပဏ္ဏာအဖြစ် လက်ခံ ရမည်ကို အဝဘုရင်သီဟသူ အဘယ်မှာ မလိုလားဘဲ ရှိမည်နည်း။ ဒဂုံကို စစ်မက်ဖြင့် တိုက်ခိုက် သိမ်းပိုက်သည်ထက် ပို၍ အကျိုးကျေးဇူးများ သော အောင်ပွဲဖြစ်ချေသည်။

စစ်မက်ပြုလျှင် အထိအခိုက် အကျအဆုံးရှိမည်။ သံ့တွေကို လက်ခံရဦးမည်။ ဗညားရံနှင့် ညှိနှိုင်းလျက် အဝမှူးမတ် စစ်ကဲများအား အုပ်ချုပ် စီမံခွင့်များ သတ်မှတ်ပေးရဦးမည်။

ယခုမူ ဒဂုံကို အလိုအလျောက် လက်အောက်ခံအဖြစ် သိမ်းသွင်းပြီး သားဖြစ်သွားသည်။ သုဿျှင်ရာဇာဓိရာဇ်၏ သမီးတော်ကို မိဖုရားအဖြစ် သိမ်းပိုက်ရရှိသည်။ ဓားတစ်ဝှေ့၊ လှံတစ်ချွေ့၊ မြားတစ်ဝင့်မျှ မလှုပ်ရှား လိုက်ရ။

ဗညားရံနှင့် ဆင်ဖြူရှင် သီဟသူတို့ ရာဇအာဏာရေးရာအရ အမြတ်ထွက်သည်။ စစ်မက်ဘေးကို ကွင်းရှောင်လိုက်နိုင်ကြသည့် စွမ်းဆောင်မှု။ ဒဂုံအပေါ် အရိပ်မိုးနေသော သတ္တန္တရကပ် တိမ်တိုက်ကြီးကို ဖယ်ရှားပစ်လိုက်ကြသည်ဟူသော ဂုဏ်သိက္ခာ။

ဤအဖြစ်သို့ ပို့ဆောင်သူမှာ အစ်ကိုရင်း ဗညားရံ ဖြစ်၏။

မယ်မယ်တလ သုဒ္ဓမာယာကို တိုင်တည်မိသည်။

" မယ်မယ့်တုန်းက ခင်ပွန်း အရှင်လင်ဖြစ်သူကနေပြီး သူ့ရဲ့ သူရဲကောင်းထံ ဆုလာဘ်အဖြစ် ပို့ဆောင်တာကို ခံခဲ့ရတယ်၊ ဘုရင်နဲ့ သူရဲကောင်းတို့ သစ္စာတော် စမ်းသပ်ကြတဲ့ပွဲတဲ့။ မယ်မယ်က မိဖုရားစင်စစ်၊ မိန်းမသားစင်စစ်ကနေ ပဏ္ဏာပို့၊ ဆုလာဘ်ချီးမြှင့်တဲ့ အရာဝတ္ထုတစ်ခု ဖြစ်သွားခဲ့တယ်၊ အခု သမီးလည်း ဒီလိုပါပဲမယ်မယ်၊ နှစ်ဖက်စစ်မက်ကို

www.burmeseclassic.com

www.burmeseclassic.com


ရှောင်ရှားကြတယ်ဆိုတဲ့ပွဲမှာ သမီးကလက်ဆောင်ပဏ္ဏာ တစ်ခုဘ၀ ရောက်ခဲ့ရပြီကော ”

နင့်အတွက် ငါ ဂုဏ်ယူပါတယ်၊ အားလုံးကို နင်ကယ်လိုက်တာ ပါဟု ပြောသော အစ်ကိုဗညားရံ။ သင်းအပေါ် နာကြည်းခြင်းဝေဒနာ။ ပထမ ဝေဒနာ။

ဒုတိယ ဝေဒနာကား သောကပရိဒေ၀စင်စစ် ဖြစ်တော့၏။

ကလေးကြီးများ အရွယ်ရောက်နေပြီဖြစ်သည့် သမီးတော်နှစ်ပါးနှင့် သုံးနှစ်ရွယ်သာရှိသေးသော သားတော် ဗညားပရူ။ အဖမဲ့သားတော်၊ သမီးတော်လေးများအတွက် မိခင်၏ရင်ခွင်သည်သာ ကမ္ဘာလောကဖြစ်ခဲ့၏။ လောက၏ အကျိုးအကြောင်း အကောင်းအဆိုးများကို ဘာမှမသိရှာကြသေးသော ရင်သွေးတို့သည် အဆုံးအဖြတ်ခံ သက်သက်သာ ဖြစ်ခဲ့ကြလေသည်။ နဲတကာသင်၊ နဲတကာတော်နှင့် ဗညားပရူတို့သည် အဖကို အရဏမင်းထံ အပ်နှံလိုက်ကြရပြီးနောက် အမိကိုလည်း ရာဇာတို့၏လက်သို့ ၀ကွက်အပ်ခဲ့ကြ၏။ သေခြင်းတရားသည် သူတို့လေးတွေ၏ ခမည်းတော်ကို ရက်စက်စွာ သိမ်းယူခဲ့သလို ဘုရင် ရာဇာတို့၏ ချစ်ကြည်စေ့စပ်ပွဲဆိုတာကလည်း သူတို့လေးတွေ၏ မယ်တော်ကို မညှာမတာ သိမ်းယူသွားခဲ့၏။ သားနှင့်သမီးတို့ ရင်ခွင် ပျောက်ဆုံးခဲ့ကြလေပြီ။

အထိန်းတော် မိနဲသည် တက်မတတ် ငိုကြွေးခဲ့ရှာ၏။

အ၀သို့ လိုက်ပါသွားရမည့် သူချစ်သော အပုလေးသခင်မနှင့် အတူ လိုက်ခဲ့ရမလား။ ကလေးငယ်တွေကို ထိန်းကျောင်းရင်း နေရစ်ခဲ့ရမလား၊ မိနဲ မဝေခွဲနိုင်ဖြစ်ကာ လူးလိမ့်နေခဲ့လေသည်။ မိကျောင်းစောင်း အတီးကောင်း၍ တေးချင်းအဆိုလည်း ကောင်းသော အထိန်းတော်မိသင်ကမူ ရူးသွပ်သွားသလား ထင်ရအောင် နှုတ်ဆိတ်သွားတော့သည်။ နောက်ဆုံးတော့ ချက်ချာသော မိနဲကို သားတော်၊ သမီးတော်တို့အား ထိန်းကျောင်းပြုစုဖို့ နေရစ်ခဲ့ရန် အမိန့်ပေးခဲ့ရသည်။ မိသင်ကိုတော့ လက်ရင်းတိုးတိုးဖော် အဖြစ်ခေါ်ရန် ဆုံးဖြတ်ခဲ့ရသည်။

သမီးတော် နှစ်ပါးနှင့် သားတော်လေးတို့ကတော့ အမိရင်ခွင်ကို လက်လွှတ်လိုက်ကြရပေပြီ။

ပန်းလှိုင်ဆိပ် ရွှေဖောင်တော်သို့ ဆင်းသည့်နေ့ က မိနဲတစ်ယောက် သူတို့လေးတွေကို ဘယ်လိုနှစ်သိမ့် ချော့မော့ထားလေမည်နည်း။ သမီးတော် နဲတကာသင်နှင့် နဲတကာတော်လေးတို့ကတော့ မယ်မယ် ဘယ်သွားသလဲ၊

www.burmeseclassic.com

www.burmeseclassic.com


မယ်မယ့်ကို ဘာကြောင့် ဒီလောက်လှနေအောင် ဆင်ယင်ပေးကြတာလဲ၊ ဦးရီးတော် ဗညားရံက ဘာလာလုပ်တာလဲ စသည်ဖြင့် တတွတ်တွတ် မေးကြသည်။ မိနဲ မည်သို့ လှီးလွှဲဖြေမည်နည်း။ သမီးတို့၏ မေးခွန်းတွေကို မိနဲတစ်ယောက် မငိုရှိုက်ဘဲ ဖြေနိုင်ပါ့မလား။

သုံးနှစ်အရွယ် ဗညားပရူလေးကတော့ သူ ကြိုက်သော တိုက်ဆင်ရုပ်ကလေးနှင့် ဆော့ကစားရင်း ကျန်ရစ်ခဲ့၏။ သူ့မယ်မယ် ဘယ်သွား၍ ဘာဖြစ်သည်ကို မသိ။ သို့သော် ညဥ့်နက်ချိန် မိနဲက သိပ်၍မရချိန်၊ မိသင်က ဇချင်းသီဆိုချိန် ရောက်လျှင် သားလေး ဘာပြောမည်နည်း။ မိသင်၏ တေးသံကို နားမထောင်ရသောအခါ၊ မယ်မယ့်ကို မမြင်ရသော အခါ သားလေး ... ဘယ်သို့ရှိ ... ။

တင်းတင်းကျပ်ကျပ်ကြီး အဆုပ်ညှစ်ခံလိုက်ရသော နှလုံးမှ နှလုံးသွေးများသည် မျက်ရည်ပူများအဖြစ်သို့ ရောက်ရှိသွားကြလေသည်။ သောကမှသည် ပရိဒေဝသို့ ကူးမြိုက်လောင်ကျွမ်းသည့် ဒုတိယဝေဒနာ။

နောက်ဆုံး တတိယ ဝေဒနာကား ရဲရဲနီသော မီးကျီတွင် အတင် ခံရပြီးနောက် ပေပေါ်တွင်တင်လျက် သံတူဖြင့် အထုရိုက် ခံရပြီးနောက် ရေအလောင်းခံရသည့် သံချောင်းနှယ် အငွေ့ခြောင်းခြောင်းထွက်သည့် ဝေဒနာမျိုး ဖြစ်လေသည်။

အဝဘုရင် ဆင်ဖြူရှင် သီဟသူ၏ မိဖုရားကြီးဘဝ။

သီရိတြိဘုဝနာ ဒိတျာပဝရ အတုလ အဂ္ဂမဟာ ဓမ္မရာဇာဓိရာဇာ မဟာဒေဝီတဲ့။ မိဖုရားကြီးတို့၏ အဆောင်ယောင်များအားလုံး ရရှိခဲ့၏။ ကြီးမားရှည်လျားလှသော ဘွဲ့အမည်နာမနှင့်အတူ မိဖုရားကြီး တို့၏အာဏာ နှစ်ဆယ့်ကိုးနှစ်ကျော် သုံးဆယ်အတွင်းမျှသာ ရှိသေးသော ဟံသာဝတီ အလှဇာကရီတစ်ပါးကို ရရှိခြင်းကြောင့် အတိုင်းထက်အလွန် နှစ်ထောင်း အားရ ရှိလေသည်။

သို့သော် ခမည်းတော် သုသျှင် ရာဇာဓိရာဇ်လက်ထက်ကတည်းက၊ အဝဘုရင်မင်းခေါင် လက်ထက်ကတည်းက သမီးပေး သမက်ယူရင်း အပြန်အလှန် ပဏ္ဏာပို့သကြရင်းဖြင့် အဲမောင်းနှင့် လေးမြားတို့ကို မချစတမ်း စွဲခဲ့ကြသော အဖြစ်က အထင်အရှား ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com


အဝမြို့တော် ရွှေနန်းတော်ကြီးသည် လုံးလုံးလျားလျား သူစိမ်းတစ်ရုံဆံဖြစ်၏။ အဝနန်းတော်သူ နန်းတော်သား၊ မှူးမတ် ဗိုလ်ပါ စစ်သည်အားလုံးတို့သည် မျက်နှာစိမ်းတွေချည်း ဖြစ်၏။ နောက်ဆုံး မိမိအား မိဖုရားအဖြစ် သိမ်းပိုက်လိုက်သော ဆင်ဖြူရှင် သီဟသူ။ လင်သား ခင်ပွန်းသည် တော်ရတော့မည့်သူပင်လျှင် သူစိမ်းပြင်ပြင်။

ဤအတွေးဝင်လာသောအခါတွင်ကား ဗညားရံနှင့် ပတ်သက်သော နာကြည်းမှု၊ သားသမီး ရင်သွေးများနှင့် ပတ်သက်သော သောကပရိဒေဝ တို့သည် အထုအထည် မပျောက်ဘဲ ခေတ္တ ငုပ်လျှိုးသွားတတ်၏။

သူတို့ကို မည်သို့ ရင်ဆိုင်မည်နည်း။

အဝဘုရင်၏ မိဖုရားအဖြစ်ဖြင့် မည်သို့ ရပ်တည်သွားရမည်နည်း။

ရဲရဲနီနေသော သံချောင်းသည် ပေပေါ်တွင် အထုအရိုက် ခံနေရရင်းဖြင့် ရေလောင်းခံရသောအခါ ရှဲရှဲမြည်ကြွေးသံနှင့်တကွ အငွေ့ခြောင်းခြောင်းထပျံတက်လေသည်။

သို့သော် ဤအရာကား သံချောင်းတစ်ချောင်းအဟုတ်ချေ။

နှစ်လုံးသားမှ လွင့်တက်ဝေ့ပျံသော အငွေ့တို့က စကားဆိုကြလေသည်။

" အမောင်ရယ် ... သွားလေသူကြီးရယ်၊ မချစ်မနှစ်သက်သူနှင့် အတူနေရခြင်း ဆင်းရဲဆိုတာကို အစောလေ၊ ကြုံရပြီကော "

* * *

" ပြောရဦးမယ် ... ရှင်စောရဲ့ "

အဝဘုရင် ခေါ်ဝေါ် သုံးစွဲပုံက နားထဲတွင် တစ်မျိုးကြီး ဖြစ်နေ၏။ " ရှင်စော " ဟု သူခေါ်သည်။ သီဟသူသည် အသားညိုညိုဖြင့် ယောကျ်ား ချော ချောသူဖြစ်ပြီး မဟာဆီ မဟာသွေး အစစ်ဖြစ်ကြောင်းကို သူ၏ သိုက်မြိုက်ခမ်းနားသော အမူအရာက ပြနေသည်။ နှုတ်ခမ်းမွေး စစဖြင့် ပြုံးရယ်၍ စကားပြောတတ်သည်။ သို့သော် ဤအဝဘုရင်အား မည်သို့လျှင် ချစ်သူခင်ပွန်းအဖြစ် နှလုံးသားက လက်ခံရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com


" ကိုယ်တော် နန်းတက်စမှာပဲ အထိန်းတော် မြေတူးစား ဥတ္တမသိဂီရိဖေယျာသူရ နော်ရထာက ဆင်ဖြူဆက်လာတယ်၊ မူးမြစ်ထဲမှာသူတွေ့လို့ ကိုယ်တော့်ဆီ ဆက်သတာ "

သူ့ကိုယ်သူ ကိုယ်တော်ဟု သုံးတတ်သည်။

" နောက် ပြည်စား စောရွှေခက်က ဆက်သလာလို့ ဆင်ဖြူတစ်စီး ရခဲ့ပြန်တယ်၊ ကိုယ်တော့်ကို ဆင်ဖြူရှင်လို့ ခေါ်ကြတာဟာ မိမိဘာသာမိမိ ဘွဲ့ခံတာ မဟုတ်ဘူး၊ ဟူးရားပညာရှိတွေ၊ မှူးမတ်တွေနဲ့ အဝပြည်သားပြည်သူတွေက အပ်နှင်းခေါ်ဝေါ်ကြတာ၊ ဒါပေမဲ့ ဆင်ဖြူရှင်ဆိုတဲ့ဘွဲ့ကို ကိုယ်တော် တကယ်မြတ်နိုး ဂုဏ်ယူတယ် "

စကားဆိုရင်း ရွှန်းရွှန်းစားစားကြည့်ကာ အနားတိုးကပ်လာသဖြင့် ကိုယ်ကို ယို့၍ သလွန်အစွန်းသို့ ရွှေ့ထိုင်လိုက်၏။

" ကိုယ်တော် ပြောချင်တာက ဆင်ဖြူတွေ အဆက်သခံရပုံနဲ့ ဆင်ဖြူဘွဲ့ ခံယူရပုံ မဟုတ်ပါဘူး၊ ရှင်စောကို ကိုယ်တော်ပြောချင်တာက အင်း … ကိုယ်တော်ဟာ အခုမှပဲ တကယ့်ကို တန်ဖိုးရှိတဲ့ ဆင်မယဉ်သာ ရတနာတစ်ပါးကို ရရှိလိုက်တယ်ဆိုတဲ့ စကားပဲရှင်စော "

ပြုံးရွှင်မျက်နှာ၊ ရွှန်းလဲ့အကြည့်နှင့် ချိုမြစကားလုံးများပင် ဖြစ်၏။ သို့သော် ထိုအရာအားလုံးတို့သည် ရဲရဲနီနေသော သံချောင်းအပေါ် ရေလောင်းချနေခြင်းပင်ဖြစ်ကြောင်း အဝဘုရင် မသိနိုင်ချေ။

" နတ်ရွာစံဘကြီးတော် သုသျှင် ရာဇာဓိရာဇ်မှာ အင်မတန်လှပတဲ့ သမီးတော်တစ်ပါး ရှိတယ်ဆိုတာ ကိုယ်တော် ဟိုကတည်းက သတင်းကြားခဲ့တယ်၊ နောက် သမိန်စည်သူနဲ့ စုလျားလက်ဆက်တဲ့ အကြောင်းလည်း သိခဲ့ပါတယ်။ ဟံသာဝတီက အလှဇကရီ မင်းသမီးတစ်ပါးလို့ပဲ သာမန် သတင်း ကြားခဲ့တာမျိုးပေါ့လေ၊ ဒါပေမဲ့ အခုလို "

အထိန်းတော်မိသင် အနီးနားမှာ ရှိလေမည်လားဟု လှမ်းကြည့်၏။ သို့သော် အဝရွှေနန်းရှင် အဆောင်တော် ကြွလာချိန်တွင် မည်သည့် ကိုယ်လုပ်မောင်းမ အထိန်းတော်သည် အနီးတဝိုက်တွင် ရှိနေရဲမည်နည်း။

" ရှင်စောပုဆိုတဲ့ အမည်ပိုင်ရှင် မိန်းမချောတစ်ယောက်ဟာ၊ အဆင်းသဏ္ဍာန်ချောမောလှပသည်နှင့်အမျှ နှလုံးသားလည်း အင်မတန် မြင့်မြတ်တဲ့ မိန်းမမြတ်တစ်ပါး ဖြစ်နေတယ်ဆိုတာ သိလိုက်ရတော့ ကိုတော်အတိုင်းထက်အလွန်အားရမိတယ်၊ နှစ်ပြည်ထောင်မင်းတို့

www.burmeseclassic.com

www.burmeseclassic.com


အကြားက စစ်ရေးကို မိမိရဲ့ဘဝနဲ့ စတေးလိုက်တယ်ဆိုတာ အင်မတန့်ကို လေးစားစရာ ကောက်းတဲ့နှလုံးသားပါပဲရှင်စော ”

မျက်နှာအောက်ချလျက်၊ အကြည့်လွဲထားရာမှ ဆတ်ခနဲ လှမ်းကြည့်ဖြစ်၏။ သို့သော် ရွှန်းရွှန်းစားစား ကြည့်နေသော မျက်လုံးများကို ရင်ဆိုင် လိုက်ရသည့် အတွက် ချက်ချင်းပင် ခေါင်းငုံ့ပစ်လိုက်သည်။

“ ကိုယ်တော် မစာနာနိုင်ပေမဲ့၊ နားလည်နိုင်ပါတယ် ရှင်စော၊ ဟံသာဝတီဘုရင် ဗညားဓမ္မရာဇာကြောင့်ပဲ ဖြစ်စေ၊ ဒဂုံစား ဗညားရဲ၊ အင်း ... သူက ရှင်စောရဲ့ အစ်ကိုနော်၊ သူ့ကြောင်းပဲဖြစ်စေ၊ ဟိုမုတ္တမကို ထွက်ပြေးသွားတယ်ဆိုတဲ့ ဗညားကျန်းကြောင့်ပဲဖြစ်စေ၊ အင်း ... ဟံသာဝတီကြောင့်ပဲဖြစ်ဖြစ်၊ အဝကြောင့်ပဲဖြစ်ဖြစ်၊ ဖြစ်ပေါ်လာရတဲ့ စစ်မက်ရေးရာမှာ မိန်းမသားတစ်ယောက်က ကိုယ့်ဘဝနဲ့လဲပြီး ဝင်ရောက်ဖြေရှင်းပေးလိုက်တယ်ဆိုတာ နည်းနည်းနောနော နှလုံးရည်မှ မဟုတ်ဘဲကလား ”

နှလုံးရည် လက်ရုံးရည် သူတို့ မင်းယောကျ်ားတွေ၊ သည်စကားလုံးကို တွင်တွင် သုံးတတ်ကြချေသည်။ နှုတ်ခံတွင်း မြိန်ရှက်စွာ ရွတ်ဆိုကြသော ထိုစကားလုံးများအတွက် မည်မျှ အရင်းအနှီး ကြီးမားကြောင်းကိုကား၊ သူတို့ အလေးအနက် တွေးမှ တွေးမိကြပါလေစ။

မစာနာနိုင်ပေမဲ့ နားလည်နိုင်ပါတယ်တဲ့။ အဝဘုရင် ဆိုသေး၏။ ကိုယ့်ဘဝနဲ့ လဲပြီး ဝင်ရောက်ဖြေရှင်းပေးတဲ့မိန်းမသားတစ်ယောက်တဲ့။ သီဟသူသည် ရာဇပရိယာယ် ကြွယ်စွာဖြင့်၊ မိမိအား နားဝင်ချိုစေသော စကားတွေကိုချည်း ရွေးပြောနေသလား။ သို့တည်းမဟုတ် ကြောက်ရွံ့တုန်လှုပ်မည်စိုး၍ ဖျောင်းဖျနှစ်သိမ့်နေသလား၊ အနေမခက်အောင်၊ လိုက်လျောညီထွေဆိုနေသလား။

“ ကိုယ်တော် ... မင်းကို တကယ် တန်ဖိုးထား မြတ်နိုးပါတယ် ဆိုတာ ယုံလိုက်ပါ ရှင်စော ”

ပြောရင်း သလွန်သို့ သူဝင်ထိုင်၏။

အလိုလိုပင် သလွန်စွန်းသို့ တိုးရွှေ့ဖြစ်ရင်း နှုတ်မှ လွှတ်ခနဲ ထွက်သွားလေသည်။

“ ရှင် မင်းလုနဲ့ ရှင်ဘို့မယ်တို့ကိုလည်း အရှင် ဒီအတိုင်းပဲ ပြောခဲ့လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ် ”

www.burmeseclassic.com

www.burmeseclassic.com


သီဟသူသည် ရုတ်တရက် တောင့်တောင့်ကြီး ဖြစ်သွားသည်ဟု ထင်ရ၏။ အံ့အားသင့်သွားဟန် မျက်နှာသည် ခဏအကြာတွင် ပြုံးရယ်လျက် ...

" ဩော် ... ကိုယ်တော့် မိဖုရားတွေလား၊ အင်း ... မင်းလည်း အဝရွှေနန်း တော်ရောက်တာ၊ လချီခဲ့ပြီဆိုတော့ ဒီအကြောင်းတွေ ကြားသင့်သလောက် ကြားပြီးဖြစ်မှာပေါ့လေ၊ ရှင်မင်းလှက ကိုယ်တော့် ခမည်းတော်ဘုရား နတ်ရွာစံပြီး ကိုယ်တော် သီဟသူရမဟာဓမ္မရာဇာ ဘွဲ့နဲ့အရိုက်အရာ ဆက်ခံစဉ်ကတည်းက မြောက်သားတော် ဖြစ်ခဲ့သူလေ"

" ရှင်ဘို့မယ်ဟာ မိန်းမချင်းတောင် ငေးကြည့်ရတဲ့ အလှရှိသူလို့ ကျွန်မ ထင်ပါတယ် "

" ရှင်ဘို့မယ်လား ... အင်း ... စောဘို့မယ်ဟာ ခမည်းတော် လက်ထက်ကတည်းက၊ မဟေသီမြှောက်ခဲ့တာ သူက ကိုယ်တော်ထက် အသက်လည်း ကြီးပါတယ်၊ ဒါပေမဲ့ ဘို့မယ်ဟာ အလှပိုင်ရှင်လို့ အဝတစ်ပြည်လုံးကလည်း ပြောကြတယ်၊ ဒါပေမဲ့ ဘို့မယ်ဟာ လှသလောက်၊ အလှမာန်ကြီးလှတယ်၊ စိတ်လည်း အင်မတန် ဆတ်တယ် "

ထဘီပဝါများကို အနီရဲရဲ၊ အစိမ်းရင့်ရင့်၊ အပြာလွင်လွင် စသည်ဖြင့်သာ ဝတ်ဆင်ပြီး၊ ရတနာကျောက်မျက်များကိုလည်း ဝတ်စုံနှင့် အမျှ ညွှတ်နေအောင်ဆင်ယင်တတ်သော ရှင်ဘို့မယ်ကို မြင်ယောင်မိ၏။

" စောဘို့မယ်ဟာ မိန်းမလှတစ်ဦးပါ၊ ဒါပေမဲ့ ကိုယ်တော့် မျက်စိထဲမှာ သူ့အလှဟာ စူးစူးဝါးဝါး ရှိလွန်းလှတယ်၊ အလွန်အသွေးလှ အကွက်စုံတဲ့၊ မြွေကြီးတစ်ကောင်လို ကြောက်စရာကောင်းတဲ့အလှ"

သူ့မိဖုရားတစ်ပါးအပေါ် ဤမျှ မဆိုသင့်ဟု တွေးကာ ခပ်မှန်မှန် လေသံဖြင့် ပြန်ပြောလိုက်၏။

" ရှင်စောပုရှေ့မှာ၊ ရှင်မင်းနဲ့ ရှင်ဘို့မယ်တို့ အကြောင်း အရှင် ... အရှင်ခုလို ပြောဆိုနေတာတွေကတော့၊ မသင့်မြတ်ဘူး တင်ပါတယ် အရှင် "

အဝဘုရင် ဒုတိယအကြိမ် အံ့အားသင့်သွားပြန်သည်။ ထို့နောက် ခေါင်းကို လေးလေးပင်ပင် ဆတ်ညိတ်ရင်း ...

" ဩော် ... ရှင်စော ... ရှင်စော တခြား မိန်းမသူမျိုးသာ၊ တခြား မိဖုရားတွေအကြောင်း အခုလို ကြားရတဲ့ အခါဆိုရင်၊ ကိုယ့် ကိုယ်ကို အသာဘက်ကတွေးပြီး ကြည်နူးအားရ ရှိကြမှာပဲ၊ အင်း အင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com

စိတ်နှလုံး မှန်ကန်ဖြောင့်မတ်မှုကို ကိုယ်တော် လေးစားပါတယ်ရှင်စော ”

သလွန်မှ သူ ပြန်ထ၏။

“ အဝရွှေနန်းတော်မှာ အလိုဆန္ဒရှိသမျှကိုပြောပါ ရှင်စော ... မိဖုရားကြီး တစ်ပါးရဲ့ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်စွမ်းဖို့ ကိုယ်တော့်မှာ တာဝန်လည်းရှိပါတယ်၊ စေတနာလည်း ရှိပါတယ် ”

“ ရေထဲကနေ ကုန်းပေါ် ဆွဲတင်လိုက်ခြင်း ခံရတဲ့ ငါးတစ်ကောင်ကို၊ ဘယ်လိုလေကောင်း လေသန့်မျိုးလိုချင်ပါသလဲလို့ မေးတာမျိုးဖြစ်နေမှာ ပေါ့အရှင် ”

ရုတ်ခြည်း မိမိနှုတ်မှ ဤစကားမျိုး ထွက်သွားနိုင်ခြင်း အတွက် ကိုယ့်ကိုယ်ကိုလည်း အံ့သြသွားသည်။ ဆင်ဖြူရှင် သီဟသူကား တစ်ချက် တွေသွားပြီးမှ တဟားဟား ရယ်လေသည်။

“ ပြောတတ်လိုက်တာပါလား ရှင်စော၊ အင်း ... ရှင်စော ... ရှင်စော မင်းဟာ ဟံသာဝတီက မင်းသမီးတစ်ပါး မဟုတ်ဘဲ အဝ ချက်မြုပ် ရွှေနန်းတော်ထဲက မင်းသမီးတစ်ပါးသာဖြစ်နေရင်၊ ကိုယ်တော်ဥပရာဇာ ဘဝ ကတည်းက တွေ့ကြမယ်ဆိုရင် ဘယ်လောက် ကောင်းမလဲကွယ် ”

“ မဖြစ်နိုင်တာတွေ မဆိုပါနဲ့အရှင်၊ လောကကြီးမှာ မဖြစ်သင့် တာတွေ ဖြစ်နေတာကိုပဲ ကျွန်မတို့ ရင်ဆိုင်နေကြရတာပါ ”

ညဦ့ဝတ်ရုံသိုရင်းကို လက်ဖြင့်သပ်ချကာ အဝဘုရင်က ပြောပြန် သည်။

“ ကဲ ... အေးဆေး သက်သာစွာစံပါ ရှင်စော၊ မင်းပြောသလို မဖြစ်သင့်တာတွေ ဖြစ်နေတာကို ရင်ဆိုင်ကြဖို့ ထားဦး၊ ဖြစ်သင့်တာတွေ မဖြစ်ဘဲ ရှိနေကြတာကိုပဲ ကိုယ်တော်တို့ ဖြစ်လာအောင်ကြိုးစားကြရဦး မှာပေါ့၊ ကဲ ... ကဲ ... စက်ရာဝင်ပါ ရှင်စော၊ ကိုယ်တော်ပြန်တော့မယ် ”

သလွန်တွင် ထိုင်လျက်သားပင် ကျန်ရစ်ခဲ့၏။

နှလုံးသားမဟုတ်မူဘဲ အကယ်ပင် သံချောင်းတစ်ချောင်းဆိုပါက မည်မျှ ကောင်းလေမည်နည်း။ ရဲရဲနီသော၊ အထုအရိုက်ခံရသော၊ ရေအထပ်ထပ် အလောင်းခံရသော သံသည် ထက်လှစွာသောဓားတစ်စင်း အဖြစ်သို့ရွေးရှု၏။ ဓားအိမ်အတွင်း အိပ်စက်နေရာမှ လိုအပ်လာ၍ နိုးထလာလျှင် ထိုဓားသည် ...

အဝရွှေနန်းတော်ထက်မှ ကောင်းကင်သည် မိမိရင်ထဲမှ နှလုံးသားနှင့် ဆန့်ကျင်စွာ လရောင်ဖြင့် ဝင်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com


လောကဓာတ်ခုံထက် မိမိကိုယ်တိုင် ဇာတ်ဆောင်ဖြစ်နေသည့် တစ်ချိန်တည်းမှပင် အခြားသော ဇာတ်ဆောင်များ လှုပ်ရှားကပြကြ သည်ကို ကြည့်နေရသည့် ပရိသတ်တစ်ဦးလည်း ဖြစ်နေ၏။

အဝရွှေနန်းတော် အတွင်းရေးများက ရှုပ်ထွေးလှသည်။

ထိုအရေးအခင်းများမှာ မိဖုရားများနှင့် ပတ်သက်နေသောအခါ ပို၍ပင် အထွေးထွေး အယှက်ယှက် ဖြစ်ကြတော့သည်။

အလွန်လှပချောမောသော ရှင်ဘို့မယ်ကို အစစအရာ အရေးပေး သည်ဟုဆိုကာ ဆင်ဖြူရှင်သီဟသူ၏ မြောက်သားတော် ရှင်မင်းလှသည် စံနန်းတော်ကို စွန့်ခွာခဲ့၏။ ထို့နောက် ရွှေစေတီအနောက်အရပ်တွင် တန်ဆောင်းကြီးတစ်ဆောင် ဆောက်လုပ်၍ သီးခြား စံမြန်းလေသည်။ တန်ဆောင်းရှင် စောမင်းလှဟူသော အမည်သစ်သည် အဝနေပြည်တော် တစ်ခုလုံး ဟိုးဟိုးကျော်လျက် ဆင်ဖြူရှင်သီဟသူ၏ ထီးဖြူနှင့် ပလ္လင်ကို ပြက်ရယ်ပြုလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ရှင်ဘို့မယ်၏ ဂုဏ်သတင်းမှာလည်း ပို၍ ကျော်ကြားလာခဲ့၏။ သို့သော် ရှင်ဘို့မယ်သည် တန်ဆောင်းရှင် စောမင်းလှနှင့် ပတ်သက်သော အနေအထားကို ဂုဏ်ယူခြင်းမရှိဘဲ ထူးခြားစွာပင် အခြားသော အဆိပ်ဓာတ်တစ်ခုကို ထုတ်လွှတ်ပြန်လေသည်။

မိမိကိုယ်မိမိ ဓားအိမ်အတွင်းမှဓားတစ်စင်းဟု တွေးတော ထားသော်လည်း ထို့အတိုင်း လက်ခံယုံကြည်ရန် ဝန်လေးလှသဖြင့် ရှင်စောပုသည် မချမ်းမြေ့ယောင်ကို အခြားနည်းဖြင့် ငြိမ်းသတ်ဖို့ ကြိုးစားခဲ့ရသည်။

ယင်းကား နန်းဦးဘုရားဆောင်ပင်ဖြစ်၏။

အချိန်ပြည့် လိုလိုပင် ဘုရားဆောင်တွင်းဝင်ကာ သက်တော် ထင်ရှား ဗုဒ္ဓမြတ်စွာကို ရည်စူးလျက် ရွှေဆင်းတုတော် ရှေ့မှောက်ဝယ် သောကနှင့် ပရိဒေဝတို့ကို မနိုင်မနင်း ငြိမ်းသတ်ခဲ့ရသည်။

သို့သော် ဓမ္မအမြိုက်ဖြင့် ငြိမ်းအေးမှု အရသာကို မြည်းစမ်းခွင့် ရခဲ့သော စိတ်အစဉ်သည်၊ နန်းဦးဘုရားဆောင်အပြင် ဘက်ရောက်သည်နှင့် ပင် လောကအပူမီးတို့ဖြင့် အဟပ်ခံရပြန်၏။

မိကျောင်းစောင်း အတီးကောင်း၍ တေးချင်းလည်း အဆိုကောင်း သော မိသင်ထံမှတစ်ဆင့် ရှုပ်ထွေးသော အရေးအရာများကို ကြားခဲ့ရ ခြင်းပင်။ မိသင်ကား သူ၏ ပန်တျာပညာကြောင့် အဝနန်းတော်အတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



လူချစ်လူခင်များသူ ဖြစ်လာခဲ့သည်။ သူ့ထံမှာ တေးချင်း အဆိုတက်သူများ၊ စောင်းအတီးသင်သူများ ဝိုင်းဝိုင်းလည်နေသည်။ ထိုအခါ ထိုအဝနန်းတွင်းသူ မောင်းမများ၊ ဂီတနှင့် တေးချင်း ဘယ်ရွေ့ဘယ်မျှ တတ်မြောက်ကြသည် တော့မသိ။ မိသင်ထံမှာမူ အဝနန်းတွင်းရေး သတင်းတွေက လှိုင်လှိုင်ကြွယ် လာကြ၏။

မိသင်က ညဥ့်စက်ရာဝင်မှာ ခြေဆုပ် လက်နယ်ပြုရင်း ကြားခဲ့ ရသမျှကို ပြောပြသည်။

" ရှင်ဘို့မယ် အကြောင်းကတော့ လပြည့်ည ယုဇနပန်းရုံ တစ်ခုလို တစ်နန်းတော်လုံးမှာ သင်းကြိုင်လို့ပဲ သခင်မ "

" သူ သိပ်လှတဲ့ အကြောင်းလား၊ ဒါ ဘာဆန်းတော့လို့လဲ မိသင်ရယ် "

" သိပ်လှတဲ့အကြောင်းအပြင် သိပ်စိတ်မာန် ခက်ထန်တဲ့ အကြောင်း သခင်မရဲ့ "

" ဒါလည်း ကြားမိပါတယ်ကွယ် "

" အဲဒီ အလှမာန် ခက်ထန်ပုံက တခြားနေရာဆိုရင် ကိစ္စမရှိဘူး၊ အခုဟာကတော့ သခင်မနဲ့ ပတ်သက်လာပြီထင်တယ် "

" ဟင် ... ငါနဲ့၊ အို ... ဘယ်လိုလုပ်ပြီး ပတ်သက်ရမှာလဲ "

အဝ နန်းတွင်းသူ နန်းတွင်းသားများ၊ အဆောင်ရ ကိုယ်လုပ် တော်များ အပါအဝင် နန်းရ မိဖုရားများနှင့်ပါ ကင်းကင်းရှင်းရှင်း နေဖြစ်သည်ကို မိမိဘာသာ မိမိအသိဆုံး ဖြစ်လေသည်။

" တန်ဆောင်းရှင် စောမင်းလှက ရှင်ဘို့မယ် အပေါ် ဝန်တိုသလို ရှင်ဘို့မယ်ကလည်း သခင်မအပေါ်မှာ ဝန်တိုနေတယ် "

" ဟင် ... ဘယ်လို ... ရှင်ဘို့မယ်က ငါ့ကို အို ... "

ရွှေနန်းရှင်ဟာ သခင်မအကြောင်းကို မှူးမတ်ဗိုလ်ပံ့ အလယ်မှာပါ တဖွဖွမိန့်သတဲ့၊ ဟံသာဝတီက ရှင်စောဟာ စိတ်နှလုံး ပြည့်ဝဖြောင့်မတ်တဲ့ မိန်းမမြတ် လို့ကို သုံးနှုန်းသတဲ့၊ ညီလာခံမှာ တက်ရောက်တဲ့မိုးညှင်းသတိုးက နားနဲ့ကိုဆတ်ဆတ် ကြားခဲ့ရလို့ သူ့ဆီက တစ်ဆင့်ကြားရတဲ့ မောင်းမငယ် တစ်ယောက်က ပြောလို့ သိတာ သခင်မ "

" မိုးညှင်းသတိုး ... သူက ဘယ်သူလဲ "

" အို ... သခင်မလည်း သခင်မကို ပန်းလှိုင်ဆိပ်မှာ လာကြိုကြ တုန်းက ရွှေဝေါတော်ပေါ်က အဆင်း ခစားနှုတ်ဆက်တဲ့ ဗိုလ်မှူးမင်းလေ"

www.burmeseclassic.com

www.burmeseclassic.com


အသားညိုညို ထောင်ထောင်မောင်းမောင်းသဏ္ဍာန်ကို ပြန်မှတ်မိလာ၏။ အစ်ကိုဗညားရံအား နာကြည်းစွာဖြင့် လွန်းချိတ်ထဘီ ခါးသာပိတ်တစ်အုပ်နှင့် သေအိုးတစ်လုံး ပေးလိုက်ဟု မိမိအမိန့်ပေးခဲ့သူ၊ ကြည်းကြောင်းစစ်မှူးဆိုသူ မိုးညှင်းသတိုး ...။

" အင်း ... အဲဒါနဲ့ ပြောပါဦးကွယ်၊ ကြားရတာကတော့ စိတ်ဝမ်းချမ်းမြေ့စရာ အကောင်းလှဘူး "

" ဗိုလ်ပုံအလယ်မှာ သခင်မကို အဲဒီလို အခွင့်ကြုံတိုင်း ရွှေနန်းရှင်က မကြာခဏ ထုတ်ဖော် ချီးကျူးနေတော့ ရှင်ဘို့မယ်ဟာ ငြူစူလာတယ်လို့ မိုးညှင်းသတိုးက မှတ်ချက်ချတယ်တဲ့၊ တန်ဆောင်းရှင် စောမင်းလှအပေါ် သူ အသာစီး ရထားချိန်မှာ သခင်မနဲ့ ယှဉ်ပြန်တော့ သူက အနိမ့်ရောက်သွားသလို ဖြစ်တာကိုး "

" ဟုတ်မယ် မထင်ပါဘူး မိသင်၊ မိုးညှင်းသတိုးဆိုသူက ယောကျာ်းကြီးတန်မဲ့နဲ့ ဘောက်မဲ့ ... မိန်းမသား မိဖုရားအရေးတွေမှာ မှတ်ချက်ချရ၊ သတင်းပေးရဖြစ်နေတာလဲ "

မိသင်က သူ၏ တေးဆိုတတ်သော သာယာချိုမြ အသံဖြင့် စိတ်ပျက်လက်ပျက် ပြောလေသည်။

" သူရို့ အဝနန်းတွင်းရေးကလည်း အရှုပ်ထွေးသားကလား သခင်မရယ်၊ ရှင်ဘို့မယ်ဟာ ကလေးမြို့စား ကျေးတောင်ညိုနဲ့လဲအနေအထိုင်မဟုတ်လှ ဘူးလို့ ပြောနေကြတယ်၊ သူ့ အလှကွန်ရက်ထဲ ဝင်လာကြတဲ့ ငါးတွေထဲမှာ ရှင်ဘို့မယ်ဟာ ကျေးတောင်ညိုကို အပျူငှာ အဆက်ဆံဆုံးပဲတဲ့၊ ကျေးတောင်ညိုကလည်း လူပုံချောချော၊ အပြောကောင်းဆိုပဲ သခင်မရဲ့ "

သက်ပြင်းရှိုက်မိ၏။ နန်းတော်တွင်း ဘုရင်မင်းညီမင်းသားများတွင် စစ်မှူးမင်း၊ အမတ်သူရဲကောင်းများ၏ ဘုန်းအာဏာစက် ပြိုင်ပွဲများတွင် မိဖုရားများနှင့် အချစ်ဇာတ်လမ်းများ ပါဝင်ရောစွက်နေတတ်သည်မှာ ရာဇဝံသတို့၏ ကျိန်စာသင့်ခြင်း တစ်ခုလား မပြောတတ်။

ခမည်းတော် သုဿျှင်ရှိစဉ်က သမိန်မရူနှင့် အရီးတော် မဟာဒေဝီတို့ ဖောက်ပြားကြ၍ ဟံသာဝတီ တစ်ပြည်လုံး အပုပ်နံ့ ထောင်းထောင်းလှိုင်ခဲ့ဖူးသည်ကို သတိရမိ၏။

" နေပါဦး ဒါတွေကို ဆင်ဖြူရှင်သီဟသူ မသိဘူးတဲ့လား မိသင် "

www.burmeseclassic.com

www.burmeseclassic.com


" အဝဘုရင် သိမသိတော့ မိသင်လည်း မပြောတတ်ဘူး သခင်မ၊ ဒါပေမဲ့ သိတာတစ်ခုတော့ရှိတယ် "

" ဘာပါလိမ့်ကွယ် "

" ရွှေနန်းရှင်ဟာ ဆင်ဖြူဘွဲ့ခံလေ၊ သူဟာ ဆင်တွေကို မိဖုရားတွေထက် ပိုပြီး စိတ်ဝင်စားတတ်သူ၊ မိဖုရားတွေ အရေးကြောင့် နှလုံးနောက်ပြီဆိုရင် တောကစားထွက်ပြီး ဆင်ကျော့ဖို့ပဲ စိုင်းပြင်းတော့တာကလား "

" ဟုတ်လား "

" သခင်မကို ရွှေဖောင်တော်နဲ့ ခေါ်လာစဉ်ကလည်း ကြည့်ပါလား၊ သာယာဝတီအရောက်မှာ ဆင်ကောင်းပေါ်တယ်လေ၊ ဆင်ဖြူရှင်သီဟသူနဲ့ သမိန်ဗရမ်းဆိုတဲ့ အမတ်စစ်သည်နှစ်ယောက်တည်း၊ တောနက်ထဲ ရောက်သွားပြီး သမိန်ဗရမ်း ထွက်ပြေးသွားလို့ ကိုယ်တော် တစ်ဦးတည်း ပြန်လာခဲ့ရပါပကော "

" မိသင်ရယ် … ညဲပဲ သိသိနိုင်လွန်း "

" တေးချင်းလာတက်တဲ့ သူတွေဆီက အစုံကြားရတာ သခင်မရဲ့ "

" ဒီမှာ မိသင်၊ နောက်ကို ကြားရတဲ့ သတင်းမှန်သမျှ ဘယ်ဘက်နားကဝင်ပြီး ညာဘက်နားက ထွက်သွားပစေ၊ ငါ့ကိုလည်း တခုတ်တရ လာတင်မနေနဲ့၊ သူတို့ အဝနန်းတွင်းရေး ထွေးရှုပ်တာ၊ တို့များနဲ့ မဆိုင်ဘူး၊ တို့ဟာ အဝရောက် ဟံသာဝတီသူတွေ မှတ်ထား "

မိသင်က ကမ္ဗလာခြုံစောင်ကို ဆွဲဖြန့်ခြုံပေးရင်း ဆိုသည်။

" ကောင်းပါပြီ သခင်မရယ်၊ ဒါပေမဲ့ သခင်မက အဝဘုရင်ရဲ့ နန်းရမိဖုရားကြီး၊ ဘွဲ့နာမနဲ့တကွ အဆောင်အယောင် အကုန်ရထားတဲ့ ဘိသေကပွဲဝင် မိဖုရားကြီးပါ၊ သူတို့အရေးပဲဆိုပြီး မျက်ကွယ်ပြုထားလို့ မရပါဘူး၊ မိသင်တို့ တေးဂီတမှာရှိတယ် သခင်မ၊ တေးစာသား စကားလုံး မည်သို့ပင် ရေးသီထားထား၊ ဂီတသံစဉ်က လူးလွန့်မြူးကွန့်ပြီဆိုရင် တေးချင်းဆိုသူဟာ ကိုယ်သီဆိုမယ့် စာသားကို အတောင့်သားဆိုလို့ မရဲတော့ဘူး၊ ဂီတသံစဉ်နှင့် လိုက်ပြီး အရစ်အပိုက် အဆွဲအငင်တွေနဲ့ လိုက်ပါ သွားတတ်ရပါတယ်၊ အဲဒါမှ အဝင်အထွက်မှန်ပြီး စည်းနရီ ကိုက်ပါတယ်၊ သခင်မ ဘာကိုမှ စိတ်မဝင်စားချင်နေပါ၊ ရှင်ဘို့မယ်ကိုတော့ မမေ့စေချင်ဘူး "

www.burmeseclassic.com

www.burmeseclassic.com


တေးဆို စောင်းတီးဖို့ကလွဲလျှင် ဘာမှ မသိရှာခဲ့သည့် မိသင်သည် စကားတွေ တတ်လာဘိခြင်း။ သြော် ... သူ့လောကခံ ဝန်းကျင်က သူ့ကိုပြောင်းလဲ ပုံသွင်းပေလိမ့်မည်။ မိသင်သည် သူ၏ တေးသီချင်းဂီတထဲမှ လူတွေ၏ သဘောသဘာဝ လူ့လောကစရိုက်ကို ထုတ်နုတ်ကိုးကား တတ်နေပြီ။

* * *

မည်သူမျှ မျှော်လင့်မထားသော ဖြစ်ရပ်တို့ကရှုပ်ထွေးလျင်မြန်စွာ ပေါ်ပေါက်လာကြ၏။ ဆင်ဖြူရှင် သီဟသူသည် နေပြည်တော် ဝန်းကျင်အစွန်အဖျားသို့ မကြာခဏ တောလည်ထွက်တတ်သူဖြစ်သည်။ ဆင်ကျော့ဆိုလျှင် သူသည်တောနက်များဆီ သွားတတ်ပြီး ဆင်အရေးမရှိလျှင် ကိုလုပ်မောင်းမများကို တစ်စုတစ်ရုံးတည်း ခေါ်ယူ၍ ဇနပုဒ်အနီးတစ်ဝိုက်သို့ ထွက်တတ်၏။ အဝဘုရင်သည် သူ့မိဖုရားကြီးတွေအနားမချဉ်းကပ်လို၍လား၊ ကိုယ်တိုင်ကပင် လွတ်လပ်ပျော်ရွှင်စွာ နေတတ်၍လား၊ ဒါကိုတော့ သူကိုယ်တိုင်သာ သိပေမည်။

အောင်ပင်လယ်သို့ သူထွက်ခဲ့၏။ လယ်ချောင်းဆင်းလျက် ကိုယ်လုပ်မောင်းမ၊ မှူးမတ် ဗိုလ်ပါများနှင့်အတူ လွတ်လပ်စွာ စံခဲ့၏။

မိဖုရား ရှင်ဘို့မယ်သည် ထိုကာလလို အခွင့်ကောင်းယူလိုက်လေသည်။

ရှင်ဘို့မယ်သည် တန်ဆောင်းရှင် စောမင်းလှအား နန်းတော်မှ အဝေးသို့ လွှင့်စေပြီးနောက် ရှင်စောပုကိုလည်း တစ်နည်းနည်း အာဃာတရှိခဲ့သူ။ ထိုအာဃာတကို ရှင်စောပုအား အကြောင်းပြုလျက် ဆင်ဖြူရှင် သီဟသူအပေါ်၌ ဖောက်ခွဲပစ်လိုက်၏။ ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင် ပစ်ခတ်ဖမ်းဆီးသည့်နည်း။

သို့သော် ... မထင်မှတ်သည့် အကွက်တစ်ခု ဖြစ်ပေါ်လာ၏။

ကလေးမြို့စား ကျေးတောင်ညိုနှင့် ရည်ငံနေသည်ဟု သတင်းထွက်ထားသော ရှင်ဘို့မယ်သည် အောင်ပင်လယ်၌ အပျော်လွန်နေသည့် အဝဘုရင်ကို လုပ်ကြံရာ၌ ကျေးတောင်ညိုကိုမသုံး။ အုန်းပေါင်စားလယ်သံဘွားကို ရှင်ဘို့မယ်က ထုတ်သုံးလိုက်၏။ ဘုရင်ကို လုပ်ကြံနိုင်လျှင် ထီးနန်းပလ္လင်ရမည်ဟု တွက်ထားသောအုန်းပေါင်စား လယ်သံဘွားသည်

www.burmeseclassic.com

www.burmeseclassic.com


ရှင်ဘို့မယ် အချက်ပေးလိုက်သည်နှင့် အလုံးအရင်းဖြင့်ချီလာခဲ့၏။

" ညဥ့်ကလည်းနက်၊ တောကလည်းနက်၊ ဆင်ဖြူရှင် သတိပေါ့ ခိုက်မှာ အုန်းပေါင်စားဟာ ဆင်နဲ့ ဝင်တိုက်သတဲ့၊ ဆင်ဖြူရှင်က ရဲခက် စံလှစီးတော်ဆင်နဲ့ ခံတိုက်ပေမဲ့ ဟိုဘက်က ဝိုင်းဝန်းညှပ်ပိတ်ဝင်ကြလို့ ဆင်တော်ရဲခက်စံလှဟာ ညွှန်ထဲကျသွားခဲ့တယ်၊ အဲဒီမှာပဲ ဆင်ဖြူရှင်ရဲ့ ရင်အုံမှာ မြားသုံးစင်း ဝင်စွဲတော့တာပါပဲ "

အဝဘုရင် မြားသင့် အလုပ်ကြီးခံရပြီဟူသော သတင်းသည် နန်းတော်သို့ချက်ချင်းရောက်လာ၏။ အဝဘုရင် အနီးတွင် နောက်ဆုံးအချိန် အထိရှိနေခဲ့ပြီးမှ အလွတ်ရုန်း ပြေးခဲ့သော စားတော်ကွမ်းရေကိုင် အင်းပဲစား သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ သို့သော် အင်းပဲစားသည် ဤသတင်း ဆိုးကို တန်ဆောင်းရှင်စောမင်းလှထံ အဦးအဖျား ပို့ခဲ့၏။

အဘယ်ကြောင့်ဆိုသော် တန်ဆောင်းရှင်၏ ကွမ်းခွက်တော်ကိုင် မင်းလှညက်နှင့် အင်းပဲစားမှာ ချစ်ကြိုက်နေကြခြင်းကြောင့် ဖြစ်သည်။

" ဆင်ဖြူရှင် အောင်ပင်လယ်မှာ အလုပ်ကြီးခံရပြီ၊ လုပ်ကြံသူမှာ အုန်းပေါင်လယ်သံဘွားဖြစ်သည်။ အုန်းပေါင်လယ်သံဘွား အလုံးအရင်းနှင့် ချီလာဖို့ ထိုအခွင့်ကောင်းကို ယူပြီး လုပ်ကြံဖို့ မည်သူက လျှို့ဝှက်ဆင့် ခေါ်သည် အတိအကျ မသိနိုင်။ သို့သော် ဘုရင်မင်းမြတ် ထိုသို့ သီးသန့် ခရီးထွက်သည်ကို သိနိုင်သူမှာ မိဖုရားတစ်ပါးပါးသာ ဖြစ်ဖို့များသည်၊ ဘာပဲဖြစ်ဖြစ် ရွှေနန်းရှင်အား လုပ်ကြံသူများကို ချေမှုန်းကြစို့ "

တန်ဆောင်းရှင် မိဖုရားစောမင်းလှသည် သူ မကျေနပ်ခဲ့သော ရှင်ဘို့မယ်ကို အမည်မဖော်ဘဲ သွယ်ဝိုက်စွပ်စွဲလိုက်၏။ သည်တစ်ခါ စောမင်းလှ၏ ခဲတစ်လုံးသည် ငှက်နှစ်ကောင်မက သုံးကောင်ကို ထိမှန်စေ ခဲ့လေသည်။

တန်ဆောင်းရှင် မိဖုရား၏စီမံမှုဖြင့် အဝမှူးမတ်ဗိုလ်ပါတို့၊ စစ်သည် အင်အား ချက်ချင်းစုကာ အောင်ပင်လယ်သို့ တပ်ချီခဲ့၏။ အုန်းပေါင် လယ်သံဘွား ထွက်ပြေးရလေသည်။ အဝရွှေနန်းကို သူမြည်းစမ်းခွင့်ပင် မရလိုက်။ သူ့ကို ခေါ်ပင့်သော ရှင်ဘို့မယ်နှင့်လည်း မတွေ့လိုက်ရ။

လုပ်ကြံသူများ အရေးနိမ့်သွားကြသည်။ အဝရွှေနန်း ဘေးမသီရန်မခ ရှိခဲ့သည်။ ဤအရေး၏ ကျေးဇူးရှင်မှာ တန်ဆောင်းရှင် မိဖုရား ဖြစ်လာ သည်။ စောမင်းလှသည် အဝနန်းတော်ထဲသို့ နာမည်ကောင်းဖြင့် ပြန်လည် ဝင်ရောက်လာနိုင်ခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com


ရှင်ဘို့မယ်သည် အသံမထွက်သာအောင် ရှိနေ၏။

တစ်ဝက် မအောင်မြင်လိုက်သော လုပ်ကြံမှုအတွက် ရှင်ဘို့မယ် ရေငုံနှုတ်ပိတ်ကာ နန်းတော်ထဲ ပြန်ဝင်လာသော ရှင်မင်းလှကိုသာ အံကြိတ်၍ ကြည့်နေရသည်။

မိမိအား တိုက်ရိုက် မစွပ်စွဲသေးသဖြင့် ရှင်မင်းလှကို ကျေးဇူးတင်ရမလိုပင် ဖြစ်သည်။ သို့သော် မိန်းမချင်းသိ၏။ တန်ဆောင်းရှင်သည် ရှင်ဘို့မယ်အား အထောက်အထား အခိုင်အမာမရှိဘဲ စွဲဆိုလိမ့်မည် မဟုတ်။ အင်းပဲစား သတင်းပို့သွားသော အချက်ကမူ ခိုင်မာသော သက်သေ။ အင်းပဲစားကို မိမိ၏ ကွမ်းခွက်တော်ကိုင် မောင်းမငယ်နှင့် ပေးစားကာ မိုးညှင်းဝန်းသိုသို့ ရှောင်စေခဲ့၏။ လိုအပ်လျှင်အင်းပဲစားကို လှမ်းခေါ်၍ရသည်။

သို့ရာတွင် ရှင်မင်းလှ ထိုသို့မလုပ်။ ဖုံးအုပ်ထားသော ထိုအညှာကို မထိတို့ဘဲ ရှင်မင်းလှ ကိုင်တွယ်လိုက်သည့် အကွက်မှာ အလွန်လှသည်။

အခြားမဟုတ်။ မိမိ၏သားတော် မင်းလှငယ်ကို အဝထီးနန်း ပလ္လင်ပေါ်သို့ တင်ပေးလိုက်ခြင်းပင်ဖြစ်၏။

အုန်းပေါင်လယ်သံဘွားကို တိုက်ထုတ် ချေမှုန်းရေး၌ ဦးစီးဦးရွက် ပြုခဲ့သူ တန်ဆောင်းရှင် မိဖုရား၏ သားတော် မင်းလှငယ်အား ထီးနန်း အပ်ရေးမှာ အလွန်ပင် သဘာဝကျသော၊ မည်သူမျှ ငြင်းပယ်၍ မရနိုင်သော အကွက်ဖြစ်၏။

တစ်ခုပဲ ဆိုစရာရှိ၏။ ဆင်ဖြူရှင် သီဟသူ အလုပ်ကြံခံခဲ့ရပြီး အဝ ထီးနန်းပလ္လင်ကို ဆက်ခံသူ၊ အဝဘုရင်တစ်မင်းလှငယ်မှာ အသက် ကိုးနှစ်မျှသာ ရှိနေသေးခြင်းဖြစ်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၈)

ဆိတ်စာငယ် လေမှတ်တမဲ့၊ ငြိုးငွေ့၍သာ၊
စက်မွေ့ရာ၊ မေးကာပျော်မိခဲ့ သည်နှင့်လေး။
မင်းပျိုနွဲ့ငယ်ကို၊ တကယ်နိုင်လို၊ မြင်ညိုကြိုး
ငယ်နှင့်၊ သူရောက်ကယ်ကြွဝင်၊ ပျော်ရွှင်နှစ်သက်၊
ယဉ်ပါးလှတဲ့မွေ့ရာ၊ ဒုတောင်ထွာ၊ အသာနွဲ့၍
စက်သည်နှင့်လေး။ သည်ဖြစ်ချက် ကယ်ကြောင့်၊
အို . . . အိပ်မက်ကယ်နှင့်ပင်၊ ထင်မိပြန်တော့
သည်။

တော်သလင်းနေသည် ခြစ်ခြစ်တောက် လောင်မြိုက်နေ၏။

လယ်ပုစွန်တို့သည် ကျစ်စာခဲတစ်ဝိုက်တွင် တုံးလုံးပက်လက် သေဆုံးနေကြသည်ဆို၏။ အဝရွှေမြို့တော်၏ တော်သလင်းလည်း နေလုံးကြီးကို နန်းတော်ပြာသာဒ်ထိပ်တွင် ချိတ်ဆွဲထားလေရော့သလား။

ရေခန်းသောလယ်တို့၌ ပုစွန်တို့ သေမသေ မသိရသော်လည်း ရွှေနန်းတော်အတွင်း စိမ်းမြသော ပန်းခြံအတွင်းမှာမူ တစ်ခုသောဘဝသည် ရှင်လျက်သေဆုံးနေသည်။

နာကြည်းစွာ ဖိကိုက်ထားသောကြောင့်၊ နှုတ်ခမ်းမွှာမှ သွေးပေါက် ပေါက် ကျလုမတတ်ရှိသည်။ ပန်းပေါင်းစုံတို့သည် အချည်းနှီးသော မွှေးရနံ့ကို ထုတ်လွှတ်လျက်။ ဥဒေါင်းတို့သည် ကွဲအက်ကြောင်စီစွာ တွန်ကျူးလျက်။ ကြာအိုင်တို့သည် ညိုပုပ်စွာ နောက်ကျိလျက် ရှိ၏။

နေပူဒဏ်ကို ရှောင်တိမ်း ကာကွယ်ရင်း၊ ပုဏ္ဏရိက်ချုံကလေး၏ ရိုစုမဲ့စု အရိပ်ငယ်တွင်ခိုနေကြသော ယုန်ဖြူဖြူကလေးများသည်သာ အဖော်သဟဲ ဖြစ်နိုင်သည်။ နီနီရဲရဲပတ္တမြားခဲ မျက်လုံးဝိုင်းဝိုင်းလေးများ တွင် အလကားနေရင်း ကြောက်ရွံ့ထိတ်လန့်မှုများဖြင့် အတိပြီးနေသည်။

လျော့နေသော စောင်းကြိုးများကို မိသင်သည် ကြိုးစားမညှိဖြစ်ဘဲ သည်အတိုင်းသာ ငိုင်ကြည့်နေသည်။ မိသင်တေး မဆိုနိုင်၊ စောင်းမတီးနိုင်။

www.burmeseclassic.com

www.burmeseclassic.com


ညှိုးချုံးသောအလုပြင် ပုံ့ပုံ့ထိုင်နေသော သခင်မကိုကြည့်ရင်း မိသင်တေးမဆိုနိုင် ဖြစ်ရလေသည်။

လောကခံ၏ ဖော့ယမ်းသော ကစားချက်က၊ သည်တစ်ခါတော့ မဖွယ်မရာ ရှိလွန်းလေပြီ။ မညှာမတာ ရက်စက်ရာ ကျလွန်းနေပြီ။

ကိုးနှစ်အရွယ် အဝဘုရင်သစ် မင်းလှငယ်၏မိဖုရား ရှင်စောပု။

ဩော် ... သူတို့ တတ်နိုင်လွန်းကြပါပေသည်။

သမီးနှစ်ယောက်နှင့် သားတစ်ယောက်၊ ရင်သွေးငယ်များကို ရင်အုပ်မကွာ ထိန်းကျောင်းဖို့ဆိုသည့် မိခင်တို့၏ သဘာဝ အခွင့်အရေးကို ဆုံးရှုံးနေရချိန် ... ။ သဘာဝတရားက ရှုံးနိမ့်နေချိန်။

ရာဇဝံသ ရွှေနန်းကို ဆက်ခံသည့် ဘုရင်သစ်သည် ရာဇဝံသအရ ယခင်ဘုရင်ဟောင်း၏ မိဖုရားကိုပါ ဆက်လက် သိမ်းပိုက်ရမည်တဲ့။

သီရိတြိဘုဝနာဒိတျာပဝရ ... ရှည်လျားခမ်းနားသော ဘွဲ့မည်နာမ၏ အခြားတစ်ဖက်က အဓိပ္ပာယ်ကား၊ တစ်လက်မှ အခြားတစ်လက်သို့ လွှဲပြောင်းလိုက်ရခြင်းသာ ဖြစ်လိမ့်မည်။

သားအရွယ် ဘုရင် မင်းလှငယ်၏ မိဖုရားကြီး။

တန်ဆောင်းရှင် စောမင်းလှသည် အုန်းပေါင်လုပ်ကြံသူများကို ဦးစီးတိုက်ထုတ်နိုင်သူ ဖြစ်လာ၍ သူ့သား မင်းလှငယ်သည် အလိုအလျောက် အဝဘုရင် ဖြစ်လာ၏။ ထိုအခါ ဆင်ဖြူရှင် သီဟသူ လက်ထက်က နန်းရ မိဖုရားချင်း ဘဝတူဖြစ်ခဲ့သော တန်ဆောင်းရှင်အား ယောက္ခမတော်စပ်ရတော့သည်။

မင်းလှငယ်ကို ရာဇဘိသေက မြှောက်သည့် ဘိသိက်သဘင်နေ့က ရှက်လွန်းလှ၍ တစ်ကိုယ်လုံး မှုန့်မှုန့်ညက်ညက် ကြေသွားပြီဟု ခံစားရ၏။ ဟူးရားပုဏ္ဏားနှင့် နားခံတော် သံတော်ဆင်တို့၏ ခရုသင်းမှုတ်သံ၊ ကြေညာသံတို့က နားထဲသို့ သံရည်ပူများအဖြစ် စီးဆင်းခဲ့သည်။

" သီရိတြိဘုဝနာ ဒိတျာပရဝ အတုလအဂ္ဂမဟာ ဓမ္မရာဇာဓိရာဇာ မဟာဒေဝီဘွဲ့ခံ မိဖုရားကြီးရှင်စောပုသည် ခံစား စံစားမြဲဖြစ်သော အဆောင်အယောင် စည်းစိမ်တို့နှင့်တကွ ဆက်လက်ခံစား စံစားလျက်၊ အဝရွှေနန်း ဘုရင်မင်းမြတ် မင်းလှငယ် ကိုယ်တော်၏ နန်းရ မိဖုရားကြီး အဖြစ် စိုးစံစေ "

www.burmeseclassic.com

www.burmeseclassic.com


ဘိသေက သဘင်မပြီးခင် ထပြန်ခဲ့ပြီးနောက်နန်းဦးဘုရားကျောင်း ဆောင်ထဲသို့ အပြေးဝင်ခဲ့ရလေသည်။

" ကြီးမားသော လုံ့လစွမ်းအင် ရှိတော်မူပေထသော မြတ်စွာဘုရား၊ ရှင်တော်မြတ်အား ဘုရားတပည့်တော်မ၏ ရှိခိုးပူဇော်ခြင်းသည် ဖြစ်ပါစေ ဘုရား ... ။

" အရှင်ဘုရားသည် အလုံးစုံတို့၌ ကိလေသာမှ လွတ်ကင်းတော်မူခြင်းသည် ဖြစ်တော်မူပါပေ၏...

" တပည့်တော်မမှာကား ...

" ဘေးရန် ဖမ်းဆီး၍ ကျပ်တည်းကျဉ်းမြောင်းခြင်းသည် ဖြစ်နေရပါ၏ အရှင်ဘုရား ...

" အရှင်ဘုရားသည် ထိုတပည့်တော်မ၏ ကိုးကွယ်အားထားရာ ဧကန်စင်စစ် အမှန်ပဲ ဖြစ်တော်မူပါ့ အရှင်ဘုရား "

အဘယ်သို့သော အကုသိုလ်ကံ ဖိစီးလေသည်မသိ။ သံသရာဘဝဘဝတွင် မိမိသည် လူများစွာတို့၏ ချစ်ခြင်းသံယောဇဉ်ကို မညှာမတာ ဖြစ်အောင် လုပ်ခဲ့လေသလား။ အို ... တပည့်တော်မ ပေးဆပ်ရသော ဝဋ်ကြွေးများ မကုန်စင်နိုင်သေးဘူးလားဘုရား။

မိသင်သည် စောင်းကို ဘေးချထားလိုက်ပြီး နောက် လှုပ်ရှားခြင်း အရှိသော သခင်မ၏ လက်တစ်ဖက် အသာအယာ ဆုပ်ကိုင်၏။

"နန်းဆောင်ထဲ ပြန်ဝင်ကြပါစို့ သခင်မ၊ ပန်းခြံထဲမှာ အအေးရိပ်ရယ်လို့ ရှိနိုင်ပါဦးမလား မိသင် "

" နန်းဦးဘုရားဆောင်ဆီပဲ သွားကြတာပေါ့ သခင်မရယ် "

" ပရိဒေဝတွေ အလူးလူး အလိမ်းလိမ်းနဲ့ ငါက ကိလေသာအားလုံးမှ ကင်းစင်တော်မူတဲ့ ဘုရားရှင်ရှေ့မှာ ရှိခိုးရတာ၊ ဆုတောင်းရတာကို တောင် ရှက်လာပြီ မိသင် "

" ဒါဖြင့်ရင်လည်း မိသင် ထေရီ အပါဒါန်ကို ဖတ်ပြပါမယ်၊ သခင်မ နားဆင် နှလုံးသွင်းပါလား ... နော် "

မိသင် တွဲခေါ်ရာသို့ အရုပ်တစ်ရုပ်နှယ် လိုက်ပါခဲ့မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com


တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ...။

အေးမြသော ဆောင်းဦးနှင့်အတူ ပူပြင်းတောက်လောင်သော ကြောက်စရာ အဖြစ်ဆိုးများသည် အဝ ရွှေနန်းတော်ထဲသို့ ပြင်းထန်စွာ ဝင်ရောက်လာ၏။ သဇင်တွေ ဝေစပြုသည့် နတ်တော်လထဲ အဝင်တွင် အဝနန်းတော်သူတို့သည် တော်ဝင်သဇင်ကို ပန်ဆင်ဖို့ သတိမရနိုင်ကြ။

လှပသော ဆောင်းဦးပန်းတို့သည် ညှိုမည်းနေသော မင်းလှငယ်၏ ရုပ်အလောင်းပေါ်တွင် ပွင့်ကြွေများအဖြစ် ရောက်ရှိသွားကြ၏။

အသက်ကိုးနှစ် အရွယ်ဖြင့် ဘာမှန်း ညာမှန်း မသိဘဲ ဘုရင်ဖြစ်ခဲ့လေသော မင်းလှငယ်သည် ကိုးနှစ်နှင့် သုံးလအရွယ်တွင် အဆိပ်ဖြင့် လုပ်ကြံခြင်း ခံလိုက်ရ၏။ မင်းလှငယ်၏ နန်းသက်သည် သုံးလမျှသာ ခံခဲ့ချေသည်။ ဘုရင်ဟူသော အဖြစ်က ကိုးနှစ်ရွယ် ကလေးတစ်ယောက်ကို သတ်လိုက်ခြင်းပင် ဖြစ်တော့၏။ အကယ်၍ တန်ဆောင်းရှင်၏ သားတော်လေး မင်းလှငယ်သည် ကလေးငယ်တို့ သဘာဝနန်းတော်တွင်း၌ သူ့အလိုအလျောက်သာ ပျော်ရွှင်စွာ ကြီးပြင်းလာခဲ့မည်ဆိုပါက လူ့ဘဝတွင် သူ အသက်ရှင် ရှင်သန်နေဖို့ အခွင့်အလမ်းများစွာ ရှိနေပေပြီ။

တန်ဆောင်းရှင် စောမင်းလှနှင့် ရှင်ဘို့မယ်တို့အကြားမှ ပဋိပက္ခသည် ပွင့်လင်းရက်စက်စွာ ထွက်ပေါ်လာ၏။

အုန်းပေါင်သံဘွားနှင့် အရေးမလှ ဖြစ်ခဲ့သော ရှင်ဘို့မယ်သည် နောက်ထပ် စစ်မျက်နှာသစ်ကို ပြောင်ပြောင်တင်းတင်းပင် ဖွင့်လိုက်ပြီ ဖြစ်၏။ မင်းလှငယ်ကား အစာအဆိပ်ကြောင့်လား၊ ဆေးအဆိပ်ကြောင့်လား မည်သူမှ ရေရေရာရာ မပြောနိုင်ဘဲ အသေဆိုးဖြင့် သေခဲ့ရှာပြီ။ တန်ဆောင်းရှင်မိဖုရားသည် ရှင်ဘို့မယ်နှင့် ပြိုင်ဆိုင်စစ်ခင်းရာ၌ သားကို စတေးလိုက်ရလေသည်။ ထိုအချိန်ဝယ် ...

မင်းလှငယ်၏ အဆိပ်သင့် ရုပ်အလောင်းပေါ်မှ ပန်းခွေမညှိုးမီမှာပင် အဝရွှေနန်းတော်တစ်ခုလုံး သိမ့်သိမ့်တုန်သွား၏။

" ကျေးတောင်ညိုချီလာပြီ၊ ဆင်လုံးမြင်းရင်း အင်အားကြီးနဲ့ ချီလာပြီတဲ့ "

www.burmeseclassic.com

www.burmeseclassic.com


ရှင်ဘို့မယ်၏ ခေါးကလည်း အဝရွှေနန်းတော် တစ်ခုလုံးကို တုတ်တုတ်မျှ မလှုပ်ရဲအောင် ချုပ်ကိုင်ထားနိုင်ခဲ့ပြီး ဖြစ်သည်။ ယခုမှပင် ရှင်ဘို့မယ်၏ ထက်မြက်သော အလှနောက်ကွယ်မှ ကြောက်စရာ စိတ်ဓာတ်ကို အတိအလင်း သိကြရသည်။ ရည်ငံရင်းစွဲရှိသော ကလေးမြို့စား ကျေးတောင်ညိုကို ရှင်ဘို့မယ် ခေါ်ယူလိုက်ခြင်းပင်။

သဇင်ပန်းတွေဝေသည့် နတ်တော်လတွင် ကျေးတောင်ညိုသည် အဝနန်း ပလ္လင်ထက်သို့ တက်လိုက်လေသည်။ ထိုအခါ ...

" မိသင် ... ရာဇအာဏာကြောင့် သွက်သွက်လည်အောင် ရှူးသွပ်နေကြတဲ့ သူတို့တော့မသိဘူး၊ ငါကတော ဘာကြောင့် ရှူးသွပ်မသွားသေးတာလဲဟင် "

အဝဘုရင်သစ် ကျေးတောင်ညို၏ မိဖုရားအဖြစ် အလိုလို ရောက်ရှိရပြန်၏။

" သူတို့ ရှင်စောပုဆိုတဲ့ ငါ့ကို ဘာကြောင့်များ မကွပ်မျက်ကြပါလိမ့်၊ ဘာကြောင့်များ တစ်ပါးတက် တစ်ပါးဆင်း ဖြစ်နေတဲ့ အဝနန်းတော်ပလ္လင်မှာ ငါ့ကိုမိဖုရားကြီးအဖြစ်နဲ့ တစ်လက်ပြီးတစ်လက် ပြောင်းပေးနေကြပါလိမ့် "

မိသင်က ဉာဏ်မီသလောက်တွေး၍ ပြောသည်။

" သခင်မဟာ ဟံသာဝတီ ဘုရင့်သမီးတော်လည်း ဖြစ်နေတယ်၊ ပြီးတော့ အဝမှာလည်း ဘယ်သူနဲ့မှ မပတ်သက်ဘဲ ကင်းကင်းရှင်းရှင်း နေသူဖြစ်တယ်၊ ဒါကြောင့်ဖြစ်မှာပါ၊ နောက်တစ်ခုကလည်း သူတို့တစ်တွေဟာ ထီးနန်းပလ္လင် လုပွဲမှာပဲ အာရုံစိုက်နေကြတယ်၊ အဘိသေကခံ မိဖုရားကြီး တစ်ပါးဖြစ်တဲ့ သခင်မကို အဆက်ဆက် သိမ်းပိုက်ခွင့်ရခြင်းကပင်လျှင် သူတို့ရဲ့ ရာဇအာဏာကို ရုပ်လုံးပေါ်စေတယ်၊ သခင်မဟာ တစ်ပါးဆင်း တစ်ပါးတက်ဖြစ်နေတဲ့ ရာဇပလ္လင်ပေါ်က ဘုရင်တွေအတွက် ဂုဏ်ပြ အဆောင်အယောင် ဖြစ်နေတယ်၊ ဒါကြောင့် သခင်မကို သူတို့ တမင် တကာကို အထိအခိုက်မခံ၊ အဆက်ဆက် မွေးမြူနေတာ ဖြစ်ရမယ် "

မိသင်၏ တွေးဆချက်မှာ ထိတ်လန့်ဖွယ် မှန်ကန်နေသည်။

" ဩော် ... တကယ်ကိုပဲ ငါဟာ ရုပ်လုံးကြွ၊ ဂုဏ်ဆောင်ပြ၊ ထီးနန်း အဆောင်အယောင်တစ်ခု ဖြစ်နေတော့တာပါလား မိသင် "

www.burmeseclassic.com

www.burmeseclassic.com


" အဓိကကတော့ သခင်မ အနေအထိုင် ကောင်းလွန်းလို့ ဖြစ်လိမ့်မယ်၊ နောက်တစ်ခုက သခင်မကို သူတို့ မထိရဲတာကလည်း ဟံသာဝတီနဲ့ ပဋိပက္ခမဖြစ်ချင်လို့၊ မဖြစ်ရဲလို့လည်း ဖြစ်နိုင်ပါတယ် "

" ဩော် ... ဩော် ... ငါဟာ သွယ်ဝိုက်သော နည်းအားဖြင့် အဝ ဟံသာဝတီ စစ်မက်ထပ်မံ မဖြစ်ပွားရေးကို တားဆီး ကာကွယ်ပေးနေသူပေါ့ ဟုတ်လား မိသင် "

" တွေးစရာရှိတာကို ပြောတာပါသခင်မ၊ ဂုဏ်ယူရမယ့် အရာလို့တော့ မိသင်မပြောရက်ပါဘူး "

"အင်း ... ဘာတွေ ထပ်ဖြစ်လာဦးမလဲ မသိဘူး မိသင်၊ ကျေးတောင်ညို ဘုရင် ဖြစ်လာပေမဲ့ အဝအရေး အခင်းဟာ ပြီးဦးမှာ မဟုတ်သေးဘူး၊ ရာဇပလ္လင်ဟာ အပြောင်းအလဲရှိဦးမယ်ထင်တယ်၊ ငါကလည်းဂုဏ်ပြု အဆောင် အယောင်အဖြစ်နဲ့ ဘယ်သူ့ထံ ရောက်ဦးမယ်မသိ "

" အို ... သခင်မ၊ ဒီလို မဆိုပါနဲ့ သခင်မရယ် "

နာကြည်းစွာ ပြုံးရယ်လိုက်မိ၏။

" ရှင်စောပုဟာ ဘာကြောင့် အမှန်တကယ် ဖြစ်နေတာကို လက်မခံရဲ ရှိရမှာလဲ မိသင်ရယ်၊ ငါဟာ တကယ်ပဲ ဓားတစ်စင်း ဖြစ်လာပြီထင်ပါရဲ့ "

သဇင်ပန်းများနေရာသို့ ခွာညိုများက အစားဝင်သင်းပျံ့လာ၏။ ထို့နောက် ဆောင်းသမယသည် နေပြည်တော်မှ စောစီးစွာ ဆုတ်ခွာသွားသည်။ တပို့တွဲလသည် မည်သို့ကုန်ဆုံးသွားသည်မသိ။ ဘုရင်သစ် ကျေးတောင်ညိုသည် ရှင်ဘို့မယ်နှင့်အတူ ပျော်ရွှင်စွာ အောင်ပွဲခံနေချိန်မှာပင် နွေဦး၏ လေရူးသည် နန်းတော်ထဲသို့ ကစဉ့်ကလျား တိုးဝင်လာ၏။

ရှက်ခြောက်များနှင့်အတူရောက်ရှိလာသည်ကား ... မိုးညှင်း မင်းတရားကြီး၏ တပ်မကြီးဖြစ်လေသည်။

* * *

" တောင်ငူစား စောလူးသခ်ယာ၊ တောင်တွင်းစား သီဟပတေ့၊ ဘယဂါမဏိ၊ ရာဇသင်္ကြံစစ်မှူးမင်းများ အားလုံးကို ရွှေတိုက်တော်က ဆုလာဘ် ဥစ္စာအမြောက်အများ ပေးလိုက်ကြ၊ စစ်မှူးမင်းများကလည်း ရှိတဲ့ စစ်အင်အားနဲ့ မိုးညှင်းမင်းကို ခုခံကြ "

www.burmeseclassic.com

www.burmeseclassic.com


ပူပူနွေးနွေး အ၀ဘုရင်သစ် ကျေးတောင်ညိုသည် စစ်ခံဖို့အရေးကို ဘာလုပ်ရမှန်းမသိ။ ဘယ်သို့ သေနင်္ဂချရမှန်း မသိ။ လူပုံချော်သလောက် ရှင်ဘို့မယ် အနားတွင်သာ ကပ်နေရကောင်းမှန်းသိသော ကျေးတောင် ညိုသည် မိုးညှင်းစား ချီလာသောစစ်ကြောင့် သွေးရူးသွေးတန်း ဖြစ်နေ၏။

" အုန်းပေါင်လယ် သံဘွားကလည်း၊ အ၀ ရွှေမြို့တော် အရှေ့ဘက် ကနေ ရှိသမျှ စစ်အင်အားထုတ်ပြီး ခုခံပေး၊ အုန်းပေါင်သမဘွားမှာ စစ်အင်အား ဘယ်လောက်နဲ့ ခုခံနိုင်မလဲဟေ့ "

" တိုက်ဆင်ရှစ်ဆယ်၊ မြင်းနှစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနဲ့ ခုခံပေးမယ်လို့ ဆိုပါတယ် အရှင် "

" ကောင်းတယ်၊ အားရတော်မူတယ်၊ အုန်းပေါင် လယ်သံဘွားကို ရွှေငွေရတနာတွေ ထုတ်ပေးကြစမ်း "

ကျေးတောင်ညို တတ်စွမ်းသည်မှာ ဤမျှသာ ဖြစ်လေ၏။

" သရေစည်သူ၊ သရေပုညာ၊ ဘယကျော်ထင် တို့ကလည်း သစ်ဆိမ့် အရပ်ကနေ စစ်ကြိုပြီး ခံပေးပါ့မယ်တဲ့ အရှင် "

" သစ်ဆိမ့်အရပ်၊ အင်း ... အဲဒီမှာကော တိုက်ဆင်ဘယ်လောက်၊ မြင်းဘယ်လောက်ရှိမလဲ "

" သရေစည်သူတို့က သစ်ဆိမ့်မှာ ကြည်းကြောင်းနဲ့ မဟုတ်ပါဘူး အရှင်၊ တိုက်လှေငါးရာ၊ ရဲမက်နှစ်သောင်းနဲ့ ရေကြောင်းပါ "

" ဩော် ... ဟုတ်လား၊ ကောင်းတယ် ... ကောင်းတယ် "

အ၀နေပြည်တော် ၀န်းကျင်ဒေသအားလုံး စစ်တလင်းဖြစ်သွား၏။

မိုးညှင်းအင်အားကား ကြီးမားလှသည်။ ညီတော် သားတော် ရင်းချာတို့ကိုယ်တိုင် တပ်ဦးမှ ချီကြသည်။ ကျေးတောင်ညိုကဲ့သို့ ရွှေတိုက်မှ ဆုလာဘ်များ ထုတ်ပေးပြီး စစ်ငှားသောတပ်များမဟုတ်။

မိုညှင်းမင်း၏သားတော် မိုးရွှေစားနှင့် ၀န်းသိုစားတို့သည် တိုက်ရည်ကောင်းကြသူများ ဖြစ်၏။ သစ်ဆိမ့် ရေတပ်စတင် ရှုံးနိမ့်ပျက်စီး လေသည်။ ကျန်သမျှ တိုက်လှေ၊ ရဲမက်တို့ကို စုရုံး၍ တပ်ပျက် ဆုတ်ခွာ လာသော သစ်ဆိမ့်အင်အားကို ဘယကျော်ထင်နှင့် နန္ဒသင်္ကြံတို့ ဦးစီးသော တပ်များနှင့် အင်အားဖြည့်ကာ ၀တ်ချက်အရပ်မှ တပ်ခံပြန်၏။

သို့သော် ထိုအချိန်တွင် မိုးညှင်း မင်းတရားနှင့် သားတော်များ၏ တပ်တို့ ပေါင်းမိကား ရေအား ကြည်းအားဖြင့် ၀တ်ချက်လှေတက်ကို အပြင်းအထန် လုပ်ကြံကြရာ ၀တ်ချက်ခံစစ်ကြောင်း ပျက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


မိုးညှင်းတပ်ကြီးသည် ရေဝှမ်းတွင် တပ်စွဲလျက် စစ်ကိုင်းတောင်ရန်အောင်မြင်ကို အခြေပြုကာ အခိုင်အမာ ဝန်းရံလိုက်သည်။ အဝရွှေမြို့တော် အရှေ့ဘက်တွင် တပ်ကြီးတည်ကာ ခုခံပေးမည်ဆိုသော အုန်းပေါင်လယ်သံဘွားသည် သူ၏ တိုက်ဆင်ရှစ်ဆယ်၊ မြင်းနှစ်ထောင်နှင့် စစ်သူရဲနှစ်သောင်းတို့ကို စစ်မျက်နှာမှ ရုပ်သိမ်းသွား၏။

အုန်းပေါင် လယ်သံဘွားသည် ထိုသို့ ရုပ်သိမ်းခအဖြစ် မိုးညှင်းမင်းထံမှ ရွှေသုံးပိဿာနှင့် ငွေအခွက် ငါးဆယ်ကို လက်ခံရယူသွားလေသည်။

အရှေ့ဘက် စစ်မျက်နှာသည် ဟင်းလင်း ပွင့်သွားလေပြီ။

ကျေးတောင်ညိုကား သွေးရူးသွေးတန်း ဖြစ်နေ၏။

အုန်းပေါင်လယ်သံဘွား တပ်နုတ်သွားပြီဟု ကြားသောအခါ ဒေါသနှင့် အကြောက်တို့ပေါင်း၍ ကမူးရှူးထိုးဖြစ်သွားသည်။ လုပ်မိလုပ်ရာ လုပ်တော့သည်။

" တောင်ငူစားတို့၊ တောင်တွင်းစားတို့ကော စိတ်မှချရပါ့မလား မသိ၊ အုန်းပေါင် လယ်သံဘွားလို လုပ်သွားရင်တော့ ခက်ကပြီ၊ ဟော့ ... နေဦး ပုခန်းစားတရဖျား တစ်ယောက်တော့ စစ်ရေးစစ်ရည် တယ်ကောင်းတယ် မဟုတ်လား "

ရွှေတိုက်ဝန်က မျက်နှာမသာမယာဖြင့် ဘုရင်ကို ကြိုလျှောက်တင်သည်။

" ရွှေတိုက်တော်မှာ စစ်အင်အားငှားဖို့၊ ရွှေငွေ အဖိုးတန်များ မကျန်တော့ပါဘူး ဘုရင်မြတ် "

" ဘာ ... "

ကျေးတောင်ညိုသည် မိဖုရားရှင်ဘို့မယ်ကို အားကိုးအားထားလှမ်းကြည့်၏။ ရှင်ဘို့မယ်က နှစ်သိမ့်စကားကို မျက်နှာရိပ်ဖြင့် ပြောလိုက်ပြီး၊ လက်ဝဲဘက် သလွန်ဆီသို့ လှမ်းကြည့်ရင်း မသိမသာ မေးဆတ်ပြလိုက်သည်။

သလွန်ထက်တွင် အရုပ်တစ်ရုပ်နှယ် ထိုင်နေသူကား ရှင်စောပု။

ကျေးတောင်ညိုနှင့် ရှင်ဘို့မယ်တို့ မျက်လုံးချင်း တိုင်ပင် ဆွေးနွေးကြသည်။ မည်သူမျှ မသိနိုင်သော အမူအရာများ ပေါ်လာကြသည်။ ခဏအကြာတွင် ရှင်ဘို့မယ်က ခေါင်းညိတ်ပြလိုက်၏။ ကျေးတောင်ညို ပခုံးနှစ်ဖက်စလုံး နိမ့်ကျသွားသည်ထိ၊ သက်ပြင်းချကာစိတ်အေးသွား

www.burmeseclassic.com

www.burmeseclassic.com


ဟန်ဖြင့် မျက်နှာ ပြန်ကြည်လင်သွားသည်။

" တရဖျားဟာ၊ လုပ်ရည်ကိုင်ရည်ကောင်းတယ်၊ မြို့စားတွေထဲမှာ စစ်ရေးသေနင်္ဂလည်း အကျွမ်းကျင်ဆုံးဖြစ်တယ်၊ ယုံကြည်စိတ်ချရသူလည်း ဖြစ်တယ်၊ ရွှေနန်းတော်ကြီးနဲ့နေပြည်တော် အန္တရာယ် ကင်းဝေးရေးအတွက် မိုးညှင်းစစ်ကို ခုခံချေမှုန်းဆို့အတွက်၊ တရဖျားကို ငါ ဆင့်ခေါ်တာဝန် ပေးရလိမ့်မယ်၊ ဒါကြောင့် တရဖျားအတွက် ထိုက်တန်တဲ့ အဖိုးတန် ပဏ္ဏာဆုလာဘ် ငါပေးမှ ဖြစ်မယ်၊ ဒါကြောင့် ... "

ကျေးတောင်ညိုသည် သလွန်ပေါ်ရှိ ရှင်စောပုထံ၊ လက်ညှိုး တည့်တည့်ညွှန်လျက် ...

" နိုင်ငံတော်အရေး ကြုံလာချိန်မှာ၊ ငါအဆုံးရှုံးခံရဲရမယ်၊ မိဖုရားရှင်စောပုဟာ ပုခန်းစားတရဖျားအတွက် ဆုလာဘ်ပဏ္ဏာဖြစ်စေ"

ကျေးတောင်ညို၏ လက်ညှိုးတစ်ချက်၊ ရှင်ဘို့မယ်၏ မေးတစ်ဆတ် ဝယ် နန်းတော်ရ မိဖုရားကြီးအဖြစ်မှသည် ပုခန်းမြို့စား တရဖျား၏ မြို့စားကတော်ဘဝသို့ ရောက်ရှိသွားလေသည်။

* * *

ညှာတံမှ ပြုတ်ကြွေသွားသော လက်ပံပွင့်ငယ်သော်မှ ချာချာ လည်ကာ မြေပြင်တစ်နေရာတွင် လဲလျောင်းခွင့် ရပေလိမ့်ဦးမည်။

အဝထီးနန်းရေးတွင် မိမိက မည်သို့မျှ ပါဝင်ပတ်သက်ခြင်း မရှိပါပဲလျက် တစ်လက်မှ တစ်လက်သို့ ပြောင်းခဲ့ရသော ဘဝကား လက်ပံပွင့်လေးလောက်မျှ နားခိုရာမတွေ့ ။

မိုးညှင်းထိုးစစ်ကား အချိန်တိုတိုအတွင်းမှာပင် ထိရောက်လာသည်။ မင်းသားကျွန်းမှသည် လုံးတောင်ပေါက်အရပ်ထိ လှေတပ်မှ အခိုင်အလုံစွဲပြီး အဝကို ထိုးဖောက်သည်။ တောင်ငူစား စောလူးသခ်ယာ၊ တောင်တွင်းစား သီဟပတေ့တို့သည် အဝမြို့တွင် ခံနှင့်ထားသော မိမိတို့၏ တပ်များကို နုတ်ကာ ထွက်ခွာသွားကြသည်။ အဝရွှေမြို့တော်သည် စစ်ကြောင်းခံ တပ်ဟူ၍ မရှိတော့ဘဲ မြို့စောင့်တပ်လောက်မျှသာ ကျန်ခဲ့တော့၏။

ကျေးတောင်ညိုသည် ထွက်ပြေးရန်မှအပ အခြားနည်းလမ်းမရှိတော့။ ဘယဂါမဏိနှင့် ရာဇသင်္ကြံ၊ စစ်မှူးမင်း နှစ်ယောက်သာ တိုင်ပင်ဖက်

www.burmeseclassic.com

www.burmeseclassic.com


ကျန်တော့သည်။ မိဖုရားရှင်ဘို့မယ်လည်း မကြံတတ်တော့။

“ အဝနေပြည်တော်ကတော့ ဟင်းလင်းပွင့်သွားပါပြီ ဘုရင်မင်းမြတ်၊ ရှောင်တိမ်းကြဖို့ပဲ ရှိပါတော့တယ် ”

ဘယဂါမဏိက ပြောသည်။

“ ဘယ်ကို ရှောင်တိမ်းရမှာလဲ ပုခန်းကိုလား ”

“ မဟုတ်ပါ ဘုရင်မင်းမြတ်၊ ရခိုင်ဘက်ကို ရှောင်မှပဲ ဖြစ်တော့မှာပါ ”

“ ရခိုင် အင်း … ဟုတ်ပြီ မင်းက ရှေ့တပ်နဲ့ ထွက်နှင့် ရှိသမျှ အလုံးအရင်း ဆင်မြင်းကို ရာဇသင်္ကြံက အပါယူ၊ ကိုင်း … မမဖုရားလည်း ရတနာတွေ သိမ်းထုပ်တော့၊ အခုညဥ့်ပဲ ထွက်ကြစို့ရဲ့ ”

အမြဲတမ်း အလှမာန်ဖြင့် တင်းမာတောက်ကြွားချက် ရှိသော ရှင်ဘို့မယ်သည်ထိုအခိုက်အတန့်၌ နေထိသော ပန်းပွင့်ပမာ ဖြစ်နေ၏။

“ တလုပ်မြို့ကို ရောကအောင် ဆင်မြင်းနဲ့ ချီပါ့မယ်အရှင်၊ အဲဒီကမှ စလင်းအထိ ရွှေလှော်ကားနဲ့ စုန်ကြမယ်၊ အနောက်ဘက်ကမ်း ရောက်ရင် ရခိုင်ဘက်ကူးဖို့ မခဲယဉ်းတော့ပါဘူး၊ ပဲလွန်တောင် ရောက်ရင်ပဲ ရခိုင်မင်းနဲ့ ဆက်သွယ်လို့ ရပါပြီ ”

ဘယဂါမဏိကဆုတ်ခွာ ရှောင်ပြေးမည့် ခရီးစဉ်ကို တွက်ချက်ပြ၏။ ကျေးတောင်ညိုကြား ရှင်ဘို့မယ်၏ လက်ကို ဆုပ်နယ်ဖျစ်ညှစ်ထားရင်း စိတ်မရှည်စွာ အော်လေသည်။

“ အဲဒါတွေ ငါ့လာမပြောမနေနဲ့၊ အခု ညဥ့်ချင်း ဒီနန်းမြို့ထဲက ထွက်ဖို့ စီစဉ်၊ ဒါပဲ ”

* * *

မိုးညှင်းမင်းသည် စစ်ပွဲဝင်ချပ်ဝတ်ကိုပင် မလဲလှယ်တော့ဘဲ အဝ ရာဇပလ္လင်ပေါ်သို့ တက်လိုက်၏။ စိတ်မြတ် ကိုယ်မြန်ရှိသော မိုးညှင်းမင်းသည် ချက်ချင်းပင်ညီလာခံခေါ်ကာ ရာဇဘိသေကသဘင်ကို ကျင်းပလိုက်သည်။ ကိုယ်တိုင်က သီရိတြိဘဝနာဒိတျာပဝရ ပဏ္ဍိတ ဓမ္မရာဇာဘွဲ့နာမကို ခံယူပြီးသည်နှင့် ရာထူးဌာနန္တရဆုလာဘ်များကို စီမံသည်။

“ သားတော်ကြီးမိုးရွှေစား မင်းရဲကျော်စွာအမည်နဲ့ အိမ်ရှေ့စံစေ၊ စကုစလင်း လယ်ကိုင်း သုံးခရိုင် ကံကျေးစားစေ ”

“ သားတော်ငယ် ဝန်းသိုစား နော်ရထာအမည် နဲ့ ကဏ္ဍီကို ကံကျေးစားစေ ”

www.burmeseclassic.com

www.burmeseclassic.com


" နှမတော် မင်းလှမြတ်၊ မယ်တော် မိဖုရားကြီးရဲ့ တူတော် ပြင်စည်မင်း သီဟပတေ့နဲ့ စုံမက်စေ "

နားခံတော်သည် မဓောမပန်းနိုင် ဘုရင့်အမိန့်တော်များကို ကြေညာနေရ၏။ ထိုသို့ ရာထူးဌာနန္တရနှင့် ဆုလာဘ်များ ချီးမြှင့်နေချိန်တွင် ရဲမက်များသည် သုံ့နှစ်ယောက်ကို ဖမ်းချုပ်၍ ရှေ့မှောက်သို့သွင်းလာ၏။ မိုးညှင်းစစ်သည်များ အလယ်မှ သုံ့နှစ်ယောက်သည် မလွတ်နိုင်မှန်း သိလျက်နှင့်ပင်ရန်းကန်နေသဖြင့် ရန်းရင်းဆန်ခတ် ဖြစ်နေလေသည်။

ချပ်ဝတ်တန်ဆာအပြည့်ဖြင့် မိုးညှင်းမင်းသည် ရာဇပလ္လင်ပေါ်မှ သက်ခဲ့ပြီး သုံ့နှစ်ယောက်ရှေ့တွင် ရပ်လိုက်၏။

" မင်းတို့က ဘယ်သူတွေလဲ၊ ကိုယ်တိုင်ပြောစမ်း "

" ကျွန်တော်က ရာဇသင်္ကြံ ... အစ်ကို "

" ကျွန်တော်က ရန်လိုကျွဲ ... ညီ "

တင်းမာသော မျက်နှာထား၊ လေသံဖြင့် ဖြေကြသည်။

" ဩ ... အဝရဲ့ နာမည်ကျော် စစ်ကဲမင်းညီနောင်တွေ ပါလား၊ နေပါဦး မင်းတို့ညီအစ်ကို သုံးဦးရှိတယ် မဟုတ်လား "

" အစ်ကိုအကြီးဆုံးက ဘယဂါမဏိ "

" သူကော ... "

" ကျေးတောင်ညိုမြင်း မိဖုရားရှင်ဘို့မယ်တို့နဲ့အတူ တိမ်းရှောင်သွားပြီ "

" ဒီလိုလား မင်းတို့နှစ်ယောက်က ဘာကြောင့် လိုက်မသွားတာလဲ "

" အဝ နေပြည်တော်နဲ့အတူ နေရစ်မယ်၊ အဝကျရင် ကျွန်တော်တို့လည်း အသေခံမယ်၊ ရှောင်တိမ်း ထွက်ပြေးတာ ကျွန်တော်တို့ အလုပ် မဟုတ်ဘူး "

ဆင်ပေါက် နှစ်ကောင်နှယ် ကြံ့ခိုင်သော ညီအစ်ကို နှစ်ယောက်ကို ကြည့်၍ မိုးညှင်းမင်း ခေါင်းညိတ်သည်။ ထို့နောက် တင်းမာသော မျက်နှာဖြင့် –

" မင်းတို့ကို ငါ အခုချက်ချင်း စီရင်မယ်ဆိုရင်ကော "

" မိုးညှင်းတပ်ထဲက အကောင်းဆုံး စစ်သူရဲနဲ့ နှစ်ဦးချင်း တိုက်လိုက်ချင်ပါသေးတယ်၊ ပွဲဝင်ပြီးမှ ကျွန်တော်တို့ နိုင်နိုင်ရှုံးရှုံး ကြိုက်သလို စီရင်ပါ၊ ကျွန်တော်တို့က စစ်သုံ့ပဲ "

www.burmeseclassic.com

www.burmeseclassic.com


မိုးညှင်းမင်းသည် ချပ်ဝတ်သိုင်းကြိုးကြားသို့ လက်မကို ထိုးထည့်ရင်း တဟားဟား ရယ်လေသည်။

" တယ်ဟုတ်တဲ့ ညီနောင်ပဲ၊ ပွဲဝင်ချင်သေးသတဲ့၊ ဟား ... ဟား အင်း ... ဘုရင်ကျေးတောင်ညို ညံ့သလောက်၊ သူ့စစ်မင်းတွေ တော်ကြသကိုး၊ အဝမှာ ယောကျ်ားကောင်း မိန်းမမြတ်တွေ ရှိတယ်လို့ငါကြား ထားတာ အမှန်ဖြစ်နေပြီ၊ သြော် ... ဟေ့ နေဦး "

အရယ်ရပ်လျက် မိုးညှင်းမင်း ပြန်တည်သွားသည်။

" ရှင်ဘို့မယ်က ကျေးတောင်ညိုနဲ့ ပါသွားတယ် ဟုတ်စ "

" ဟုတ်ပါတယ် "

" ဟေ့ ... နေဦး ... နေဦး အဝမှာ ဟံသာဝတီက ခေါ်လာတဲ့ မိဖုရား တစ်ပါး ရှိတယ်မဟုတ်လား၊ အပြင်အလျာ ကောင်းသလောက် စိတ်နေလည်း အင်မတန် မြင့်မြတ်တဲ့ မိဖုရား သူ ဘယ်သူ သြော် ... ရှင်စောပု သူ ကော ... ဘယ်ရောက်နေသလဲ "

ညီအငယ်ဆုံး ရန်လိုကျွဲက ပခုံးသားကြီးများခုံး ခုံးထလာအောင် အသက်ပြင်းစွာရှူရှိုက်၍ ဖြေလေသည်။

" မိဖုရား ရှင်စောပုဟာ မြို့စားကတော်ဘဝနဲ့ ပုခန်းကိုရောက်နေ တယ် "

" ဘာ ... ဘယ်လို ... မြို့စားကတော် "

" ကျေးတောင်ညိုဟာ ပုခန်းစား တရဖျားဆီက စစ်ကူရဖို့အတွက် ရှင်စောပုကို ပဏ္ဏာအဖြစ်ပေးခဲ့တယ်၊ တရဖျားဟာ မိဖုရားကို အပါဆောင်ပြီး ပုခန်းကို ပြေးနှင့်ပြီ "

" ဒါ ... အဓိပ္ပါယ်မရှိဘူး "

မိုးညှင်းမင်းသည် အေးစက်သော အသံဖြင့် ရေရွတ်ကြိမ်းမောင်း၏။

" ရှင်စောပုရဲ့ ဂုဏ်သတင်းတွေကို ငါသိထားတယ်၊ သူ့လို မိဖုရားမျိုးဟာ ဘောက်မဲ့ကြောင့် ပုခန်းတရဖျားရဲ့ လက်ထဲမှာ မြို့စား ကတော် ဖြစ်နေရမှာလဲ၊ သူဟာ သုသျှင် ရာဇာဓိရာဇ်ရဲ့ ရင်သွေးတော် စစ်စစ်ဖြစ်တယ်၊ ဟံသာဝတီ နန်းညွန့်လျာ တစ်ပါးလည်းဖြစ်တယ်၊ ဟေ့ ... အကြီးလူ၊ မင်းနာမည် အဲ ... ရာဇသကြံ "

" ဟုတ်ပါတယ် "

" ပုခန်းကို မင်းလုပ်ကြံနိုင်မလား၊ မိဖုရားရှင်စောပုကို အဝနန်း တော်မှာ ငါပြန်ခေါ်ထားရမယ် "

www.burmeseclassic.com

www.burmeseclassic.com


အစ်ကိုဖြစ်သူ ရာဇသင်္ကြံကား၊ ညီငယ်ရန်လိုကျွဲကဲ့သို့ သွေးဆူတတ်သူ မဟုတ်ချေ။ သို့သော် တည်ကြည်သော အသွင်ဖြင့် ပြော၏။

" တရဖျားလို မြို့စားမျိုးကိုတော့ ကျွန်တော့်လက်နဲ့ မသတ်ချင်ဘူး"

"အေး...မသတ်စေရပါဘူး၊ တရဖျားကို စီရင်ရမယ်လို့ ငါမခိုင်းပါဘူး၊ ပုခန်းကို လုပ်ကြံဖို့နဲ့ မိဖုရားရှင်စောပုကို အဝနန်းတော်ဆီ ပြန်ခေါ်လာ နိုင်ဖို့ပါပဲ "

" ကျွန်တော်တတ်နိုင်ပါတယ် "

" ငါတို့ ခမည်းသားအဖတစ်တွေလည်း ပါဝင်ကြမှာပေါ့၊ ကိုင်း ... ရာဇာသင်္ကြံနဲ့ ရန်လိုကျွဲ၊ မင်းတို့ကို ငါသံ့ အဖြစ်က လွှတ်လိုက်ပြီ၊ မင်းတို့ရဲ့ 'အဝနန်းတော်လည်း မကျပါဘူး၊ မင်းတို့ကိုလဲ ငါမသတ် ပါဘူး၊ နေမြဲ တိုင်းနေ၊ ကံကျွေးစားမြဲအတိုင်းစား ... ဟုတ်လား ..."

မိုးညှင်းစစ်သည်များ၏ ဟေးခနဲ ကြွေးကြော်သံသည် အဝရွှေနန်းတော်အတွင်း ပဲ့တင်မြည်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၉)

"ရွှေညောင်သလွန်၊ လေသွန်ဖြည်းညင်း၊ ပြတင်းကွန်ရက် ၊ ပြိုးပြိုးပြက်တည့်၊ ငါးဆက်ပြာသာဒ် ၊ မတ်သွယ်မြင့်မြင့်၊မြူးကွန့်တင့်သား၊ စွင့်စွင့်မုန်လိုဏ် ၊ တစ်ပင်တိုင်နှင့်၊ ရိပ်မြိုင်သာဝဲ၊ ပတိုက်ဖြဲဟု ၊ တစ်ခဲ ရွှေရည်၊ ဘုံခြောက်မည်သည့်၊ ရောင်ခြည်ဝှန်ပြေး၊ မြူမမြေး... ဧလည်းတည့်ယင်ယင်ဧ"

ရခိုင်သို့ ဝင်မည်ဟု ထွက်ပြေးသော၊ ကျေးတောင်ညိုသည် ပဲလွန်တောင်အရပ်မှာပင် ဘဝဇာတ်သိမ်းသွား၏။ အကြောက်ကြီးကြောက်ကာ ခရီးပြင်းနှင် ထွက်ပြေးရင်းဖြင့် ကြောက်စိတ်၊ ခရီးပန်းမှုများကြောင့်၊ ရုတ်တရက်ကောက်ကာငင်ကာ ဖျားကာ၊ တောထဲ တောင်ထဲတွင် သေဆုံးသွားခြင်းဖြစ်သည်။ ကျေးတောင်ညိုသည် သူစွဲလမ်းသော ရှင်ဘို့မယ်အခေါ်အပင့်ကောင်းမှုကြောင့်၊ အဝဘုရင်အဖြစ် မျက်စိလည် လမ်းမှား၍ ရောက်ရှိခဲ့ရာအဆိပ်မိ၍ ကွယ်လွန်ခဲ့သော ကိုးနှစ်ရွယ် မင်းလုလယ်ထက်၊ နန်းစံသက်လေးလမျှသာ ပိုခဲ့လေသည်။

ရှင်ဘို့မယ်ကား မူလကတည်းကပင် ရခိုင်သို့ ဝင်ရန်စိတ်ထက်သန်ခြင်းမရှိလှသဖြင့် ကျေးတောင်ညိုကွယ်လွန်သောအခါ၊ ဟံသာဝတီဘက်ကူးတော့မည်ဟု အစီအစဉ်ပြောင်းခဲ့သည်။ သို့သော် ဘယဂါမဏိကအကြံပေးသည်။ ရာဇဘိသေကခံယူထားပြီးသော၊ မိဖုရားတို့ကို နောက်အဆက်ဆက်မင်းများက အပြစ်ဒဏ်မထား၊ အစီအရင်လုပ်လေ့မရှိ။ မိဖုရားရှင်စောပုကိုကြည့်ပါ.....ဟုဆို၏။

ရှင်ဘို့မယ်က "ငါက ရှင်စောပုမဟုတ်ဘူး၊ သူလို အထီးကျန်ကင်းကင်းရှင်းရှင်း နေလာတဲ့မိဖုရားမျိုးမဟုတ်ဘူး၊ ထီးရေးနန်းရေးကြိုးစတွေ၊ ငါ့မှာ တစ်ထွေးကြီးနဲ့၊ ရှင်စောပုသာ အဆက်အဆက်

www.burmeseclassic.com

www.burmeseclassic.com


အလျှာထားခံရပေမဲ့၊ ငါ့ကျရင် ဟို....မိုးညှင်းသတိုးက အငြိုးအတေး ထားချင်ထားမှာ” ဟု ပြောသည်။

နောက်ဆုံးတွင် ဘယဂါမဏိက၊ ဟံသာဝတီတစ်ပြည်ခြားသို့ လည်း ထွက်သွားရန်မသင့်ပါ။ ဖြစ်လာမည့်အရေးကိုတွေးဆလျက် အလျော့အတင်း ထားနေသင့်ပါသည်ဟု လျှောက်သဖြင့် မန်းစက်တော်ရာ ဘက်ကူး၍ အလုံးအရင်းတပ်တည်၍ နေလိုက်လေသည်။

ထိုအချိန်တွင် မိုးညှင်းမင်းကမူ ပုခန်းကို ချီတက်သိမ်းယူရန် သားတော်နှစ်ပါး၊ ယောက်ဖတော် သီရိဖေယျာသူ၊ တပ်မှူး ရာဇသင်္ကြံတို့နှင့် စစ်ရေးအစီအမံများ ချမှတ် နေပေပြီ။

* * *

ခမည်းတော် သုသျှင်ရာဇာဓိရာဇ် ရှိစဉ်တုန်းက ဟံသာဝတီ နန်းတော်လို ဖြစ်နေ၏။

အဝနန်းတော်တွင် စစ်သည်သူရဲကောင်းတို့ အကြောင်းမှာ ရေပန်းအစားဆုံး သတင်းဖြစ်နေသည်။

“ပုခန်းပွဲတုန်းက ရာဇသင်္ကြံတို့ စွမ်းလိုက်ပုံများလေ၊ အင်အား သုံးရာတည်းနဲ့ညဉ့်ဘက်ကြီး တပ်ထောက်စုံစမ်းတော့ ပုခန်းကြီးတပ်တွေက ရာဇသင်္ကြံ အင်အားနည်းနည်းလေးပဲဆိုပြီး ဝိုင်းတိုက်ကြတာပေါ့”

“ဟုတ်တယ်၊ မင်းတရားက မြောင်းတူဝမှာ ဆင်မြင်း အလုံးအရင်းနဲ့ တပ်စွဲပြီး ရာဇသင်္ကြံကို လွှတ်လိုက်တာတဲ့။”

“ပုခန်းက အင်အားကြီးတော့ ရာဇသင်္ကြံဟာ တပ်ပျက်ကိုယ်လွတ် ရှန်းပြီး၊ လယ်မောင်းသွင်းတဲ့ တွင်းကြီး တစ်ခုထဲ ဆင်းပုန်းနေရတယ်တဲ့ နောက်က ထက်ကြပ်လိုက်လာတဲ့၊ ပုခန်းသား စစ်သည်တွေက တွင်းဝက နေပြီး ရာဇသင်္ကြံခေါင်းကို သူဖြတ်မယ်၊ ငါဖြတ်မယ် နဲ့ ငြင်းနေကြသတဲ့”

“ကြားပြီးပါပြီ၊ ရာဇသင်္ကြံက တွင်းထဲကနေပြီး၊ ငါတက်လာခဲ့မယ်၊ အဲဒီတော့မှ ငါ့ခေါင်းဖြတ်ကြပေါ့၊ အခု ငါတတ်ရအောင် လှံကမ်းလိုက်လို့ လှမ်းပြောတယ်၊ အဲဒီတော့ တစ်ယောက်က လှံအကမ်းမှာ ရာဇသင်္ကြံက လက်ဦးတယ်၊ ကျလာတဲ့ သူရဲ့ခေါင်းကိုဖြတ်ပြီး ရော့ဟော့ အဲဒါရာဇသင်္ကြံ ခေါင်း ဆိုပြီး ပစ်တင်ပေးလိုက်သတဲ့၊ ဟိုနှစ်ယောက် ခေါင်းလုနေကြတုန်း

www.burmeseclassic.com

www.burmeseclassic.com


ရာဇသင်္ကြံက လုံထောက်ခုန်ပြီး တွင်းပေါ်တက် အလွတ်ရုန်းနိုင်ခဲ့သတဲ့"

"အံမာသူ့ညီရန်ကိုကျွဲကလည်း၊ တကယ့်ကျွဲကြီးတစ်ကောင် လိုပဲနော်၊ ပွဲပေါင်း သုံးဆယ်ကျော် ရထားတဲ့ သူရဲကောင်း၊ မင်းတရားက သူ့ကို သိပ်သဘောကျတော်မူတာကလား"

"ပြောရရင်တော့ တို့များမင်းတရားမှာ သူရဲကောင်းတွေ တောင့်တင်း လှတယ်၊ သားတော် ညီတော်တွေကလည်း အပြိုင်းအရိုင်း၊ တောင်ငူ စောလူးသခ်ယာတို့၊ တောင်တွင်း သီဟပတေ့တို့ဆိုရင်လည်း တကယ် အားထားရတဲ့ လက်ရုံးကြီးတွေ'

"အေးလေ ဒါကြောင့်လည်း၊ အဝ ရွှေနန်းတော်ကို ခဏချင်း သိမ်းယူနိုင်တာပေါ့၊ ပုခန်းကြီးဆိုလည်းခုနှစ်ရက်ပဲကြာတယ်၊ မောက်မာ လှတဲ့ ပုခန်းစား တရဖျားကို လက်ရဖမ်းပစ်ခဲ့တာပေါ့"

"တရဖျားကို မကွပ်လိုက်ဘူးလား"

"တို့များ မင်းတရားက၊ သဘောထားကြီးတဲ့ သူကွဲ့၊ တရဖျားကို ရွှေစည်းခုံတောင်ဘက် ဆင်ကျုံးအရပ်မှာ အိမ်ဆောက်ပေးပြီး နေစေတယ်၊ တရဖျားလည်း၊ မြေစွယ်ကျိုး ဖြစ်သွားပါပြီလေ"

"နေပါဦး မိဖုရား ရှင်ဘို့မယ်က၊ စကု အနောက်ဘက် မန်းစက် တော်ရာမှာ သွားရှောင်နေတာကိုလည်း သိမ်းလိုက်တယ် မဟုတ်လား၊ အဲဒီမှာ ဘယဂါမဏိကို သံခြေချင်းနဲ့ ဖမ်းလာခဲ့တယ်နော်"

"ဒီလို ခေါ်လို့မရဘူးလေ၊ ဘယဂါမဏိဆိုတာ၊ အစ်ကိုအကြီးဆုံး ပီပီ လုပ်ရည် ကြံရည်လည်း အထက်ဆုံး၊ ဒါပေမဲ့ အုန်းပေါင်စား တပ်ကြီးနဲ့ ချီလာတော့ သံခြေချင်းကလွတ်ပြီး ဘယဂါမဏိကို တိုက်ခိုင်း တယ်၊သူရဲကောင်းက ဆင်တော်စောရန်နှင်ကို စီးပြီး ထွက်တိုက်တာ၊ အုန်းပေါင်တပ်ပျက်ရော၊ မင်းတရားက သူရဲကောင်းကို အဲဒီလို မွေးတတ်တာ"

စစ်ပွဲတွေ သူရဲကောင်းတွေ ဆုလာဘ် ပဏ္ဏာတွေ၊ သေနင်္ဂတွေ အဝ ရွှေနန်းတော်မှာ မိုးမွှန်အောင်ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


စောလူသန်ယာ၊ သီဟပတေ့၊ မင်းငယ်ကျော်ထင်၊ ဘယဂါမဏိ၊ ရာဇသင်္ကြံ၊ ရန်လိုကျွဲစသော အမည်နာမများ၊ ပင်လယ်အုန်းပေါင် ၊ ရပ်စောက်၊ ပုခန်း၊ နောင်မွန်။ တောင်တွင်း၊ ခပေါင်း၊ ပေါင်းလောင်းတရိုး တောင်ငူ၊ စကုစစ်ပွဲအခင်းအကျင်း ဒေသများ၏ အမည်များသည်လည်း လူတိုင်း နှုတ်ဖျားတွင် သီးနေကြသည်။

သူတို့ မင်းယောကျ်ားတွေ ထိုစစ်ပွဲများကို မြိန်ရေ ရှက်ရေ ပြောနေကြချိန်တွင် သူတို့အားလုံး မေ့လျော့နေကြသော သူတစ်ယောက် ရှိ၏။ ထိုသူမမှာ ရှင်စောပု။

ပုခန်းတရဖျားကို ရွှေစည်းခုံတောင် ဆင်ကျုံးအရပ်တွင် အိမ်ဆောက်ပေးကာ သိမ်ငယ်စွာ ထားလိုက်ပြီးနောက် မိုးညှင်းမင်းသည် မိဖုရား ရှင်စောပုကိုကား နန်းတော်တွင် ဆောင်ယောင်ဖြင့် အရာမပျက် ချီးမြှောက်ခဲ့လေသည်။

မန်းစက်တော်ရာမှ ပြန်ခေါ်လာခဲ့သော ရှင်ဘို့မယ်ကို မိုးညှင်းမင်းသည် ရွှေလှေနှင့် ဆောင်ယူကာ ရွာသစ်ကြီးမှ အခမ်းအနားဖြင့် ကြိုခဲ့၏။ ရှင်ဘို့မယ်ကား စိတ်ထောင်းကိုယ်ကြေ ဖြစ်၍ နာမကျန်းရှိနေပေပြီ။ မိုးညှင်းမင်းက နဖူးကို အသာအယာစမ်းသည်တွင် အလှမာန် ရာဇမာန် မောက်သော ရှင်ဘို့မယ်က လက်ကိုင်ပုတ်ချကာ မာကျောစွာ တစ်ခွန်း ပြောခဲ့၏။

" ကျွန်စော်နံတယ်...." ဟု

" ရှင်ဘို့မယ်ဟာ တကယ့်ကို မာန်မာနကြီးသူပဲနော် သခင်မ၊ သူ့ ရည်ရွယ်ချက်တွေ ပျက်ပြား၊ သူ့ချစ်သူ ကျေးတောင်ညိုလည်း တောထဲတောင်ထဲမှာ သေဆုံး၊ သူကိုယ်တိုင်လည်း နာမကျန်း ရှိနေတာ တောင်မှ မိုးညှင်းမင်းတရားကို ကျွန်စော်နံတယ်လို့ ပြောပြီး လက်ကို ကုတ်ချခဲ့သတဲ့၊ အာဂ မိဖုရားပဲနော်"

မိသင်က မှတ်ချက်ချ၏။

ရှင်ဘို့မယ်ကို နှစ်နှစ်မြို့မြို့ ရှိလှသည်မဟုတ်သော်လည်း ဤတစ်ချက်မှာတော့ သူနှင့် မိမိသဘောထားချင်းတူနေသည်။ မိုးညှင်းမင်းတရားသည်အဝဘုရင်အဖြစ် ထီးပလ္လင်ကို မသိမ်းခင်က " သတိုး" ဘွဲ့ဖြင့် မြို့လှကို အပိုင်စားခဲ့ရသူ။ ထို့နောက် မိုးညှင်းကို စားခဲ့ရသူ စစ်စစ် ဖြစ်၏။ မိုးညှင်းသတိုးသည် မဟာဆီမဟာသွေးအစစ်မဟုတ်၊ သူ့ဘိုးဘေး အစဉ်မှာ ပုဂံနရမတိစည်သူ၏ မိဖုရားငယ်၏ သမီးနှင့် အနန္တသူရိယတို့မှ

www.burmeseclassic.com

www.burmeseclassic.com


ဆင်းသက်ခဲ့သူဖြစ်၏။ သူ့ခမည်း မြေနဲစောဒိကာသည် ဆင်ဖြူငါးစီးရှင်၏ သမီးတော် ရွှေအိမ်သည်မှ ဆင်းသက်သူဖြစ်သော်လည်း သူ့မိခင်မှာမူ ညောင်ရမ်းစောမွန်နစ်ကြီးသမီးတော်ဖြစ်သည်။ မင်းနန္ဒစီဟူသော သူ၏ မူရင်းအမည်ကို မည်သူမျှသတိမရကြတော့။ သူဥဒိန်စား အင်းဘဲစား ဖြစ်ခဲ့သည်ကိုလည်း မည်သူမျှ ပြန်မတွေးကြတော့။ အဝဘုရင်မင်းခေါင် အတွက်အထိပ်ရောက်ချိန်တွင်မှ မြို့လုစား မိုးညှင်းစား သတိုးအဖြစ် သူ့ကို လူတွေသိလာကြခြင်းဖြစ်လေသည်။

စင်စစ် ရှင်စောပုကိုယ်တိုင်လည်း မိုးညှင်းသတိုးခေါ် မိုးညှင်းမင်းတရား အပေါ်၌ ထီးနန်းရှင်အဖြစ် သဘောထား၍ မရခဲ့ချေ ။

အစ်ကို ဗညားရံ စနက်ကြောင့် ဆင်ဖြူရှင် သီဟသူထံ အဆက်သ ခံခဲ့ရစဉ်က အဖြစ်ကိုလည်း ရှင်စောပုသတိပြန်ရမိ၏။

ဝေါပေါ်မှအဆင်း ဖောင်တော်ဆီအကူးတွင် “ ကျွန်တော်မျိုး မိုးညှင်းသတိုးပါ ” ဟုဒူးထောက်ခစားခဲ့သူ။ ဗညားရံအား နာကြည်းစွာဖြင့် လွှန်းချိတ်ထမီအုပ်နှင့် သေတစ်အိုး ပေးလိုက်ဟု မိမိ အမိန့်ပေးခဲ့သူ။

စစ်သည် တပ်မှူးမင်း မြို့စားဘဝမှ ထီးနန်းရှင်ဖြစ်လာသော မိုးညှင်း မင်းတရားကို မိုးညှင်းသတိုးမင်းအဖြစ်သာ စိတ်ကစွဲမှတ်နေ၏။ ထိုသို့သော သူက မိုးညှင်းမင်းတရားဖြစ်လာကာ ရာဇဝံသအစဉ်အလာအတိုင်း မိမိအား နန်းရမိဖုရားကြီးအဖြစ် သူဆက်လက်ချီးမြှောက်သည်။ဒါကလည်း မိုးညှင်းသတိုးသည် သူ့ကိုယ်သူအဝဘုရင် မင်းတရားအဖြစ် ပုံသွန်း ထုဆစ်ရာ၌ ပိုမိုကြီးမြတ်အောင် ခြံရံသောအဆောင်ယောင်တစ်ခုထက် ဘာမျှ ပို၍ အဓိပ္ပာယ် ရှိမလာချေ။

ဤသို့ ဖြစ်လာခြင်းကမူ အသက်ရှူချောင်သေးသည်ဟု မှတ်ယူရ တော့သည်။ သူရဲကောင်းတွေ၊ စစ်အောင်ပွဲတွေဖြင့် ဂုဏ်ယူနေသော မိုးညှင်းမင်းသည် မိမိကို လေးလေးစားစား နေရာပေးထားသည်ကလွဲ၍ ချဉ်းကပ်ဆက်ဆံခြင်း ပြုမလာခဲ့။

ထို့အပြင် သူသည် အဝထီးနန်းကို သိမ်းပြီးနောက် တစ်နှစ်မှာပင် နန်းတော်အသစ်ဆောက်လုပ်ခဲ့၏။ အဝနန်းတော်ဟောင်းကို သူ့လက်ထက် တွင် နန်းတော်အသစ်ဖြစ်စေရမည်ဟု ဆိုသည်။ နန်းတော်သစ်တည်ဆောက် ရေးတွင် အချိန်ကုန်နေခြင်းကလည်း ရှင်စောပုအဖို့ လွတ်လပ်ချောင်ချိစွာ နေခွင့်ရခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


ဆင်ဖြူရှင်သီဟသူ လွန်ခဲ့ပြီးနောက် အဝထီးနန်းသည် လက်ပြောင်းလက်လွဲမြန်ခဲ့လေသည်။ ကိုးနှစ်ရှယ် မင်းလှငယ်ခမျာ သုံးလမျှသာ နန်းတက်ခဲ့ရသည်။ ထို့နောက် ကျေးတောင်ညိုတက်သည်။ ကျေးတောင်ညိုသည်လည်း နန်းသက်အခါလည်ပင်မပြည့်ခဲ့။ ခုနှစ်လမျှနှင့် အဝမြို့တော်မှ ထွက်ပြေးခဲ့ရသည်။ ရွှတ်ထွေးမြန်ဆန်လွန်းလှသော ရာဇပလ္လင်အနီးမှ လက်များသည် ရုတ်ခနဲ ရုတ်ခနဲ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်ခဲ့သည်။

ဤအဖြစ်ကို အဝနိုင်ငံသားတို့လည်း စိတ်ပျက်လက်ပျက်ဖြစ်နေကြသည်မှာ သေချာသည်။ ထို့ကြောင့် မိုးညှင်းမင်း အလုံးအရင်းနှင့် ဝင်လာကာ မြို့စားနယ်စား ပဒေသရာဇ်တွေကို မဟာမိတ်နည်း၊ စစ်သေနင်္ဂနည်းများဖြင့် ရှင်းလင်းလိုက်သောအခါ မိုးညှင်းမင်းကို အားပေးထောက်ခံသူများ သောင်းသောင်းဖြဖြ ဖြစ်လာသည်။

သူတို့အားလုံး ဘုရင်သစ်နှင့် နန်းတော်သစ်၌ အာရုံစိုက်နေကြခြင်းသည်ပင် ရှင်စောပုအတွက် နားခိုရာ လွတ်လပ်မှု ဖြစ်လာ၏။

ကန္တာရအလယ်မှ စမ်းရေအိုင်ဒေသကလေး တစ်ခုကို ဖက်တွယ်ခြေချမိချိန်၌ မိမိအဘယ်အမှု ပြုရမည်နည်း။ စမ်းရေကို သောက်ချိုးသုံးဆောင်ကာ အင်အားမွေးရင်းဖြင့် ဒဏ်ရာဗလပွဖြစ်ခဲ့သော နှလုံးသားကို မည်သည့်နေရာ၌ ထားသိုမည်နည်း။

မိုးညှင်းမင်းကတော့ နန်းတော်သစ်ဆောက်နေပြီ။

မိမိကကော အသစ်အသစ်သော ဘယ်ဘဝကို ဆောက်မည်လဲ။

မိုးညှင်းမင်း၏ နန်းတော်သစ်မှာ ဆောက်လုပ်ပြီးစီးသွားလျှင် သူ၏ဘုန်းလက်ရုံး အာဏာကို ပို၍ ကြီးထွားကျယ်ပြန့်ရေး အတွက် အသုံးပြုမည့်နန်းတော်သစ်။

မိမိဘဝသစ်ကကော မည်သည့်အရာကို တိုးချဲ့ ခိုင်ခန့်အောင် လုပ်မည့် ဘဝသစ်လဲ။

မိသင် ခပ်တိုးတိုးညည်းဆိုနေသည့် ရွှေနားတော်သွင်း ချေင်းကို မကြားတစ်ချက် ကြားတစ်ချက်ရှိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com


(၁၀)

**"…မုနိပုဂံ္ဂ ၊ သုံးလူ့ဖကား၊ မဆွေးနွာစွာ၊ ဝါဆိုခါ၌၊ ဗာရာဏသီ၊ ပြည်ကိုမှီ၍၊ ဝဂ္ဂီငါး ယောက်၊ရှင်တို့မှောက်ဝယ်၊ ကြားချောက်ဘဝဂ် ဓမ္မစက်ကို၊ သံမြွက်ဝှဲချီး၊ ဟောပေပြီးမှ၊ ချေချွတ် ပြုမှ၊ ဥရုဝေဠ၊ ကဿပကာ၊ စသည့်ညီနောင် ရှင်တစ်ထောင်အား၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိနွာ၍"**

ဦးပြည်းစိမ်းစိမ်းနှင့် သစ်ခေါက်ဆိုးရောင် သင်္ကန်းတို့ကြောင့် အသားအရေမှာ ပို၍ ဝင်းဝါနေကြသည်ဟု ထင်ရ၏။

" ဒီမှာ ထိုင်တော်မူကြပါ ကိုရင်တို့"

မယ်သင်က ကမ္ဗလာနီညိုရောင်ကို ခုံပေါ်သို့ လွှမ်းပေးရင်း လက်အုပ်ချီလျှောက်သည်။ ကိုရင်နှစ်ပါးစလုံး ခြေစုံရပ်နေရာမှ ခုံပေါ်ဝင်ထိုင်ကြသည်။ ငယ်ရွယ်နုနယ်သောအသွင်တွင် နှစ်ပါးစလုံးသာမဏေ သာရုပ္ပဖြင့် ပြည့်စုံကြကြောင်း တွေ့ရသည်။

ကိုရင်းလေးများရှေ့တွင် ဒူးတုပ်ဝပ်ချလိုက်၏။

ဆွေမျိုးရင်းချာ၊ တူငယ်သားငယ်လေးများကို တွေ့လိုက်ရသလို ရင်ထဲမှာ တလှပ်လှပ် ကြည်နူးလာသည်။ ထိုကြည်နူးစိတ်ဖြင့်ပင် သားငယ် ဗညားရူပလေးကို သတိရလိုက်မိသည့်အတွက် ရင်ထဲညို့ကနဲ ဖြစ်သွားသေး၏။ ဩော်…သားတော်လေးအခုနေဆို ကိုးနှစ်ထဲ ရောက်ခဲ့ပြီပေါ့၊ သားလေးကို ဘယ်သောအခါမှ ရှင်သာမဏေ ပြုရမှာပါလိမ့်၊ သာသနာ့ ဒါယိကာမ ဘယ်သောအခါမှ ဖြစ်ရမှာပါလိမ့်။ ရင်သွေးငယ်အား ပဗ္ဗဇ္ဇိတ ရှင်သာမဏေဘောင် သွတ်သွင်းပြီးခါမှပင် သာသနာ့အမွေ ခံထိုက်သူ၊ ဗုဒ္ဓမြတ်စွာနှင့် ဆွေတော်မျိုးနွယ်တော်စပ်ခွင့်ရသူ ဖြစ်ချေမည်။ ယခုတော့…

" ကိုရင်တို့ဘွဲ့ကို အမိန့်ရှိကြပါဦး"

" ကျုပ်က ဓမ္မဉာဏတဲ့၊ ဒီကိုရင်လေးက ဓမ္မဓရတဲ့"

www.burmeseclassic.com

www.burmeseclassic.com


မျက်ခုံးပို၍ထူသော ကိုရင်လေးကဆိုသည်။ နှစ်ပါးစလုံးအသား လတ်လတ် မျက်နှာပြည့်ပြည့် မျက်ရစ်မို့မို့ဖြင့် ကြည်ညိုဖွယ် အဆင်းရှိကြ၏။ ဝဲနေသောစကားပြောသံများကြောင့် ဟံသာဝတီနွယ်ဘွား ကိုရင်လေးများ ဖြစ်သည်ကို သွေးထဲက သိလိုက်လေသည်။

အို...ဟံသာဝတီက...။မျိုးတူနွယ်ဘွား သွေးသားချင်းအသံကို မကြားရသည်မှာ ကြာတောင့်ကြာခဲ့ပြီ။ ဤသို့သော မျက်နှာပေါက်မျိုးကို မမြင်ရသည်မှာကြာတောင့်ကြာခဲ့ပြီ။ ကြည်နူး ဝမ်းသာခြင်းများသည် လှိုင်းကြက်ခွပ်များနှယ် နှလုံးအိမ်သို့ တစ်ချက်ပြီးတစ်ချက် ညင်သာစွာ ရိုက်ပုတ်လျက် ရှိလေ၏။

"အခု ကိုရင်တို့ ဘယ်ကျောင်းတိုက်မှာ သတင်းသုံးကြသလဲဘုရား"

"စစ်ကိုင်းဆရာတော် ဦးအရိယဓဇ ကျောင်းတိုက်မှာပါ"

ကျုပ်က ဓမ္မဉာဏတဲ့ဟု စဖြေသော ကိုရင်ကပင် ဆက်ပြောနေသည်။ ရှင်ဓမ္မရေဆိုသော ကိုရင်ကမူ ယခုအထိ စကားတစ်ခွန်း မပြောသေး။ မျက်လွှာချသည် မဟုတ်သော တည်ငြိမ်ခြင်းဖြင့် ရှေ့နားဆီသို့သာ ကြည့်နေ၏။

"အဝကို နေ့တိုင်း ဆွမ်းခံထွက်ကြသလား ကိုရင်တို့"

"နေ့တိုင်းပါဘဲ ငှက်နဲ့ ကူးကြတယ်"

"ဆွမ်းကွမ်း မျှတလုံလောက်ကြပါရဲ့လားဘုရား"

"အင်း . . . မျှတပါရဲ့၊ စာဝါတက်ချိန်ငဲ့ရလို့၊ ပြီးတော့ ငှက်မီအောင် လို့အစောပြန်ရတော့ ပြန်ရတာပေါ့လေ၊ အဝက ဆွမ်းခံကိုယ်တော်တွေလို တော့ ဆွမ်းခွက်ပြည့် သပိတ်ပြည့်ရအောင်ခံချိန်မရပါဘူး"

မေးရင်း ဖြေရင်းဖြင့်ပင် ကိုရင်နှစ်ပါး၏ ခြားနားပုံကို သတိထားမိလာ၏။ ရှင်ဓမ္မဉာဏသည် သွက်လက် ချက်ချာသောသူ။ ရှင်ဓမ္မရေကား တည်ငြိမ်သူ၊ စကားနည်းသူ။ သို့တည်းမဟုတ် ရှင်ဓမ္မရေသည် နှုတ်ရေး မပြည့်စုံရှာသူများဖြစ်လေမလား။

"ဒီဘက်က ကိုရင်ကကော အမိန့်ရှိပါဦးဘုရား"

စကားမပြောသော ကိုရင်ကို မေးလျှောက်လိုက်၏။

ရှင်ဓမ္မရေ ထိုအခါမှ မျက်လွှာတင်၍ လှမ်းကြည့်သည်။ ဖြူစင်သော မျက်ဆန်နှင့် စူးရှနက်မှောင်သော သူငယ်အိမ်မှ လေးနက်သောအကြည့်ကို သတိထားမိသည်။

"ရှင်ဓမ္မဉာဏ ပြောတဲ့အတိုင်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com


တိုတောင်းစွာပြော၍ အကြည့်ကို ပြန်ရုပ်သိမ်းသွား၏။

"စာဝါလိုက်နိုင်ကြပါရဲ့လား ကိုရင်တို့"

"အဝ နေပြည်တော်ကြီးဆိုတာက စာတတ်ပေတတ် တယ်များတာကလား၊ ဒါပေမဲ့ ကျုပ်တို့က အစကတည်းက နှစ်ပါးတိုင်ပင်ပြီး အားခဲလို့ အညာတက်လာကြတာ ကြိုးစားရတာပေါ့"

ရှင်ဓမ္မညာဏ ကစကားကို ရှင်ဓမ္မဓရက အဆုံးသတ်ပေး၏။

"စာဝါမလိုက်နိုင် မရှိစေရဘူးလို့ သန္နိဋ္ဌာန် ချခဲ့ကြတာ"

စကားနည်းသော ရှင်ဓမ္မဓရ ၏ ပြတ်သားရဲဝံ့သော သဘောကို လှစ်ခနဲ မြင်လိုက်ရသည်။

" တပည့်တော်မဆီကို နေ့စဉ် ဆွမ်းခံဝင်ပါလို့ ပင့်ပါတယ် ကိုရင်တို့၊ တခြားအိမ်တွေ မလှည့်နဲ့တော့ပေါ့၊ တပည့်တော်မဆီမှာပဲ ပြည့်စုံမှုတ ရပါစေမယ်၊ ဟိုဘက်ကမ်း ပြန်ကူးဖို့ အခက်အခဲလမ်း မရှိရအောင် တပည့်တော် ငှက်စီစဉ်ပေးပါ့မယ်။ ခုအချိန်ကစပြီး ကိုယ့်မယ်တော်တကာမကြီး အရင်းအချာလို အောက်မေ့ ကြပါဘုရား"

"ကောင်းပါပြီ တကာမကြီး"

ရှင်ဓမ္မညာဏက လက်ခံစကားဖြင့် တုံ့ပြန်၏။ သို့သော် တစ်ချိန်လုံး ငြိမ်နေသော ရှင်ဓမ္မဓရက ခြားနားသော စကားကို ဆိုလေသည်။

"တကာမကြီး ဝန်လေးများနေမလား"

"အို...ဘာကြောင့်ဝန်လေးရမှာလည်းကိုရင်၊ အခုလျှောက်နေတဲ့ တကာမကြီးဟာ တခြားသူမဟုတ်ဘူး၊ ဟံသာဝတီကနေ ရောက်နေတဲ့ မိဖုရား ရှင်စောပုဆိုတာ ကိုရင်မေ့သွားပြီထင်တယ်"

မိသင်က တရင်းတနှီး ဝင်၍လျှောက်၏။

ရှင်ဓမ္မဓရ၏ ထူထဲဖြောင့်စင်းသော မျက်မှောင်သည် မဆိုစလောက် ကျုံ့သွား၏။ ထို့နောက်...

"တကာမကြီးဟာ မိဖုရား ရှင်စောပုဆိုတာ ကျုပ်တို့ သိပါတယ်၊ အဝနန်းတော်ထဲက အထင်ကရ မိဖုရားကြီးဆိုတာ သိလို့လည်း ဝန်လေးနေမလားလို့ပြောတာပါ"

"ဘာကြောင့်ပါလိမ့် ကိုရင်"

"ကျုပ်တို့ နှစ်ပါးစလုံးက ဟံသာဝတီနွယ်တွေ၊ တကာမကြီးဆီ နံနက်တိုင်း ဆွမ်းခံဝင်ထွက်နေလို့ သင့်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com


အံ့သြသွားရ၏။ စကားနည်းသူလား၊ နှုတ်ရေးမကြွယ်တတ်သူလားဟု ထင်ခဲ့သော အထင်မှာ မှားယွင်းသွားလေပြီ။ ရှင်ဓမ္မရေသည် ဆိုရေးရှိက ဆိုအပ်စွဟူသော သဘာဝရှိသူပေပင်။ ထို့ထက်မူ ဆွမ်းကွမ်းကိစ္စ အဆင်ပြေရေးထက်၊ ဆွမ်းကွမ်း တကာမကြီး အနေအထားအားထည့်သွင်းမျှော်ခေါ် စဉ်းစားတတ်ပုံကို သဘောကျသွား၏။ ရှင်ဓမ္မရေသည် နှစ်ဖက်မျှ၍ကြည့်တတ်သောသူဖြစ်လေမည်။ ရှင်ဓမ္မဉာဏကားနှုတ်ရေးကြွယ်သလို အဆုံးအဖြတ်မြန်သူဖြစ်မည်ဟု ကိုရင်နှစ်ပါးအား နှိုင်းယှဉ်သုံးသပ်မိ၏။

"အဲဒါအတွက် ဘာမှဝန်လေးစရာမရှိပါဘူးကိုရင်၊ တပည့်တော်မမှာကိုယ့်သွေးသားချင်းလိုပဲ ကိုရင်တို့နဲ့ ဆုံရဖူးရတာကို ဝမ်းသာလှပါပြီ၊ တပည့်တော်မ ပင့်တဲ့ဆွမ်းကို ခံယူခြင်းဖြင့် နိစ္စဘတ် အလှူဒါန မြောက်အောင်ကိုရင်တို့က ချီးမြှင့် လက်ခံပေးစေချင်တယ်လေ"

"လှူဒါန်းမယ့် အလှူရှင်ရဲ့ ပင့်ဖိတ်ချက်ကို အလှူခံပုဂ္ဂိုလ်ဆိုတာ မငြင်းပယ်စကောင်းပါဘူး၊ ကျုပ်တို့လက်ခံပါတယ်"

"ဝမ်းသာလိုက်တာ ကိုရင်တို့ရယ်၊ ဆွမ်းကွမ်းအပြင်မှာ အခြားပစ္စည်းလေးပါးလည်း လိုအပ်သမျှ မိန့်ကြပါ၊ တပည့်တော်မကို ကုသိုလ်ပေးကြပါ"

"ကုသိုလ်ဆိုတာ စိတ်ကနလုံးသွင်းမှန်မှ တကယ့်ကုသိုလ်ရတယ် တကာမကြီး"

ရှင်ဓမ္မရေသည် တီးမှမြည်သည့် စည်ကြီးအလားဟု သိရပေပြီ။

"ကိုင်း...ကျုပ်တို့ကြွမယ်"

ရှင်ဓမ္မဉာဏ ကပြောပြောဆိုဆိုထရပ်ရင်း သင်္ကန်းကို ချပ်ချပ်ယပ်ယပ်ဖြစ်အောင်ပြုပြင်သည်။ သိုက်မြိုက်သော အမူအရာကို တွေ့ရ၏။ သည်ကိုရင်လေးကလည်း တစ်မျိုးကြည်ညိုစရာပင်။

သပိတ်နှင့် ဆွမ်းအုပ်ခွက်များသို့ လုံလောက်စွာလောင်းထည့်လှူဒါန်းကာ လက်ထိရောက် ကပ်လိုက်၏။

"တကာမကြီး ရှင်စောပုရော၊ ဟိုဒကာမကြီးရော၊ ကျုပ်တို့ကြွဦးမယ်နော်၊ ကျောင်းရောက်ရင် ဆရာတော်ကို လျှောက်လိုက်ပါမယ်"

ရှင်ဓမ္မဉာဏက နှုတ်ချိုစွာပြောနေချိန်ဝယ် ရှင်ဓမ္မရေသည် ပြန်လည်တိတ်ဆိတ်နေ၏။ သပိတ်ကို ပွေ့သော လက်မောင်းတစ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com


တစ်နေရာတွင် ရုံလိပ်ထားသည့် သက်န်းစ တစ်နေရာဖွာ၍နေသည်ကို သတိထားလိုက်မိသည်။

ဩော် . . .ကိုရင်လေးတို့မှာ သင်္ကန်းလည်း လုံလောက်ဟန်မရှိကြပါလားဟာ တွေးမိကာ နောက်နေ့တွင် သင်္ကန်းတစ်စုံစီ ကပ်ရန်ကိုပါ ကြိတင် အတွေးရောက်သွားသည်။

ကိုရင်နှစ်ပါး နန်းဆောင်အကွေ့မှ ကွယ်ပျောက်သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ရင်းမှ သဒ္ဒါပီတိဖြင့် ပြောဖြစ်လေသည်။

"မိသင်ရယ် ငါ့စိတ်ထဲကြည်နူးလိုက်တာ၊ ဟံသာဝတီက စာသင်သားကိုရင်လေးတွေနဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရပလေ၊ ဒါကြောင့် လေသာဆောင်ကနေ လှမ်းမြင်လိုက်ကတည်းက ငါ့စိတ်ထဲတစ်မျိုးကြီးဖြစ်သွားပြီး ညီးကိုမရအရ အပင့်ခိုင်းလိုက်တာ၊ ရတနာသုံးပါးတန်ခိုးတော်ပေပဲကွယ်၊ သုဂတောဂုဏ်တော် အဓိဋ္ဌာန်ကိုးထောင်ပြည့်မြောက်တဲ့နေ့မှာ ဒီကိုရင်လေးနှစ်ပါးကို ငါပင့်ခွင့်ရတယ်၊ ကောင်းသောစကား၊ ကောင်းသောသတင်းဆိုရခြင်း၊ ကြားရခြင်း၊ ကြုံရခြင်းပါပဲကွယ်"

ထိုည၌က သားငယ်လေး ဗညားရူပကို သင်္ကန်းဝတ်ဖြင့် အိပ်မက်ထဲမှာတွေ့ရသော်လည်း ဝိုးတဝါးဖြစ်နေ၏။ သား ကိုရင်လေးက အိပ်မက်ထဲတွင် တကာမကြီးဟု မခေါ်ဘဲ ရွှေနန်းရှင်မိဖုရားကြီးဟု ခေါ်သဖြင့် အိပ်မက်မှ မောပန်းစွာ လန့်နိုးခဲ့၏။

သို့သော် အစွဲအလမ်းဖြင့် မြင်မက်သောအိပ်မက်ကို အသာအယာဖျောက်ကာ နောက်နေ့နံနက် စစ်ကိုင်းမှ ကြွလာကြမည့် ဆွမ်းခံကိုရင်လေးနှစ်ပါးထံ အာရုံပြောင်းယူလိုက်သည်။ ရှင်ဓမ္မစေရ ပြောသွားသောစကားလေးတစ်ခွန်းကိုလည်း ဖျတ်ကနဲ သတိရမိ၏။

ကုသိုလ်ဆိုတာ စိတ်ကနှလုံးသွင်းမှန်မှ တကယ့်ကုသိုလ်ရတယ် တကာမကြီး။

* * *

စစ်ကိုင်းနှင့် အဝကူးရန် ငှက်သမ္ဗာန်တစ်စင်းကို သီးခြားစီစဉ်ကာ ငှက်သမားကိုလည်း မိသင်၏ ပန်တျာတပည့်မ တစ်ဦးနှင့် သားချင်းတော်စပ်သူအား အခဆုလာဘ်ပေး၍ သီးခြား ငှားရမ်းလိုက်သည်။ မိသင်မှ တစ်ဆင့် ကိုရင်လေးနှစ်ပါး ငှက်စီးရင်း ဘာတွေပြောကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com


နားစွင့်ရန် ငှက်သမားကိုမှာထားလိုက်သည်။ ငှက်သမားကပြော၏။

"ကိုရင်ဓမ္မညာဏလား ဟိုမျက်ခုံးပိုထူပြီး အသားပိုဖြူတဲ့ ကိုရင်လေးလေ၊ အဲဒီကိုယ်တော်လေးကတော့ စကားတတ်မှတတ်ပဲ၊ ဟံသာဝတီအကြောင်းတွေလည်းမေးကြည့်တော့ ပြောပြတာနဲ့ အတော်နံ့စပ်တဲ့ကိုရင်လေး၊ အင်း...ဟိုကိုရင်ကတော့ စကားနည်းမှနည်း၊ ကြည့်နေအရွယ်ရောက်လာကြရင် ကိုရင်ဓမ္မညာဏက၊ ဓမ္မကထိကအကျော်အမော်ဖြစ်လိမ့်မယ်၊ ဟိုကိုရင်ဓမ္မဓရလား၊ သူကတော့ စကားကလည်းနည်း၊ မျက်နှာကလည်းတည်ဆိုတော့ အဲ...စာပေပို့ချတဲ့ ကျောင်းထိုင်ဆရာဘုန်းကြီးပဲဖြစ်မှာပါ"

မိသင်ကလည်း တခုတ်တရ ပြော၏။

"သခင်မရဲ့... ကိုရင်ဓမ္မညာဏဟာလေ၊ ဒီအရွယ်လေးနဲ့တရားဟောအပြော အစွမ်းအစပြနေပြီ၊ အဝနေပြည်တော်မှာ ကျွန်မစောင်းအတီး၊ တေးအဆိုသင်ပေးတာတွေ ဘာတွေပြောပြတော့ ပန်တျာသဘင်သည်များဟာ စိတ်ထားမတတ်ရင် ပဟာသ ငရဲကျတတ်တယ်ဆိုပြီးဝတ္ထုကြောင်းတွေ ဘာတွေနဲ့ တရားဟောသွားသေးတယ် သခင်မရဲ့"

"ကိုရင်ဓမ္မဓရကကောကွဲ့"

"ငရဲဆိုတာ သေလွန်ပြီးမှ ကျတာလဲရှိသလို ခုဘဝမှာတွင်ကျခံရတတ်တာလည်းရှိတယ်...တဲ့၊ တုံးတိတိကြီး ပြောသွားတယ်လေ"

ဘဝရပ်တည်ရှင်သန်မှုလေးသည် အနည်းငယ်တော့ အဓိပ္ပါယ်ရှိလာပြီထင်၏။ နာကြည်းချက်တွေ၊ သောကပရိဒေဝတွေ၊ ဆောက်တည်မဲ့ဗျာပါဒတွေဖြင့် လေးငါးနှစ်တို့ ကာလပတ်လုံး အလူးလူးအလိမ်းလိမ်းရှိခဲ့ရာမှ ယခုတော့ ကန္တာရအလယ်မှ စမ်းအိုင်လေးတစ်ခုကို သောက်ချိုးခွင့်ရခဲ့ပေပြီ။

ဟံသာဝတီနွယ် ကိုရင်လေးနှစ်ပါးသည် ဓမ္မအမြိုက်တည်းဟူသောထိုစမ်းအိုင်ကမ်းနားတွင် ပေါက်ရောက်နေသော သစ်ပင်လေးနှစ်ပင်ဖြစ်ချိမ့်မည်။

မိုးညှင်းမင်းတရား၏ နန်းတော်သစ်မှာ တစ်စတစ်စရုပ်လုံးကြွလာသည်ဟာဆိုသည်။

ရှင်စောပုမှာလည်း ဘဝအသစ် မဟုတ်သော်မှ အမိုးအကာအခင်းသစ်လေးများ လဲလှယ်တပ်ဆင်ခွင့်ရနေပြီဟု စိတ်ထဲမှ ကျူးရင့်မိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရား၊ မှူးမတ်၊ ရဲမက်၊ မောင်းမ၊ မင်းလုလင်တို့ အားလုံး ပျော်ရွှင် တက်ကြွနေကြသည်။ အဆောင်ရ မိဖုရားငယ်များသည် ရတနာ လက်ဝတ်များကို အပြိုင်အဆိုင် ထုတ်ဝတ်ဆင်ကြသည်။ မြို့စောင့်တပ် နန်းတော်စောင့်တပ်၊ ကိုယ်ရံတော်တပ်များလည်း ဝတ်စုံ၊ ခါးစည်း အသစ်ကျပ်ချွတ် ဖြင့် တောက်ပနေကြသည်။

နန်းတော်သစ်ကြီး ဆောက်လုပ်ပြီးစီးသွားပေပြီ။

နန်းတော်သစ်တက်ပွဲ၊ သဘင်အခမ်းအနားကြီးကို ကြည့်ရင်း စိတ်ထဲမှ မောလာ၏။ စည်သံ၊ ခရုသင်းသံ၊ ပတ်သာသံများ နေရာအနှံ့မှ ထွက်ပေါ်နေသည်။ မိသင်၏ တပည့်မများက စောင်းငြင်းနှင့် ပုလွေအဖွဲ့ ဖွဲ့ထားကြသည်။ နန်းတော်သစ်ကြီးမှာ ဟင်္သာပဒါးရောင် နီနီရဲရဲ၊ ရွှေရောင် ဝိုးဝိုးဝင်းဝင်းတို့ဖြင့် မျက်စိကျိန်းချင်စရာ...

ဟူးရားပညာရှိများက သပြေပန်းစည်းနှင့် ရွှေအိုးများကို ကိုင်ဆောင် ရင်း၊ ဘုရင်မင်းမြတ်ကြွအလာကို စောင့်မျှော်နေကြ၏။ အခါတော်ပေး ပုဏ္ဏားများက ခရုသင်းမှုတ်မည့်သူများကို အချက်ပေးရန် အသင့်ရှိနေ ကြသည်။ ထွက်စည်တော်အဖွဲ့နှင့် ဝင်စည်တော်အဖွဲ့နှစ်ဖွဲ့က ခရုသင်း မှုတ်မည့်သူများ၏ လှုပ်ရှားမှုကို မျက်တောင်မခတ်စောင့်ကြည့်နေသည်။

နန်းတွင်းသဘင်အဖွဲ့က တာဝတိံသာ နတ်နန်းကြီးသည် ကမ္ဘာ မြေပြင်ထက် ၊ အဝရွှေမြို့တော်အဖြစ် ကူးပြောင်းရောက်ရှိလာပြီဟု အဓိပ္ပါယ်ရသော တေးချင်းကို စုပေါင်းသီကျူးနေကြသည်။

တောက်ပသော ရောင်စုံများ၊ ရတနာ ရွှေ ငွေ ကျောက်မျက်များ၊ တံခွန်အလံများ၊ ထီးဖြူများ၊ ထိုးထိုးထောင်ထောင် သိုင်းနှင့်ကျိုင်းများ၊ ပန်းပေါင်းဆီမွှေးရနံ့များ၊ တူရိယာသံများ၊ ပျော်ရွှင်တက်ကြွမျက်နှာများ၊ အားလုံးကို ကြည့်ရင်း စိတ်ထဲမှာ အလိုလို ကျဉ်းကျပ်လာသည်။

နန်းရ မိဖုရားကြီး တစ်ပါးအနေဖြင့် မည်သို့မျှရှောင်လွှဲ၍ မဖြစ် သောကြောင့်သာ၊ နန်းတော်သစ်တက်ပွဲသဘင်သို့ တက်ရောက်ခဲ့ရခြင်း ဖြစ်၏။ စိတ်ကမူကား၊ စစ်ကိုင်းဘက်ကမ်းမှ ဆရာတော် ဦးအရိဇေ၏ ကျောင်းတိုက်သို့ရောက်နေသည်။ နန်းတော်သစ်တက်ပွဲသဘင်ကြီး မြန်မြန်ပြီးမှ စစ်ကိုင်းဘက် အချိန်မီ ကူးနိုင်မည်။ နက်ဖြန်သိမ်ဆင်း လောင်းဖို့ သံဃာများအား ဆွမ်းဘောဇဉ် လှူဒါန်းလုပ်ကျွေးဖို့သာ စိတ်စော နေသည်။

www.burmeseclassic.com

www.burmeseclassic.com


နက်ဖြန်…ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မဉာဏတို့၏ ပဋ္ဌင်းတက်ပွဲ…

ယနေ့… နန်းတော်သစ် တက်ပွဲ…

မိုးညှင်းမင်းတရား၊ ကြွအလာကို အသင့်စောင့်နေရသော အပြင်စမုတ်ဆောင် သတ်မှတ်နေရာတွင် ထိုင်ရင်း၊ စိတ်မသက်မသာ ဖြစ်နေ၏။ တိုင်လုံး နီနီရဲရဲ ဝင်းဝင်းဝါဝါကြီးတွေကို ကျော်လျက်၊ ဟိုး…တစ်ဖက်ဆီက သီဟာသနပလ္လင်ကို လှမ်းမြင်ရသည်။

မိုးညှင်းမင်းတရားလည်းအဆင်သင့် ရှိနေလောက်ပြီ။ သို့သော် ဟူးရားပုဏ္ဏားများ၊ အခါတော်ပေးသည့်အချိန်နှင့် အတိအကျသာ နန်းတော်သစ် သီဟာသန ခန်းမဆောင်ထဲ လှမ်းကြွဝင်ကြရမည် ဖြစ်သည်။ မိမိလည်း ဘုရင်မင်းမြတ်ကြွချီရာတွင် မိဖုရားကြီး တစ်ပါးအနေဖြင့် နောက်မှ လိုက်ပါပေးရမည်ဖြစ်သည်။ သို့သော် တစ်ခုသေချာသည်ကတော့ မိုးညှင်းမင်း၏နောက် မိဖုရားရှင်မိမြတ်လိုက်ပါမည်။ ရှင်မိမြတ်နောက်တွင် ရှင်ဘို့မယ် လိုက်ပါမည်။ ရှင်စောပုကား တတိယနေရာ။

ဘယ်နေရာကမှ လိုက်ပါမနေဘဲ စစ်ကိုင်းဘက်သို့သာ ကူးလိုက်ချင်တော့သည်။ ရဟန်းလောင်း နှစ်ပါးအတွက် ပစ္စည်းလေးပါးတို့ကို အသင့်စီမံပြီးဖြစ်သော်လည်း သိမ်ဆင်းလောင်းဖို့ ဆွမ်းကျွေးဖို့ ပြင်ဆင်ရဦးမည်။ ချက်ရေးပြုတ်ရေးတွေ အဆင်ပြေမှ ပြေပါလေစ…။

လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

မင်းတရား ကြွချီတော်မူလာပြီဖြစ်သည်။

စည်တော်ရွှမ်းသံ တဗိန်းဗိန်းမြည်လာသည်။

နန်းတော်သစ်၊ သီဟာသန ခန်းမကြီးထဲမှာ အစုလိုက် အစုလိုက် နေရယူရင်း ကျွတ်စီ ကျွတ်စီဖြစ်နေသူများ အားလုံး ချက်ချင်းပင် ငြိမ်ကျသွားကာ မျက်နှာကို ကြမ်းပြင်တွင်အပ်လျက် ဒူးတုပ်ပျပ်ဝတ်လိုက်ကြသည်။

မိုးညှင်းမင်း အတွင်းစမုတ်ဆောင်ထဲဝင်လာ၏။

နောက်ပါးမှ ရှင်မိမြတ်သည် ဘုရင်နှင့်အရောင်တူ ဖြူလွှသော ဝတ်စုံနှင့်ရွှေခြည်ဖောက် ပဝါရှည်ကြီးကို လွှမ်းခြုံလာသည်။ သူ့နောက်မှ ရှင်ဘို့မယ်ကား ရဲရဲနီသော ဝတ်စုံဖြင့် တစ်ကိုယ်လုံးညွတ်နေသော ပတ္တမြားရတနာများဖြင့်။ မျက်နှာထားကလည်း တင်းမာလျက်။ စူးရဲဝင့်ကြွားသူ့အဆင်းကိုကြည့်ရင်း ရှင်ဘို့မယ်၏ တုဖက်ကင်းသော

www.burmeseclassic.com

www.burmeseclassic.com


အလှကိုတော့ ကျိတ်၍ ချီးကျူးမိလေသည်။

ရှင်ဘို့မယ်နောက်မှ နှစ်လှမ်းသုံးလမ်းစာ ခွာလျက် လိုက်ပါလာခဲ့သည်။ စစ်ကိုင်းဘက် တစ်ခါတည်းကူးမည်ဖြစ်သဖြင့် အဆင်သင့်လွှမ်းလာသော ရွှားနှစ်ရောင်ခြုံပုဝါသည် စိန်ရောင် မြရောင် ရွှေရောင် ပြိုးပြိုးပြက်နေသော သဘင်အခမ်းအနားကြီးအလယ်၌ တစ်ဘာသာဖြစ်ကောင်းဖြစ်နေမည်။ မတတ်နိုင်။

ခရသင်းသံများ အူ၍ ပေါ်လာသည်။

ဗိန်းဗိန်းစည်သံနှင့် ရှဲရှဲ လင်းကွင်းသံကြီးက နားမှ တစ်ဆင့် ရင်ထဲအထိ အလုံးအရင်းဖြင့် ဝင်သည်။ ပန်းပေါက်ပေါက်တို့က ပါးပြင် ပခုံးဆီသို့ ထိမှန်လာကြသည်။ မဖော်စတမ်း ငုံ့ထားသော မျက်နှာများ၊ နဖူးပြင်များအလယ်မှ ဖြတ်လျှောက်ရင်း မူးနောက်နောက်ကြီး ဖြစ်လာသည်။

အသင့်စီမံသတ်မှတ်ပြီးသော သလွန်တွင် ဝင်ထိုင်ရင်း မွှန်းကျပ်စွာဖြင့် အသက်ပြင်းပြင်း တစ်ချက်ရှူရှိုက်လိုက်သော်လည်း ပန်းပေါင်းဆီနံ့သာနံ့က ချိုအီစူးရှဝင်လာသဖြင့် ကမန်းကတန်း အသက်ပြန်မှုတ်ထုတ်လိုက်ရ၏။

ဟူးရားတို့ စတင်ရွတ်ဖတ်နေကြပြီ။

လျှာလိပ်သံနှင့်ဌာန်ပြည့်မာန်ပြည့် နှုတ်ထွက်သံများက ဗလုံးဗထွေးဖြစ်နေသည်။ ရှေ့မှောက်ရှိ ကွမ်းအစ်၊ လက်ဖက်အုပ်များပေါ်မှ ရွှေရေးမှန်စီများကို အငူသား ငေးကြည့်နေမိသည်။ ဟူးရားတစ်ယောက်က မကိုဋ်တော်ကို သယ်ဆောင်လာသည်။ နောက်တစ်ယောက်က သန်လျက်...... နောက်တစ်ယောက် သားမြီးယပ်...။

ဘာတွေမှန်းမသဲကွဲတော့။

အမြင်အာရုံတွေ ဝေဝါးပြီး နားထဲမှာ အူလာသည်။

တဗိန်းဗိန်းစည်သံကြီးကလည်း ရင်တုန်ပန်းတုန်စရာ။

အခါတော်ပေး အချိန်ကာလ၊ သတ်မှတ်ထားသည့် အတိုင်းအတာ တိုတောင်းသဖြင့်သာ တော်သေးတော့သည်။

သလွန်မှ အထတွင် မိုက်ခနဲဖြစ်ချင်သည်။ သီဟာသန ပေါ်မှ ဆင်းလာသော မိုးညှင်းမင်း၏ အသံကိုကြားလိုက်ရသည်။

"မိဖုရားကြီး ကိုယ်လက်မအီမကျန်းရှိတယ်နဲ့တူတယ်
အဆောင်တော်ပြန်ပြီး နားနေလိုက်ပါလား"

သူ့ကိုပင် ကျေးဇူးတင်ရသေးတော့၏။

www.burmeseclassic.com

www.burmeseclassic.com


မမျှော်လင့်ဘဲရောက်လာသဖြင့် အံ့ဩရသည်။

မိုးညှင်းမင်းသည် မွန်းလွဲအချိန်တွင် အဆောင်သို့ ရောက်လာ၏။ နန်းသစ်တက်ပွဲ ဘိသေက ဝတ်စုံဖြင့် မဟုတ်တော့။ သူ့ကိုယ်ပေါ်တွင် ချပ်ဝတ်တန်ဆာဆင်ယင်ထားသည်။ သူသည် စစ်ပွဲဝင်ချပ်ဝတ်တန်ဆာကို နှစ်သက်စွာ ဝတ်ဆင်လေ့ရှိသူပင်။

စစ်ကိုင်းဘက်ကူးရန် စီမံနေသောကြောင့် အထုပ်အပိုးများ တောင်းကြီးတောင်းငယ်များ စီရရီ ရှိနေသည်။ မိုးညှင်းမင်းကလည်း ထိုပစ္စည်းတွေကိုကြည့်ရင်း အံ့အားသင့်နေပုံရသည်။

"မိဖုရားကြီး ကျန်းခန့်မသာဘူးလားလို့ လာမေးတာပါ။ သဘင်မှာ တုန်းက ကြည့်ရတာ မျက်နှာဖြူရော်ရော်နဲ့မို့"

အရေးတယူလာမေးဖော်ရသည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်သည်။ သို့သော် မိုးညှင်းမင်း၏ အမူအရာသည် ခါတိုင်းလိုပင် လှိုက်လှဲ နွေးထွေးခြင်းမရှိ။ ဝတ်ကျေ ဝတ်ကုန်သာ ဖြစ်လေသည်။

"ခေါင်းတွေနောက်သွားလို့ပါ၊ အခုကောင်းသွားပါပြီ"

ထုံးစံအတိုင်း မိမိကလည်း ခပ်မှန်မှန်ပင် ပြောလိုက်၏။

"တောင်းတွေ ပလုံးတွေနဲ့ပါလား မိဖုရားကြီး"

"ဟုတ်ပါတယ်၊ စစ်ကိုင်းဘက်ကမ်း ခဏကူးမလို့ပါ၊ ရဟန်းလောင်း သိမ်ဝင်သိမ်ဆင်းပွဲလေးရှိတယ်၊ ကိုယ်တိုင်ပစ္စည်းလေးပါး ဒါယိကာမ ခံထားတာမို့"

ဩော်... ဩော်... နံနက်တိုင်း ဆွမ်းခံဝင်တယ်ဆိုတဲ့ ရှင်နှစ်ပါးလား"

"ဟုတ်ပါတယ်"

"သာဓုခေါ်ပါတယ်၊ ဘာများလိုအပ်သေးသလဲ၊ အလိုရှိတာမှန်သမျှ မိန့်ပါ၊ ရွှေတိုက်တော်ကနေ ထုတ်ယူပါ မိဖုရားကြီး"

"ကျေးဇူးကြီးလှပါတယ်၊ ပြည့်စုံပါတယ်"

နှစ်ဦးစလုံး ဆက်ပြောစရာ စကားမရှိတော့သလို ဖြစ်သွား၏။ ခဏကြာမှ မိုးညှင်းမင်း စကားဆက်သည်။

"မိဖုရားကြီး အနေနဲ့ ကုသိုလ်ရေးမှာ မွေ့ပျော်နေတာကို ကျွန်ုပ် အများကြီး ဝမ်းသာမိပါတယ်၊ ကျွန်ုပ်တို့ အဖို့တော့ နိုင်ငံတော် အေးချမ်းဖို့ တိုင်းသားပြည်သူများ ချမ်းမြေ့ကြဖို့ လုပ်စရာတွေ ရှိနေ သေးတယ်၊ အရေးတော်များကလည်း မပြီးမပြတ် ရှိနေသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com


ကုသိုလ်အမှုဘက် လှည့်ချင်ပေမဲ့၊ အခွင့်မသာသေးဘူးလေ”

စကားပြောရင်းဖြင့် မိုးညှင်းမင်း၏ ခပ်ကြွားကြွား ကိုယ်ရည်သွေးတတ်သော စရိုက်သည် ခေါင်းပြူထွက်လာ၏။ နိုင်ငံတော် တိုင်းသားပြည်သူဟူသော စကားလုံးနေရာတွင် ကိုယ့်ရဲ့ဘုန်းလက်ရုံး အာဏာဟူသော စကားလုံးကို အစားထိုးလိုက်ခြင်းက ပို၍ မှန်ပေမည်ဟု အတွေးရောက်မိသည်။

ယခုလည်း သူ့ကိုယ်ပေါ်မှ ချပ်ဝတ်ကို ဆင်မြန်းလျက်ပင်။

“မင်းငယ်ကျော်ထင်တစ်ယောက် ပင်လယ်မြို့ ရောက်နေပြီလေ ။ မိဖုရားကြီး မှတ်မိပါလိမ့်မယ်။ တရဖျားရဲ့မြေးတော်စပ်တယ်၊ မိဖုရားကြီးတို့ကို ပုခန်းကနေ ပြန်ခေါ်ခဲ့တုန်းက သူ့ကို သစ်ဆိမ့်မှ ထားခဲ့တယ်။ သူက ရေနံ့သာကနေ အင်အားစု ဖီဆန်ပြီး အုန်းပေါင်အားကိုးနဲ့ ပင်လယ်မြို့ထဲ ဝင်နေတယ်၊ အိမ်ရှေ့ ဥပရာဇာကို အလုံးအရင်းနဲ့ လွှတ်ရလိမ့်ဦးမယ်”

ဒါတွေ ဘာကြောင့် မိမိအား လာပြောနေရသနည်းဟု စိတ်ပေါက်ပေါက်နှင့် အော်လွှတ်လိုက်ချင်၏။ ဖီဆန်သည်။ ပုန်စားသည်။ နှိမ်နင်းသည်။ သစ္စာပေးသည်။ မဟာမိတ်ပြုသည်။ ဒါတွေနဲ့ပဲ တော်ကြီးတို့ ဘုရင်တွေ၊ နယ်စားမြို့စား၊ ထီးနန်းပြိုင်တွေ အချိန်ကုန်နေကြတော့မှာလားဟု အရပ်သူတစ်ယောက်လေသံမျိုးဖြင့် မေးလိုက်ချင်၏။

“ရမည်းသင်းစားနဲ့တောင်တွင်းစားတို့ကလည်း ရပ်စောက်၊ နောင်မွန်ကို အမှီပြုပြီး ထောင်ထားခြားနားချင်ကြတယ်၊ အုန်းပေါင်ကတော့ ပဏ္ဏာလွှတ်ပြီး မဟာမိတ်ပြုလို့ ရကောင်းရဲ့”

စစ်ပွဲတွေအကြောင်းပြောရင်း မိုးညှင်းမင်းသည် သူ့ကိုယ်သူ အဝရွှေနန်းရှင် နန်းတော်သစ်သခင် ဘုရင်တစ်ပါးဖြစ်သည်ကို ပို၍ ပို၍ ရုပ်လုံးကြီးထွားလာစေဖို့ ပြသနေခြင်းဖြစ်ကြောင်း သဘောပေါက်လာမိလေသည်။ တစ်ချိန်သောအခါက တပ်မှူး မိုးညှင်းသတိုးအဖြစ် သူ့အပေါ် မိမိဆက်ဆံခဲ့သည်ကို သူလည်း မှတ်ထားဟန်တူသည်။ ယခုတိုင်အောင်လည်း ရွှေနန်းရှင် ရာဇတစ်ပါးအဖြစ် မိုးညှင်းမင်းကို မိမိမြင်၍မရသေးတာ အမှန်ဖြစ်သည်။ ဩော်...တကယ်တော့ မိုးညှင်းမင်းသည် မိမိကျန်းခန့်မသာသည်ကို မေးဖို့လာသည်ဟု အယောင်ပြကာ သူ့အတ္တကို ထုတ်ဖော်လှစ်ပြနေခြင်းပါကလား။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...မိဖုရားကြီးတို့ အလှူဒါနကို အမျှပေးဝေမှပဲ ကျွန်ုပ်တို့လည်း သာခုခေါ်ပြီး ကုသိုလ်ယူရဦးမယ်၊ အဝနိုင်ငံတော်ကြီး တည်ငြိမ်ရင်တော့ ရတနာသုံးပါးအမှုကို အားသွန်ပြုရမယ်၊ အခုလိုပဲ စစ်မက်ရေးတွေနဲ့ ထွေးပတ်နေရင်း စစ်ကိုင်းမှာ ရတနာစေတီ ကျောင်းတော်ရယ်၊ ရန်အောင်မြင်ဘုရား၊ ညောင်ရမ်းမှာလဲ ချက်မြှုတ်ဒေသမှာ စည်းခုံနဲ့ ရွှေကျောင်းတော်များတည်ဖို့ လုံးပန်းနေရတယ်၊ ကိုင်း... အချိန်လင့်ရော့မယ်"

စစ်မက်ရေးရာများကို ပြောရင်း ဘုရားစေတီနှင့်ကျောင်းတော်များဆောက်လုပ်ရန် စိတ်သန်နေကြောင်း၊ စကားစပ်သဖြင့် ထောက်ရှုပေးသေးသည်ဟု အောက်မေ့ရလေသည်။ မိုးညှင်းမင်းသည် တရဖျားတို့ကိုကျေးတောင်ညိုတို့လိုမဟုတ်ဘဲ ထက်မြက်သော ဘုရင်ဖြစ်ကြောင်းကား သံသယဖြစ်ဖွယ်မရှိ၊ သို့သော် မိမိ၏ အနာတရ အသည်းနှလုံးမှ သူ့အပေါ် ခင်မင်လေးစားစိတ် ပေါ်ပေါက်မလာသည်က ခက်သည်။

မိုးညှင်းမင်းပြန်သွားပြီးနောက် မိသင်ကမေးသည်။

"ရွှေနန်းရှင် ဘာကြောင့် ကြွလာတာလဲသခင်မ"

"ငါနေမကောင်း ထိုင်မသာရှိသလားလို့ လာမေးတယ်ပြောတာပါပဲကွယ်၊ အမှန်ကတော့ ငါကော၊ မိုးညှင်းမင်းကော ဘယ်သူများနေကောင်းထိုင်သာ ရှိကြလို့လဲ၊ ကိလေသာတွေ၊ သံယောဇဉ်တွေ သမုဒယတွေ၊ တဏှာဥပါဒါန်တွေနဲ့ အကုန်လုံး စိတ်ကျန်းမာမှု ချို့ယွင်းနေကြတာချည်းပါဘဲ"

"ကျွန်မအထင်တော့ မိုးညှင်းမင်းဟာ..."

မိသင်တွေးတွေးဆဆဖြင့် စကားဆက်ပြောမည့်ဟန်ရှိသည်။

"ကဲပါကွယ်... ပစ္စည်းတွေသယ်ကြတော့ နေစောင်းလို့ ရေတက်ကြမ်းရင် အနောက်ဖက်ကမ်း အကူးရခက်နေမယ်၊ ဟိုမှာလည်း ပြင်စရာဆင်စရာတွေ အများကြီး"

နန်းတော်သစ်ကြီးဆီမှ တူရိယာသံများ သဲ့သဲ့ကြားရ၏။

သူတို့တစ်တွေ ပွဲသဘင်ဆင်ယင်လို့ မပြီးကြသေး။

ရှားနှစ်ရောင် ယောဂီတဘက်ပုဝါကို ကိုယ်ပေါ်သို့ တင်းတင်းကြပ်ကြပ်ဆွဲစေ့ ခြုံလွှမ်းလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com


(၁၁)

**"ယရမင်းစစ်၊ ကေရာဇ်မြတ်ဖျား၊**
**မိဖုရားဟု၊ ထင်ရှားထူးလည်၊ ဖြစ်ရသည်ကား၊**
**မရှည်ယောက်ယက်၊ တစ်သက်လျှာမျှ၊ နှမ်းလျှ**
**တတ်စွာ၊ ရောင်ဝါညှိုးပိန်၊ ကြာနေရှိန်သို့၊ နှိုင်းချိန်**
**ပမာ၊ တူလှစွာသား၊ ရှေးခါသော်က၊ သီလစင်ဖြူ**
**အလှူမရိုး၊ ကောင်းမှုပို၍၊ ကိုယ်တို့ မင်းဖျား**
**မိဖုရားဟု၊ ထင်ရှာဝှန်ဆူ၊ ဖြစ်ပြားမှုလည်း..."**

အိမ်ရှေ့ဥပရာဇာ ဘဝမှသည် ထီးနန်းပလ္လင်သခင် ဘုရင်မင်းမြတ် ဘဝသို့ တိုးတက်ရောက်ရှိသွားသည့် မင်းယောက်ျားများကို တွေ့ဖူး၏။ သူတို့သည် ချက်ချင်းပင် ကိုယ်နေအမူအရာရော၊ စိတ်နေသဘာဝပါ အပြောင်းလဲကြီး ပြောင်းလဲသွားကြလေသည်။ ဝင့်ကြွားသောအပြုအမူ တင်းမာသောမျက်နှာထား၊ မြင့်တက်သွားသောပုခုံးအစုံတို့ဖြင့် ဘုရင်တစ်ပါး၏ ရာဇမာန်ကို ဆောင်လျက်ရှိ၏။

အိမ်နိမ့်စံဘဝက အမူအရာမျိုး၊ လေသံမျိုး၊ မျက်လုံးမျိုးမဟုတ်တော့။ မကိုဋ်သန်လျက်နှင့်ထီးဖြူတို့က အပြောင်းလဲကြီးပြောင်းလဲသွားစေ၏။ မီးကျီးခဲလေးတစ်ခု အဖြစ်မှသည် မီးလျှံတစ်ခုအဖြစ်သို့ ပြောင်းလဲသွားပုံမျိုး။

ကွာခြားလွန်းလေစွ။

ရှင်သာမဏေအဖြစ်မှ ဥပသမ္ပဒကံဆောင် ရဟန်းပဉ္စင်းအဖြစ် တိုးတက်ရောက်ရှိသွားသောပုဂ္ဂိုလ်မျိုးနှင့် ကွာခြားလွန်းစွ။

ရှင်ဓမ္မရေနှင့် ရှင်ဓမ္မဉာဏတို့သည် နန်းတော်သို့ နံနက်တိုင်း ဆွမ်းခံဝင်သော သာမဏေငယ်ကိုရင် အဖြစ်မှသည် ဦးပဉ္စင်းအဖြစ်သို့ ရောက်ရှိသွားသည်နှင့် မယုံနိုင်လောက်အောင် လေးနက်တည်ကြည် သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


သိမ်မှထွက်အလာတွင် ပို၍သိသာထင်ရှားသည်။ ရှင်ဓမ္မဉာဏသည် ရှေ့တစ်ထောင့်ထွာထက် မပိုသောအကြည့်ဖြင့် မျက်လွှာချလျက် တည်ငြိမ်သွား၏။ ရှင်ဓမ္မဓရမူ ပို၍သိသာသည်။ မျက်လုံးများ နက်ရှိုင်းတည်ကြည်နေပြီး အလှုပ်အရှားမှန်သမျှလည်း ညင်သာလွန်းလှ၏။

ရဟန်းဒါယိကာမအဖြစ်ကို ထိုက်တန်စွာခံယူရရှိလေပြီဟု အားရကြည်နူးမဆုံးဖြစ်ရလေသည်။ ပီတိသဒ္ဓါ၏ ရိုက်ခတ်မှုဖြင့် သိမ်ဆင်းဦးပဥ္စင်းနှစ်ပါး၏ သပိတ်ထဲသို့ လှူဘွယ်ပစ္စည်းများ လောင်းလှူခိုက်တွင် လက်တွေတုန်ရင်နေကြသည်။

"ဆွမ်းဘုဉ်းပေးပြီးရင် ဆွမ်းအနုမောဒနာတရားကို ဦးဓမ္မဉာဏ ဟောကြားပေးလိမ့်မယ် တကာမကြီး"

ဆရာတော် ဦးအရိယဓဇက မိန့်တော်မူသွား၏။

ဦးပဥ္စင်းဓမ္မဉာဏသည် အဟောအပြောကောင်းလှ၏။

ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ၏ သောတာပန်အဖြစ်ကို ဝတ္ထုဆောင်ကာ အာဝဇ္ဇန်းရွှင်စွာ ဟောသွားသည်။ သို့သော် ဝိသာခါ၏ သားတွေ၊ မြေးတွေ၊ မြစ်တွေ အကြောင်း နာရချိန်တွင် ရင်ထဲမှ လှိုက်တက်လာပြီး မျက်ရည်တွေဝဲလာသည်။ ဟံသာဝတီတွင် ကျန်ရစ်ခဲ့လေသော သမီးနဲ့တကာသင်၊ နဲ့တကာတော်နှင့် သုံးနှစ်ရွယ် သားကလေးဗညားပရူ။ ထို့နောက် ယခုအခါ သုကတိဘုံ တစ်ခုခု၌ ရှိနေနိုင်မည်ဖြစ်သော သွားလေသူကျေးဇူးရှင်အမောင်...သမိန်စည်သူ...ပိယေဟိ ဝိပ္ပယောဂေါ၊ အပိယေဟိသမ္ပယောဂေါ..."

အမျှဝေသံသည် ထိန်းမရအောင်တုံနေလေသည်။

ငွေကရားနှုတ်သီးမှ သွင်သွင်သွန်းကျသောရေတို့သည် မျက်ရည်များဖြစ်သည်ဟုထင်မိလေသည်။

"ကျုပ်က တောင်သူမျိုးရိုးက ပေါက်ဖွားလာတာမို့ တောင်ယာလယ်ခင်းနဲ့ပဲ ဥပမာဆောင်တတ်ပါတယ်၊ စပါးသီးနှံဆိုတာ လယ်မြေမှာပဲ ပေါက်ရောက်ရှင်သန်နိုင်တယ်၊ ပဲပြောင်းများကတော့ နုန်းမြေကို ကြိုက်တတ်ကြတယ်၊ နေရောင်ပွင့်မှ လန်းတတ်တဲ့ သီးနှံမျိုးရှိသလို လောင်းရိပ်အေးဆေးလေး ရှိနေမှ မညှိုးမရော်တဲ့ သီးနှံမျိုးလည်းရှိတယ်။ သဘောကတော့ ဘယ်လောက်ပင် မျိုးစေ့မှန်၊ ဓာတ်ခံအားကောင်းပေမဲ့ သူ့ကိုစိုက်ရာ၊ ကြဲရာ၊ မြေယာလွဲမှားနေရင် အပင်အညှောက်မပေါက်တတ်ဘူး။ ပေါက်ပြန်ရင်လည်း မဖွံ့ဖြိုးဘူး၊ အဆီအနှစ်ပြည့်မလာဘူး၊ တကာမကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္ဇင်းလေး ဦးဓမ္မဓရ၏ အချိုးနိဒါန်းစကား ကို နားထောင်ရင်း အံ့ဩနေမိ၏။ ဦးဓမ္မဓရသည် ဘယ်တုန်းကမှ စကားကို ရှည်ရှည်လျားလျား မဆိုတတ်။ ထိုသို့သော ဦးပဥ္ဇင်းလေးသည် ရဟန်းဘဝရောက်မှ ပြောင်းလဲသွားခဲ့ပြီလော။

"အမိန့်ရှိပါဘုရား"

အလိုက်သင့်ပင် လျှောက်ထားလိုက်၏။

"အင်း...ဥပမာဆောင်လို့သာ ဆောင်ရတယ်၊ သွယ်သွယ်ဝိုက်ဝိုက်ကလည်း မပြောတတ်ဘူး၊ ဒီလိုပါ တကာမကြီးမှာရှိတဲ့ ကုသိုလ်စိတ်သန္တာန်ဟာ အမှိုပြုရာ မြေယာလွှဲနေတယ်"

နားမလည်နိုင်သဖြင့် ဦးပဥ္ဇင်းမျက်နှာကို မော့ကြည့်မိသည်။ ပကတိတည်ငြိမ် လေးနက်စွာပင် ဦးပဥ္ဇင်းက ဆက်မိန့်သည်။

"သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ သူတော်ကောင်း ဥစ္စာများတကာမကြီး သိပြီးသားပဲ။ သဒ္ဓါဆိုတာ ကြည်လင်ခြင်းအနက်ကို ပေးတယ်။ နီဝရဏတရားငါးပါးမှ ကင်းဝေးစေတယ်၊ ကုသိုလ်အဖို့သို့ ပြေးဝင်စေခြင်း လက္ခဏာဆောင်တယ်။ အချုပ်အားဖြင့်ဆိုရရင် သဒ္ဓါဖြစ်သည်ရှိသော် နီဝရဏ တို့ကို ကင်းကွာစေတယ်၊ နီဝရဏ ကင်းသောစိတ်ဟာ ကြည်လင်တယ်၊ အထူးသဖြင့် သန့်စင်တယ်၊ မနောက်ကျုဘူး"

"တင်ပါဘုရား"

"သဒ္ဓါတရားအားဖြင့် ဝဲဩဃ သမုဒ္ဒရာကြီးကို ကူးခတ်လွန်မြောက်နိုင်တယ်၊ မမေ့လျော့ခြင်း သတိတရားဖြင့် သံသရာပင်လယ်ကြီးကို ကူးခတ်လွန်မြောက်နိုင်တယ်၊ လုံ့လအားထုတ်ခြင်းဖြင့် ဆင်းရဲမျိုးအပေါင်းကို လွန်မြောက်နိုင်တယ်၊ ပညာဖြင့်စင်ကြယ်နိုင်တယ်၊ သဒ္ဓါဟာအဦးဆုံး လာတယ်ဆိုပေမဲ့ အထင်မသေးလေနဲ့၊ သူ့မှာပြေးဝင်ခြင်းလက္ခဏာ ရှိတယ်၊ ဘယ်ကိုပြေးဝင်သလဲ၊ မရောက်သေးသောမဂ်ဖိုလ်သို့ရောက်ခြင်းငှာ မရသေးသောမဂ်ဖိုလ်သို့ ရခြင်းငှာ ပြေးဝင်တယ်၊ မျက်မှောက်မပြုရသေးသော မဂ်ဖိုလ်ကို မျက်မှောက်ပြုရခြင်းငှာ အားထုတ်တယ်"

"မှန်ပါဘုရား"

"တကာမကြီးဟာ သဒ္ဓါအားကောင်းတယ်၊ ဦးဇင်းတို့နှစ်ပါးသာမက စစ်ကိုင်းက ဆရာတော်ဦးအရိယဓဇ တစ်ကျောင်းလုံးသာမက ကျောင်းတိုက်တွေ အတော်များများက သိကြပါတယ်၊ သို့သော် အဲ့ဒီသဒ္ဓါ အားကောင်းတဲ့ခါတ်ခံမှာ ကြည်လင်ခြင်း၊ မနောက်ကျုခြင်း၊ ပြေးဝင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com


လက္ခဏာတွေပါဆောင်မှ၊ ကပ်မှ၊ ကုသိုလ်စိတ်ဟာလည်း ပိုမိုအရှိန်ကောင်းလာနိုင်တယ်”

“တပည့်တော်မရဲ့ ကုသိုလ်စိတ်သဏ္ဍာန်ဟာ အမှီပြုရာမြေရာ လွဲနေတယ်ဆိုတာကိုတော့ သိပ်မရှင်းချင်ဘူးဘုရား”

“နီဝရဏတရား ငါးပါးဆိုတာသိလား တကာမကြီး”

“သိပါတယ်ဘုရား”

“ဆိုစမ်းပါဦး”

“ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ... နီဝရဏ ငါးပါးပါဘုရား”

ဟုတ်ပါပြီ ကိုင်း... အဲဒီထဲက ဒုတိယမြောက် ဗျာပါဒ နီဝရဏဆိုတာကော”

အတန်ငယ် ဆုတ်ဆိုင်းဆိုင်းဖြစ်နေစဉ် ဦးပဍ္ဍင်းကပင် ဆက်မိန့်၏။

“လိုချင်သော်လည်း မရသည့်အတွက်၊ ရပြန်သော်လည်း ကြောင့်ကြသည့်အတွက် စိတ်ပျက်၊ စိတ်အိုက်၊ စိတ်ကျဉ်းကျပ် ပူပန်နေသောစိတ်၊ ဗျာပါဒ နီဝရဏ ဟုတ်ရဲ့လား တကာမကြီး”

“ဟုတ်...ဟုတ်ပါတယ် ဘုရား”

“တကာမကြီးမှာကာမစ္ဆန္ဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ နီဝရဏ တို့ အတော်အတန် ကင်းစင်တယ်လို့ ဦးပဍ္ဍင်း ယုံပါတယ်၊ သို့သော် ဗျာပါဒ နီဝရဏ ကတော့ တကာမကြီး သဏ္ဍာန်မှာ အထုအထည်နဲ့ ကိန်းနေတယ်”

“တပည့်တော်မ”

“ဒီစကား ပြောသင့်မပြောသင့် ၊ဒီတရားဟောသင့် မဟောသင့် ဦးပဍ္ဍင်း အကြိမ်ကြိမ်သုံးသပ်ဆင်ခြင်ပြီးမှ ပြောသင့် ဟောသင့်တယ်လို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်၊ ဗျာပါဒ နီဝရဏကိန်းနေတဲ့ တကာမကြီးမှာ သဒ္ဓါစိတ်ဟာ အရှိန်အဟုန် ကောင်းသင့်သလောက် မကောင်းဘူးဖြစ်နေတယ်။ ဒါကြောင့် မြေယာလွဲမှားတဲ့သီးနှံလို့ ဦးပဍ္ဍင်း သာကေဆောင်တာပဲ”

မလှုပ်နိုင်အောင် ဖြစ်သွား၏။ ဗျာပါဒနီဝရဏ လိုချင်သော်လည်း မရသည့်အတွက် ရပြန်သော်လည်း ကြောင့်ကြသည့်အတွက် စိတ်ပျက် စိတ်အိုက်၊ စိတ်ကျဉ်းကျပ်၊ ပူပန်နေသောစိတ်။

“သိမ်ဆင်းအပြီး ဆွမ်းလုပ်ကျွေးအပြီး ဦးဓမ္မဉာဏ ဆွမ်းအနုမောဒနာ တရားဟောတဲ့ နေ့ကတည်းက တကာမကြီးရဲ့ အဖြစ်ကို ဦးပဍ္ဍင်းသိ

www.burmeseclassic.com

www.burmeseclassic.com


လိုက်တာပဲ၊ အင်းရေစက်ချနေတုန်းမှာလည်း ငွေကရားကိုင်တဲ့လက်ဟာ တုန်နေတယ်။ အမျှဝေတော့လည်း မျက်စိမျက်နှာ မကောင်းချင်ဘူး”

အမျိုးအမည် မဖော်ပြနိုင်သော ဝေဒနာတို့မှာ ရင်မှာ လှိုင်းခတ်လာကြသည်။

“အင်း...ပြောရစေတော့ တကာမကြီး ၊ ရှင်သာမဏေ ဘဝက တည်းကနေ၊ ခုရဟန်းဘဝအထိ ကိုယ့်မယ်တော်ကြီးလို ဖြစ်နေတော့ ဦးပဥ္ဇင်း တို့မှာလည်း ပုထုဇဉ် ရဟန်းတွေပေကိုး၊ ပရမတ္ထ သံဃာမှ မဟုတ်သေးတာကလား၊ ဒီတော့ တကာမကြီးရဲ့ ဗျာပါဒဟာဦးပဥ္ဇင်းကို ကူးစက်တယ်၊ နောက်ဆုံးတော့ ကိုယ့်ကျေးဇူးရှင် မယ်တော်ကြီးကို ကျေးဇူးတုံ့ဆပ်ဖို့က တရားဓမ္မပဲရှိတယ်၊ အဲဒီမှာဖြစ်နေတဲ့ဒိဋ္ဌဘဝနဲ့ အကိုက်ဆုံးတရားကိုသွားတွေ့တယ်၊ ဒါကြောင့် ဗျာပါဒနီဝရဏကို အထူးပြုဟောရတာပဲ၊ အဲဒီကနေ တစ်ဆင့်ကြည့်လိုက်တော့ မြေယာလွဲမှားနေတဲ့ သီးနှံကို သွားတွေ့တာပဲ၊ မြေယာအခံမှားနေရင် မှန်တဲ့ဆီ ရွှေ့စိုက် ရမှာပေါ့တကာမကြီး”

ရင်ထဲမှာတစ်လှပ်လှပ်ဖြစ်လာရင်း ပြန်လျှောက်မိ၏။

“တပည့်တော်မမှာလည်း လျှောက်ထားစရာတွေ ရှိနေပါတယ် ဦးဇင်း”

“လျှောက်ပါတကာမကြီး၊ ဦးဇင်းက ဟောဖို့သက်သက်လာခဲ့တာ မဟုတ်ပါဘူး၊ နားထောင်ဖို့လဲ လာခဲ့တာပါ”

“ဗျာပါဒ နီဝရဏတွေ တပည့်တော်မမှာ အစိုင်အခဲနဲ့ရှိနေတယ် ဆိုတာ ဝန်ခံပါတယ် ဘုရား၊ အတိအကျပဲ လျှောက်ပါရစေတော့ ဦးဇင်း၊ ကုသိုလ်စိတ်တွေ၊ သန္တာန်မှာ အပြည့်အဝပေါ်ဖို့ နီဝရဏ တရားငါးပါးစလုံးကနေ ကင်းစင်ဖို့ကတော့ ဟောဒီအဝရွှေနန်းတော်ကြီး ထဲမှာမဖြစ်နိုင်ဘူးဘုရား၊ တပည့်တော်မအတွက် မြေယာအမှန်က ဟံသာဝတီပါဘုရား”

စူးဝင်နေတဲ့ ဆူးတစ်ချောင်းကို ဆွဲနှုတ်ပစ်လိုက်ရသလို ကိုက်ခဲ နာကျင်မှုအချို့ သိသိသာသာ လျော့သွား၏။ သို့သော်ရင်မှ ဒဏ်ရာဖြစ် သဖြင့် ဆွဲနှုတ်လိုက်သော သွေ့နှလုံးသွေးများ စက်လက်တွဲခိုလျက်...

www.burmeseclassic.com

www.burmeseclassic.com



"ဦးဇင်း ဒီစကားကြားရလိမ့်မယ်လို့ ထင်သားပဲ၊ ကြောက်စရာကောင်းတဲ့စကားဖြစ်တယ်၊ သို့သော် မှန်ကန်တဲ့စကားလည်းဖြစ်တယ်၊ အရိယာတွေ မဟုတ်ကြလေတော့ ကျုပ်တို့ တကာမကြီးတို့မှာတရားမမွှကိုပဲ နေရာ မြေယာအခံ ရွေးနေရတယ်ပေါ့"

"နေရာလွဲမှားနေတဲ့ သီးနှံသစ်ပင်မျိုးစေ့ကို နေရာမှန်မှာ ရွှေ့ပြောင်းစိုက်သင့်တယ် မဟုတ်ပါလား ဦးဇင်း"

ဦးဇင်းလေးအတန်ကြာ တိတ်ဆိတ်နေ၏။ ပြီးမှ...

"တကာမကြီး စဉ်းစားလေ" ဟု တိုးတိမ်စွာမိန့်သည်။

ပြန်ကြွခါနီးတွင် ဝပ်ချရင်း မေးလိုက်၏။

"ဦးဇင်းဦးဓမ္မဉာဏတစ်ပါးကော ဘုရား၊ တပည့်တော်မဆီမကြွလာတာ။ အတော်ကြာသွားပြီ"

ဦးဓမ္မဉာဏလား၊ အင်း...သူဘယ်လို အတွေးပေါက်သလဲ မသိဘူး၊ လောကီပညာဆိုကြပါစို့၊ အဲဒါတွေလိုက်စား အားထုတ်နေတယ်၊ ဆရာတော်ကြီးကတောင် သိပ်သဘောမတွေ့ချင်ဘူး၊ သို့သော် ကျမ်းတွေ အာဂုံဆောင်နိုင်သူ၊ တရားအဟောအပြော ကောင်းသူ ပုဂ္ဂိုလ်ဆိုတော့ ဆရာတော်ကြီးလည်း ခက်နေတယ်"

ဦးဓမ္မဉာဏအကြောင်းကို ကြားရသဖြင့်လည်း အံ့ဩမိသွားသည်။ သို့သော် မျိုးစေ့မှန်သောသီးနှံကလေးကို မြေယာနေရာမှန်မှာ ရွှေ့ပြောင်းစိုက်ဖို့ဆိုတာ အရာက ရင်ထဲမှာ အားကောင်းနေသည်။

"နက်ဖြန်လည်းကြွခဲ့ပါဦး ဦးဇင်းဘုရား"

"ကောင်းပါပြီတကာမကြီး"

ကောင်းစွာ အိပ်စက်ပျော်မည့် ညဥ့်လား၊ အတွေးတွေတစ်လှေကြီးဖြင့် မအိပ်စက်နိုင်ဖြစ်မည့် ညဥ့်လား၊ မဝေခွဲတတ်နိုင်။

ဦးဓမ္မဓရနှင့် ပြောဆိုဖြစ်သော ဤအကြောင်းကို အမြဲတိုင်ပင်ဆွေးနွေးနေကျ မိသင်အား ချက်ချင်း မပြောသေးဟုတော့ ဆုံးဖြတ်လိုက်လေသည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

"တပျောင်းပျောင်းလျှောင်၊ ရွှေညာခွင်က၊
မိခင်မာတာ၊ သားမင်းလျာကြောင့်၊ ခွေကာ
နွမ်းရိ၊ လွမ်းမရိုးခဲ့၊ မွေးမိဘမှာ၊ လွမ်းရပါလည်း
အောက်ရွာရပ်အုံ၊ ဝေးလှတုံ၍၊ နေမှုံတက်စ၊
နံနက်ထကို၊ ရော့တောင်ကြီး၊ ရိုက်ခတ်ဆီးသို့၊
မျှော်ရီးမျှော်ရာ ၊မမြင်သာခဲ့၊ ဗျာပါထပ်ဆောင်၊
လွမ်းမီးလောင်၍၊ သားမောင်ပျော်ရာ၊ အောက်ရပ်
သာသို့၊ တမ်းကာရှုလျက်၊ တစ်သက်သက်လျှောင်
ငှက်လိုပျံချင်။ မတတ်ပင်နှင့်..."

စဉ့်အင်တုံထဲသို့ ရေထည့်သည်။ ထို့နောက် အမှုန့်အမှုန့် ညက်စွာထောင်းထားသော "ချိပ်"ကို လောင်းထည့်လိုက်သည်။ ထို့နောက် တစ်ခါမှ မသုံးရသေးသော အသစ်စက်စက် သစ်သားယောက်မ သေးသေးလေးနှင့် မွှေလိုက်သည်။

စဉ့်အင်တုံထဲမှာ စွေးစွေးနီသွား၏။

ဦးပဥ္စင်း ဦးဓမ္မဉာဏပြောသည့်အတိုင်းပင် အတိအကျ။

"ရွှေခွက်၊ ငွေခွက်၊ မြေခွက်တွေမသုံးနဲ့၊ စဉ့်သုတ်ထားတဲ့ ခွက်အင်တုံအသစ်ကိုသုံး၊ ဓါတ်သဘောအရ ရွှေ၊ ငွေ၊ မြေတွေနဲ့လုပ်ထားတဲ့ ခွက်ဆိုရင် အာနိသင်ပြယ်နိုင်တယ်၊ အခန့်မသင့်ရင် အဆိပ်အတောက်ဖြစ်စေနိုင်တယ်။ ဒါကြောင့် ဓါတ်ချင်းဘယ်လိုမှ သမလို့မရအောင် စဉ့်အင်တုံကို သုံး"

ဦးဓမ္မဉာဏသည် အင်္ဂရတ်ကိုပါ လိုက်စားထားသဖြင့် ဓါတ်ဖို ဓါတ်မ သဘောများကို ကျွမ်းကျင်ထားပေသည်။ ဘေသဇ္ဇဗေဒနှင့် ဆေးဝါးဘက်မှာလည်း နှံ့နှံ့စပ်စပ်ရှိထားပြန်သဖြင့် ဦးဓမ္မဉာဏ က အတိအကျညွှန်ကြားသည်။

"သစ်သားယောက်မအသစ် တစ်ခါမှ မသုံးရသေးတဲ့ဟာနဲ့မွှေ၊ ရနိုင်ရင် ဆီးသားအနှစ်ယောက်မလုပ်၊ ချိန်ရည်ဖျော်တဲ့နေရာ၊ မွှေတဲ့နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com


ဆီးသားယောက်မဆိုတော့ သူ့သဘာဝမှာလည်းအညွန့်နဲ့ ဆိုတာရှိတာပဲ၊ ချိပ်က တနလ်ာ၊ ဆီးသားကအင်္ဂါ… အာနိသင် ပိုတက်စေတယ်”

ဖွေးဖွေးနီသော ချိပ်ရည်အင်တုံငယ်ကို နှုတ်ခမ်း၌ တေ့လိုက်ပြီးမှ မဝံ့မရဲဖြစ်သွား၏။ ငါမကြံကောင်း မစည်ရာတွေများ လုပ်နေသလား။ ဦးမေ့ဘညာဏ၏ အမှာသံကို ပြန်ကြားယောင်သည်။

“ရဲရဲသာသောက်ချလိုက် တကာမကြီး၊ အနံ့အရသာ ဘာကိုမှ အာရုံမထားနဲ့၊ အာနိသင်ဖော်ထားပေမဲ့၊ ဓာတ်သဘောအရ ချေထားပြီးသား၊ ဘာမှ အန္တရာယ် ဥပဒ်မဖြစ်စေရဘူး စိတ်ချ”

အသက်အောင့်လျက် မျက်စိမှိတ်ကာ သောက်ချလိုက်၏။

အာခေါင်၊ လျှာ၊ ခံတွင်းတွင် မအီမသာကြီး ခံစားရသည်။ လည်ချောင်းတစ်လျှောက် ပူလောင်သွားမည်လားဟု စိုးရိမ်ထားသော်လည်း ဘာမှမဖြစ်။ ဝမ်းထဲရောက်သွားသော အခါတွင်မတော့ ပျို့အန်ချင်သလို ခံစားရသည်။ ကမ္ဗလာအဖျော်ကလေးဖြင့် မအီမလည် ခံစားရမှုကို ဖြေဖျောက်ချင်သော်လည်း ဦးမေ့ဘညာဏက အထူးသတိပေးထား၏။

“ချိပ်ရည်သောက်ပြီးရင် ခံတွင်းလေးရှင်းအောင်၊ မအီမသာဖြစ်တာ ပြေအောင်ဆိုပြီး ဘာအဖျော်မှ သွားမသောက်လေနဲ့၊ ယုတ်စွအဆုံး ရေတောင်မသောက်နဲ့၊ ဝမ်းထဲမှာ ချိပ်ရည်ဟာ သူ့အာနိသင် သူပြလိမ့်မယ်၏ တစ်ခုခု အရည်အဖျော် မျှောချခိုက်ရင် ဓာတ်ပြယ်သွားမယ် ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ အဲဒီအခါကျရင် တကာမကြီး ဘာဥပါယ်မှ ဟန်ပြလို့ရမှာ မဟုတ်ဖူး”

ချိပ်ရည်သောက်ပြီးနောက် ဦးမေ့ဘညာဏ ပေးသော ဝမ်းကျဆေးကို သည်အတိုင်းပင်မျိုလိုက်ရ၏။ ဆေးမှာ တကယ့်သန်းခေါင်းပမာဏသာ ရှိသည်။

“နောက်တစ်နေ့နံနက်ပိုင်းမှာပဲ ဝမ်းကျဆေးက တန်ခိုးပြလိမ့်မယ်။ တကာမကြီး ခုတလော စက်ရာလည်း မပျော်ဘူးထင်ရဲ့၊ ကောင်းတယ် အိပ်ရေးပျက်တော့ နားထင်နားရင်းတွေ ချောင်ကျနေပြီ၊ အသားအရေလည်း ဖြူဖပ်ဖြူရော်ဖြစ်နေတော့ ပိုသရုပ်တူသွားတာပေါ့၊ အဝရွှေနန်းတော်တွင် မကဘူး၊ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးက ကျော်ပေ့ တော်ပေ့ဆိုတဲ့သမားတော်တွေ အကုန်လာစစ်၊ ဝမ်းသွေးသွန်တဲ့ ရောဂါစိုးရိမ်ရတယ်လို့ အားလုံးပြောစေမယ်၊ အင်း ကျုပ်ပြောရဲတယ်၊ ဒါ ဝမ်းသွေးသွန် ရောဂါအစစ် မဟုတ်ဖူး၊ ချိပ်ရည်ဖျော်သောက်ထားတာပဲ လို့ အတပ်ပြောနိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com


သမားတော်ဆိုလို့တစ်ဦးပဲရှိမယ်၊ သူကတော့ဆရာဇီဝက၊ ဆရာဇီဝကလည်း မရှိတော့ဘူးဆိုတော့ ဓမ္မညာဏ ဖော်တဲ့ဆေးကို ဘယ်သူမှ မသိနိုင်တော့ဘူးပေါ့၊ မှတ်ထား"

ဦးဇင်းလေးက သူ့ဆေး သူ ယုံကြည်စိတ်ချစွာ ပြောလေသည်။

"ဝမ်းသွေးသွန်တာ မရပ်ဘူးဆိုပြီး အားလုံးမျက်လုံးမျက်ဆန်ပြူး ဖြစ်ကုန်ကြလိမ့်မယ်၊ ဆေးဝါးတွေ ပေးကြလိမ့်မယ်၊ တစ်ခုမှ မသုံးနဲ့၊ အဲ...နောက်ပိုင်းကျန်တာတော့ အသေးစိတ် ဆက်တိုင်ပင်ကြတာပေါ့၊ ဦးဓမ္မရနဲ့ ကျုပ်တိုင်ပင်ထားတာရှိတယ်၊ ဖြစ်နိုင်၏ မဖြစ်နိုင်၏ ဆိုတာ တကာမကြီးတွက်ပေါ့၊ ဟိုတကာမကြီး မိသင်လဲ ကြံထားဦး၊ အရေးရယ် အကြောင်းရယ်ဆို မိန်းမသားတွေက တစ်ဏှပွတ္တိညာဏ် ပိုထွက်တယ်၊ ဟုတ်ပြီလား"

ဦးဓမ္မညာဏက တက်ကြွနေ၏။ ဦးဓမ္မရကိုယ်တော်လေးကား ခေါင်းအေးအေးဖြင့် ပင်ချိန်ဆ၏။ မိသင်ကမူ အန္တရာယ်ကြုံလာနိုင်မည့် အခြေအနေများကို ရှာကြံတွေးရင်း ယိုပေါက်ဟာပေါက် မရှိအောင် အစေ့အစပ် ဆွေးနွေးသည်။

ချိပ်ရည်ဖျော်ထားသော အင်တုံ။ ဆီးသားယောက်မများကို အစအန မရှိရအောင် ဖျောက်ဖျက်ခိုင်းလိုက်သည်၊ အဝနေပြည်တော်သို့ ရောက်ခဲ့ရသည်မှာ ခုနစ်နှစ်ရှိခဲ့ပြီ။ တစ်ခါမျှ မကြုံစည်ဖူးသော အကြံဖြစ်သဖြင့် အထမြောက်ပါ့မလားဟု ပူပန်မိ၏။ သို့သော် ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်း၊ မချစ်မနှစ်သက်သူတို့နှင့် အတူနေရခြင်းတည်းဟူသော ခုက္ခနှစ်ပါးက ပူပန်စိတ်ကို ဖျောက်ပေးသည်။ ထိုဒုက္ခနှစ်ပါးမှ မုချ လွတ်မြောက်ရမည်ဆိုသော ဆန္ဒသည် မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်း၊ လေးကိုင်းပမာ ဖြစ်သည်ဆိုပါက သားတို့သမီးတို့ အဆွေအမျိုးတို့ထံ ပြန်မည်ဟူသော ဆုံးဖြတ်ချက်သည် အားကောင်းသော လေးညှို့ပမာ ဖြစ်ချေမည်။

ထိုညှို့မှ ရန်းထွက်ပျံသန်းသော မြှားတံသည် ရှင်စောပု၏နှလုံးသားဖြစ်ပြီး မြှားတံစွဲဝင် ထိုးစိုက်သည့် စက်ကွင်းဗဟိုကား ဦးဇင်းဓမ္မရ မိန့်သည့် သီးနှံမျိုးစေ့ မြေယာအမှန်ပင်ဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com


မိုးညှင်းမင်း ဝင်လာသဖြင့် သမားတော်များ သလွန်အနီးတွင် ဝိုင်းအုံနေရာမှ ရှဲသွားကြသည်။ အဝတုရင်သည် သလွန်ညောင်စောင်းဆီ လျှောက်လာပြီး ငုံ့ကြည့်လေသည်။

"မသက်သာဘူးလား မိဖုရားကြီး"

အသာအယာခေါင်းယမ်းပြလိုက်၏။ ပရိယာယ်မာယာဖြစ်သော်လည်း စိတ်ထဲကမူ"ဒီအဝရွှေနန်တော် ရောက်ကတည်းက ရှင်စောပု ဝေဒနာ စွဲကပ်ခဲ့တာ" ဟုပြောမိ၏။

"သမားတော်ကြီးတွေ ဆေးဝါး ပြောင်းမကုကြဘူးလား"

"ကျွန်တော်မျိုးကြီးတို့လည်း နည်းအဖုံဖုံနဲ့ စမ်းသပ်စစ်ဆေးပြီး ကုသကြပါတယ် ရွှေနန်းရှင်"

"ဘာနည်းအဖုံဖုံလဲ၊ ခုထိ ဝမ်းသွေးသွန်တာ မရပ်ဘူး၊ မောင်မင်းတို့ အဌာရသမှာ ဆယ့်ခုနှစ်ရပ်ပဲ တတ်ခဲ့ကြသလား ဘယ်မှာလဲ တိကိစ္ဆယ ဆေးဝါးအတတ်"

မိုးညှင်းမင်း၏ ငေါက်ငမ်းသံအောက်ဝယ် သမားတော်ကြီးများ ခေါင်းမဖော်ရဲကြ။

"စစ်ပွဲ၊ ဒဏ်ရာရ ရဲမက်တွေကို ကုသပေးရုံ၊ စည်းနှောင်ပေးရုံ၊ သွေးတိတ်အောင် လုပ်ပေးရုံနဲ့ပဲ ရိက္ခာတော် ယူနေကြသလားဟင်၊ ဝမ်းသွေးကျတဲ့ ရောဂါကိုတော့ မကုနိုင်ကြဘူးတဲ့၊ အခုဝေဒနာသည်ဟာ ကော ဘယ်သူလဲဆိုတာ သိကြရဲ့လား"

"သိ ပါတယ် ရွှေနန်းရှင်"

"အင်း...ဝေဒနာသည်ကို သိတယ်၊ ဝေဒနာကို သိတယ် ကုထုံးမသိဘူး ဟုတ်လား သွားကြစမ်း၊ ဟေ့ အိမ်တော်ဝန်လာစမ်း"

အမတ်တစ်ယောက် ဝပ်လျှိုးခစားလာသည်။

"သွား...နောက်ထပ် သမားတော်တွေ စုရုံးခေါ်ခဲ့စမ်း၊ အခုရှိနေတဲ့ သမားဆိုတဲ့သူတွေ နေပြည်တော်မှာနေပြီး ကုမနေနဲ့ စစ်မြေပြင်ထွက်ကု၊ အဲဒီမှာ မြှားသင့်လို့ ကိုယ့်ကိုယ်ကို မကုနိုင်ရင်လည်း အသက်ဆုံးကြ"

သမားတော်ကြီးများ အလျှိုလျှို ထွက်သွားကြသည်ကို ကြည့်ရင်း သူတို့အတွက် စိတ်မကောင်းဖြစ်မိနေ၏။ နောင်အခါမှပင် သူတို့မှာ အပြစ်မရှိပါကြောင်း သဝဏ်လွှာမှာ ရေးထားခဲ့မည်ဟု စိတ်ကူးသည်။

မိုးညှင်းမင်းသည် သလွန်တွင် ဝင်မထိုင်ဘဲ ဘေးအနီးမှာ ရပ်ရင်း ငုံ့ကြည့်၏။ သူ့မျက်နှာပေါ်တွင် စောစောက သမားတော်ကြီးများကို

www.burmeseclassic.com

www.burmeseclassic.com


ငေါက်ငမ်းမောင်းနှင်ပစ်သော ဒေါသအရိပ်မျိုး မရှိတော့။ သို့သော် လူမမာသည်ကို ကြင်နာယုယစွာ ကြည့်သည်။

ဂရုဏာမျက်လုံးမျိုးလည်း မဟုတ်။ အော်ဟစ်နှင်ထုတ်လိုက်ရသည်ကို အရသာခံနေသည့် အသွင်မျိုးဟု ထင်သည်။ စင်စစ်မူ လူမမာတစ်ယောက်ရှေ့မှောက်တွင် ဤမျှမောက်မာသော လေသံမျိုး အမူအရာမျိုး မသုံးသင့်ဟု ယူဆမိလေသည်။

"အဝနေပြည်တော်မှာ ရိက္ခာတော်စားပြီး အမှုတော်မကုံလုံတဲ့ လူတွေ အများကြီးပဲ မိဖုရားကြီးရဲ့၊ အင်း...ဆိုပါဦး၊ ဒီနေ့ ဘယ်လိုများ ထူးခြား ခံစားရသလဲ"

"ဝမ်းသွေးမရပ်တဲ့အတွက် အားယုတ်ပါတယ်"

ခပ်တိုးတိုးပြန်ဖြေလိုက်၏။ မိမိနေရာတွင် ရှင်စောပု မဟုတ်မူဘဲ၊ ရှင်မိမြတ် သို့မဟုတ် ရှင်ဘိုမယ်ဆိုပါက မိုးညှင်းမင်းသည် ခြေလက်မကိုင်မိ ဆောက်တည်မဲ့ မူပန်ဗျာများနေပေမည်။

"သက်သာသွားမှာပါ၊ သမားကောင်းတွေ ရှိပါတယ်၊ အနာရှိ ဆေးရှိရမှာပေါ့"

ဝတ်ကျေတန်းကျေ အမူအရာက ပို၍ ထင်ရှားလာသည်။ အတုံ့အပြန်ရှိတတ်လေသော သံယောဇဉ်နှင့် လေးစားမြတ်နိုးမှု သဘောကို ဆင်ခြင်မိသည်။ မိုးညှင်းမင်းကို မပြစ်မယူချင်တော့။ မိမိကိုယ်တိုင်ကမှ သူ့အပေါ် လေးစားသိမှတ်မှု မရှိဘဲလေ ဟု တွေးမိ၏။

အဝဘုရင် စကားဆက်စရာမရှိဖြစ်နေစဉ် မိသင်ကို လက်ယပ်၍ ခေါ်လိုက်သည်။ မိသင်အနားသို့ တိုးလာသည်။ အဝဘုရင်အား တစ်ခုခု လျှောက်လိုက်ပါဟူသော အဓိပ္ပါယ်ဖြင့် လက်ဟန်မျက်ရိပ်ပြလိုက်၏။ မိသင်ဒူးတုပ်လိုက်သည်။ အားလုံးပင်ကြိုတင်တိုင်ပင် စီစဉ်ထားသော လှုပ်ရှားမှုများ...

"ဘာများ တင်စရာရှိသလဲ"

အဝဘုရင်က မိသင်ကို တစ်လှည့်ကြည့်ရင်းမေး၏။

ခေါင်ဖုရား အားယုတ်ပြီး စကားမပြောနိုင်လို့ ကျွန်တော်မျိုးမ ကိုယ်စားပြုပြီး တင်ပါရစေ ရွှေနန်းရှင်။ ရောဂါဝေဒနာရယ်လို့ဖြစ်လာတဲ့ အခါမှာ သွေးလေမညီမညွှတ်ဖောက်ပြန်လို့ သဘာဝအလျှောက် နာမကျန်း ဖြစ်တာမျိုး ရှိသလို အမှောင့်ပယောဂ ဂြိုဟ်စီးဂြိုလ်နှင်း ဖောက်ပြန်လို့ ဖြစ်တာမျိုးလည်းရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...တင်စမ်းပါဦး"

"ပုဏ္ဏားတော်များနဲ့ တွက်စစ်ကြည့်တဲ့အခါမှာ ခေါင်ဘုရားဟာ သာမန်သွေးသားမညီမညွတ်တာထက် အဲသလို ဂြိုဟ်စီးဂြိုဟ်နင်းညံ့နေလို့ အမှောင့် ပယောဂ နှောက်နေလို့ဖြစ်တာလို့ ဟောကိန်းထုတ်ကြပါတယ်"

"အင်း...ဟုတ်ပြီ ဒီတော့"

"သမားတော်များ တိုက်ကျွေးတဲ့ ဆေးဝါးလည်းသုံးရင်းဂြိုဟ်စီး ဒသာကြမ္မာမကောင်းတာကိုလည်း ချွတ်လွှဲမောင်းနှင်ပစ်ဖို့ လိုပါတယ်တဲ့၊ ထက်မြက်တဲ့ ယတြာများနဲ့ ကူပံ့လိုက်ရင် ဝေဒနာဟာ အမြန်ကြီးပဲ သက်သာပျောက် ကင်းသွားမယ်လို့ ဆိုကြပါတယ်"

"ဒါက...ဘယ်ပုဏ္ဏားတော်က တွက်စစ်ဟောတာလဲ"

စေ့စပ်တိကျသော မိုးညှင်းမင်း ဤသို့ မေးလာလိမ့်မည်ဟု ကြိုတင်တွက်ထားပြီးဖြစ်လေသည်။

"အနောက်ဆောင် ပုဏ္ဏားတော်ကြီး ဇေယျသိဒ္ဓိ ပါ ရွှေနန်းရှင်"

မိုးညှင်းမင်း တစ်ချက်တွေငေးစဉ်းစားလျက်...

"အင်း...ဇေယျသိဒ္ဓိကတော့ ဂြိုဟ်စီးဂြိုဟ်နင်း၊ အတွက်အချက် ကျွမ်းကျင်သူပဲ၊ ဇာတာကော စစ်ဆေးသေးသလား"

"စစ်ပါတယ် ရွှေနန်းရှင်၊ ဇာတာအရလည်း ဘုမ္မိရောက်နေတယ်လို့ အဟောထွက်ပါတယ်"

"အဲဒါတော့ မကောင်းဘူး၊ ဒီတော့ ဇေယျသိဒ္ဓက ဘယ်လို အစီအရင် ပေးသလဲ"

"ယခု စံမြန်းရာကနေ အနောက်စူးစူးအရပ်ကို ရွှေ့ပြောင်းရပါမယ်တဲ့၊ နေ့နံအရ တွက်ကြည့်လိုက်တော့ အနောက်လုံး တောင်ပေါက် အရပ်ဆိုရင် မွေးနံဟာ အထက်ပြန်တက်လာပါမယ်တဲ့၊ ရွှေနန်းရှင်"

"အနောက်လုံးတောင်ပေါက်။ အင်းနန်းမြို့ အပြင်ဘက်ပဲ"

"မှန်ပါတယ် ရွှေနန်းရှင်၊ အဲဒီအရပ်မှာ ယာယီစံအိမ်ဆောက်ပြီး ယကြာများပြု၊ ဗလိနတ်စာများကျွေး၊ လူအများကို ခဲဖွယ်ဘောဇဉ်နဲ့ လှူဒါန်းကျွေးမွေးရင် ဂြိုဟ်စီးအလှည့်ကို တန်ပြန်ပြီးသား၊ အမှောင့်ကို ဖယ်ပြီးသား ဖြစ်လာလိမ့်မယ်တဲ့ ရွှေနန်းရှင်"

မိုးညှင်းမင်းသည် အင်း...ရှည်ဆွဲ၍ ခဏကြာမျှ စဉ်းစားနေ၏။

"ဇေယျသိဒ္ဓိပေးတဲ့ အစီအရင်ဆိုတော့ စိတ်ချယုံကြည်ရပါတယ်၊ ရှင်ဘို့မယ်ဆို မန်းစက်တော်ရာကနေ ပြန်ခေါ်လာစဉ်က သူလည်း

www.burmeseclassic.com

www.burmeseclassic.com


အတော့်ကို နာမကျန်းဖြစ်နေခဲ့တာ၊ ဇေယျသိဒ္ဓိပေးတဲ့ ယတြာနဲ့ အမြန်ကောင်းလာတာ လုပ်ကြလေ ရောဂါပျောက်ကင်းဘို့အရေးပဲ”

မိသင် နောက်ပြန်ဆုတ်သွားသည်။ မိုးညှင်းမင်းက သလွန်ဆီငုံ့ကြည့်ရင်း ပြော၏။

“ကျွန်ုပ်ဒါတွေ အစောကမသိလို့ သမားတွေကို မောင်းထုတ်လိုက်တယ်၊ အရေးမဟုတ်ပါဘူးလေ၊ ဒီသမားတွေ အမှုတော်ထမ်းပေါ့လျော့နေတာလည်း အမှန်ပဲ၊ ကိုင်းနေကောင်းအောင်သာလုပ်၊ မိဖုရားကြီး အနောက်လုံးတောင်ပေါက်မှာ ယာယီစံအိမ်ဆောက်ဖို့လဲ နှစ်သက်သလိုသာ စီမံကြပေတော့၊ ဓာတာသန့်သွားဖို့ အရေးကြီးတယ် မဟုတ်လား”

မိုးညှင်းမင်း ပြန်သွားပြီးနောက်တွင် မိသင်သည်အကဲမရသောမျက်နှာဖြင့် ပြုံး၍ပြောလေသည်။

“သူပုဏ္ဏားတော်ကြီးဇေယျသိဒ္ဓိကို မေးမှာပဲ သခင်မ၊ ဒါပေမဲ့ ဇေယျသိဒ္ဓိကလည်း အခု ကျွန်မ ပြောလိုက်တာတွေ အားလုံးကို သူ့ဘုရင်ကို ပြန်တင်လိမ့်မယ်၊ ဒီလိုထွက်ဆိုသံတော်ဦးတင်ဖို့ ပုဏ္ဏားတော်ကို ငွေစင်သုံးပိဿာနဲ့ ရွှေလက်စွပ်ငါးကွင်း တံစိုးပေးထားပြီးသား။ ပြီးတော့ ဘုရင်မင်းမြတ်အတွက် မိဖုရားကြီး ရှင်စောပုက ကြားဝင်ပြီး ယတြာလုပ်ရတာ၊ ဒီလိုယတြာမျိုးကို ဘုရင်မင်းမြတ်က သူ့အတွက် လုပ်တာဆိုရင် ခွင့်ပြုမှာမဟုတ်ဘူး၊ ရွှေနန်းရှင် ဓာတာတော်သန့်ဖို့လုပ်ပေးတယ်ဆိုတာ တစ်ခွန်းမှ မဟလေနဲ့လို့လည်း ဇေယျသိဒ္ဓိကို သင်ကြားထားပြီးသား၊ စိတ်ချနေတော်မူ သခင်မ”

မိသင်တွင်တွင် အားရပြောနေသည်ကို နားထောင်ပြီး–

“မိသင်ရယ်၊ ညဲ့ရွှေနန်းရှင်က ဇေယျသိဒ္ဓိကို တခုတ်တရများ သွားမေးမယ် မထင်ပါနဲ့၊ ရှင်စောပုအတွက် ဒီလောက်ကြောင့်ကြစိုက်လို့ များတော့ ငါချိပ်ရည်သောက်စရာတောင်မလိုပါဘူး”

“အို…ဘာပဲဖြစ်ဖြစ် သခင်မရယ် အခု အဆင့်နှစ်ဆင့် အောင်မြင်ပြီ၊ အနောက်လုံးတောင်ပေါက်မြို့ပြင်မှာ စံအိမ်ဆောက်လို့ရပြီ၊ ရှေ့အစီအမံတွေလည်း ပြေချောဖို့ပဲရှိတော့တယ်လေ”

“အေးကွဲ့၊ ဦးပဥ္စင်းနှစ်ပါးလည်း ညနေကျရင် ကြွလာကြဦးမယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com


လေးကိုင်းပို၍ ကွေးညွတ်လာသည်။ ညှို့ကြိုးပို၍ တင်းတောင့်လာသည်။ မြှားတံပို၍ငြိမ်သက်လာသည်။ စက်ဗဟိုမှတ်ကို ရေးတေးတေး မြင်လာရပေပြီ။

အနောက်လုံးတောင်ပေါက်မြို့ပြင်မှ ယာယီစံအိမ်၌ ထူးခြားသော အခမ်းအနားများ ပေါ်ပေါက်လာသည်။ ဘုရားကိုးဆူ ကပ်သည်။ သဲပုံစေတီ တည်သည်။ ရဟန်းသံဃာတို့ကို မိဖုရားကြီး ရှင်စောပု သက်စေ့ သုံးဆယ့်ခြောက်ပါးနှင့် ပဋ္ဌိသန္ဓေသက်တစ်ပါးပေါင်း၍ သုံးဆယ့်ခုနစ်ပါး ပင့်ကာ ဆွမ်းလုပ်ကျွေး ပူဇော်သည်။ သံဃာတော်များက ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးကြသည်။ ထို့နောက်...

ပုဏ္ဏားတော်များကို ပူဇော်သက္ကာရပြုသည့်သဘင်။ ပုဏ္ဏားတော်များက သပြေခက် ကိုယ်စီကိုင်ကာ မန္တန်ရွတ်ဖတ်ကြသည့် သဘင်။ မိဖုရားကြီး နေ့နံတော်အတိုင်း သုံးဆယ့်ခုနစ်နှစ် အရွယ်ရှိ ဗုဒ္ဓဟူးနေ့ဖွား ဗုဒ္ဓဟူးနေ့သမီး သုံးဆယ့်ခုနစ်ယောက်အား စတုဒိသာ ကျွေးမွေးသည့် အခမ်းအနား၊ သဲပုံစေတီ၏ ဗုဒ္ဓဟူးနံထောင့်အရပ်တွင် ဆင်ရုပ်သုံးဆယ့် ခုနစ်ကောင်ထားရှိပြီး ၊ အမွေးနံ့သာများ ပက်ဖျန်းသည့် အခမ်းအနား ရာဟုဖွား အမျိုးကောင်းသား၊ သုံးဆယ့်ခုနစ်ယောက်အား အဝတ်ပုဆိုး ပေးလှူသည့် အခမ်းအနား၊ ဂြိုဟ်ကြီးရှစ်လုံးနှင့် ဂြိုဟ်မင်းတို့အား ဂြိုဟ်စာကျွေးသည့် အခမ်းအနား။

ထိုသဘင် အခမ်းအနားများ အားလုံးကို ဦးစီးကိုင်ပြုရသော အနောက်တော် ပုဏ္ဏားတော်ကြီး ဇေယျသိဒ္ဓိမှာ မိသင်ထပ်မံတံစိုးပေးသော ကြေးပိဿာသုံးဆယ်နှင့် ရွှေငါးကျပ်သားကို လက်ခံရယူပြီးနောက် ပို၍ တက်ကြွစေ့စပ်စွာ စီမံခန့်ခွဲတော့သည်။

ခုနစ်ရက်၊ ခုနစ်လီကြာခဲ့ပေပြီ။ မြို့ပြင်အနောက် လုံးတောင်ရပ် စံအိမ်ကို ကြီးကြပ်စောင့်ရှောက်ရန် မိုးညှင်းမင်းက မြင်းတပ်မှူး၊ ရှင်ရဲနောင်အား အမိန့်တော်ချခဲ့၏။ ရှင်ရဲနောင်သည် ဦးပဍ္ဍင်းဦးဓမ္မဉာဏ၏ အပြောအပြောတွင် အကျကြီးကျကာ ဦးဓမ္မဉာဏ၏ ဓမ္မန္တေဝါသိက တပည့်လုံးလုံးကြီး ဖြစ်သွားသည်။

ဦးစီးခေါင်းဆောင်ဖြစ်သူ ရှင်ရဲနောင်က ကိုးကွယ်သောအခါ ဦးဇင်း လေးအား မြင်းတပ်သားအားလုံးအလိုလိုပင် ဝပ်တွားကြပြန်၏။ ဦးဓမ္မ ဉာဏကလည်း မြင်းတပ်သားတို့ ဝါသနာထုံသော အဆောင်လက်ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com


ဂါထာမန္တန်ပီယဆေးများဖြင့် သားကောင်ကို စပါးကြီးမြွေသို့သည့်အလား ယူကျုံးဆွဲငင်ထားနိုင်ခဲ့လေသည်။

ထိုအချိန်ကာလများအတွင်းမှာပင်...

ဦးဇင်း ဓမ္မဓရသည် အနောက်လုံးတောင်ပေါက်နှင့် မနီးမဝေး ရှိနေသော မြစ်ဆိပ်၌ လျှို့ဝှက်စွာ စီမံနေ၏။ ဦးစွာ မြစ်ဆိပ်ကမ်းပါးထက် သောင်ပြင်တွင် ရုံကြီးတစ်ရုံဆောက်သည်။ ဝင်ပေါက်ထွက်ပေါက်ကို တစ်ပေါက်တည်းထား၍ တစ်ကိုယ်စာသာ အကျယ်ချဲ့သည်။ တဲရုံအတွင်း နံရံလေးဘက်တွင် အပြင်မှ မမြင်ရအောင် တင်းတိမ်စများအလုံအခြုံ ကာရံသည်။ တဲရုံကြီးအလယ်တွင် ဆိုင်းဝိုင်းတူရိယာ ခင်းကျင်းထားပြီး ပရိသတ်အတွက်မူ စင်များအသင့်အတင့် ဝန်းရံ၍ ထိုးသည်။

တဲရုံကြီးရှိရာ ကမ်းပါးထိပ်မှာ မတ်စောက်လှပြီး မြစ်ဆိပ်သို့ လူအသွားအလာ မသုံးကြသောနေရာလည်းဖြစ်သည်။ အောက်ဘက်တွင် ရှိနေသော မြစ်ဆိပ်မှာလည်း ကမ်းပါးစွန်းကွယ်နေသဖြင့် အငူတစ်ခုလို ဖြစ်နေကာ ကမ်းပါးပေါ်မှ ကြည့်၍ မမြင်နိုင်။

မြစ်ဆိပ်မြစ်ပြင်တွင်ကား လှော်ကားလှေကြီးတစ်စင်း။

အနောက်လုံးတောင်ပေါက် ယာယီစံအိမ်နှင့် မြစ်ဆိပ်ကမ်းပါးထိပ်တွင် ထိုသို့စီမံလှုပ်ရှားနေကြခိုက် အဝရွှေနန်းတော်ရှိ မိဖုရားကြီးရှင်စောပု၏ အဆောင်တော်တွင်ကား ဟံသာဝတီမှ ပါလာခဲ့သော လူပျိုတော်သားများ မင်းလုလင်များ၊ အရွယ်ရောက်ပြီး သန်မြန်သော ယောကျ်ားကြီးများသည် မောင်းရုံးတောင့်တင်းစေသော လေ့ကျင့်မှုများကို လျှို့ဝှက်စွာလေ့ကျင့်နေ ကြသည်။ ထိုလေ့ကျင့်မှုများ၏ အမြင့်ဆုံးအဆင့်မှာ အဝရောက်ဟံသာဝတီ သားတို့ခြောက်နှစ်ခုနစ်နှစ်ခန့်မျှကင်းကွာနေခဲ့သည့် လှော်တက်အနုတ်အသိမ်း လေ့ကျင့်မှုပင်ဖြစ်၏။

* * *

လဆုတ်ညဥ့် ကောင်းကင်သည် တိမ်တိုက်များကြောင့် ပို၍ မည်းမှောင်နေလေသည်။

အမှောင်ထုကို ခုခံနေသော နေရာတစ်နေရာရှိ၍ ယင်းနေရာမှာ အနောက်လုံးတောင်ပေါက် ယာယီစံအိမ်နှင့် မြစ်ဆိပ်အကြား ကမ်းပါး သောင်ပြင်ထက်ရှိ တဲရုံတန်းလျားကြီးဖြစ်၏။

တဲရုံကြီးထဲတွင် ကညင်ဆီမီးတိုင်များ လင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com


တဲရုံဇဟိုရှိ ဆိုင်းဝိုင်းမှ ဆူညံ သွက်လက်သော ဗုံသံ၊ စည်သံ၊ ပတ်သံများ ညိုးညိုးညံ့နေသည်။ တစ်ပေါက်တည်းသာရှိသော ဝင်ပေါက်အဝတွင် တိုးဝှေ့နေကြစေကာမူ တစ်ယောက်စီသာ လူးလွန့်တိုးဝင်ကြရသည်။ ခဏချင်းအတွင်းမှာပင် တဲရုံကြီးအတွင်း လူပြည့်သွားလေသည်။

ပရိသတ်အများစုမှာ ရှင်ရဲနောင်ဦးစီးသော မြင်းတပ်သားများဖြစ်ပြီး သူတို့အားလုံးလိုလိုမှာလည်း စတုဒီသာ တိုက်ကျွေးသော သေရည်ဖြင့် မူးယစ်နေကြသည်။ သေယစ်သော တက်ကြွမှုနှင့် ဆိုင်းသံတို့ တွဲဖက်မိသောအခါ ပွဲကြည့်မြင်းတပ်သားများသည် ပရိသတ်အဖြစ်မှသည် စင်အောက်သို့ဆင်းကာ ကိုယ်တိုင်ကခုန်သူများအဖြစ် ရောက်ရှိသွားကြသည်။

ပရိသတ်ကို အဖမ်းစားဆုံးမှာ ဆိုင်းပတ်ဝိုင်းရှေ့တွင် ခင်းကျင်းထားသော လခြမ်းတူရိယာနှင့် မိကျောင်းတူရိယာတို့ပင်ဖြစ်၏။

ရွှေရောင်ဖိတ်လက်နေသော မိကျောင်းရုပ်ကြီးသည် သုံးတောင်ရှည်လျားပြီး ပါးစပ်ကိုဟကာ အမြီးကိုတန်းကာဖြင့် မာန်ဖီနေသည်။ ဝမ်းဗိုက်အောက်ခံခုံခြေလေးချောင်းတို့တွင် ခြေသည်းများကိုပါ အနုစိတ်ဖော်ထားသည်။ မိကျောင်းတူရိယာသမားက ရင်းတိုက်သားလက်ခတ်ဖြင့် တီးခတ်လိုက်သောအခါ မြင်းတပ်သားများ ဟေးကနဲ အော်ကြလေသည်။

မကြမ်မီမှာပင် ကချေသည်တို့ မိကျောင်းရှေ့တွင် နေရာယူလိုက်ကြ၏။ ကချေသည်တို့သည် လက်အစုံကိုမြှောက်ပင့်ကာ ပန်းမပါဘဲ ပန်းခူးလေဟန်ကိုင်ဆောင်ဟန် သရုပ်ဖော် ကခုန်ကြသည်။ ပန်းဝိုင်းအကရှေးဦး အစီအစဉ်ကတည်းက ပရိသတ်သောသောနှစ်ခြိုက်သွားကြသည်။

ထို့နောက် ဒေဝပဗ္ဗန်အကဟု မိကျောင်းသမားက ဟစ်၍ကြေညာလိုက်သည်။ ကချေသည်တို့ လက်ညှိုးကိုကွေးကာ ဆန့်ကာ လှုပ်ယမ်းကာ ကပြကြသည်တွင် မြင်းတပ်သားတို့သည် သေမူးမူးဖြင့် လိုက်ကကြလေသည်။

တတိယအစီအစဉ်ဖြစ်သော ခါးနှစ်လက်အကတွင်မူ ကားမြင်းတပ်သားများထဲမှ ပွဲကြည့်သူဟူ၍ တစ်ယောက်မျှ စင်ပေါ်တွင်မရှိကြတော့ဘဲ၊ ဆိုင်းဝိုင်းကိုပတ်ကာ စစ်ချီစစ်တက်အကများ ကခုန်ကြတော့သည်။

ထို့နောက် ဟံသာဝတီနွယ်ဖွားတို့၏ ရိုးရာစမားဂွတ် မြေဝိုင်းအက။

မင်းသားနှင့် မင်းသမီးတို့ အချီအချ အပေးအယူလုပ်၍ စောင်းမြောင်းထေ့ငေါ့ သီဆိုကြသည်ကို မိကျောင်းက၊ အတို့အဆိတ်ဖြင့် ပို့ပေး၏။

www.burmeseclassic.com

www.burmeseclassic.com


အကကိုဦးစားမပေးသော စမားဂွတ်အဆိုသည်ပွဲသည် ဟံသာဝတီ နွယ်ဖွားတို့ အထူးနှစ်ခြိုက်ကြသော အစီအစဉ်ဖြစ်ကြောင်း လခြမ်းတီးသူက အသံဝါကြီးဖြင့်ကြေညာသည်။

မင်းသား၊မင်းသမီးတို့၏ အပြန်အလှန်ထေ့ငေါ့စောင်းချိတ်သော ဟာသတေးချင်းကို လခြမ်းသမားကပင် အဝမြင်းတပ်သားတို့ နားလည် အောင် ပြန်ဆိုရှင်းလင်းပြသည်။ မြင်းတပ်သား ပရိသတ်များမှာတဝါးဝါးပွဲ ကျ၍ မဆုံး။

တဲရုံကြီး အတွင်း၌ ထိုသို့ တေးဂီတသံ၊ လခြမ်းသံ၊ မိကျောင်းသံ များ၊ တေးသီဆိုသံများ၊ အော်ဟစ်ရယ်မောသံများက ပွင့်ထွက်မတတ်ဖြစ် လာသောအခါ အပြင်မှ အနောက်လုံးတောင်ပေါက်သားများလည်း မနေနိုင် တော့။ သို့သော် ဝင်ပေါက် တစ်ပေါက်တည်းသာရှိပြီး ရုံအတွင်းမှာလည်း ပရိသတ်ပြည့်နေပြီဖြစ်သဖြင့် အပြင်မှပင် နားဆင်ကြရတော့သည်။ တင်းတိမ်များ ကာရံထားသဖြင့် တဲထရံကွက်ကမှ ချောင်းကြည့်၍လည်း မမြင်ကြရ။

စမားဂွက်တေးသည် စည်းနရီပို၍မြန်ဆန်သွက်လက်လာသည်။ မြင်းတပ်သားနှင့် ပရိသတ်တို့၏ သေခွက်များလည်း အကမ်းအလှမ်း အပေးအယူ ပို၍များလာသည်။

တစ်စတစ်စဖြင့် စမားဂွက်သည် မြန်မြန်ဆန်ဆန် သွက်သွက်လက် လက်မှ လေးပင်သော စည်းဝါးနှင့်အတူ မင်းသားမင်းသမီးတို့၏ တေးသံမှာ လည်းနရီကျဲအထိ လေးလံလာသည်။

မြင်းတပ်သားတို့လည်း သေခွက်လွတ်ကျကာ ခေါင်းငိုက်စိုက် ဖြစ်နေကြပေပြီ။

မြင်းတပ်မှူးရှင်ရဲနောင်ကား မိကျောင်း၏ အမြီးဖျားတွင် မေးတင် လျက် ဟုတ်သပ၊ ဟုတ်သပ ဟု သေယစ်သံဖြင့်ဆိုနေသည်။

ညဥ့်ပိုနက်လာ၏။ အမှောင်ထုပို၍သိပ်သည်းလာ၏။

တဲရုံအပြင်မှ မမြင်ရဘဲ နားဆင်ရုံသာ နားဆင်နေရသော လုံးတောင် ပေါက်သားတို့လည်း လေးတွဲ့သော စမားဂွက်နှင့် နားမလည်သော ဟံသာဝတီတေးစာသားကို ပျင်းရိကာ ပြန်သွားကြ၏။

လခြမ်းသံ၊ မိကျောင်းသံတို့ဖြင့် တဖြည်းဖြည်းလေးတွဲ့ကြိုးကျဲရာမှ အသံတိုးတိမ်လာသည်။ မိကျောင်းသမားက ရင်းတိုက်သား လက်ခတ် ကို ခါးကြားထဲထိုးသိမ်းလိုက်သည်။ ကချေသည်တို့သည် ထန်းခေါက်ဖာ

www.burmeseclassic.com

www.burmeseclassic.com


များကို ဆိုင်းဝိုင်းကြားမှ ဆွဲထုတ်လိုက်ကြသည်။ တေးဂီတသံများအားလုံး တိတ်သွား၏။

ထိုအချိန်ဝယ်...

မတ်စောက်သော ကမ်းပါးအောက် မှောင်ရိပ်ပိုကျသော သဲလမ်းမြစ်ဆိပ်တွင် မည်းမည်းသဏ္ဍာန်တို့ လှုပ်လှုပ်ရွရွဆင်းလာကြသည်။ အငူသဖွယ်ဖြစ်နေသော မြစ်ဆိပ်သို့ရောက်သည်။ ကုန်းပေါင်းပျဉ်ပြားပေါ်သို့ ခြေချမိကြသည်။

"သခင်မ ကုန်းဘောင်အတိုင်းတက်သွားပါ၊ ခြေလှမ်းမှန်မှန်သာ လျှောက်ပါ မိသင်နောက်က ထိန်းထားပေးမယ်"

"ငါလျှောက်နိုင်ပါတယ် မိသင်"

တီးတိုးအသံနှစ်သံထွက်လာ၏။

ပျဉ်အတိုင်း တည်ငြိမ်စွာ တက်ခဲ့ပြီး လှေဦးသို့ ရောက်သည်။

"တကာမကြီး ရောက်ပြီလား"

လှေဦးမှ ဦးဓမ္မဉာဏ၏ အသံပေါ်လာ၏။

"ရောက်ပါပြီဦးပဥ္စင်း"

"ပေါင်းမိုးထဲဝင် အလယ်နားထိသွား"

မီးထွန်းမထားသဖြင့် မှောင်မည်းနေ၏။ သို့သော် ပေါင်းမိုးအတွင်း အတိုက်အထိအရှိအောင် ရှင်းလင်းထားသည်။ သင်ဖြူးချောဖျာပေါ်တွင် ကော်ဇောခင်းထားသည်။ ရှင်စောပုသည် မိသင်၏ အဖေးအမကို တွဲရင်း အနည်းငယ်လူးသော လှေပေါ်၌ တည့်မတ်စွာလျှောက်ပြီး ထိုင်လိုက်၏။

"တကာမကြီးရောက်ပြီလား"

"ရောက်ပါပြီဦးပဥ္စင်း"

ပဲ့စင်ဘက်မှ ဦးဓမ္မရေ၏ အသံဖြစ်၏။

လှော်ကားလှေ ငြိမ့်ကနဲလှုပ်နေသည်။ ဆက်ကာဆက်ကာ ဆင်းလာကြသူများ၏ အရှိန်ကြောင့်ဖြစ်သည်။ ခဏအကြာတွင် လူစုံပြီဟု အသံတစ်ချက်ပေါ်လာ၏။

"ကုန်းပေါင်ဖြုတ်"

ဦးဓမ္မရေက အမိန့်ပေးလိုက်သည်။

လှော်ကားလှေကြီးသည် မိကျောင်းတစ်ကောင်နှယ် မြစ်ဆိပ်မှ တိတ်ဆိတ်စွာ ကမ်းခွာခဲ့သည်။ ထိုအချိန်တွင် တဲရုံအတွင်း မိကျောင်းတူရိယာ၏ အမြီးပိုင်းတွင် မျက်နှာအပ်ကာ သေအယစ်လွန်အိပ်မောကျ

www.burmeseclassic.com

www.burmeseclassic.com


နေသည့် အဝမြင်းတပ်မှူး ရှင်ရဲနောင်သည် အိပ်မက်ထဲ၌ သူကိုယ်တိုင် မင်းသားအဖြစ် စမားဂွတ် သီဆိုနေလေသည်။

* * *

လခြမ်းကြေးနောင် တူရိယာကြီး သူ့အပေါ်ပြုတ်ကျလာသည်ဟု အိပ်မက်မက်ပြီး မြင်းတပ်မှူး ရှင်ရဲနောင် လန့်နိုးလာ၏။ ကိုက်ခဲမူးဝေစွာဖြင့် မျက်စိဖွင့်အကြည့်တွင် ရှင်ရဲနောင် မျက်လုံးပြူးသွားသည်။ မြင်းတပ်သားတွေချည်း။ အတုံးအရုံး၊ သေအိုး သေခွက်များအကွဲကွဲ အဖိတ်ဖိတ်၊ အမူးလွန် အိမ်ပျော်နေသည့် ဟောက်သံများ။

ပန်တျာသည်တို့ တစ်ယောက်မှ မရှိကြတော့။

ရှင်ရဲနောင် လူးလဲထ၍ တဲရုံထဲမှ ပြေးထွက်ခဲ့သည်။ အနောက်လုံးတော်ပေါက် ယာယီစံအိမ်ဆီသို့ပြေးသည်။ မြင်းပေါ်တက်ရန်ပင် သတိမရ။ ယာယီစံအိမ်တံခါးများ၊ ပြူတင်းများ၊ ဝင်ပေါက်များ ဟင်းလင်းပွင့်လျက်ရှိသည်။ အထဲမှာတစ်ယောက်မှမရှိ။ မိဖုရားကြီး ရှင်စောပုလည်း မရှိ။

ရှင်ရဲနောင် မြင်းဇောင်းဆီ ပြန်ပြေးလာပြီး တွေ့ရာမြင်းတစ်ကောင်ကို အတင်းဆွဲဖြုတ်ကာ လွှားကနဲတက်၍ ဇက်ကုန်လွှတ်သည်။ ရွှေနန်းတော်သို့။

* * *

မိုးညှင်းမင်းတရား၏ "တောက်" ခေါက်သံများမှာ အားလုံး၏ ဦးခေါင်းပေါ်၌ မိုးကြိုးတစ်ချက်နှံသံ ဖြစ်သွား၏။ ရှင်ရဲနောင်၊ ပုဏ္ဏားတော်ကြီး ဧယျသိဒ္ဓိနှင့် ပုဏ္ဏားတော်များ၊ မြင်းတပ်သားများ၊ မင်းလုလင်များ၊ နန်းတော်စောင့် တပ်မိုလ်မှူး၊ အနောက်လုံးတော်ပေါက် ယာယီစံအိမ်မှ ပွဲသဘင်တာဝန်ခံအမတ်နှင့် အမှုတော်ထမ်းများအားလုံး၏ မျက်နှာသည် နွားနို့ရောင်ကဲ့သို့ ဖြူဖွေးနေကြသည်။

ထိုစဉ် အမတ်တစ်ဦးက ခေါင်းမဖော်ဘဲ ဒူးတုပ်ရင်းတိုးလာကာ..

"ခေါင်မိဖုရားကြီး သလွန်ပေါ်က ရခဲ့တာပါ ရွှေနန်းရှင်" ဟု လျှောက်ပြီး မိုးညှင်းမင်းလက်ထဲသို့ သဝဏ်တစ်စောင် ဆက်သလာ၏။

www.burmeseclassic.com

www.burmeseclassic.com


မိုးညှင်းမင်း သဝဏ်ကို ဖတ်နေရင်း မျက်နှာတစ်ခုလုံး မီးကျီးခဲလို နီရဲလာကာ ရင်အုံတစ်ခုလုံး ဖားဖိုကဲ့သို့ ဖြစ်နေသည်။ ထို့နောက် ထင်းထင်းပေါ်နေသော မေးရိုးများ လှုပ်ရှားလာကာ သွားကြားထဲမှ အံကြိတ်သံနှင့်ဆိုသည်။

"ပြေးချင်လည်း ပြေးပစေတော့၊ သင်း ဒီလိုကြံမယ်လို့တော့ ငါ့စိတ်ထဲအနံ့အသက် ရသလိုရှိသား၊ ဟိုရှင်နှစ်ပါး သူ့အဆောင်မှာ ဝင်ထွက်နေကတည်းက ငါမသိုးမသန့်ရှိတယ်၊ ဒါပေမဲ့ သင်း ဒီလို လုပ်မယ်လို့ မတွက်ခဲ့မိဘူး"

"ဟဲ့ အကောင် သေရည်အိုးထဲ ခေါင်းစိုက်နေတဲ့ မြင်းတပ်မှူး ဆိုတဲ့အကောင်"

မြင်းတပ်မှူး ရှင်ရဲနောင် တုန်သွား၏။

"မြစ်ရိုးအတိုင်း မင်းမြင်းတပ်သားတွေလိုက် ဆိုင်ရာ ဆိပ်ကမ်း ကင်းတပ်ဖွဲ့တွေဆီ အကြောင်းကြား"

မိုးညှင်းမင်းသည် ဆာလောင်မွတ်သိပ်သော ခြင်္သေ့ကြီးတစ်ကောင်လို ခေါက်တုံ့ခေါက်ပြန်လျှောက်ရာမှ ရပ်လိုက်ကာ...

အင်း အကြောင်းထူးမယ်တော့ မထင်ပါဘူး၊ သင်းတို့ ဟံသာဝတီ သားတွေက ရေကြောင်း၊ လှေကြောင်း သိပ်ကျွမ်းကျင်ကြတာ၊ ခရီးကလည်း အစုန်ခရီး၊ ထွက်ပြေးသွားတာကလည်း ညဉ့်ကတည်းကဆိုတော့ အတော် ခရီးပေါက်လောက်ပြီ၊ ပြေးပစေတော့ဟေ့၊ မင်းဆက်အဆောင်ယောင်မို့ သာ ငါကလဲ နန်းစံထားတာပါ၊ ရှင်စောပုကို နဂိုကတည်းက ငါ သိပ်သဘော တွေ့တာမဟုတ်ဘူး"

မိုးညှင်းမင်း ရပ်နေသော ခြေအစုံမှာ ပုဏ္ဏားတော်ကြီး ဧယျသိဒ္ဓိ ရှေ့မှောက်ဖြစ်လေရာ၊ ပုဏ္ဏားတော်ကြီးမှာ ခေါင်းမဖော်ရဲဘဲ ကြမ်းပြင်နှင့် မျက်နှာ ပြားပြားကပ်ရင်း တစ်ကိုယ်လုံး နှစ်ကျုံ့ဝင်သွားတော့မတတ် ဖြစ်နေ၏။

"သဝဏ်ထဲမှာ သင်းက အကြောင်းစုံ ရေးထားခဲ့သေးတယ်။ မင်းတို့အားလုံး လှလှကြီး အလှည့်စား ခံလိုက်ရတာပေါ့လေ၊ အေး... ပရိယာယ် ကျော့ကွင်းထဲကို ဆင်းမိခဲ့တယ်ဆိုပေမယ့် မင်းတို့ သတိ ပေါ့တန်တာတော့ ပေါ့တန်တာပဲ၊ ဘယ်လိုရာဇဒဏ် ချရမယ်ဆိုတာ ငါစဉ်းစားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com


မိုးညှင်းမင်းသည် သဝဏ်ချပ်ကို အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်လိုက်ပြီး ဇေယျာသိဒ္ဓိခေါင်းထက်သို့ ပစ်ပေါက်လိုက်၏။

"တောက်...ရေးသွားလိုက်ပုံက သင့်ထံမှ ကျွန်ုပ် ထွက်ပြေးခြင်း မဟုတ်၊ ကျွန်ုပ်အတွက် ပတိရူပအရပ် မဟုတ်သော ဒေသတစ်ခုမှ ပြေးထွက်သွားခြင်းသာဖြစ်သည်...တဲ့၊ ထွက်ပြေးတာ မဟုတ်ဘူးတဲ့။ ပြေးထွက်သွားတာတဲ့၊ အေးပေါ့လေ၊ ထွက်ပဲပြေးပြေး ပြေးပဲထွက်ထွက်၊ သင်းမရှိတော့လည်း အေးတာပဲ၊ သွားပစေ"

မိုးကြိုးလျှပ်စီးတစ်ခုလို ထစ်ချုန်းမြည်ဟီးကာ လေနီကြမ်း မုန်တိုင်းတစ်ခုလို ထွက်ခွာသွားသော မိုးညှင်းမင်းတရား၏ ခြေလှမ်းများမှာ ရှင်ဘို့မယ်၏ နန်းဆောင်ဆီသို့။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"သီတာဘောင်မှာ၊ ယောင်မကြွားနှင့်၊ ခေါင်ထားသမျှ လေ့ရာဇိတ်၊ တိန်ညင်းမိပတိ တာခံ၊ ရွှေနိုင်ငံနယ် ဟိုးဟိုးကျော်လို့၊ မြေပေါ်ရေ ပေါ်၊ တေဇော်လွှတ်တယ်၊ စိုးကွပ်ဆင့်နိမ်၊ ရွှေကင်းခွန်ကြေ့၊ မြတ်သာကိန်၊ နတ်ဝတီစံရာ ဆက်တယ်၊ ယာဉ်စကြာကြီး..."

အနောက်ဘက် တောင်စွယ်သို့မေးတင်ရင်း ပြုတ်ကျသွားသော နေလုံး နီရဲရဲသည် ဧရာဝတီကို တမ်းမက်စွာ နှုတ်ခွန်းဆက်နေသယောင်။ နေရောင် ခြည်တန်းတို့က တိမ်စိုင်တို့ကို ဖောက်ထွင်းလျက် ဧရာမြစ် ပြင်ကို ဖက်တွယ်ဆုပ်ကိုင်ထားဆဲ။

ထိုအခါ မြစ်အပြင်သည် အိပ်မက်ဆန်သော အရောင်အသွေး မျိုးစုံတို့ဖြင့် တောက်ပနေတော့၏။ တောင်တန်းအရိပ်ထင်သော အဝေးဆုံး နေရာတွင် ခရမ်းပုပ်ရောင်။ မြစ်ကမ်းအလွန်တွင် ခဲသားနုရောင်။ မြစ်ပြင် အလယ်သို့ ရောက်သောအခါ လိမ္မော်ရောင်။ လှော်ကားလှေကြီး စုန်ဆင်း နေသည့် နေရာတွင်ကား ပန်းဆီနုရောင် ပုဇွန်ဆီရောင်။

အဇ္ဈောပြင်တွင် တစ်နေကုန် မင်းမူခဲ့စဉ်က လင်းထိန်သော အရောင်နှင့် အပူငွေ့ခြောင်းခြောင်းတို့ကိုသာ လွှတ်ခဲ့သော သူရိန်သည် အနောက်ဘက်တောင်စွယ်တွင် ငုပ်သွားပြီးမှ လှပသော ရောင်ခြည်တန်း တို့ဖြင့် နှုတ်ဆက်ခဲ့ချေသည်။ ဧရာဝတီကို နေမင်းသူရိန်က မိမိ၏ တစ်နေ့တာ ကျူးလွန်မှုများအတွက် အလျော်ပေးဆပ်ခြင်းပေလား။

ပေါင်းမိုးအစပ်တွင်ထိုင်ကာ ညနေဆည်းဆာ၏ မျက်စိမဆံ့ တပြန့်တပြော မြစ်ပြင်နှင့် ကောင်းကင်မြင်ကွင်းကြီးကိုကြည့်ရင်း အတွေး ရောက်မိနေသည်။ မညှာမတာ နိုပ်စက်ကလူပြုခဲ့သော နေလုံးကြီးသည်

www.burmeseclassic.com

www.burmeseclassic.com


သူ၏ခွဲခွာခန်းတွင်မူ ပကတိ သနားနှစ်လိုစဖွယ်။ မြစ်ပြင်ဧရာသည်လည်း တစ်နေကုန် အငွေ့လူလူ တက်ပျံ့ခဲ့ရသော အပူဒဏ်ရာများကို မေ့ပျောက်ကာ နေလုံးကြီး၏ ပွေ့ဖက်နှုတ်ဆက်မှုကို ကျေကျေနပ်နပ်ကြီး ခံယူနေ၏။ ဧရာဝတီသည်ကော အပြစ်ဟူသမျှကို သည်းခံခွင့်လွှတ်တတ်သည်လား။

သြော်… တောင်းပန်ခယသူနှင့် သည်းခံခွင့်လွှတ်တတ်သူ ။ ဒူးထောက်အရှုံးပေးသူနှင့် ကျေအေး ဖြေဖျောက်တတ်သူ။

မလွဲမရှောင်သာသောကြောင့် တစ်ဦးအပေါ်တစ်ဦး အပြစ်ဒဏ် တစ်ခုခု လွန်ကျူးခဲ့မိသည်ဆိုစေ တောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ကျေအေးခြင်းတို့ဖြင့် ပေါင်းဆုံကြပါမူ ကမ္ဘာလောကကြီး ငြိမ်းချမ်းပေလိမ့်မည်။ မာနနှင့် အာဃာတတို့ကို ကိုယ်ချင်းစာနာမှုတရားဖြင့် ချေဖျက်နိုင်ပေလိမ့်မည်။ ပွေ့ဖက်နှုတ်ဆက်ကြသော ရင်အချင်းချင်း လက်အစုံချင်း ထွေးနွေးသော မေတ္တာတရားများ အပြန်အလှန် စီးဆင်းကြပေလိမ့်မည်။

ယခုသော် ထိုသို့မဟုတ်ချေတကား။

အဝနှင့် ဟံသာဝတီတို့သည် အပြန်အလှန် နှစ်ပြည်ထောင်မင်းတို့ သမီးပေးကြ သမက်တော်ကြ နှမယူကြ ယောက်ဖတော်ကြရင်းဖြင့် တစ်ဖက်က အဲမောင်းလုံကို ဆုပ်ကိုင်ထားကြသည်။ ရွှေငွေ ဘဏ္ဍာ လက်ဆောင်ပဏ္ဏာများ အပြန်အလှန် ဆက်ပို့ကြရင်းမှ တိုက်ဆင်ချင်း၊ တိုက်လှေချင်း စီးချင်းထိုးကြပြန်သည်။ ရင်းနှီးချစ်ကြည် သဝဏ်လွှာ၏ နောက်မြီးတွင် ဓားသွားနှင့် မြားတံတို့ကို ချည်နှောင် ယူသွားကြသည်။ မဟာမိတ်၏ စာချုန်ငယ် အခြားတစ်ဖက် မျက်နှာတွင် အဆိပ်ရည် သုတ်လူးထားကြသည်။

မရှောင့်ရဲ မတောင်းတိမ်နိုင်ခြင်း၊ အမျက်ခြောင်းခြောင်းထွက်ခြင်း၊ မိမိကိုယ်မိမိသာ ကြီးကျယ်စွာ ပြုစုပျိုးထောင်ခြင်းနှင့် မသိနားမလည်ခြင်းတို့ကို အခြေခံလျက် ကြောက်စရာကောင်းသော စကားတစ်လုံးကို မြိန်ရေရှက်ရေ ကြွေးကျော်ကြသည်။

**စစ်…စစ်…စစ်…။**

ငြိမ်ဆိတ်သာယာလွန်းသော ဧရာဝတီညနေဆည်းဆာကြောင့် စိတ်အတွေးများ လွင့်မျှော ပျောင်းအိနေ၏။ သြကာသ လောကကြီး၏ အခင်းအကျင်းကို ခံစားရင်း သတ္တလောက၏ သင်္ခါရဓမ္မ ကို ဆင်ခြင်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤမြေပြင်ပေါ်ဝယ် စစ်ဆိုသော ကြောက်မက်ဖွယ်စကားလုံးတစ်ခု ပျောက်ကွယ်စေချင်လှသည်။ ထိုစကားလုံး ဝေါဟာရနှင့်အတူ သယ်ဆောင်လာသော အနိဋ္ဌာရုံ များလည်းချုပ်ငြိမ်းစေချင်လှပါပြီ။

လင်သေသော၊ သားသေသော မုဆိုးမများ၊ မိခင်များ မရှိစေချင်။ ချစ်ခင်သူတို့ သေကွဲရှင်ကွဲ မကွဲစေချင်။ တစ်ယောက်နှင့်တစ်ယောက် မမြင်မတွေ့ဖူးပါလျက် အရှင်သခင်၏ အမိန့်တော်ကို ဦးထိပ်ရွက်ကာ စစ်တလင်းတွင် အသေအကြေ ထိုးခုတ်တိုက်ခိုက်သော ယောကျ်ားပျိုများ မပေါ်ပေါက်စေချင်။ အိမ်မြေ လယ်ယာ စပါးကျီတို့ မီးဟုန်းဟုန်း မတောက်စေချင်။ ဖခင်၊ ဦးရီး၊ ဘကြီး၊ အစ်ကိုများအား စစ်မြေပြင်တွင် ဆုံးရှုံးလိုက်ရသော အကလေးငယ်တို့၏ မျက်ရည်များကို မကျစေချင်။ အို…သတ္တန္တရကပ်ဘေးကြီး ဤမြေဤရေမှ အကြွင်းမဲ့ ပျောက်ကွယ်သွားပါစေတော့။

သုသျှင် ရာဇာဓိရာဇ်၏ သမီးတော်၊ မဟာဆီ၊ မဟာသွေးစင်စစ် ဖြစ်လေသော နန်းရမိဖုရားကြီး အဆောင်အယောင်ဖြင့် ဘုရင်မင်းမြတ်တို့ အဆင့်ဆင့် သိမ်းပိုက်ခံဖြစ်သော သီရိတြိဘုဝနာ အစချီရှည်လျားသော ဘွဲ့နာမရှင်ဖြစ်သော ရှင်စောပု အမည်ရှိ မိမိကဘော မိန်းမသားတစ်ယောက် အနေဖြင့် ပြင်းပြစွာ ဆုတောင်းနေမိရုံကလွဲပြီး မိမိဘာများ တတ်နိုင်သနည်း။ ကိုယ်တိုင်ပင် ကိုယ်လွတ်ရန်း"ပြေးထွက်" ခဲ့ရသည့် ဘဝ။

* * *

လှော်ကားလှေဦးတွင် လိုက်ပါသော ဦးပဥ္စင်းလေး ဦးဓမ္မဉာဏ၏ ဇကောသိသင်္ကန်းစသည်လေတွင် တဖျပ်ဖျပ်လှုပ်ယမ်းလျက်ရှိ၏။ ဦးဇင်း အနီးတွင် ရေကြောင်းကိုသိသော အမှုထမ်းလှေသမားတို့ ထိုင်ကြသည်။ ရေကြောင်းကိုသိသည်ဆိုသော်လည်း ဤအစုန်ခရီးမှ ဧရာဝတီ၏ ပရိယာယ်မာယာကိုအတိအကျ သိကြသည် မဟုတ်ကြ။

မြစ်ပြင်ကျယ်ကြီးသည် အကွေ့အကောက်။ အချိုးအလှည့်များဖြင့် လှေတော်သားတို့ကို စိန်ခေါ်နေသည်။ မြစ်လယ်မှ ထွန်းပေးနေသော သောင်ခုံများက ပြက်ရယ်ပြုသည်။ မြစ်ဆုံလက်တက် ဝဲကတော့များက ခြိမ်းခြောက်သည်။ ပြောင်းလဲသွားသော ရေစီးကြောင်းနှင့်ရေတက်ရေကျ တို့ကလှည့်စားသည်။ လှော်တက်များထိုးဝါးများကိုအလှည့်ဖြင့် အသုံးပြုကြရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးခမ္ဘရ ကိုယ်တော်လေးကား ပွဲနင်းစင်မှ ထတော့သည်မရှိ။ တစ်ချိန်လုံးလိုလို ပွဲကိုင်ပေးနေသည်။ သင်းပိုင်ကို တင်းတင်းဝတ်ပြီး ဇကသီကို ခေါင်းမြီးခြုံလျက် လှော်ကားလှေကို ထိန်းသည်။

ဦးခမ္ဘရက ဆိုသည်။

"ကျုပ်တို့က အချိန်အခါရော အခြေအနေရော လက်ဦးမှုရယူပြီး ထွက်လာနိုင်ခဲ့တာမို့ ၊ အဝဘုရင်ရဲ့ လှေတပ်ဟာ ဘယ်လိုမှ လိုက်မီနိုင်မှာ မဟုတ်ဘူး၊ သို့သော် မိုးညှင်းမင်းက မခံချင်စိတ်နဲ့ တစ်ခုခုတော့ ကြိုးစားမှာသေခြာတယ်၊ ရေကြောင်းက လိုက်မမီဘူးဆိုတောင်မှ ကုန်းပေါ်ကနေပြီး လိုက်လိမ့်မယ်၊ အဆင့်ဆင့် ကင်းဆိပ်တွေကို အကြောင်းကြားထားနိုင်ပါတယ်"

ဦးခမ္ဘရ၏ စကားမှန်ခဲ့၏။

မြစ်လယ်ရေကြောင်းအတိုင်း စုန်ခဲ့စဉ် အရှေ့ဘက်ကမ်း၊ ကိုင်းတောများအကြား၌၊ ဘုရင့်မြင်းတပ်မှ မြင်းစီးအချို့ကို အဝေးမှမြင်လိုက်ရသည်။ ဦးပဥ္စင်းနှစ်ပါးစလုံး လှေဦးနှင့် ပွဲစင်မှခွာကာ ပေါင်းမိုးထဲ အလျင်အမြန် ဝင်လိုက်ကြရသည်။ အညာကုန်စည်ကူးသော လှေအဖြစ် ချက်ချင်း သရုပ်ပြောင်းကြရသည်။

ပေါင်းမိုးရှေ့တွင် ကိုယ်ဝတ်အင်္ကျီမပါ၊ ဗလာကျောပြောင်ဖြင့် လှေသမားအချို့ ထွက်ထိုင်ကြရပြီး၊ ပွဲနင်းတွင် အညာသားဟန်ပေါက်သော ယောကျ်ားကြီးတစ်ယောက်ထိုင်ပေးရသည်။ ကျယ်ပြောသော မြစ်ပြင်လယ်တွင်ဖြစ်နေ၍သာ တော်သေးတော့၏။ အဝေးမှ မြင်းစီးရဲမက်တို့သည် ကမ်းပေါ်မှ လှမ်းကြည့်ရင်း မြင်းများကို ဆက်စိုင်းသွားကြသည်။

"ဘယ်လောက်ပဲ လုံခြုံအောင် စီစဉ်ပေမဲ့ သတိဆိုတာ ပိုတယ် မရှိဘူး၊ ကျုပ်တို့နေ့ခင်း တစ်နေ့လုံးနားပြီး၊ ညဥ့်ဘက်ကျမှ ထွက်ကြရင် ကောင်းမယ်၊ နေ့အခါကို ကိုင်းတောတို့ ၊ ရေလယ်တို့မှာ ကျောက်ချရပ်ထား ပုန်းအောင်းနေသင့်တယ်"

ဦးခမ္ဘရက အခိုင်အမာ မိန့်သည်။ ဦးဇင်းလေးသည် အကယ်ပင် ပွဲနင်းကြီးအဖြစ် အလိုလိုရောက်ရှိသွားလေသည်။

တံငါရွာလေး တစ်ရွာအနီး ဆိုက်ကပ်စဉ်၊ ဦးဇင်းဦးခမ္ဘဉာဏက မိမိတို့ ရဟန်းနှစ်ပါးအတွက် ဆွမ်းအကုန် သက်သာစေတော့ဟုဆိုကာ သပိတ်ပိုက်၍ ရွာထဲထွက်သွားသည်။ ဆွမ်းရခဲ့သော် ဦးခမ္ဘဉာဏ က အရေးပေါ် သတင်းကို ပြန်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကိုယ်တော်ပြောတာ မှန်တယ်၊ အဝဘုရင်ဟာ အခဲမကျေဘူး၊ အမတ်ငါးယောက်ကို လှော်ကားလှေငါးစင်းနဲ့ လက်ပြည့်လှော်သမားတွေနဲ့ အလိုက်ခိုင်းသေးတယ်။ တံငါရွာနားက မြစ်လက်တက်ဆီကို လှော်ကား နှစ်စင်းရောက်လာတယ်တဲ့၊ ဒါပေမဲ့ သတင်းအစအန မရလို့ သူတို့ လှည့်သွားကြတယ်၊ ခုနေဘယ်ရှိမယ်တော့ မသိဘူး"

"ဆွမ်းခံမထွက်နဲ့တော့ကိုယ်တော် ၊ မိဖုရားရှင်စောပုကို ပဥ္စင်း နှစ်ပါးဦးစီးပြီး ခိုးပြေးကြတယ်ဆိုတဲ့သတင်းက ပြန့်နေလောက်ပြီ၊ မမြင်ဘူးတဲ့ရဟန်းတစ်ပါး ဆွမ်းခံရောက်လာရင် မျက်နှာစိမ်းဆိုတာ သိမယ်၊ နောက်ရောင်ခံလိုက်လာနိုင်တယ်"

ဦးဓမ္မဓရက ဆုံးဖြတ်လိုက်၏။

"နေ့ခင်းနား၊ ညဥ့်ဘက်မှာ စုံမယ်၊ ကမ်းဘက်နဲ့ မြစ်ပြင်ကို ထောက်လှမ်းစောင့်ကြပ်ဖို့ အချိန်ပြည့် လူလဲနဲ့ အစောင့်ချ၊ တကာမကြီး ပေါင်းမိုးထဲက မထွက်ပါနဲ့၊ လှေချင်းဆုံမိကြတဲ့အခါ အညာလှေလို့ ထင်ရအောင် အသင့်လုပ်ထားကြ"

နီဝရဏတရား ငါးပါးနှင့် ဗျာပါရအကြောင်း ဟောပြောကာ မိမိ၏နှလုံးတွင် စူးဝင်နေသော မြှားတံကို ဆွဲနှုတ်ခဲ့သည့် ဦးဓမ္မဓရကို ကြည့်ရင်း စိတ်မကောင်းဖြစ်ရပြန်၏။

သြော်... ကိုတော်လေးနှစ်ပါး သင်္ကန်းဝတ်တန်မဲ့ ငါ့အတွက် ကြိုးစားပမ်းစား လုပ်ကြရှာတယ်၊ ကျေးဇူးကြီးလှပါပေတယ်၊ ငါ့ကြောင့် ခမျာများမှာ စာပေကျမ်းဂန် ပိဋကတ်သင်ယူဖို့ အဝကို တက်လာတဲ့ ရည်ရွယ်ချက် ဆုံးရှုံးကြရရှာပြီ။

အာဝဇ္ဇန်းရွှင်၍ အဟောအပြောကောင်းသောဦးဓမ္မဉာဏသည် လှေသမားများနှင့် ခင်မင်ရင်းနှီးသွား၏။ ဦးဓမ္မဉာဏက မြင်းတပ်မှူး ရှင်ရဲနောင်နှင့် မြင်းတပ်သားတွေကို အဆောင်လက်ဖွဲ့ ဂါထာများပေး၍ စည်းရုံးသိမ်းသွင်းခဲ့ပုံကို ပြန်ပြောပြရာ လှေသမားတို့က တဝါးဝါးဖြစ်နေကြ လေသည်။

ဦးဓမ္မဓရကား ယခင်ကထက် ပို၍ စကားနည်းတိတ်ဆိတ်သွား၏။ နေ့ခင်းဘက်လှေကိုဝှက်ကာ တောအုပ်အတွင်း ပုန်းအောင်နားနေကြချိန် မှာလည်း ဦးဓမ္မဓရသည် ခါးပန်းကြိုးဖြင့် တုပ်ချည်ယူလာသော ပေထုပ် တွေကို ဖြေ၍ ဖတ်နေတတ်သည်။ ဦးဇင်းလေး၏ နဂိုက ဖြူဝင်းသော အသားအရေမှ မြစ်ပြင်လေမိ၍ နီမောင်းသွားသည်။ သို့သော် ပို၍ ကြံ့ခိုင်

www.burmeseclassic.com

www.burmeseclassic.com


လာသည်ဟုထင်ရသည်။ ပွဲစင်၌ ထိုင်လိုက်ချိန်တွင် ကား ဦးဇင်းသည် တကယ်ပွဲနင်းကြီးပမာ လှေကလွှဲ၍ ဘာကိုမျှ စိတ်မဝင်စားတော့အသွင်။

လှော်ကားလှေကြီး၏ ဦးထိပ်သည် ဧရာဝတီမြစ်ပြင်ကို ခွဲ၍ခွဲ၍ ထိုးစုန်ခဲ့၏။ တစ်နေ့ပြီးတစ်နေ့ တစ်ညဥ့်ပြီးတစ်ညဥ့် ဟံသာဝတီဘက်သို့ နီးလာပြီ။ အညာဒေသနှင့် အဝရွှေမြို့တော်သည် နောက်ဆီတွင် ဝေးကွာကျန်ရစ်ခဲ့ပြီ။ ခုနစ်နစ်။ နည်းနည်းနောနောကာလမဟုတ်။ အဝနေပြည်တော်တွင် တစ်ပါးသူတို့ လက်ထဲတွင် ဂုဏ်သရေရှိ သုံ့တစ်မျိုးအဖြစ် နေခဲ့ရသောအချိန်ကာလ၊ ထိုဘဝဟောင်းသည် လှေကြီး၏ ပွဲမြီး နောက်တွင် ကျန်ရစ်ခဲ့ပေပြီ။

သမီးတော်လေးတွေလည်း အပျိုကြီးဖားဖား ဖြစ်ရော့မယ်။

သားလေး ဗညားရူပကော။ ဆယ်နှစ်အရွယ် ရှိနေပြီ။

မိမိအသက်သည်လည်း သုံးဆယ့်ငါးနှစ်ကျော်၍ လေးဆယ်တွင်း ရောက်ခဲ့ပါပကော။ သုံးဆယ့်ခြောက်နှစ်ဟူသော သက်တမ်းသည် စင်စစ် တော့ဘာမှ ရှိလှသည် မဟုတ်ချေ။ သို့သော် ဘဝပုံရိပ်လွှာများကမူ အသွင်အမျိုးမျိုးဖြင့် အတိပြီးနေချေသည်။

ဟံသာဝတီသည် သူ၏ သမီးကြီး ရှင်စောပုကို မည်သို့ ကြိုဆိုနေမည်နည်း။

နေရာဟောင်းသို့ ပြန်ခဲ့သော်လည်းဘဝကမူ အသစ်ဖြစ်၏။

ဖြစ်နိုင်လျှင် လရိပ် ကြယ်ရိပ်တို့ဖြင့် နက်မှောင် ပြာလဲ့နေသော ဧရာဝတီမြစ်ရေတို့ဖြင့် အဟောင်း အဟောင်း အားလုံးကို ဆေးကြော သန့်စင်ပစ်လိုက်ချင်သည်။

ရေပြင်နှင့် လှော်တက်တို့ ထိတွေ့သံ၊ လှော်ခတ်သံတို့သည် ဘဝသစ်ကို ရှေးရှုနေသော ရင်ထဲမှ နှလုံးခုန်သံပင်ဖြစ်သည်။ ပေါင်းမိုးထဲမှာ လဲလျောင်းနေသော်လည်း အိပ်စက်မပျော်နိုင်။ ပွဲစင်ဆီမှ ဦးဇင်းလေး ဓမ္မဓရကို လရောင်အောက်တွင် ရုပ်ထုတစ်ခုနှယ် မြင်နေရ၏။

လှော်ကားလှေကြီးသည် တရိပ်ရိပ် စုန်ဆင်းလျက်။

* * *

www.burmeseclassic.com

www.burmeseclassic.com


ဟံသာဝတီဆိပ်ကမ်းတစ်နေရာ ချောင်းရိုးအတွင်းသို့ လှော်ကားလေကြီး ချိုးကွေ့ဝင်လိုက်ချိန်မှာ ညဥ့်ဦးယံပင် ကျော်နေပေပြီ။ ကမ်းစပ်ချောင်းရိုးတန်း တစ်လျှောက် ခြေတံရှည်တဲကြီးများမှ မီးရောင်များမှိတ်တုတ် လင်းချည်ရှိကြ၏။ ချောင်းရိုးနေတံငါတို့ စောစီးစွာ အိပ်ရာဝင်ကြပြီ။

တိတ်ဆိတ်လျှို့ဝှက်သော ပြည်တော်ဝင်ခန်း ဖြစ်လေသည်။

"နန်းမြို့ထ ပြန်ရောက်ပြီဆိုမှ လုံးဝ စိတ်ချရမှာ ဖြစ်တယ်။ နန်းတော်ကလည်း ကြိုသိဖို့မလိုဘူး၊ကြိုသိရင် ဆိပ်ကမ်းညွှတ် အခမ်းအနားကြီးနဲ့ကြိုကြလိမ့်မယ်၊ကျုပ်တို့ဟာမိဖုရားကြီး စကားအရ ပြေးထွက်လာခဲ့ကြသူတွေ ဖြစ်တဲ့အတွက် ခရီးလမ်းဆုံးမှပဲ ဘေးအန္တရာယ် အားလုံးကင်းရှင်းပြီလို့ စိတ်ချရမှာ" ဟုဦးဓမ္မစေရက ဆိုသဖြင့် ရွှေနန်းတော်သို့ ဘာသတင်းမှကြိုမပို့လွှတ်ဘဲ လူမသိ သူမသိ ဆိုက်ကပ်ခဲ့ကြခြင်းဖြစ်၏။ မိမိကိုယ်တိုင်ကလည်း ဤသို့ပြည်တော်ဝင်ရခြင်းကိုသာ သဘောကျသည်။ အခမ်းအနား သဘင်ကြီးဖြင့် ကမ်းလုံးညွှတ်ကြိုဆိုကြမည်ကို လက်မခံချင်။ နောက်တစ်ချက်မှာ အချိန်နီးကပ်မှ အသိပေးခြင်းအားဖြင့် အားလုံးအံ့သြဝမ်းသာ ကြစေချင်သည်။

"လှေထဲမှာပဲ ခဏနေလိုက်ပါဦး တကာမကြီး၊ မြစ်ဆိပ်ကနေနန်းတော်ထိ အရောက်တော့ အကြိုအထောက်တော် ပို့ခိုင်းဖို့လိုတယ်၊ မှောင်ကြီးမည်းကြီးထဲမှာ ကျုပ်တို့လူစု နန်းမြို့ဆီ ကပ်သွားလို့မဖြစ်ဘူး၊ ကင်းတွေနဲ့ တွေ့လို့ ရှင်စောပု ပြန်လာတာ ဆိုလဲ ဘယ်သူမှယုံကြမှာ မဟုတ်ဘူး၊ ရွှေနန်းတော်ဆီ လူလွှတ် သတင်းအပို့ခိုင်းလိုက်မယ်၊ ဆွေတော် မျိုးတော် မိသားစုနဲ့ သက်ဆိုင်သူများလောက်ပဲ လာကြိုကြဖို့မှာလိုက်မယ်"

နန်းမြို့မှ လာကြိုမည့် အထောက်အကြိုအဖွဲ့ကို တထိတ်ထိတ်ရင်ခုံစွာ စောင့်နေလိုက်၏။ ငါးညီနံ့ ၊ ရွှံ့ပုပ်နံ့၊ ရေနံ့သင်းသောလေကိုပင်ရှိုက်မက်စွာ ရှူသွင်းဖြစ်သည်။ ငါ့မြေ၊ ငါ့ရေ၊ ငါ့ဒေသရောက်ပြီဟူသော ခံစားမှုဖြင့် ကတုန်ကယင်ကြီး ဖြစ်နေသည်။

အချိန်ဘယ်လောက်မှ မကြာလိုက်။ ဦးပဥ္စင်းဓမ္မစေရက ဆွေတော်မျိုးတော် မိသားစုနဲ့ သက်ဆိုင်သူများလောက်ဟု ဆိုသော်လည်း ချောင်းရိုးကမ်းနားတစ်လျှောက်လုံး မြင်းခွာသံ၊ လူသံ၊ သူသံတွေ ဆူညံသွားပြီး မီးတုတ်ရောင်တွေ ထိန်ထိန်လင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com


ကမ်းပေါ်တက်နှင့်ပြီး စောင့်ကြည့်နေသော ဦးပဥ္ဇင်း ဓမ္မဓရ က လှမ်းပြောသည်။

"တကာမကြီး ထွက်လာလို့ရပြီ၊ နန်းတော်ကရောက်လာကြပြီ ၊ ဘုရင်မင်းမြတ် ကိုယ်တိုင်ပါလာတယ်၊ ပြီးတော့ တကာမကြီးရဲ့ သားသမီးတွေ"

ဦးပဥ္ဇင်း၏အသံကို အကြိုတော်အဖွဲ့၏ ဝမ်းသာအားရ ဟစ်ကြွေးသံများက ဖုံးလွှမ်းသွားသည်။ အသံတွေ မသဲကွဲ။ လှေပေါင်းမိုးထဲမှ ထွက်မည်အပြု တွင် ကုန်းပေါင်ပျဉ်ဆီမှ အသံကြားလိုက်ရ၏။

"သခင်မ သခင်မ ကျွန်မ မိနဲပါ မိသင်ရေ"

အထိန်းတော် မိနဲ၏အသံ၊ ငိုသံပါကြီး ဖြစ်နေသည်။

"သခင်မ သမီးတော် နှစ်ပါးစလုံး ပါလာတယ်၊ သားတော်လေး လည်းပါတယ်၊ ရွှေနန်းရှင်လည်း လိုက်ပါလာတယ်၊ ထိပ်ထားလေးတို့ လာ လာ လိုက်ခဲ့ကြ၊ သားလေး ဗညားပရူ၊ လာ သား မင်းမယ်မယ် ပြန်လာပြီကွဲ့၊ အံမယ်လေး သခင်မရယ်"

မိနဲ ၏အသံနှင့်အတူ လှေကြီး သိမ့်ကနဲ သိမ့်ကနဲ လှုပ်နေသည်။ ကမ်းပေါ်မှလည်း အသံတွေ အုတ်အုတ် ကျက်ကျက်။

ပေါင်းမိုးအတွင်းမှ ထွက်ခဲ့သည်။

အထိန်းတော်ကြီးမိနဲ။ မိနဲဘေးမှာ...

သား...သားလေး ဗညားပရူ။ နောက်မှာ သမီးတော်နှစ်ယောက်။

တစ်ချိန်လုံးတင်းထားသမျှတို့ ပြိုကျသွား၏။

ဆည်မတန့်နိုင်သော မျက်ရည်တို့ တမံကျိုးခဲ့ပြီ။

"သားလေး...သားတော်လေး"

မျက်ရည်တို့ဖြင့် ပိတ်ဖုံးသော မသဲမကွဲ မြင်ကွင်းထဲမှာ သားလေးဆီ အပြေးသွားပြီး တင်းတင်းကြီးပွေ့လိုက်သည်။ မိနဲကလည်း ပေါင်းမိုးစပ်ဆီ ပြေးဝင်လာပြီး မိသင်ခြေအစုံကို ဖက်သည်။

မိသင်က မိနဲအနားမှာ ဒူးထောက်ရင်း မိနဲကို ဖက်သည်။

ပြန်လည် တွေ့ဆုံကြခန်းကား မျက်ရည်တွေ အလူးလူး အလိမ်းလိမ်း။

www.burmeseclassic.com

www.burmeseclassic.com


"သမီးတို့ရေ..."

အနီးသို့ရောက်လာသော သမီးနှစ်ယောက်ကို ပြေး၍ ပွေ့ဖက်မိပြန်သည်။ အငုံမှ ပွင့်အာကာစ နှင်းဆီပွင့်ကလေးများနှယ်။ သမီးတော် နဲ့တကာတော်နှင့် နဲ့တကာသင် တို့ လှနေလိုက်ကြဘိခြင်း။

"မိနဲ့ရယ် မသေလို့ ပြန်တွေ့ကြရတယ်"

"ငါ...ငါ ဒီတစ်သက် ပြန်မတွေ့တော့ဘူး ထင်တာ မိသင်ရဲ့ ၊ အံမယ်လေး သခင်မလေးရယ်၊ ပိန်သွားလိုက်တာပါလား၊ သားလေး ဒီမှာမင်းမယ်မယ်လေ"

ငိုရှိုက်သံတွေ ဗလုံးဗထွေးဖြင့် သုံးယောက်သား ရှုံးသွပ်သွားပြီထင်ရ၏။ မျက်ရည်တို့ စိုရွှဲသော ပါးပြင်ဖြင့် သား၏မျက်နှာကို အပ်မိ၏။ သားတော်လေး ဗညားပရူမှာ အလိုက်သင့်မရှိဘဲ တောင့်တောင့်ကြီး ဖြစ်နေသည်။ ဘာတစ်ခွန်းမှလည်း မပြော။ ဘယ်သို့မှလည်း မလှုပ်ရှား။

"မိနဲ့ရယ် သားက ငါ့ကို မမှတ်မိတော့ဘူးဟဲ့"

တောင့်တောင့်ကြီးရပ်ရင်း တွေတွေကြီး ကြည့်နေသော သား၏ မျက်နှာမှာ စိမ်းသောအကြည့်"

"ခုနစ်နှစ်တောင်ရှိခဲ့ပြီပဲ မယ်မယ်ရယ်"

မွေးပျံ့သောလေညှင်း၏ အသံပင်။ သမီးတော်ကြီး နဲ့တကာတော်။

"သမီးရယ်"

သမီးကြီးကိုပင် အားထားရာအဖြစ် ဆုပ်ကိုင်ထားမိလေသည်။ ဗညားပရူက သမီးလတ် နဲ့တကာသင်ရှေ့သွားရပ်သည်။ သမီးလတ်က ငိုမဲ့မဲ့ မျက်နှာဖြင့် သူ့မောင်လေးကို ဖက်ထားသည်။

"တကာမကြီး ကမ်းပေါ်တက်ကြစို့"

ဦးဇင်းဓမ္မဉာဏက သတိပေးသည်။

"ရွှေနန်းရှင် ကိုယ်တော်ကြီး ဗညားရံ ပါ လာကြိုနေပါတယ် သခင်မ"

မိသင်က မျက်ရည်တွေသုတ်ရင်းရှိုက်သံဖြင့်ပြောသည်။

ဗညားရံ ဟူသော အမည်ကို ကြားလိုက်သည်တွင် စစ်ခနဲ တစ်ချက်ဖြစ်သွား၏။ သို့သော် သမီးကြီးကို အားပြုရင်း ကုန်းပေါင်ပျဉ်အတိုင်း တက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


"အပုလေးရေ... အစ်ကိုတော်လာကြိုပါတယ်"

ဗညားရံ၏ အသံကို ကြားရသည်။

သူ့အသံကလှိုက်လှိုက်လှဲလှဲရှိနေသည်ကတော့အမှန်ပင်။

ပျဉ်ချပ်အဆုံးသို့ရောက်သည်။

ဟံသာဝတီမြေကို နင်းမိပေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

**"ပန်းမန်ထုံကြိုင်၊ မွှေးမျိုးလှိုင်သကာ၊ စိမ်းမြဖြူဝါပြေ၊ ကိုက်ဖူးဝတ်မှုံရွှေ၊ လေပြည်ဆော်သွင်းလောင်း၊ ညှာညောင်းပွင့်တံကြွေ၊ လေလေလေး၊ ပြည်သာရွှေဘုံဟောင်း၊ ပြန်ကြောင်းဆုယူပန်လှဲ့၊ နိဗ္ဗာန်ဆိပ်ဦးတိုင်၊ ဆယ်ရိုင်ရှိစုံပန်လေလေး"**

ဝေယာဉ်ကို အတုလဝါသကျောင်းတိုက်မုခ်ဦးရှေ့မှာ ရပ်ခိုင်းလိုက်၏။ အမှုတော်ထမ်းများက ဝေါတော်ကို မြေသို့နှိမ့်ချပေးကြသည်။ ခြေဝတ်ကို ဝေါပေါ်မှာ ထားခဲ့ကာ၊ ကျောင်းတိုက်မုခ်ဦး အောက်သို့ လှမ်းဝင်ခဲ့သည်။ အတုလဝါသကျောင်းတိုက် မြေပြင်သည် ပြန့်ပြူးသန့်ရှင်းနေသည်။

ပုဏ္ဏရိတ်စည်းရိုးအကြားမှ အုတ်စီလမ်းအတိုင်း လျှောက်ခဲ့ရင်း ဦးဇင်းဦးဓမ္မဉာဏအား လျှောက်ထားမည့် အကြောင်းအရာတွေကိုစိတ်ထဲမှာ ပြန်၍ စီလာမိ၏။

မိနဲနှင့် မိသင်တို့က နောက်မှ လိုက်လာကြသည်။ သမီးတော်ကြီးနဲတကာတော်နှင့် သမီးတော်လတ် နဲတကာသင်တို့သည် ကျောင်းတိုက်မုခ်ရှေ့မှာ ကျန်ခဲ့ကြသည်။ စိမ်းစိုသာယာသော ကျောင်းဝင်းအတွင်း သရက်ပင်၊ ပိန္နဲပင်အောက် ရေကန်ဆီသို့ သူကလေးတို့ သွားကြမည်ဟု ပြောသံကြားခဲ့ရ၏။ ရဟန်းသံဃာရှေ့တွင် အနေတတ်၊ ရေကန်ပေါင်ရိုးမှာ လှပမွှေးကြိုင်သော ပန်းရုံများလည်းရှိကြသည်ဖြစ်ရာ သမီးတို့သည် ပန်းပွင့်များရှိရာကိုသာ ခြေဦးလှည့်ကြပေမည်။

ကျောင်းတိုက်ပရဝုဏ်သည် သစ်ပင်ကြီးများဖြင့် စိမ်းညို့နေသည် သာမက ပန်းပေါင်းစုံတို့ဖြင့်လည်း လှပနေ၏။ သို့သော် ပန်းရနံ့များကို ဖုံးလွှမ်းလျက်လွင့်ဝဲနေသော ထူးခြားသည့် အနံ့တစ်ခုကို ရနေသည်။ စူးစူးဝါးဝါးပြင်းသော ထိုရနံ့သည် ဦးဓမ္မဉာဏ သီတင်းသုံးသည့် အဆောင်ဆီမှဖြစ်လေသည်။ ပန်းနံ့သင်းသောလေပြည်တွင် ဖောက်ထွင်းလွင့်ပျံ

www.burmeseclassic.com

www.burmeseclassic.com


လာသည့်ထိုရန့်ကို ရှူရှိုက်မိရင်းပြုံးမိသည်။ ဦးဇင်းသည်သူ၏ သီးသန့်တဲထဲမှ ဖိုရှေ့မှာ အလုပ်တွေရှုပ်နေလေရော့သလား။

ထင်သည့်အတိုင်းပင်ဖြစ်၏။ ကိုရင်းနှင့် ကပ္ပိယတို့က ဦးဇင်း ဟိုတဲထဲမှာရှိတယ်။ ကျောင်းပေါ်မတက်နဲ့တော့ သခင်မကြီးဟု လမ်းညွှန် ကြသည်။

"တကာမကြီး၊ လာ လာ ဒီမှာပဲ ထိုင်ကြပေတော့"

တဲထဲမှ ထွက်လာရင်း၊ ဦးဓမ္မဉာဏက ကြိုဆိုနေသည်။

အပေါ်ရုံဇကေသီကို ပင့်တင်လုံးစုကာ ၊ ပခုံးထက်တွင် ပတ်ထား သည်။

သက်န်းပေါ်တွင် ပြာမှုန်များ တင်လျက်။

"မိတာတော့ မိတော့မယ် တကာမကြီးရဲ့၊ ဘာကျွေးဖို့ လိုနေ သေးသလဲမသိဘူး၊ ကျုပ်လည်း အဝနေပြည်တော်ကနေ ရှာဖွေသိမ်းစုလာတဲ့ ပုရပုက်တွေ ကုန်သလောက် နီးနီး ဖတ်ပြီးပြီ၊ အဂ္ဂိရတ်ကျမ်း ဆိုတာလည်း အဖြေထွက်ခါနီးလေလေ ၊ ပဟေဠိ ဆန်လေလေပဲ"

တဲအတွင်းမှာ မီးတောက်တရဲရဲဖြင့် ဖိုတစ်လုံးရှိသည်။

လုံးများမှာ ပြာမှုန်များနှင့်ရောထွေးကာ ပြန်ကျဲနေ၏။ ဦးပဥ္ဇင်း တစ်ကိုယ်လုံးလည်း ပြာအလူးလူး၊ ချွေးတရွှဲရွှဲ။

"ဒီတစ်ချက်၊ လိုတာကျွေးပြီးလို့ ဒီပြဒါးကိုများ မိလိုက်လို့ ကတော့လား၊ တကာမကြီးတို့ ဟံသာဝတီ တစ်ပြည်လုံးကို ကျုပ်ကျွေး ထားမယ်"

မီးကျီးခဲမှ မီးလျှံများမှန်ဖျော့သွားသဖြင့် မီးဖိုကို တစ်ချက်ဆွဲ လိုက်ရင်းဦးဇင်းက ပြောနေသည်။ မိနဲ့နှင့် မိသင်တို့နောက်သို့ ယို့ကား ဒူးတုတ်ထိုင်ကြသည်။

ဦးဇင်းကို ဝပ်ချသည်တွင်...

"ဟာ... တကာမကြီးတို့ ၊ ရွှေနန်းတော်သူ အဝတ်အစားတွေနဲ့ အဖိုးထိုက် အဖိုးတန်တွေနဲ့ ပေကျံကုန်မယ်၊ ထ...ထကြ၊ ဟောဟိုအနားမှာ သွားနေ၊ အဂ္ဂိရတ်ထိုးတဲ့နေရာဆိုတာ ဒီလိုပဲ ၊ နန်းတော်တွင်းလိုတော့ ဘယ်ဟုတ်ပါ့မလဲ" ဟုဆိုလေသည်။

ဦးဇင်းကိုကြည့်ရင်း စိတ်ထဲမှာ တစ်ခုခု မသက်မသာ ခံစားရသလို ဖြစ်လာ၏။ ဖားဖိုထိပ်မှ မီးကျီးခဲအပူက၊ မျက်နှာကို လာဟတ်သည်၊ အတုလဝါသ ကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းထားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com


ဦးဇင်းသည် ကျောင်းတိုက်ပေါ်တွင် သီတင်းသုံးသည်မရှိဘဲ မဂ္ဂိရတ်တဲမှာသာ အချိန်ကုန်တတ်သည်ဟု ကြားရသော သတင်းမှာ အမှန်ဖြစ်နေသည်။

"မနေ့ကပဲ တကာမကြီး လှူလိုက်တဲ့ ရွှေနှစ်ကျပ်သား ကျွေးထားတယ်၊ ဒီတစ်ချက်တော့ မိပြီမှတ်တာ၊ လုံကလည်း ကွဲသွားတယ်၊ အင်း။ ဟံသာဝတီ အဂ္ဂိရတ်သမားတွေဆီက ပေစာဟောင်းတွေနဲ့တော့ ညှိရဦးမယ်ထင်ရဲ့၊ မော်ဓော စေတီမြောက်ဘက်က အဘိုးကြီး တစ်ယောက်ဆီမှာ သိုက်ထွက်ပေစာတွေ ပုရပိုက်ဟောင်းတွေရှိတယ်ကြားတယ်၊ သူ့ဆီကြွဦးမှပဲ"

ဦးဇင်းကို ဘာလျှောက်ရမည်မသိဖြစ်နေ၏။ နန်းတော်မှ ထွက်လာခဲ့စဉ်ကမူ သားတော်လေး ဗညားပရူ အကြောင်းလျှောက်ထားမည်ဟု စိတ်ကူးခဲ့သည်။ လူရေးလူမှု ကျွမ်းကျင်ပြီး လူတွေ၏ စိတ်သဘောအထာကို သိသော ဦးဓမ္မဉာဏထံမှ အကူအညီတောင်းမည်ဟု ရည်ရွယ်ခဲ့သည်။ ယခုတော့ လျှောက်ထားရန် စကားမရှိဖြစ်သွားသည်။

"ဓမ္မစေဆီ ရောက်သေးလား တကာမကြီး"

"ဦးဇင်းဆီက အပြန်မှာ သွားမလို့ စိတ်ကူးပါတယ် ဘုရား"

"အင်း... သွားလေ၊ သွားဆို ဆွမ်းစားအပြီးလောက် ရောက်အောင်သွား၊ သူကဆွမ်းစားပြီးတာနဲ့ ခဏတစ်ဖြုတ် ကျိန်းပြီး အရှေ့ တိုက်ဆရာတော်ဆီ စာဝါသွားတက်တယ်ဆိုလား၊ တော်ကြာမတွေ့ဘဲ ဖြစ်နေမယ်"

"ဒါဖြင့်လည်း တပည့်တော်မ ခုပဲ သွားလိုက်တော့မယ်ဘုရား ၊ ဦးဇင်းကော ဘာများ လိုအပ်ပါသေးသလဲ"

"အင်း...ပစ္စည်းလေးပါးကတော့ တကာမကြီး လိုလေသေးမရှိ ထောက်ပံ့ထားတာပို့ ပြည့်စုံပါတယ်"

ဦးဓမ္မဉာဏ၏ စကားအသွားအလာကို စဉ်းစား၍ လျှောက်လိုက်၏။

"တပည့်တော်မ အခုတော့ မပါလာဘူးဘုရား၊ ညနေ ကျမှ ရွှေလက်ကောက်တစ်ရံ ပို့ခိုင်းလိုက်ပါမယ်၊ တခြားဘာများ ရှိပါသေးသလဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com


အင်း… မလိုတော့ပါဘူး၊ ရွှေစင်လက်ကောက် တရံဆိုရင် ဖြစ်လောက်ပါတယ်။ ဒီတစ်ခါတော့ ကျုပ်လည်း ရမ်းမကျွေးရဲဘူး ၊ ဟိုအဖိုးကြီးရဲ့ ပုရပိုက်နဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ရဦးမယ်၊ တကာမကြီးကော ကျန်းမာရဲ့ မဟုတ်လား"

"ကျန်းမာပါတယ်ဘုရား၊ တပည့်တော်မတို့ကို ခွင့်ပြုပါဦးဘုရား"

"ကောင်းပြီ… ကောင်းပြီ ၊ ဟေ့ ကပ္ပိယ တစ်ယောက်ယောက် လာစမ်း၊ ငှါခေါင်းရင်း ခါးပန်းမှာတင်ထားတဲ့ အညိုရောင်ဘူးလေး ရှိပါရောလား၊ အဲဒါ သွားယူစမ်း၊ တကာမကြီးကို စွန့်လိုက်ရအောင် ၊ အဲဒါ ခတ်ပြာလေ၊ တကာမကြီး ပျားရည်နဲ့တေပြီး တစ်နေ့ကို တစ်တို့ပဲလျက်သွား အသက်ရှည်တယ်၊ အဆင်းလှတယ်၊ ဝေဒနာ မကပ်ညှိဘူး"

"ရှိပါစေတော့ ဘုရား၊ တပည့်တော် နောက်များမှ ယူပါ့မယ်"

"ကောင်းပြီ… ကောင်းပြီ သွားကြပေရော့၊ အင်း… အင်း သက်ရှည်ဘုန်းကြီး အဲ… ဘုန်းမီး နေလ တောက်ပါစေဗျာ"

ဦးသုံးကြိမ်အချတွင် ဦးပဥ္စင်းကဆုပေးလေသည်။

မိနဲနှင့်မိသင်တို့က ရေကန်စပ်မှ သမီးတော်များကို သွားခေါ်နေစဉ် ပုဏ္ဏာရိတ်တန်း အုတ်လမ်းကလေးအတိုင်း လျှောက်ပြန်လာခဲ့၏။ နေမြင့်လှသည် မဟုတ်ပါပဲလျက် အဝင်တုန်းက အေးမြနေသည်ဟု ထင်ခဲ့သော အုတ်ခဲများသည် အပြန်လမ်းတွင် ငွေ့ငွေ့ပူနေသည်ဟု ထင်ရလေသည်။

လိပ်ပြင်ကျောင်းတိုက်အပေါ်ထပ်သို့ တက်ခဲ့သည်။

ကျောင်းတိုက်တစ်ခုလုံး တိတ်ဆိတ်နေ၏။ လှေကားထိပ် အရောက်တွင် ဆင်ဝင်အောက်ဘက် လှမ်းကြည့်လိုက်ရာ ဆွမ်းစားနေကြသော ကိုရင်ငယ်များကို တွေ့ရ၏။ ဖွန်းသံ ၊ ပန်းကန်သံ စကားဆိုမြည်သံ မကြားရ။ ငြိမ်သက်သော ဆွမ်းဝိုင်းဖြစ်သည်။

ကိုရင်များ ဆွမ်းစားနေကြပြီဆိုလျှင် ဦးပဥ္စင်းဦးဓမ္မရလည်း ဆွမ်းဘုဉ်းပေးပြီးစပင်ရှိဦးမည်။ စာဝါတက်ဖို့ အရှေ့တိုက်သို့ မကြွသေး ကြောင်း သေချာသွား၏။ ကျောင်းအပေါ်ထပ်ထောင့်ခန်းဆီ ခြေသံလုံစွာ ထိန်းရင်းလျှောက်ခဲ့သည်။ မိနဲနှင့် မိသင်တို့အပြင် သမီးတော် နှစ်ပါးပါ လိုက်လာကြသည်။ လိပ်ပြင်ကျောင်းတိုက် ပရဝုဏ် တွင်းမှာတော်သမီးတို့ ကြိုက်သည့် ပန်းခင်းပန်းရုံများမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com


ဦးပဋ္ဌင်းကို အသင့်ပင် ဖူးတွေ့ရ၏။

ကပ္ပိယတစ်ယောက်က မုန့်ချိုနှင့် ရေနွေးကြမ်းကပ်နေသည်။

အပြစ်ခြောက်ပါး လွတ်ရာအရပ်ဟု မှန်းဆနေရာယူကာ ဒူးတုပ်ထိုင်ချလိုက်ပြီး ဦးသုံးကြိမ်ချသည်။ ဦးပဋ္ဌင်းက မျက်လွှာချလျက် အသံမထွက်ဘဲ ဆုပေးသည်။ ကျောင်းတိုက်တစ်ခုလုံး တိတ်ဆိပ်နေသဖြင့် အားလုံးပင် အလိုလို ညင်သာသိမ်မွေ့စွာ လှုပ်ရှားဖြစ်ကြသည်။

"ဦးဇင်း ကျန်းမာပါရဲ့လား ဘုရား"

"ကျမ်းမာပါတယ် တကာမကြီးတို့ကော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်ဘုရား၊ ဦးဇင်းဘာများလိုအပ်တာရှိပါသေးသလဲ ဘုရား"

"ပြည့်စုံပါတယ်"

"လိုအပ်တာရှိရင် မိန့်ပါဘုရား၊ ဪ… မိနဲတို့ မိသင်တို့ သမီးတော်တွေကော၊ အရှေ့ဘက် ဂန္ဓာကုဋီတိုက်ထဲမှာ ဗုဒ္ဓဝင်ရုပ်ပုံတွေ ရုပ်လုံးတွေ ရှိတယ်တဲ့၊ ဟုတ်တယ်မဟုတ်လား မိနဲ"

"ဟုတ်ပါတယ် သခင်မကြီး"

"သွားကြည့်ကြပါလား၊ သမီးတို့လည်း တစ်ခါမှ အရောက်ဖူးဘူး မဟုတ်လား၊ မိသင်လည်း ဗုဒ္ဓဝင်ပုံတွေ ဖူးချင်တယ်ဆို"

လျှောက်ထားရမည့် စကားများကို သမီးတော်တို့ မကြားစေလိုသည်ကတစ်ကြောင်း၊ ဦးပဋ္ဌင်း မကြာမီ စာဝါသွားတက်တော့မည်က တစ်ကြောင်းကြောင့် အချိန်မဆိုင်းဘဲ တစ်ဆက်တည်း ပြောလိုက်၏။

မိနဲနှင့်မိသင်တို့က သမီးတော်နှစ်ပါးကို ခေါ်သွားကြသည်။

"တပည့်တော်မ အခုပဲ အတုလဝါသ ကျောင်းက လာခဲ့ပါတယ် ဘုရား"

"ခမ္မညဏနဲ့ တွေ့ခဲ့သလား"

"တွေ့ခဲ့ပါတယ် ဘုရား၊ အင်္ဂရိတ်တဲမှာပဲ အလုပ်တွေများနေပုံရလို့ ဒီကိုပဲ တစ်ခါတည်းလာခဲ့တာပါ။ တလောဆီတုန်းကတော့ ကံ့ကော် ဝတ်ဆံရအောင် စုဆောင်းနေတယ်ကြားတာဘုရား၊ အခုတော့ အင်္ဂရိတ်ထိုး ရင်းနဲ့ ပြဒါးဖမ်းနေတယ် ထင်တာပဲ ဦးဇင်း"

"အင်း… ကံ့ကော်ဝတ်ဆံတွေ စုခဲ့တာမှန်တယ်၊ ဒီကတောင် ပို့ပေးရသေးတယ်။ ဝတ်မှုန်တွေနဲ့ ဆေးဖော်မယ်လို့ ပြောတယ်၊ အခု အင်္ဂရိတ်ထိုးသတဲ့လား၊ သူ့အကြောင်းနဲ့သူ ရှိပါစေ တကာမကြီး၊

www.burmeseclassic.com


ဓမ္မညာဏဟာ အင်မတန်ထက်မြက်တဲ့ကိုယ်တော်ပါ၊ ဗဟုသုတ အကြား မမြင်လဲ အင်မတန် နှံ့စပ်တယ်၊ သူကသက်တမ်းကိုးရာထောင်မကချီပြီး နေရင်းနဲ့ အရိမေတ္တေယျ ဘုရားရှင် လက်ထက်တော်ကို မီအောင်စောင့်မယ်လို့ ဆိုတယ်၊ ရှိပါစေ၊ တကာမကြီး တစ်ပါးသူအကြောင်း မတွေးပါနဲ့ မပြောပါနဲ့၊ သမ္မုတိသံဃာပေပဲ၊ ဦးဇင်းတို့လည်းသမ္မုတိသံဃာပါပဲ၊ အရိယာသံဃာမဟုတ်ကြဘူး၊ သုပ္ပဋိပန္နော အစချီတဲ့ဂုဏ်တော်တွေကို ဆင်ခြင် ပူဇော်တဲ့အခါ ပရမတ္ထသံဃာကိုပဲ အာရုံပြုပါ၊ ကိုယ့်မှာ ကုသိုလ်စိတ်ပွားပါတယ်၊ ပုဂ္ဂိုလ်ကို မလိုက်ပါနဲ့"

ရေစင်တစ်ပေါက် ထိတို့လိုက်ရသလို အေးမြသွား၏။

သို့သော်ဦးဇင်း၏ တရားကိုနာရန်ထက် မိမိအကြောင်းလျှောက်ရန် ကပိုအရေးကြီးနေသည်။ ဦးဇင်း၏ စကားလမ်းကြောင်းကို လိုက်သည်။

"တင်ပါဘုရား တစ်ပါးသူအကြောင်း အတွေးနဲ့ မပြောနဲ့လို့ ဦးဇင်းအမိန့်ရှိတဲ့အတိုင်း တပည့်တော်မ ကိုယ့်အကြောင်းကိုပဲ တွေးမိ သလောက်လျှောက်ထားပါရစေ ဘုရား"

"ဦးဇင်းကို လျှောက်မှ ဖြစ်မှာလား၊ ဦးဇင်းသိဖို့ လိုသလား"

"ဘယ်လိုမိန့်လိုက်တာလဲဘုရား၊ ဦးဇင်းတို့နှစ်ပါးဟာ တပည့် တော်မအတွက် သားရဟန်းတွေပါ၊ မယ်တော်ကြီး တစ်ပါးအနေနဲ့ သားရဟန်းကိုမှ မလျှောက်ထားရရင် ဘယ်သူ့ကို ပြောရမှာလဲဘုရား"

"လျှောက်ပါ တကာမကြီး"

ပြောရတော့မည့်စကားများအတွက် ခွန်အားမွေးသည့် အနေဖြင့် အသက်တစ်ချက်ရှုရှိုက်လိုက်၏။ ဘုရားခန်းဆီမှ ဘုရားပူဇော်ထားသော နံ့သာအငွေ့ကိုရသည်။ သြော်... ဘုရားရိပ် ကျောင်းရိပ်ထဲမှပင်၊ လောကီလူမှုရေးတွေကို လျှောက်ထားတိုင်တည်ရတော့မည့်အတွက် ခွင့်လွှတ်တော်မူပါ ဘုရားဟု စိတ်ထဲမှ တောင်းပန်လိုက်ရ၏။

"တပည့်တော်မမှာ ဦးဇင်းကိုပဲ ကိုယ့်သားရဟန်း အရင်းအချာ ထားလို့၊ ပြောစရာ လျှောက်စရာ ရှိပါတယ်။ ဦးဇင်း ကိုယ့်ရပ် ကိုယ့်မြေ ဟံသာဝတီနန်းကို ပြန်ရောက်သော်လည်း ၊ ခုနစ်နှစ်ဆိုတဲ့ အချိန်ကာလ ကြီးက တပည့်တော်မကို ဟံသာဝတီနဲ့စိမ်းသွားအောင် လုပ်လိုက်သလိုပဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com


"ဟံသာဝတီကတော့ တကာမကြီးကို မစိမ်းတန်ကောင်းပါဘူး၊ ပြည်သူလူသူအများ၊ တကာမကြီး အပေါ်မှာ ကရုဏာကော၊ လေးစားကြည်ညိုမှုကော ရှိကြတယ် ထင်ပါတယ်"

ထိန်းသိမ်းတည့်မတ်ပေးသော အားပေးချက်ဖြစ်စေကာမူ ဦးဇင်းစကားမှန်သည့်အတွက် အားရနှစ်ခြိုက်ရှိရလေသည်။

"တပည့်တော်မ စကားရှေ့လောသွားလို့ပါဘုရား၊ ဟုတ်တယ်၊ ဟံသာဝတီပြည်သား လူသူအများက မစိမ်းကြပါဘူး၊ စိမ်းတာက သွေးသားရင်းချာတွေပါဘုရား"

"ဘယ်သူတွေလဲ"

"သားတော်လေး ဗညားပရူဟာ ခုထိ တပည့်တော်မကို မိခင်အဖြစ် လိုက်လိုက်လှဲလှဲ ရှိမလာဘူး ဦးဇင်း၊ ဟံသာဝတီ မြစ်ဆိပ်ချောင်းရိုးမှာ လှေဆိုက်တဲ့ညကိုဦးဇင်းမှတ်မိမှာပါ၊ သားတော်လေးဟာ အဲဒီတုန်းကလည်း တပည့်တော်မကို လုံးလုံးကြီး မမှတ်မိဖြစ်ခဲ့ပါတယ်၊ အခုထိလည်း မိခင်ဆိုပြီး တွယ်တွယ်တာတာ မရှိပါဘူးဘုရား၊ တပည့်တော်မမှာ အငယ်ဆုံးသားလေးကို သုံးနှစ်အရွယ်နဲ့ ထားခဲ့ရတယ်ဆိုပြီး အဝနေပြည်တော်မှာ နေခဲ့ရတဲ့ ခုနစ်နှစ်လုံးလုံး သားလေးအတွက် သောကပရိဒေဝ ရောက်ခဲ့ရတာ ဦးဇင်းအသိဆုံးပါဘုရား"

ဦးဓမ္မဓရကိုယ်တော်လေး အတန်ငယ် တိတ်ဆိတ်နေ၏။

ထို့နောက် ဦးခေါင်းတစ်ချက် နှစ်ချက် ဆတ်ညိတ်ကာ–

"ကိုယ့်ကို အပူသစ် ထပ်မပေးဘူးလို့ပဲ အောက်မေ့လိုက်ပါ တကာမကြီး"

နားမလည်နိုင်စွာဖြင့် အံ့ဩသွားရသည်။ ထို့နောက် ဝမ်းနည်းမှု။

* * *

"တကာမကြီး မှာ တရားသဘောကို သိတဲ့ အခြေခံဓာတ် ရှိနေပါတယ်၊ သို့သော် ရုတ်တရက် ကြုံလိုက်ရတဲ့ အဖြစ်ပေါ်မှာ လိုက်လှဲစွာ တုံ့ပြန်တတ်တဲ့ စရိုက်မျိုးလည်းရှိနေပြန်တယ်၊ အချိန်လေး နည်းနည်းယူပြီး၊ တရားသဘောလေးနဲ့ မဆင်ခြင်မိဘဲ၊ ရုတ်ခြည်း ခံစားလိုက်ရတော့၊ တစ်ချက်တစ်ချက်လွတ်သွားတယ်...။

www.burmeseclassic.com

www.burmeseclassic.com


ဒီအခါမှာ သောကပရိဒေဝ အသစ်အသစ်တွေပေါ်လာတယ် ဒီသဘောပါပဲ၊ တကာမကြီး နည်းနည်းလေးပြန်ပြီး ပုဂ္ဂိုလ်ကို ခွာကြည့်လိုက်ပါ၊ ဘယ်သူမဆို ဘယ်အခါမှာ မဆို ဖြစ်တတ်ပျက်တတ်တဲ့ သင်္ခါရတရားကို ဆင်ခြင်ကြည့်လိုက်ပါ၊ တစ်စုံ တစ်ခုဖြစ်ပေါ်တယ်ဆိုရင် သူ့ဖြစ်ပေါ်ဖို့အတွက် အကြောင်းတရားတွေ မုချရှိနေပါတယ်..."

"အဲဒီအကြောင်းတရားတွေကို ရှာဖွေပါ၊ အကြောင်းတရားတွေကို တွေ့မြင်လာရင် ဖြစ်ပေးလာတဲ့ အကျိုးတရားတွေအပေါ်မှ ယောနိသောမနသိကာရနဲ့ နှလုံးသွင်းနိုင်လာပါလိမ့်မယ်"

"သားရဲ့ တစိမ်းတစ်ရံဆံနိုင်မှုကို ခံရတဲ့ မိခင်တစ်ဦးပါ ဦးဇင်း၊ တပည့်တော်မ ဒါကို ဘယ်လိုလုပ် သင့်တင့်လျှောက်ပတ်စွာ နှလုံးသွင်းနိုင်ပါ့မလဲ ဘုရား"

"ဟုတ်ပါပြီလေ အဲဒီသားရဲ့အဖြစ်ကို ပြန်ကြည့်လိုက်ပါဦး၊ သုံးနှစ်အရွယ် ဘာမှ မသိတတ်သေးတဲ့အရွယ်မှာ မိခင်နဲ့ ကင်းကွာခဲ့တယ်၊ ခုနစ်နှစ်ကြာမှ ပြန်တွေ့ရတယ်၊ ပြန်တွေ့ကြချိန်မှာ သားဟာ ဆယ်နှစ်အရွယ်၊ ဆယ်နှစ်ဆိုတာ ကလေး ဘာကို ဘယ်လောက်များ သိနိုင်ဦးမှာလဲ၊ တကာမကြီး"

"သားနဲ့မိခင် မိခင်နဲ့သား ဆိုတဲ့ သွေးသားရင်းချာ၊ မေတ္တာစိတ်ကိုကော ဘယ်သွားထားမလဲ ဦးဇင်း"

အင်း... သား... အဟိံသက ကသတ်မယ်။ လက်ညှိုးဖြတ်မယ်လို့ သန်လျက်ကြီး တဝင့်ဝင့်နဲ့ အလိုက်ခံရတဲ့၊ မန္တာနီ ပုဏ္ဏားကေးမကြီးလို မိခင်မျိုးသာဆိုရင် နေရာမှာဘဲ နှလုံးကွဲပြီး တကာမကြီး အသက်ဆုံးပြီ"

ဘာပြန်လျှောက်ရမှန်းမသိအောင် ဖြစ်သွား၏။

တစ်ပြိုင်တည်းမှာပင် အငွေ့ခြောင်းခြောင်းထနေသော ရေမျက်နှာပြင်ထက် ကျိုက်ဆူပွက်ထနေသော ရေလုံးရေသီးများ ပျောက်ကွယ်သွားသလိုလည်း ခံစားလိုက်ရသည်။ ဦးဇင်းက ဆက်မိန့်သည်။

"ဒီခုနစ်နှစ်အတွင်းမှာ ဗညားပရူက အထိန်းတော်ကြီး မိနန်နဲ့ အစ်မတော်နှစ်ပါးရဲ့ လိုလေသေးမရှိ ဂရုစိုက်တာကို ခံယူခဲ့ရတယ် မဟုတ်လား၊ သုံးနှစ်အရွယ်မှာ မိခင်နဲ့ ရှင်းကွဲကွဲရရှာတယ်ဆိုပြီး တစ်နန်းတော်လုံး တစ်ပြည်လုံးကလည်းဝိုင်းပြီး အသနားပိုခဲ့ကြတယ် မဟုတ်လား"

မငြင်းသာအောင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစခပ်သိမ်း အလိုလိုက်ခံ ၊ လိုအပ်သည်ထက်ပို၍ သနားကရုဏာကိုခံရတဲ့ ကလေးငယ်ဟာ စိတ်ခွတ်အား ပျော့ညံ့လာတတ်တယ်၊ ခွတ်ခံပျော့ညံ့လာရင် ဗဟိဒ္ဓက လွှမ်းမိုးဖို့လွယ်တယ်၊ ဗညားပရူရဲ့ ပတ်ဝန်းကျင်ဟာ ဟံသာဝတီ နန်းတော်၊ ဟံသာဝတီနန်းတော်ကို ကြီးစိုးခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဗညားရံမင်း၊ ဗညားရံကလည်း သူ့နှမ ကို သူကိုယ်တိုင် အဝ ဘုရင်ထံ ဆက်ခဲ့တဲ့ မလုံမလဲစိတ်ကြောင့် သူ့တူတော်လေး ဗညားပရူကို ပြန်အလျော်ပေးတဲ့ အနေနဲ့ လိုတာထက်ပိုပြီး အလိုလိုက် အကြိုက်ပေးခဲ့တယ်...။

"သို့သော် ဗညားရံ ကိုယ်တိုင်ကလည်း သိမ်မွေ့ပြည့်ဝသူ မဟုတ်လေတော့ သူပေးတဲ့ လျော်ကြေးတွေဟာလဲ စစ်မှန်တဲ့ အကျိုးရလဒ် မဖြစ်ပေါ်စေတော့ဘူး။ ဒီအခါမှာ ဗညားပရူလေးဟာ မေတ္တာဆိုတဲ့ အရာရဲ့တန်ဖိုးနဲ့ သတ္တိကို မသိတော့ဘဲ စည်းစိမ်ဥစ္စာ ရတနာတွေ ၊ အဆောင်အယောင်တွေရဲ့ တန်ဖိုးကိုသာ သိတော့တယ်၊ သူ့နှလုံးထဲမှာ မေတ္တာဆိုတာ မခန်းခြောက်တောင်မှ သွေ့သွားခဲ့ရတယ်၊ ခုနစ်နှစ်တိုင်တိုင် ဒီလိုကြီးပြင်းခဲ့ရပြီး စည်းစိမ်ဥစ္စာတွေကို ပိုအရသာ ခံတတ်လာတဲ့ ဆယ်နှစ်အရွယ် ရောက်နေသော ဗညားရူပဟာ မိခင်အပေါ် သူစိမ်းတစ်ရံဆံ နိုင်နေတယ် ဆိုတာ သဘာဝကျနေပါတယ် တကာမကြီး"

အံ့သြခြင်း၊ ကျေနပ်ခြင်းများဖြင့် ကြက်သီးမွေးညင်း ထသွား၏။ အာမေဍိတ်နှင့်အတူ အမေးစကား တစ်ခွန်းမထိန်းသိမ်းနိုင်ဘဲ ထွက်ကျသွား၏။

"ဦးဇင်း ဒါတွေကို ဘယ်လိုလုပ်သိသလဲ ဘုရား"

"ပုဂ္ဂိုလ်ရေးအမှုတွေကို ကျုပ်မသိပါဘူး တကာမကြီး၊ လာပြောသူ တိုင်တန်းသူလည်းမရှိပါဘူး၊ လောကီဘုံဝလေ့ ဖြစ်တတ်တဲ့ သဘာဝကို ကျုပ်ဆင်ခြင်ပြီး ပြောတာပါ"

"တပည့်တော်မ ကျေနပ်ပါပြီ အရှင်ဘုရား၊ အကြောင်းကြောင်းများကို စေ့ငု ဆင်ခြင်မိသွားတယ်ဆိုတဲ့အခါ ဦးဇင်းအမိန့်ရှိသလို အကျိုးတရားများကိုလည်း မျှတစွာ နှလုံးသွင်းလို့ ရသွားပါပြီ"

"သာဓု...သာဓု...သာဓု... တကာမကြီး၊ တကာမကြီးမှာ ပွင့်ဟနိုးကြားနေသော ဉာဏ်ခွတ်ခံရှိနေပါတယ်၊ ဒါလေးကို မမေ့ပါနဲ့၊ ကိုင်း...ဘာများ လျှောက်စရာ ရှိသေးသလဲ"

"အို...ဦးဇင်း စာဝါ သွားတက်စရာ ရှိနေပါလား၊ မရှိတော့ပါ

www.burmeseclassic.com

www.burmeseclassic.com


ဘူးဘုရား၊ မရှိတော့ပါဘူး"

"အင်း... ရှိလာရင်လည်း လာနိုင်ပါတယ်၊ ကျုပ် မြင်မြော်လို့ ရတာဆိုလည်း ပြောပါမယ်၊ ကိုယ်တိုင်လည်း သုံးသပ်ဆင်ခြင်ပေါ့"

"ကျေးဇူးကြီးလှပါတယ်ဘုရား၊ တပည့်တော်မအတွက် တကယ့်ကို အဖိုးတန် သားရဟန်းတစ်ပါး ရတာပါပဲဘုရား"

ထိခြင်းငါးပါးဖြင့် ဦးချရှိခိုးနေစဉ် ပရမတ္ထသံဃာကို အာရုံပြုရမည်ဆိုသော်လည်း ကျေးဇူးရှင်ဟူသော သိမှတ်မှုကို မထားဘဲ မနေနိုင်။

လိပ်ပြင်ကျောင်းမှ ပြန်ခဲ့သောအခါ တစ်ကိုယ်လုံး ပေါ့ပါးနေ၏။

ဝေါယာဉ်ပေါ် လိုက်ပါရင်း အတွေးထဲမှာ ငါ့မှာ ဦးဇင်းလေး ဦးဓမ္မဓရလို သားအရင်းမျိုး တစ်ယောက်ဘာကြောင့် မရှိပါလိမ့်၊ သူလည်း ငါးသားအရင်း ဖြစ်ပါစေတော့ ဟူ၍ အောက်မေ့ခဲ့လေသည်။

*　　*　　*

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

"မဟာသမ္မတ၊ ရာဇိန္ဒြဟု၊ တေဇနေနယ်၊ နေနတ်နွယ်မှ၊ လွဲပယ်မမှိန် ၊ဘုန်းရောင်ထိန်သည်၊ အသမ္ဘိန်ချည်း၊ ၊အနည်းနည်းတည့်၊ တုန်လှုည်းဖြိုဖျက်၊ ဆင်းခဲ့သက်သော်၊ နန်းထက်ကွန့်ကွန့်၊ နန်းညွန့်နန်းလောင်း၊ သိန်းသောင်းခပင်း၊ မင်းချည်းနှင်နှင်၊ သန့်စင်နွယ်မျိုး၊ မညှိုးနဘော်၊ ထင်ပေါ်အနေ၊ ပဒေသရာဇာ၊ ရုံခါထူးထွေ၊ ကေရာဇာ..."

ဗညားရံသည် မိမိအဝနေပြည်တော် ရောက်နေသည့် ခုနစ်နှစ် အတွင်းများစွာ ပြောင်းလဲသွား၏။ ယခင်လို သေရည်အိုးထဲ ခေါင်းစိုက်နေသည့်ပေါ့တန်သော သွမ်းသော မင်းပျိုမဟုတ်တော့။လူကောင်ကြံ့ခိုင်ကြီးထွားလာသလို စရိုက်အမူအကျင့်များလည်း မာကျောလာသည်။ ဟံသာဝတီထီးနန်းရှင် ဘုရင်မင်းမြတ်အဖြစ် သူ့ကို တွေ့ရသည်မှာ အဟိတ်အဟန့်လည်း ဝင့်ထည်လှသည်။ အမြဲတမ်းသွက်လက်တက်ကြွနေသည်။ သူ့ကိုယ်သူ ယုံကြည်မှု ပေါ်လွင်နေသည်။ ထီးနန်းပလ္လင်ကို သူပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ခံယူထားကြောင်း သူ့အပြော သူ့အမူအရာတို့မှ တစ်ဆင့် ပြတတ်သည်။

နောက်တစ်ခုကား ဗညားရံမင်းသည် နှမရှင်စောပုအပေါ်၌ အကယ်ပင် အားတောင့် အားနာဖြစ်ကာ အလျော်အစား ပြန်ပေးသည့်အလား လိုက်လျော ညီညွတ်စွာ ဆက်ဆံလာခြင်းဖြစ်သည်။

နှမအငယ်ဆိုသော်လည်း အစ်မတော်လို သူသဘောထားသည်။ အစားအသောက် အသုံးဆောင်မှအစ အဦးအဖျားပို့လွှတ်စေသည်။ သမီးတော်နှစ်ပါးနှင့် သားတော်လေးတို့အပေါ်မှာလည်း သူတကယ်ပင် ဂရုစိုက်သည်။ သူလေးတို့ မယ်မယ်အား ဆင်ဖြူရှင် သီဟသူ လက်ထဲထိုးအပ်ခဲ့သည့် သူ့အပြစ်ကို သူ အစွမ်းကုန် ဆေးကြောတိုက်ချွတ်နေခြင်း

www.burmeseclassic.com

www.burmeseclassic.com


ပင်ဖြစ်သည်။

ဗညားရံ သည်လူပုဂ္ဂိုလ်နေဖြင့် ပြောင်းလဲလာသည်မှန်၏။

သူ့ကြောင့် ငရဲအကျခံခဲ့ရသော မိမိကပင် သူ့အပေါ် တုံ့မယူလိုသော စိတ်ဖြစ်ပေါ်ခဲ့သည်လည်း မှန်၏။

သို့သော် ဗညားရံမင်းသည်ထီးနန်းပလ္လင် အရှင်သခင်ရာဇာမင်းတို့၏ ဖုံနေသော လမ်းကြောင်းအတိုင်း တစိုက်မတ်မတ် လိုက်ခဲ့သည်သာပင်။

ဘုန်းလက်ရုံးအာဏာ၊ ရာဇမာန်။

ဟံသာဝတီသို့ပြန်ရောက်ပြီး နောက်နှစ်မှာပင် မိမိဘဝဟောင်း၌ ချန်ထားခဲ့သော အဝနေပြည်တော်၏ အငွေ့အသက်များက လိုက်ပါ ရစ်ပတ်လာပြန်သည်။ မိမိကြောင့်ကား မဟုတ်။ ဟံသာဝတီဘုရင်အစ်ကို ဗညားရံကြောင့်။

သြော်...သူတို့ပြည့်ရှင်မင်းများ ပဒေသရာဇ်များ၏ အလုပ်သည် ဤအရာမှအပ အခြားမရှိတော့လေပြီလော။

တောင်ငူစောလူး အသင်္ခရာနှင့် ညီပေါင်းတည်စားတို့က သမီးဖြစ်သူ အား ဗညားရံထံ အပ်နှင်းခဲ့ကြသည်။ ဤလက်ဆောင်ပဏ္ဏာ ရွှေကြိုး၏ အခြားသော အစွန်းတစ်ဖက်တွင် ပါရှိလာသည်ကား စစ်။

တောင်ငူစားနှင့် ပေါင်းတည်စားတို့က ပြည်မြို့ကို လုပ်ကြံပါဟု ဗညားရံအားတောင်းဆိုကြ၏။ဟံသာဝတီဘုရင်က လက်ခံသဘောတူကာ စစ်ကို ပြင်လေသည်။တိုက်ဆင်သုံးရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ ငါးသောင်းတပ်မှူးမင်းအဖြစ် သမန်ပရမ်းကို ခန့်၍ သာယာဝတီကြောင်း ဖြင့် ပြည်သို့စေသည်။ ဗညားရံ ကိုယ်တိုင်မှာမူ ရွှေဖောင်စီး၍ တိုက်လှေ ငါးရာ၊ လှော်ကားသံလှေနှစ်ရာ၊ ဝန်တင်နှစ်ရာ ၊ ရေတပ်ရဲမက်များ အပြည့်ဖြင့်ချီသည်။ ဗညားအိန်က ရေကြောင်းတပ်မှူးမင်း။

ရွှေဖောင်ပေါ် မတက်မီ ဗညားရံ လာပြောသည်။

"အပုလေးရေ...တောင်ငူစားနဲ့ ပေါင်းတည်စားတို့ ခေါ်ပင့်တာက သာမန်ပါ၊ အခုငါချီတာက ဟံသာဝတီအကြောင်း သူတို့အဝသားတွေ သိသွားအောင်လို့၊ ပြီးတော့ နင့်အတွက် အကြွေးပြန်အဆပ်ခိုင်းဖို့လေ၊ မိုးညှင်းမင်း အပေါ်မှာ နင်ရစရာ အကြွေးတွေ ရှိနေတယ် မဟုတ်လား"

အစ်ကို ဗညားရံ ကိုယ်ပေါ်မှ ချပ်ဝတ်များကို ကြည့်ရင်း မသက်မသာ ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီလို မပြောပါနဲ့ ဗညားရံ၊ အ၀မင်းကို ပြန်လက်စားချေပေးပါလို့ ငါ ဘယ်တုန်းက ပြောဖူးလို့လဲ၊ နင်တို့ ရာဇမင်းတွေရဲ့ စစ်ရေးရာဇ အာဏာအရေးတွေမှာ ရှင်စောပုကို ဆွဲမထည့်ပါနဲ့"

ဗညားရံ တွေသွားပြီးနောက် ပြုံးလျှက်ပြော၏။

"ဒါတွေကို နင်တို့ မိန်းမသူတွေ နားမလည်နိုင်ပါဘူးလေ၊ ကဲ...ကဲ...ရွှေနန်းတော်မှာသာ အေးအေးခံစားနေပါ လိုတာရှိသမျှ နင့်သဘောအတိုင်း ထုတ်သုံး။ အတွင်းသင်းမှုးတွေ၊ ရွှေတိုက်စိုးတွေ၊ အမှုတော်ထမ်း မကျေရင် ငါ့ပြော၊ ဟို ဦးပဥ္စင်းနှစ်ပါးကိုလည်း လိုလေသေးမရှိအောင် ထောက်ပါ ငါသွားမယ်"

ပြည်မြို့ကို ကြည်းရေစုံညီ ပိတ်ဆို့ လုပ်ကြံကြသည်သည်ဟု ကြားသိရ၏။ ပြည်မင်း သီဟသူကလည်း ရိက္ခာအပြည့်သွင်းကာ ကြံ့ကြံ့ခံသည်။ မြို့စီးပြစီး ကောင်းလှ၍ နှစ်ဖက်စစ်ရေးမနာမသာ ဖြစ်နေကြသည်တဲ့။

ဦးပဥ္စင်း ဓမ္မဓရထံ ရောက်ခဲ့ရပြန်ခေသည်။

စစ်မက်ရေးရာ စစ်ရနံ့တွေ လူလာပြန်ပြီဟု လျှောက်ရင်း... "ဒီအရေးတွေ ပြီးပြေသွားအောင် တပည့်တော်မ တစ်ခုခု လုပ်ပေးလိုက်ချင်ပါတယ် ဦးဇင်းရယ်၊ အခုသူတို့ဟာက အရေးရယ် အကြောင်းရယ်ဆိုရင် စစ်တံပိုး ခရာနဲ့ ရာဇဘိသေက ခရုသင်းနှစ်မျိုးပဲထမှုတ်ကြတော့တယ်" ဟု တိုင်တည်မိ၏။ ဦးပဥ္စင်း ဓမ္မဓရက ငြိမ်သက်နေသည်။ ထို့နောက် ဝိပတ္တိတရား လေးပါးအကြောင်းဟောသည်။ ကာလဝိပတ္တိသဘောကို ရှင်းပြသည်။

"တပည့်တော်မကိုယ်တိုင် မဟာဆီ မဟာသွေး စင်စစ်လည်းဖြစ်၊ သမီးပေး နှမယူ ကိစ္စတွေမှာ ကိုယ်တိုင်ခံစားခဲ့ရသူလည်း ဖြစ်ပါရက်နဲ့ နားမလည်နိုင်အောင်ရှိရတော့တယ် ဦးဇင်း၊ ခမည်းတော်သုသျှင်ရှိစဉ်ကတည်းက ခမည်းတော်ဟာ အဝဘုရင်မင်းခေါင်ရဲ့ နှမတော် သုပဘာဒေဝီနဲ့ စုံဖက်ခဲ့တာပဲဘုရား၊ မင်းခေါင်နဲ့ ခမည်းတော်တို့ဟာ သမီးယောက်ဖတော်ခဲ့ကြတာပဲဘုရား၊ ဒါပေမဲ့ သူတို့တွေ အားလုံးပဲ စစ်မှာ မွေ့လျော်နေကြတာဟာ ငရုတ်သီးထဲက ငရုတ်ပိုး အစပ်အပူကို ကြိုက်သလိုများ ဖြစ်နေကြပြီလား မသိပါဘူး ဦးဇင်းရယ်"

"ကျုပ်တို့ မေတ္တာပို့ဖို့ကလွဲလို့ ဘာမှ မတတ်နိုင်ဘူးတကာမကြီး"

ဦးဇင်းက လေးနက်စွာဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဦးဓမ္မဉာဏ တစ်ပါးလည်း ဟံသာဝတီ ရဲမက်တွေအတွက် တုတ်ပြီး ဓားပြီးဆေးတွေ၊ သွေးတိတ်ဆေးတွေနဲ့ စစ်ပွဲနိုင် မန္တန်တွေ ပေးနေတယ်လို့ ကြားရတယ် ဦးဇင်း"

"အင်း...ဓမ္မဉာဏဟာ မြွေနဲ့ကစားတဲ့ အလမ္ပာယ်ဆရာ ဖြစ်နေပြီ၊ သူ့ရဲ့ ထက်မြက်တဲ့ ဉာဏ်တွေကို နှမြောလှတယ်၊ ပင်ကိုဗီဇဉာဏ် ကောင်းကို ဓမ္မမှာ မသုံးဘဲ ဗဟုသုတတွေမှာသုံးတယ်၊ အကြားအမြင်များခြင်းသည် မင်္ဂလာလို့ မင်္ဂလာသုတ်မှာ ဟောတော်မူတာဟာ ပညာကို သိရုံတတ်ရုံတွင်မက မှန်သော သီလအခြေခံပြီးလည်း ကျင့်ရမှာတဲ့ ဒါမှ မင်္ဂလာထိုက်တယ်

"ဗဟုသုတ အကြားအမြင် များခြင်းသည် အာသဝေါတရားတို့ များပြားခြင်း၏ အကြောင်းဖြစ်၍ ပညာဉာဏ်များခြင်းသည်သာ အာသဝေါ တရားတို့ နည်းပါးခြင်းအကြောင်း ဖြစ်တယ်လို့ဘုရားရှင်က အရှင်သာရိ ပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ဟောတော်မူတယ်"

ဦးဇင်း ဓမ္မဉာဏအတွက် စိတ်မကောင်းရုံမှအပ ဘာမှ အတတ်နိုင်။

လိပ်ပြင်ကျောင်းတိုက်မှ ပြန်ခဲ့တိုင်း ရင်ထဲမှာ မီးတို့ အထိုက် အလျောက် ငြိမ်းသွေ့သွားသည်ကတော့ အမှန်ပင် ဖြစ်၏။ ဦးဇင်း မိန့်သလို မေတ္တာပို့ရုံသာ ရှိလေသည်။

ထိုမေတ္တာတို့ အာနိသင်ကြောင့်လား၊ သူ့သဘောသူဆောင်သည် လားတော့ မသိ။ အစ်ကိုတော် ဗညားရံနှင့် မိုးညှင်းမင်းတို့ အကြားမှ တင်းမာမှုသည် ငြိမ်းပြေသွားခဲ့၏။ အဝဘက်မှ တုရင်ဗိုလ်၊ ရာဇသင်္ကြန်နှင့် ဟံသာဝတီဘက်မှ သမိတ်ပရမ်းတို့ ဤအရေးတွင် ကြိုးပမ်းခဲ့ကြသည် ဆို၏။ မည်သို့မည်ပုံ ကျေအေးနားလည်မှု ရသွားသည်ကိုတော့ အသေးစိတ် မသိရသေး။ မိုးညှင်းမင်းသည် တူမတော်ကို ဗညားရံလက်ထဲသို့ အဆောင် အယောင်အပြည့်၊ ကျိုင်းရွှေချက်၊ ရွှေဝေါများနှင့်တကွ မိဖုရားကြီးအဖြစ် ပေးအပ်လိုက်သည်တဲ့။

အစ်ကိုတော်သည် ရွှေဖောင်တော်မှာပင် အဝဘုရင် တူမတော်နှင့် ထိမ်းမြားခဲ့၏။ ဟံသာဝတီ၊ အဝမျုူးမတ် စစ်သည်များသည် ဓားချင်းလှံချင်း ယှဉ်မည့်သူများအဖြစ်မှ မင်္ဂလာဘိသေကပွဲ တက်ရောက်သူများဖြစ်သွားကြ ပြန်သည်။ မိုးညှင်းမင်း၏ တူမတော်လည်း သီရိပဝရ မဟာဓမ္မရာဇာ ဒေဝီဘွဲ့ခံယူရလေသည်။

ဤသတင်းကြောင့် မထိတ်လန့်သော်လည်း တုန်လှုပ်ခဲ့ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com


မိနဲနှင့် မိသင်တို့ကို ပြောဖြစ်သည်။

"အမိတို့ရေ…ကမ္ဘာလောကကြီးမှာ မိန်းမသားတွေရဲ့ နေရာကဏ္ဍတစ်ခုကို ငါတွေ့ပြီ ထင်တာပဲ၊ အဲဒါကတော့ စစ်နဲ့ ရန်စောင်နေကြတဲ့ နှစ်ပြည်ထောင်မင်းတို့ အကြား စစ်ငြိမ်းရေး လက်ဆောင်ပေးတဲ့ ပဏ္ဏာ အဆောင်အယောင်လေ၊ ဒါဟာ မိန်းမတို့ရဲ့ အသုံးဝင်မှုပေပဲလားကွယ်"

မိနဲက အံ့ကြိတ်ပြီး ပြောရှာသည်။

"ဒီလောက်နဲ့တော့ ဘယ်နေရာကဏ္ဍယူလို့ ဖြစ်မလဲ သခင်မ၊ ဒါထက် ပိုကြီးကျယ်တဲ့ တစ်ခုခု၊ ဒါမျိုးအဖြစ် မခံရတဲ့ တစ်ခုခုတော့ ရှိရဦးမှာပေါ့ သခင်မ"

မိသင်ကမူ တစ်မျိုးလှည့်တွေး၏။

"လက်ဆောင်ပဏ္ဏာ၊ အဆောင်အယောင်ပဲခေါ်ခေါ် အဲဒီမိန်းမ တစ်ဦးဟာ စစ်မီးကိုတော့ ရှောင်လွှဲစေနိုင်ခဲ့တာပဲ မဟုတ်လား၊ ဒါဟာ မိန်းမသားတစ်ဦးရဲ့ သူကိုယ်တိုင် အလိုဆန္ဒမပါဘဲ ဖြစ်ရတဲ့သူ့ရဲ့တန်ဖိုးနဲ့ စွမ်းဆောင်မှုပေပဲပေါ့သခင်မရယ်"

မိနဲက မိသင်ကို မျက်စောင်းထိုးပစ်လိုက်၏။

"အလိုတော် တန်ဖိုးတဲ့ စွမ်းဆောင်မှုတဲ့၊ ဂုဏ်တွေယူနေသလား ကျောင်းအစ်မ၊ ကိုယ့်အလိုဆန္ဒမပါဘူး ဆိုကတည်းက ဘယ်လာကောင်းနိုင် ဦးတော့မှာလဲ၊ ကျုပ်တို့များအဲသလို ပဏ္ဏာအပေးခံရရင်တော့ သူတို့ မင်းယောကျ်ားတွေချင်းဘာဖြစ် ကျန်ခဲ့ကျန်ခဲ့၊ အဆိပ်သောက် သေလိုက် မယ်မှတ်ထား"

မိနဲအမူအရာ အကဲပါပုံကြောင့် ရယ်မိကြလေသည်။

ထိုစဉ် အနီးတွင်ရှိနေသော သမီးတော်ကြီး နဲတကာတော်ကဝင်ပြော သဖြင့် အရယ်ရပ်လိုက်ကြရ၏။

"အများသူငါ ကောင်းကျိုးအတွက် မိမိကိုယ်မိမိ အဆုံးရှုံး အနစ်နာခံတယ်ဆိုတာ လူသာခုခေါ် နတ်သာခုခေါ် ကိစ္စပဲ မဟုတ်လား မယ်တော်ဘုရား၊ ဒါဟာ ကိုယ်ကျိုးအတ္တကို စွန့်တဲ့လမ်း ဖြစ်တဲ့အတွက် ပါရမီမြောက် လမ်းစဉ်ပဲ မဟုတ်လား မယ်မယ်"

နဲတကာတော်၏ လှပဝင်းဝါသော မျက်နှာပြင်သည် လေးနက် နေ၏။ ဖြောင့်စင်းသောနှာတံ၊ ပိရိစွေစပ်သော နှုတ်ခမ်းမွှာများနှင့် နက်မှောင်ဝန်းလဲ့ မျက်လုံးအိမ်များက သူ့စကားနှင့် လိုက်ဖက်လှသည်ဟု ထင်မိသည်၊ ကျက်သရေရှိသော အလှပေတကား။

www.burmeseclassic.com

www.burmeseclassic.com


"သမီးရဲ့ သဘောထားက အင်မတန်ကို မြင့်မြတ်ပြီး အထက်တန်းကျပါပေတယ်ကွယ်၊ မယ်မယ်တို့ တစ်တွေ သိရက်နဲ့ ဘေးချော်နေတဲ့ အတွေးပါ၊ သမီးကြီး ဒီစကားမျိုး ပြောတာ ကြားရလို့ မယ်မယ် ဂုဏ်ယူမိပါတယ်"

ထိုစဉ် အမဲလိုက်ထွက်ရာမှ ပြန်ရောက်လာသော ဗညားပရူ၏ အသံကြောင့် စကား ဝိုင်းပျက်သွားလေသည်။

"မိနဲ မိနဲ ဘယ်မှာလဲ၊ ကျုပ် တောဝက် တစ်ကောင်ရလာတယ်၊ အမယ်ဘာတွေ စကားကောင်းနေကြတာလဲ၊ တောဝက်ကို သူတို့ဖျက်ပြီး ယူလာကြလိမ့်မယ်၊ မိနဲ လက်စွမ်းကုန် ဟင်းလျာ ပြင်ပေတော့၊ မယ်မယ်တို့ မမတို့လည်း ကျုပ်ရဲ့အမဲကို မြိန်မြိန်ကြီးစားရင်း ကျုပ်ကို ဂုဏ်ပြုကြပေတော့"

သူ့မောင်လေးကို ချစ်ရှာလွန်းသော သမီးငယ် နဲတကာသင်က အဆောင်တွင်းမှ ပြေးထွက်လာပြီး ဗညားပရူကို ကြိုဆိုသည်။

မိနဲက "ကောင်ပါပြီတော် ကောင်းပါပြီတော်၊ မောင့်အကြိုက် လုပ်ပေးပါ့မယ်"ဟု အရပ်သူ လေသံဖြင့်ပြောကာ ထသွား၏။ ဗညားပရူ၏ နုငယ်သော မျက်နှာတွင် တောဝက်သွေးစများ ပေကျံနေသည်ကို နဲတကာသင်က တယုတယ သန့်စင်ပေးလေသည်။

* * *

နှစ်ကာလ အချိန်သမယများ တရိပ်ရိပ် ကုန်ဆုံးသွား၏။

ဟံသာဝတီ နန်းတော်ကြီး၏ မင်းခမ်းမင်းနားသဘင်များကို ကွင်းရှောင်လျှက် သီးခြားလောကလေးတစ်ခုကိုသာ အပတ်တကုတ် တည်ဆောက်နေလိုက်သည်။ သီးခြားလောကလေးဟု ဆိုသော်လည်း မိမိတစ်ကိုယ်တည်းတော့ မဟုတ်။ သံယောဇဉ်ကိုလေသာ မစင်နိုင်သေးသော ပုထုဇဉ်မို့ ချစ်သူခင်သူများကို ထိုလောက အဝန်းအဝိုင်းလေးထဲ၌ ထည့်သွင်းထားဖြစ်သည်။

သမီးတော်နှစ်ပါး၊ သားတော်လေး၊ မိနဲ၊ မိသင်နှင့် ဦးပဥ္စင်းနှစ်ပါး။

အရေအတွက်အားဖြင့် မများသော်လည်း ထိုအရေအတွက်သည်

www.burmeseclassic.com

www.burmeseclassic.com


ပင်လျှင် လောကလူ့ဘုံကို ထင်ဟပ်သော လက္ခဏာတို့ဖြင့် စုံလင်နေ၏။

သမီးကြီး နဲ့တကာတော်သည် အသက်အရွယ်နှင့် အမျှ ပိုမိုလှပလာသလို စိတ်နှလုံးသည်လည်း ပိုမိုရင့်ကျက်လာပုံပြ၏။ သွားလေသူ သူ့ခမည်းတော် သမိန်စည်သူထံမှ နူးညံ့သိမ်မွေ့ခြင်းနှင့် သဘောထားပြည့်ဝခြင်းတို့ကို သမီးကြီး အမွေဆက်ခံ ရရှိလိုက်ခြင်း ဖြစ်ပေသည်။ လောကကြီးကို အကောင်းမြင်တတ်သော သဘာဝဖြင့် သမီးကြီး၏ ရုပ်အဆင်းသည် တင့်တယ် ကြည်လင်နေ၏။

ဘုရင့်တူမတော်ဟူသော ထောင်ထားလွှားပမှု အလျှင်းမရှိ။ အခြားဟံသာဝတီနန်းတော်သူတို့လို ဝတ်စာတန်ဆာ၊ ရွှေငွေရတနာ တပ်မက်ဂုဏ်ပြိုင် ခြင်းလည်းမရှိ။ သမီးကြီးသည် မိခင်နှင့်အတူနေရင်းအချိန်ကုန်တတ်သည်သာများသည်။ ထိုအခါ သမီးကြီး၏ တစ်နေ့တာအချိန်တော်တော်များများသည် ပန်းခြံတော်ဥယျာဉ်နှင့် ဘုရားကျောင်းဆောင်တို့တွင်သာ ကုန်ဆုံးတတ်သည်။ တစ်ခါတစ်ရံ အခါကြီးရက်ကြီးများတွင် လိပ်ပြင်ကျောင်း ကိုယ်တော်လေး ဦးဓမ္မရဓထံ မိခင်နှင့်အတူလိုက်ပါ၍ ဥပုသ်သီတင်း၊ သီလစောင့်ထိန်းသည်။ မော်ဓောဆံတော်ရှင်မြတ် ကုန်းတော်ပေါ်တွင် အဓိဋ္ဌာန်ဝင်သည်။

သမီးလတ်၊ နဲ့တကာသင်ကမူ တောက်ပ စူးရဲသော နှင်းဆီလေးတစ်ပွင့်ဖြစ်၏။ မယ်မယ့်ထံမှ လိုက်လှဲ သည်းထန်ခြင်း သဘာဝသည် နဲ့တကာသင်ထံ အလုံးစုံ ဆင်းသက်ခဲ့လေသလားမသိ။ သမီးလတ်သည် သံယောဇဉ်ကြီးတတ်လွန်း၏။ တွယ်တာတတ်လွန်း၏။ အဖိုးထိုက်အဖိုးတန်၊ အကောင်းအညွန့်တွေကိုချည်း ကြိုက်တတ်သည်။ သူ့မောင်လေး ဗညားပရူကို ချစ်လိုက်သည်မှာလည်း တုန်းနေရှာသည်။ သူ့ဘိုးတော် သုသျှင်ရာဇာဓိရာဇ်၏ သွေးမျိုးကိုလည်း သမီးလတ်ထံတွင် တွေ့ရသည်။ ရင်ဖိုလှိုက်မောဖွယ် နှလုံးတုန်ဖွယ် အရာများကို နှစ်နှစ်ခြိုက်ခြိုက် အရသာခံတတ်ခြင်းပင်ဖြစ်ပါ၏။

ထိုအခါ သမီးလတ် နဲ့တကာသင်နှင့် ဗညားပရူတို့သည် သံယောဇဉ်ကြီးလွန်းသော မောင်နှမဖြစ်လာကြသည်။ နဲ့တကာသင်သည် သူ့မောင်လေး ဗညားပရူ လုပ်သမျှအားလုံးကို အမှန်းချည်းဟု ရပ်တည်ပေးသူဖြစ်သည်။ ဗညားပရူကလည်း တက်ကြွပျိုမျစ်သော မင်းလုလင်လေးတစ်ပါးအဖြစ် အစ်မတော်လေး၏ အားပေးမှုကို ခံယူကာ ဆိုးချင်တိုင်း ဆိုးနေတော့သည်။ သူလည်း ဘိုးတော်သုသျှင် အငယ်စားလေးပင် ဖြစ်ချိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


သွေးသံရဲရဲစွန့်စားခန်းများကို ကြိုက်သည်။ စစ်ပွဲဝင် သူရဲကောင်းများ အကြောင်း တမေ့တမော နားထောင်သည်။ သူ့အဆောင် နံရံထက်တွင် ဘိုးတော်လက်ထက်က သူရဲကောင်းကြီးများဖြစ်သော လဝွန်းအိမ်၏ဓား၊ အဲမွန်ဒယာ၏ အဲမောင်းနှင့် မင်းကြီး ဗြတ်ဇ၏ ဝတ်လုံ ကိုယ်ကျပ်တို့ကို အမြတ်တနိုး ချိတ်ဆွဲထားသည်။ ဟံသာဝတီနိုင်ငံတော် ရုပ်လုံးကြွ ကားချပ်ထက်တွင် အလံ အဖြူ၊ အနီ၊ အစိမ်း၊ အပြာများ ထိုးစိုက်ကာ သေနင်္ဗျူဟာချတမ်း၊ စစ်ထိုးတမ်း ကစားသည်။ သူမို့ ပါဏာတိပါတာ ကံနှင့် အကျိုးပေးလေသလားမသိ။ အမဲလိုက်ထွက်တိုင်း သားကောင် ရတတ်သည်။ သူ့တောကစား စွန့်စားခန်းများကို အစ်မတော် နဲတကာ သင်က စိတ်လိုလက်ရ နားထောင်ပေးတတ်သည်။

လက်ပွန်းတတီး ထိန်းကျောင်းခဲ့ရသော အထိန်းတော်ကြီး မိနဲကို ဗညားပရူနိုင်လိုက်သည်မှာလည်း "မနဲ"ဟု ဗညားပရူ တစ်ခွန်းခေါ်လိုက် လျှင် မိနဲနေစရာ မရှိတော့။ ဗညားပရူ၏ စစ်ထိုးတမ်း ကစားပွဲ၊ အမဲလိုက်ပွဲ၊ လက်ပမ်းသတ်ပွဲများတွင် "မယ်မယ့်"အတွက် နေရာမရှိ။ မယ်မယ်နှင့် အစ်မတော်ကြီးတို့သည် ရေညှိတက်နေသော ကျောက်တုံး ကြီးများဖြင့် ဆောက်ထားသည့် ဗြဲတိုက်ဟောင်းကြီးများဟု ဗညားပရူက လှောင်ပြောင်ခေါ်ဝေါ်တတ်သည်။

အတုလဝါသ ကျောင်းတိုက်၊ ကိုယ်တော် ဦးဓမ္မညာဏကား အင်္ဂရတ်ကို စွန့်လိုက်ပြီးနောက် အင်းဝိဇ္ဇာအတတ်ကို လိုက်စားခဲ့ပြန်၏။ အင်းတွေစီမံရင်း သူကိုယ်တိုင်လည်း အင်းပြားများကို သောက်သည်ဟု ကြားရသည်။ လောကီဝိဇ္ဇာပညာနှင့် ဂန္ဓာရီအမှု၌ ဝါသနာထုံကြသော တကာတကာမများဖြင့် အတုလဝါသကျောင်းသည် အမြဲစည်ကားနေသည်။ ကိုယ်တော်လေးသည် အင်းပေါက်သွားပြီဟု အချို့က ဆိုသည်။ အချို့ကမူ ကိုယ်တော် ဦးဓမ္မညာဏ၏ ကိုယ်ထဲတွင် လှည့်လည် ရွေ့လျားနေသော အင်းချပ်ထည့်သွင်းထားသည်ဟု ပြောကြပြန်သည်။ အချို့ကလည်း ဦးဓမ္မညာဏသည် နတ်ဘီလူးအချို့ကိုပင် မွေးမြူထိန်းကျောင်းခိုင်းစေထား ပြီဟု ဆိုသည်။

သို့သော် ဖြူဝင်းတင့်တယ်သော အသားအရေတော့ မရှိရှာတော့ပြီ။ အင်းဝိဇ္ဇာအတတ်အတွက် မီးထုံကျင့်ရင်း၊ ဦးဓမ္မညာဏ၏ အသားအရေသည် မည်းနက်ညိုမှောင် ဖြစ်လာသည်။ အတုလဝါသကျောင်းတိုက်သည် ဟံသာဝတီ နေပြည်တော်တွင် ညနေတိုင်သည်နှင့် မည်သူမျှ အနားမသီ

www.burmeseclassic.com

www.burmeseclassic.com


ရဲတော့သော နတ်ဘီလူးစောင့် ရဲတိုက်ကြီးသဖွယ် ဖြစ်လာလေသည်။

သီးခြားလောကလေး၏ မညီညာသော အနားသတ်များ၊ မည်းမှောင်မှိုင်းညို့လာသော နယ်နိမိတ်များကို အလင်းရောင်ဖြင့် အနားကွပ်ပေးထားသူမှာ လိပ်ပြင်ကျောင်း ကိုယ်တော် ဦးဓမ္မရေဖြစ်၏။

ဦးဖင်းလေးသည် ပို၍ နက်ရှိုင်း တည်ငြိမ်လာသည်။ ဥပုသ်သီတင်းသည်တို့ဖြင့် လိပ်ပြင်ကျောင်းသည် တိတ်ဆိတ်စွာ စည်ကားလာသည်။ တရားသဘင်ပွဲများ၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ပွဲများဖြင့် အသက်ဝင်နေသည်။

ဦးပဋ္ဌင်းကိုယ်တော်တိုင်ကား၊ တကာမကြီး ရှင်စောပု ဆောက်လုပ်လှူဒါန်းသည့် ကျောင်းတိုက်ကြီးပေါ်မှ ဆင်းကာ၊ ပရဝုဏ်အတွင်းတော် ဝါးတဲလေးတွင် ပြောင်းရွှေ့ သီတင်းသုံးလေသည်။

ထိုနေရာလေးသည် တောကြီးမျက်မည်း အတွင်းမှ တောအုပ်ကလေးတစ်ခုလို ဖြစ်နေသည်။ ကိုယ်တော်လေး၏ သင်္ကန်းမှာ ရှားနှစ်ရောင်အဖြစ်သို့ ပို၍ ပို၍ မှိုင်းညို့လာသည်နှင့်အမျှ အသားအရေမှာ ပို၍ပို၍ ဝင်းဖန့်ကြည်လင်လာသည်။

ကိုးလလွယ် ဆယ်လဖွား၍ မီးရှူးသန့်စင် မွေးမြင်ခဲ့ပါလျှက်သားလေး ဗညားပရူက မိခင်၏ ရင်ခွင်အဝေးသို့ ရောက်နေချိန်တွင် သွေးမတော် သားမစပ်သော ဦးဖင်းလေး ဦးဓမ္မရေသည် သားအရင်းသဖွယ် ဖြစ်လာခဲ့၏။

ကိုယ့်ကိုယ်ကို တပည့်တော်မဟု သုံးနှုန်းခဲ့ရာမှ မယ်တော်ကြီးဟု အလိုလို ပြောင်းလဲ သုံးနှုန်းခဲ့သည်မှာ နှုတ်အကျင့်ပင် ရနေပေပြီ။

နှစ်ကာလ အချိန်သမယများ တရိပ်ရိပ်။

ဆယ်နှစ်၊ ဆယ်နှစ်နှစ်၊ ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်။

အဝမှ "ပြေးထွက်" ခဲ့သော လှော်ကားလှေကြီး မြစ်ကမ်းချောင်း ရိုးထဲ တိတ်တဆိတ် တိုးဝင်ခဲ့သည့်နှစ်မှ တစ်ဆယ့်ခြောက်နှစ်ကြာမြင့်ခဲ့သောအခါ၌–

ဟံသာဝတီရွှေနန်းတော်သည် အပြောင်းအလဲတစ်ခုကို ကြုံလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


ထီးပလ္လင်သည် ကန့်လန့်ကာ အဟောင်းကို စွန့်ခွာကာ ကန့်လန့်ကာ အသစ်ကို ဖွင့်လှစ်လိုက်သည်။

ရွှေနန်းရှင်ကြီး ဗညားရံ အနိစ္စ ရောက်သွားသည်။

ရာဇဝံသအရ သားတော်လေး ဗညားပရူသည် ဟံသာဝတီ ရာဇပလ္လင်ပေါ်သို့ တက်လာခဲ့လေသည်။ ဘုရင့်မယ်တော်ဟူသော အဖြစ်သည် ရှင်စောပု၏ နှလုံးသားကို မည်သို့မျှ လှုပ်ခတ်စေရန် အစွမ်းဆောင်နိုင်သော်လည်း ဘုရင်ဟောင်း၏ ဝိညာဉ်ချုပ်ခန်းကား တုန်လှုပ်ဖွယ်ပင်။

အနာသည်ကား သတိလက်လွတ်ဖြစ်နေသော ဗညားရံသည် မြောနေရာမှ သတိပြန်အလည်တွင် အသံနက်ကြီးဖြင့်အော်ဟစ်ခဲ့၏။

"နောင်တော်…နောင်တော်…ကျုပ်လာပြီ၊ ငါ့ကိုဆွဲထားကြပါဦး၊ ဟိုမှာ ဗညားဓမ္မရာဇာက လက်အေးကြီးတွေနဲ့ ငါ့ကို ဆွဲခေါ် အောင်မယ်လေး"

သူ့အရင် ဟံသာဝတီနန်းရှင် အဖတူအမိကွဲ၊ နောင်တော် ဗညားဓမ္မရာဇာကို အဆိပ်ဖြင့် လုပ်ကြံခဲ့သော ဗညားရံ၏ နောက်ဆုံး အချိန် မရဏာဆန္ဒဇောကား ကြောက်မက်ဖွယ်။ သူ၏အသန္တကဲကား တုန်လှုပ်ဖွယ်။ သံသရာဝယ် ဗညားရံဘုရင်သည်…။

သားတော် ဗညားပရူ၏ ရာဇဘိသေကသဘင်ပွဲ၌ မယ်တော်ကြီးသည် ရှားနှစ်ရောင် ခြုံပဝါဖြင့် တက်ရောက်ခဲ့လေသည်။

အသက်သုံးဆယ် မပြည့်တတ်သေးသော ဘုရင်သစ်လေးအနီးတွင် အစ်မတော်လေး နဲတကာသင်သည် တစ်ကိုယ်လုံး ညွှတ်နေသော ပတ္တမြား ရတနာ လက်ဝတ်တန်ဆာ ဘယက်လည်ရွဲများဖြင့် ပြိုးပြက် တောက်ပနေ၏။

နဲတကာသင် ပတ္တမြားမှ အနီရောင်သည် ဗညားပရူမင်း၏ မျက်နှာပေါ်သို့ ထင်ဟပ်ကျရောက်နေ၏။ သားတော်ဘုရင်းမင်းမြတ်သည် သူ့ဘိုးတော် သုဿုင်ရာဇာဓိရာဇ်၏ သန်လျက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ သားမြီးယပ်ကိုတော့ ဘေးချထားသည်။ ပုဏ္ဏားတော်ကြီး တိုင်ပေးသော အပရိဟာနိယတရား၊ မင်းကျင့်တရား၊ နာယကဂုဏ်တရားများကို လက်ခံရွတ်ဆိုချိန်တွင် ဗညားပရူသည် ထစ်ငေါ့နေ၏။

အစ်မတော်၏ ပတ္တမြားဘယက်ဆီမှ အရောင်ဟပ်နေသော ဗညားပရူ၏ မျက်နှာတစ်ခုလုံး နီရဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဗညားရံ အနိစ္စ မရောက်မီ ခုနစ်နှစ်မှာ အဝဘုရင် မိုးညှင်းမင်း ကံကုန်ခဲ့သည်။

ဗညားရံ အနိစ္စရောက်ပြီး လေးနှစ်အကြာတွင်...

ဟံသာဝတီဘုရင်လေး ဗညားပရူ ကံကုန်သွားသည်။

သားဘုရင်မင်းမြတ်သည် နန်းပလ္လင်ရိပ်တွင် လေးနှစ်မျှသာ စံနေနိုင်ခဲ့ချေသည်။ အဝနေပြည်တော်တွင် နရပတိမင်း နန်းဆက်ခံသည်။ ဟံသာဝတီတွင်လည်း ထီးဖြူရိပ်အောက်၌ အပြောင်းအလဲ ကြုံပြန်ပေပြီ။

နဲတကာသင်သည် ဈာပနအခမ်းအနားတွင် သည်းထန်စွာ ငိုကြွေးရင်း မူးမေ့သွားခဲ့ရှာ၏။ သူချစ်သော မောင်တော်လေးကို သူ ဆွဲခေါ်ထား၍ မရနိုင်ကြောင်း သိသွားသည်။ အဘိသေက သဘင်တုန်းက သူ့ပတ္တမြားဘယက်မှ သွေးနီရောင် ထင်ဟပ်ခဲ့သော မောင်တော်လေး၏ မျက်နှာပြင်သည် ထိုစဉ်ကပင် နိမိတ်ပြခြင်းဖြစ်ခဲ့ပြီဟု သွေးရူးသွေးတန်း အော်မြည်ရှာ၏။

နဲတကာသင်ဆိုမြည်သော နိမိတ်ကို တကယ်တမ်း ဖြစ်ပေါ်အောင် လုပ်လိုက်သူကား ကျေးကျွန်တစ်ဦး။ သူ့အမည်မှာ ငရွှေ။ ငရွှေသည် ဗညားကျန်း၏ လူယုံကျွန်ဟု ဆိုကြသည်။ သို့သော် မည်သူမျှ ဗညားကျန်း၏ စေခိုင်းချက်ဟု အတပ်မပြောရဲကြ။ အဝသို့ ခိုလှုံနေသော ဗညားကျန်းသည် ဗညားပရူ အလုပ်ကြုံခံရစဉ်က ဟံသာဝတီ ရွှေနန်းတော်၌ ရှိမနေပေ။ မည်သို့ဆိုစေ ဗညားကျန်းကတော့ အဝဘုရင်ကို ကျောထောက်နောက်ခံ ပြုထားသည်ကတစ်ကြောင်း၊ မဟာဆီ မဟာသွေး အနွယ်အဆက်မင်းယောက်ျားဖြစ်နေ၍ တစ်ကြောင်းတို့ကြောင့် ဟံသာဝတီ ရာဇပလ္လင်ပေါ် ရောက်လာခဲ့လေသည်။

ဥပစ္ဆေဒကံဖြင့် အနိစ္စရောက်ခဲ့သော သားငယ် ဗညားပရူ၏ ဈာပနတွင် မယ်တော်ကြီးတစ်ပါးအနေဖြင့် ပဋ္ဌာမြေလူး မဖြစ်ခဲ့ကြောင်း မိမိကိုယ်မိမိ အံ့ဩစွာ တွေ့ရှိခဲ့သည်တော့ အမှန်ဖြစ်၏။

သမီးတော် နဲတကာသင်ကား ငိုလိုက်၊ အော်လိုက်၊ တက်လိုက် ဖြစ်နေစဉ် မိခင်ဖြစ်သူ မိမိကား တည်ငြိမ်စွာပင် ရင်ဆိုင်နိုင်ခဲ့လေသည်။ ထိုအခါမှပင် တစ်ချိန်က ဦးဇင်းဓမ္မဓရ ဆိုဆုံးမသော တရားကို သတိရလာ၏။ "ကိုယ့်ကို သားက အပူသစ် ထပ်မပေးဘူးလို့ အောက်မေ့ပါ တကာမကြီး" ဟူသော စကားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


အကယ်၍သာ သားတော်လေးသည် မိခင်ကို မခွဲတမ်းတွယ်တာပူးကပ်နေခဲ့ပါက နှလုံးသည်းပွတ်သည် သား၏မေတ္တာ သံယောဇဉ်တို့ဖြင့် တင်းကျပ်နေခဲ့ပေမည်။ ယခုမူ သားအမိ ပြန်တွေ့ကြရချိန် လုံးဝမမှတ်မိရာမှ တစ်စတစ်စ မှတ်မိလာချိန်။ ထိုနောက် နောက်ထပ်တစ်ဆယ့်ခြောက်နှစ်လုံးလုံး သားသည်မိခင်နှင့် စိမ်းခဲ့၏။ သားတော်၏ စိမ်းကားဝေးလံနေမှုကို မချိတင်ကဲဖြစ်ခဲ့ရကာ ဦးပဥ္စင်းအား တိုင်တည်ခဲ့မိ၏။ ယခုတော့ ဦးပဥ္စင်း စကားမှန်ချေပြီ။ သားတော်ဟာ မယ်မယ့်အနားပူးကပ်နေခဲ့ပါက ယခုလို အသေဆိုး သေရသော အချိန်တွင် အရူးမကြီးလုံးလုံး ဖြစ်ရှာမည်။

သမီးတော် နဲတကာသင်ကိုသာ ဖျောင်းဖျချော့မော့ရတော့သည် ။

သောကမီးတို့ တောက်လောင်သော်လည်း ပရိဒေဝအဖြစ်သို့ အရှိန်အလျှံ ကြီးမားမလာသဖြင့် နှလုံးသားသည် မခံမရပ်နိုင်မဖြစ်ခဲ့ ။

သား၏အရိုးပြာများကို ကောက်ယူရင်း အဘိဇ္ဈာသုတ်ကို ပွားများနေဖြစ်ခဲ့သည်။ ထို့နောက် တစ်မင်းတက် တစ်မင်းဆင်းသောထီးနန်းအရေးကြီးကိုကြည့်ပြီး သံသရာဝဲဩဃကို ထိတ်လန့်မိသည်။

ဘုရင်သစ် ဗညားကျန်းကော မည်သို့ရှိလေမည်နည်း။

ဗညားဓမ္မရာဇာလက်ထက်က ဘုရင့်ကိုယ်လုပ်တော်နှင့် ရည်ငံ မိသော ပြစ်ဒဏ်ဖြင့် အဝသို့ ထွက်ပြေးခိုလှုံခဲ့သည့် ဗညားကျန်းသည် သွေးစွန်းသော ရာဇပလ္လင်ထက်သို့ မဝံ့မရဲ တက်ခဲ့သည်။

ဗညားပရူကို ကိုယ်ထိလက်ရောက် လုပ်ကြံခဲ့သော ကျွန်ငရွှေဆိုသူလည်း ဘယ်ရောက်သွားမှန်းမသိ။

မြူမှုန်များကို လေညာအရပ်သို့ ပစ်လိုက်သောအခါ ပစ်သူ၏ မျက်နှာသို့သာပြန်၍ကပ်ငြိ ထိမှန်တတ်ချေသည်။ နွားခြေရာနောက်တွင် လှည်းဘီးရာ ထက်ကြပ်လိုက်သည့်နှယ်။ အကုသိုလ်သည် ပြုသူနောက်သို့သာ အစဉ်လိုက်လေသည်။ အရိပ်ဟူသည် မိမိကိုယ်မှ ဖြစ်ပေါ်သည်ပင်။

ထီးဖြူရိပ်အောက်၌ ဗညားပရူအား လေးနှစ်မျှသာ ခိုဝင်စေခဲ့သော ဗညားကျန်းသည် ကိုယ်တိုင်မူ သုံးနှစ်သာ ခိုဝင်ခွင့်ရခဲ့၏။ ခြောက်အိပ်မက်များ၊ သွေးပျက်နိုးထမှုများဖြင့်သာ အတိပြီးခဲ့သော ညဥ့်တာများက ဗညားကျန်းအား ရွှေနန်းစည်းစိမ်က အရသာ ခံစားခွင့်မပြု။ ဝင်္ဂကြမ္မာ၏ လက်တံသည် လျင်မြန်လွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com


ထီးနန်းသက် သုံးနှစ်မျှသာစံပြီး ဖိတ်ဖိတ်တောက်နေသော ရွှေရေးသလွန်ပေါ်၌ ဗညားကျန်း သေဆုံးသွားသည်။

ဗညားရံတုန်းက အနိစ္စရောက်ခါနီး၌ အသံနက်ကြီးဖြင့် သွေးရူးသွေးတန်း အော်ဟစ်သွားခဲ့သည်။ ဗညားကျန်းကား သတိမေ့မြောနေရာမှ လုံးလုံးပင် ပြန်လည်မလာတော့ဘဲ သုံးရက်အကြာတွင် မရဏချောက်ထဲသို့ ပြုတ်ကျသွား၏။

ရာဇပလ္လင်သည် လစ်လပ်ခဲ့ပြန်လေပြီ။

မှူးမတ် ဝန်ကြီး ဝန်ငယ် သေနာပတိတို့ ဘုရင်သစ်အတွက် ခေါင်းချင်းရိုက်ကြရပြန်သည်။ ဤတွင် အဝနန်းတော်၏ ဩဇာသက်ရောက်မှုမကင်းသော သူတစ်ဦးကို တွေ့ကြ၏။ ထိုသူကား ဗညားရံနှင့် အဝဘုရင် တူမတော်တို့မှ ဖွားမြင်သည့် လိတ်မွတ်ထော။ အဝသွေးတစ်ဝက်ပါသူ ဖြစ်၏။ ဗညားရံရှိစဉ်က ပြုခဲ့သော အဝနှင့် ဟံသာဝတီတို့၏ ချစ်ကြည်ရေး၏ သင်္ကေတ။

မင်းကောင်းမင်းမြတ်တို့၏ အရည်အသွေး၊ ပြည်သားပြည်သူတို့ အပေါ် ကျောသားရင်သားမခြား အုပ်ချုပ်တတ်မှု၊ ဆယ်ပါးသောမင်းကျင့်တရား၊ ခြောက်ပါးသော နာယကဂုဏ် ဘာကိုမျှ ထည့်သွင်းမစဉ်းစားနိုင်ကြတော့ဘဲ လိတ်မွတ်ထောကို ပလ္လင်ပေါ် တင်ပေးလိုက်ကြသည်။ ရာဇအာဏာကို လိတ်မွတ်ထော လက်ထဲထည့်ပေးလိုက်ကြသည်။

လိတ်မွတ်ထောသည် နန်းတက်စကတည်းက သတ္တိပြလာ၏။

အဝဘုရင် နရပတိထံ ပဏ္ဏာများ၊ လက်နက်များ ပို့ဆက်ကာ "ဦးရီးတော်မစပါ" ဟု ချဉ်းကပ်ခဲ့သည်။ အဝဘုရင်ကလည်း တုံ့ပြန်လက်ဆောင်ပါးကာ အရေးရှိလျှင် ငါကူညီပါမည်ဟု ပြန်ကြားလိုက်၏။

ဘုရင်လိတ်မွတ်ထောသည် ဘုန်းလက်ရုံးဖြင့်သော်လည်းကောင်း၊ ဟံသာဝတီပြည်သား လူထုတို့၏ လိုလားမှုဖြင့်သော်လည်းကောင်း ရာဇပလ္လင်ပေါ် တက်ခဲ့သူ မဟုတ်သည့်အလျောက်...

အဝဘုရင်က "နောက်မှာငါရှိသည်" ဟု အထောက်အခံပေးသော အခါ အားကိုးဖြင့် ထင်တိုင်းကြဲတော့၏။ အခွန်အတုတ်တွေ တိုးကောက်သည်။ ရွှေတိုက်တော်မဆံ့အောင် ပစ္စည်းဥစ္စာများ၊ အပြည့်သွင်းသည်။ တစ်ချက်လွှတ် အမိန့်တော်များကို ဖောဖောသီသီသုံးသည်။ မင်းစည်းစိမ်ကို အစွမ်းကုန်ခံစားသည်။ ဟံသာဝတီ နေပြည်တော်ကြီး အထိနာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


မင်းမြှောင်များက ရွှေနန်းတော်ကြီးအတွင်း ကြီးစိုးလာပြီး တော်ဖြောင့်မှန်ကန်သော ပညာရှိအမတ်များမှာ သိမ်ငယ်စွာ ပုန်းကွယ်နေကြရသည်။ သောက်စား ပျော်ပါးပွဲသဘင်များ ခြိမ့်ခြိမ့်သဲ ကျင်းပကြသောအခါ မော်ခေါစေတီရင်ပြင်တော်သည် ကျီးနှင့်ဖုတ်ဖုတ်ဖြစ်လာသည်။ မြင်းတိုက်၊ နွားတိုက်၊ နပန်းပွဲများ အကြီးအကျယ် ပြုလုပ်နေကြချိန်တွင်၊ ဘုန်းတော်ကြီးကျောင်းများ ပစ္စည်းလေးပါး ဆုတ်ယုတ်လာသည်။

ပြည် တင်းလာ၏။ မင်း မခံနိုင်။

ရွှေနန်းတော်အတွင်း အနှိမ်ခံ အပယ်ခံ လူကောင်းသူကောင်း မှူးမတ်ဝန်ဗိုလ်ပါတို့ လျှို့ဝှက်တွေ့ဆုံပွဲများ ပေါ်ပေါက်လာ၏။ နေပြည်တော်အတွင်းလျှို့ဝှက်သော အစည်းအဝေးပွဲများ ကျင်းပလာကြ၏။

ဘုရင်လိတ်မွတ်ထောကို မည်သို့ ဖယ်ရှားမည်နည်း။

လစ်လပ်ဦးမည့် ရာဇပလ္လင်တွင် မည်သူ့ကို တင်မည်နည်း။

ဟံသာဝတီကို ပြန်လည် ဆယ်မကြမှ ဖြစ်တော့မည်။

ဘုရင်လိတ်မွတ်ထောထံသို့ ကြိမ်မီးအုံး ခံစားနေရသော ပြည်သားပြည်သူတို့၏ ကျိန်စာများသင့်ရောက်သည်ဟု ဆိုရတော့မည်။ သို့တည်းမဟုတ်၊ ထီးချက်စောင့် နတ်သမီးနှင့် ရွှေနန်းတော်၊ နေပြည်တော်၏ သမ္မာဒေဝနတ်များက ကူပံ့ကြလေသည်လားမသိ။

လိတ်မွတ်ထော၏ ထီးနန်းစည်းစိမ်မှာ အိပ်မက် မက်လိုက်ရသလို ဖြစ်သွားသည်။တစ်နှစ်ပင် မကြာလိုက်၊ ခုနစ်လအကြာတွင် လိတ်မွတ်ထော အနိစ္စရောက်သွားလေသည်။

ခြင်္သေ့ခံသီဟာသနပလ္လင်သည် ဘုရင်သစ်ကို မွတ်သိပ်စွာ ငံ့လင့်နေ၏။

မိမိအပေါ်တွင် စွန်းပေခဲ့သော သွေးစများ၊ မျက်ရည်များကို မည်သူလာရောက်သုတ်သင် သန့်စင်စေမည်နည်း။

ဟံသာဝတီသည် တရားစောင့်သော မင်းကိုတောင့်တနေ၏။

ထီးဖြူသည် သန့်ရှင်းမွန်မြတ်သော မကိုဋ်ဥဿျောင် ဆောင်းမည့် ဦးခေါင်းပိုင်ရှင်ကို စောင့်မျှော်နေ၏။

ရွှေနန်းတော် အတွင်းရှိ၊ မှူးမတ်ဝန်ဗိုလ်ပါ ရဲမက်အပေါင်းနှင့် နန်းမြို့ပြင်လေးရပ် နေပြည်တော် တစ်ဝှန်း၊ နိုင်ငံတော် အနှံ့ရှိ တိုင်းသားပြည်သူ ရဟန်းရှင်လူတို့ ဟံသာဝတီ ရာဇဝင်တွင်တစ်ခါမှ မဖြစ်ပေါ်ဖူးသော

www.burmeseclassic.com

www.burmeseclassic.com


စည်းလုံးညီညွတ်မှုကို ရရှိကြသည်။ ထိုစည်းလုံးမှုမှာ တူညီသော ဆန္ဒမှ မွေးဖွားပေးလိုက်ခြင်းဖြစ်သည်။ ထိုဆန္ဒကား မင်းကောင်းမင်းမြတ်တစ်ပါး ရရှိရေး။

* * *

သူတို့အားလုံး ပုဂ္ဂိုလ်တစ်ဦးကို တွေ့သွားကြ၏။

မဟာဆီ မဟာသွေးစစ်စစ်ဖြစ်သည်။ သဘော မနော ဖြောင့်မှန်သည်။ ကာယိန္ဒြေ၏ တင့်တယ်ခြင်းရှိသလို၊ မနိန္ဒြေ၏ ခိုင်မာမှုလည်း ရှိသည်။စစ်၏ အနိဋ္ဌာရုံကို ကိုယ်တိုင် ခံစားနာကျင်ခဲ့သော သတ္တန္တရဘေးကို မလိုလားသူ စစ်စစ်လည်း ဖြစ်သည်။ သီလ၊ သမာဓိဖြင့် ပြည့်ဝသည်။ ရင်းကျက်သော အတွေ့အကြုံများရှိသည်။ ရာဇအာဏာဆိုသည်ကို ဘယ်တုန်းကမျှ တပ်မက်လိုလားခြင်း မရှိခဲ့သူ ဖြစ်သည်။

ဟံသာဝတီကို ချစ်သူလည်းဖြစ်သည်။ စာနာစိတ်နှင့် ဂုဏ်သိက္ခာ တင့်တယ်သူလည်း ဖြစ်သည်။ ပညာဉာဏ် အမြော်အမြင်နှင့်လည်း ပြည့်စုံသည်။ သူ့ကိုယ်သူ ဟံသာဝတီ တိုင်းသားပြည်သူကြီးနှင့် ထပ်တူ ခံစားသူလည်း ဖြစ်သည်။

သူသည်ဟံသာဝတီဖြစ်သည်။

ဟံသာဝတီသည် သူ ဖြစ်သည်။

သူကား…သုဿျင်ရာဇာဓိရာဇ်၏ သမီးတော်။

သမိန်စည်သူ၏ ကြင်ရာတော်။ သမီးနှစ်ယောက်၊ သားတစ်ယောက်၏ မယ်တော်။ နှစ်ပြည်မင်းတို့၏ အရေးတွင် အဆောင်အယောင်အဖြစ် ဘဝသက်တမ်းကာလတစ်ခုကို စတေးခဲ့ရသော မိဖုရား၊ လေးကိုင်း၏ သန်မာခြင်းနှင့် လေးညှို့၏ ညွတ်ပြောင်းခြင်းတို့ဖြင့် ပြည့်စုံသော အရှင်သခင်မ။

ဟံသာဝတီအတွက် ဘုရင်မ ရှင်စောပုကို သူတို့အားလုံး ရှာဖွေတွေ့ရှိသွားကြပေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com


## (၁၆)

**"ကောင်းကြီးသခေါ်၊ ရွှေတောဓာ၊ ဘုန်းမိုးစွေကာ၊ သွန်းဖြိုးဓေယျာ၊ ဟံသာဗွေ အောင်မြေရွှေဘုံဦး၊ မြတ်တောင်သာ၊ ကျူရင့်ကြွေးကြော်ငြာ၊ ပိုင်စိုးသောင်းမြေနယ်ဒီပါ၊ သီတာဖီလာရံ ဝန်းသွယ်၊ ပင်လယ်ဝေမို့ လေလှိုင်းပြိုင်၊ လေးဆိုင်လေးဆိုင်...ဆယ်နိုင်စုံကြာ၊ ရှိဦးခိုလှုံကာ၊ မြန်ဓမ္မချာလုံး၊ စံမတူရာဘုန်း၊ ရေမြေခွန်ယူကျုံးလိမ့်၊ ရွှေတောဓာ"**

ဗညားထော... သို့မဟုတ် မင်းအို။ ကြီးရင့်ရှယ်အို ဘုရင်မ။

အသက်ငါးဆယ့်ကိုးနှစ်တိုင်ခါမှ ဟံသာဝတီ ရွှေနန်းရှင် ဘုရင်မကြီးဖြစ်လာသောမိမိဘဝကို မိမိစေ့ငုကြည့်မိ၏။

သြော်...ငမ်းငမ်းတက် လိုချင်သူများ မရကြချိန်တွင် မလိုချင်သူက ရနေပါကလား။ ဗညားရံ၊ ဗညားကျန်း၊ လိတ်မွတ်ထော တို့သည် အဆိပ်ဖြင့်၊ ဓားဖြင့်၊ အကောက်ဉာဏ်ဖြင့်၊ စစ်ကူဖြင့် ထီးနန်းကို လှမ်းငင်သိမ်းယူခဲ့ကြ၏။ သူတို့၏ လုံ့လဉဿဟ အစွမ်းဖြင့် ထီးနန်းပလ္လင်ကို ရခဲ့ပိုင်ခဲ့ထိုင်ခဲ့ကြပေ၏။ သို့သော် တရားကို စောင့်သောသူ အား တရားသည် ပြန်စောင့်ပေသည်။

လောကတွင် တရားသည် မဆိတ်သုဉ်းသေး။

သူတို့တစ်တွေ၏ လက်များမှာ သွေးစက်တွေ၊ အမျက်ဒေါသတွေ၊ လိုချင်တပ်မက်မှုတွေဖြင့် စွန်းထင်းပေကျံနေကြသည်။ သူတို့၏ လက်များ မသန့်စင်ကြ။ သန်လျက်နှင့် သားမြီးယပ်တို့သည် ထိုလက်များအတွင်း၌ ကြာရှည်မနေကြ။ သူတို့ကိုယ်တိုင် ဆက်လက် မဆုပ်ကိုင်နိုင်သောကြောင့် ဖြစ်စေ၊ အခြားတစ်ပါးသော အခြေအနေက သူတို့၏ လက်ချောင်းများကို ဆွဲဖြုတ်ဖြေလျှော့သောကြောင့်ဖြစ်စေ၊ သန်လျက်နှင့် သားမြီးယပ်တို့သည် လျှောစင်ပြုတ်ကျခဲ့ကြ၏။ သူတို့လိုချင်ကြ၏။ သို့သော် သူတို့မရကြ။

www.burmeseclassic.com

www.burmeseclassic.com


နှလုံးသည်းပွတ်တွင် ဒဏ်ရာအထပ်ထပ်တို့ဖြင့် မွမွကြေနေသော မိန်းမအိုကြီး တစ်ယောက်ကမူ ရွှေနန်းတော်၏ ပြသာဒ်မှ စုလစ်မွမ်းချွန်ကို မော့၍ပင် မကြည့်ဘဲ မျက်နှာလွှဲခဲ့၏။ ရွှေရောင်၊ ငွေရောင်၊ မြရောင်တို့၏ ကျိန်းစပ်စရာ အလင်းတို့ထဲတွင် မီးလျှံများကို တွေ့နေရသဖြင့် ကျောခိုင်းထားခဲ့၏။

တရားဓမ္မနှင့် စိတ်နှလုံး ငြိမ်းချမ်းမှုဘက်သို့သာ မျက်နှာမူခဲ့၏။ ထိုမိန်းမအိုကြီးဆီကိုမှ ထီးနန်းပလ္လင်သည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ချေသည်။

အဘယ်သို့သော ကံအကျိုးပေးနည်း။

လိပ်ပြင်ကျောင်း ဆရာတော် ဦးဓမ္မဓရက မိန့်လေသည်။

"မျိုးစေ့မှန် ဓာတ်ခံအား ကောင်းပေမဲ့ သူ့ကို စိုက်ရာ၊ ကြဲရာ၊ မြေယာ လွဲမှားနေ၍ အပင်အညှောက် မပေါက်တတ်ဘူး၊ ပေါက်ပြန်ရင်လည်း မဖွံ့ဖြိုးဘူး၊ အနှစ်ပြည့်မလာဘူး၊ တကာမကြီး အမှီပြုရာ မြေယာလွဲမှားနေတယ်လို့ ဦးဇင်းပြောခဲ့တယ်၊ အင်း...အခုတော့ မှန်ကန်သော မြေခံ၊ ယာခံမှာ မိုးလေဝသ ရာသီကလည်းကောင်း၊ ရေကလည်း ဝလင်သမို့ သီးနှံပင်ဟာ ဖွံ့ထွားခဲ့ပြီ၊ ဒါတွင်မက တကာမကြီးဟာ တစ်ချိန်တည်းမှာ အခြားသော ဖွံ့ထွား အားကောင်းမယ့် သီးနှံများအတွက် မြေယာကောင်းသဖွယ် ဘဝကို ထပ်မံရောက်ရှိသွားပြီ"

အကျဉ်းရုံး၍ ကျင်းပသော ရာဇဘိသေက သဘင်နေ့၊ ဆွမ်းလုပ်ကျွေး ပူဇော်ပွဲတွင် ဦးဓမ္မဓရအမိန့်ရှိသော စကားဖြစ်သည်။

"လို၍မရသော ဆင်းရဲ၊ မလို၍ရသော ဆင်းရဲ၊ အင်း...ဟံသာဝတီဘုရင်အဖြစ်ကို တကာမကြီး မမျှော်မှန်းခဲ့သော်လည်း တကာမကြီး ရခဲ့ပြီ၊ သခါရနယ်မှာ ချမ်းသာအစစ်ဆိုတာ မရှိပေဘူး၊ သို့သော် မိမိက ဘုရင်မင်းမြတ် ဖြစ်လာပြီဆိုတဲ့အချိန်မှာ တိုင်းသားပြည်သူတို့ရဲ့ ကိုယ်စိတ်ချမ်းမြေ့မှုကို လုပ်ဆောင်ပေးခြင်း သည်ပင်လျှင် မိမိ၏ချမ်းသာကို ရယူခြင်း မည်တယ်၊ အခု တကာမကြီး အသက်ခြောက်ဆယ် မပြည့်သေးပါဘူး၊ ဗုဒ္ဓမြတ်စွာဟာ သက်တော်ရှစ်ဆယ်အထိ သတ္တဝါတို့ ချမ်းသာရေးအတွက် မနေမနား ဆောင်ရွက်တော်မူခဲ့တယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံခါနီးအထိ ကယ်စရာရှိသူကို ကယ်သွားခဲ့တယ်၊ ရုပ်ဓာတ်အနေနဲ့ ကိုယ်တော် မရှိတော့တဲ့ အခါမှာလည်း ဓမ္မကိုကိုယ်စားထားရစ်ခဲ့တယ်၊ အခုထိ မြတ်စွာဘုရားဟာ သတ္တဝါ တွေအတွက် ဆောင်ရွက်တော်မူနေတုန်း

www.burmeseclassic.com

www.burmeseclassic.com


ရှိသေးတယ်လို့အောက်မေ့ပါ၊ အတုယူမယ့် ယူရင်အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ကိုပဲ ကြည့်ပြီး အတုယူလိုက်ပါ”

မလိုချင်ဘဲရလာသော ဘုရင်မဘဝကို စိတ်အနေ မကျဖြစ်နေခဲ့ရာမှ ဦးဓမ္မဓရ၏ အဆုံးအမကြောင့် သက်သာရာရခဲ့၏။ ထီးနန်းရာဇပလ္လင်ဆိုသည်မှာလည်း လောကကောင်းကျိုးအတွက် အသုံးပြုလိုသူတို့အတွက် အထိရောက်ဆုံး အသုံးပြုစရာ ကိရိယာတစ်ခုပါလား။

“အမိန့်တော်နဲ့ ရာဇအာဏာတို့ကို ထုတ်ဖွင့်မယ့် နှုတ်ပါးစပ်နဲ့ လက်တွေ့ရဲ့နောက်မှာ အစဉ်သဖြင့် တရားနဲ့ညီသော နှလုံးသွင်းမှု ရှိနေပါစေ။ ဉာဏ်သာလျှင် ရှေ့သွားရှိကုန်သော ဉာဏ်နှင့် မကင်းမကွာ အမြဲလိုက်ပါသောဆိုတဲ့ အာဝေဏိကဂုဏ်တော် ဆယ့်ရှစ်ပါးထဲကအချက်ကို ကြည့်ညိုနှလုံးသွင်း အတုယူ အားကျတတ်ပါစေ”

ဘုရင်မ၏ လက်အစုံတို့သည် ရဟန်း၏ခြေအစုံရှေ့ဝယ် ကြာပဒုံဖူး ငုံသွား၏။

“တကာမကြီး အခုဘာဆန္ဒရှိသလဲ၊ ဘာဆောင်ရွက်မယ်စိတ်ကူးသလဲ”

“မယ်တော်ကြီးတော့ ရာဇဘိသေကဆိုင်ရာတွေ ပြီးရင် တိဂုံဆံတော်ရှင် သွားမယ်လို့ စိတ်ကူးထားပါတယ်ဘုရား”

“ဘုရားဖူးဘို့အပြင်မှာ အခြားဘာရည်ရွယ်လုပ်ဆောင်ရန်ရှိသလဲ”

“သာသနိက အဆောက်အအုံများ ပြုလုပ်ဆောက်တည်ဖို့နဲ့ တိဂုံဆံတော်ရှင်မှာ ဘုရားတပည့်တော်မသည် ဟံသာဝတီနိုင်ငံတော်ကြီး၏ ဂုဏ်ကို အပြစ်ကင်းစွာ ဆောင်ရွက်ပါမည်လို့ သစ္စာဆိုဖို့ရယ်၊ နောက် ဤမှန်သောသစ္စာကြောင့် တိုင်းသားပြည်သူအများ ချမ်းသာရေးကို ကိုယ်ရောစိတ်ပါ လုပ်ဆောင်နိုင်သူ ဘုရင်တစ်ပါး ဖြစ်ရပါလို၏လို့ ဆုတောင်းဖို့ ရယ်ပါဘုရား”

“သာဓု...သာဓု...သာဓု...ဘုရင်မကြီး”

* * *

www.burmeseclassic.com

www.burmeseclassic.com


တိဂုံဆံတော်ရှင် ထီးတော်မှ ဆည်းလည်း သံနှင့်၊ မော်ဓောစေတီ ထီးတော်မှ ဆည်းလည်းသံတို့သည် ကောက်နံ့သင်းပျံ့နေသော ကောင်းကင် ထက် လေပြည်တွင် ဆုံတွေ့ကြသည်။

ဘုန်းတော်ကြီး ကျောင်းများ၊ အလှူမဏ္ဍပ်များ၊ သာလာယံဇရပ် များ၊ သုဓမ္မာဇရပ်များ၌ ငြိမ်သက်သော စည်ကားမှုများ ဖြစ်ထွန်းလာ သည်။ ဟံသာဝတီဆိပ်ကမ်းတွင် အကြေအညာ ကုန်လှေကြီးများ၊ ဝင်ထွက်မစဲ ရှိသည်။ စိမ်းမြလယ်ကွင်းနှင့် ရိုးပြတ်တလင်းပြင်တို့တွင် ချစ်သူများ ချမ်းမြေ့စွာ ချစ်တေးသီကြသည်။ သဘင်သည်အဖွဲ့တို့က ဘုရင်မရှင်စောပု၏ ဘုန်းတော်ဘွဲ့နှင့်အတူ၊ ဇာတ်နိပါတ်များကို ကြွယ်ဝ သော အနုပညာဖြင့် တင်ဆက်ကြသည်။

နေပြည်တော် လမ်းမကြီးများတွင် သားသမီးမြေးမြစ်များ တစ်ပြုံ တစ်မကြီးဖြင့် ဘုရားပွဲသို့ ထွက်လာသော လှည်းယဉ်များမှ နွားခြုံသံ တလွင်လွင်မစဲရှိသည်။

ရွှေနန်းတော်လွှတ်ရုံး၌ တရားစီးမင်းများသည် အေးဆေးတည်ငြိမ်စွာ တရားတဘောင် အမှုအရေး ဆုံးဖြတ်ကြသည်။

ဥယျာဉ်ပန်းခြံကွင်းထဲတွင် ကလေးငယ်တို့ လွတ်လပ်မြူးထူးစွာ ဆော့ကစားကြသည်။

ဟံသာဝတီသည် ကြာမြင့်စွာ ငတ်မွတ်ခဲ့သော ငြိမ်းအေး သာယာ မှုကို အဝအလင် သောက်သုံးနေလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

**"သားရွှေခဲ၊ ရဲရဲလျှံတောက်၊ ရွှေပင်ပေါက်သို့၊ တစ်ယောက်ဟူရ၊ ဖြစ်ပေကလျှင်၊ မောင့်ဖငါ့မိ၊ စိတ်ညှိတိုင်ပင်၊ သားရွှေစင်ကို၊ ဂုဏ်အင်ကျေးဇူး၊ သူ့ထက်ထူး၍၊ တောင်ဦးမြင်းမိုရ်၊ ဖြစ်စေလို၍၊ အပျိုအရွယ်၊ ဆင်းရုပ်ငယ်က၊ မွေးမယ်လက်ငင်၊ ဆွတ်ဆွတ်ကြွင်၍"**

"မသင့်တော်ပါဘူး သခင်မ၊ အရင်တုန်းကတော့ ဘုရင့် မယ်တော်နှမတော်ပါ၊ အခုဟာက ကိုယ်တိုင် ဟံသာဝတီ ပြည့်ရှင် ဘုရင်မကြီးဖြစ်နေတော့ အရင်လို ဝေါယာဉ်လေးစီး၊ ကျောင်းမုဒ်ပေါက်မှာဆင်း၊ ကျောင်းတိုက်ဆီအရောက် ခြေကျင်လျှောက် လုပ်တာမျိုး မသင့်တော်ပါဘူး"

မိနဲက တားမြစ်စကားဆိုနေသည်။

"မသင့်တော်တော့၊ ငါက ဘာလုပ်ရမှာလဲကွဲ့"

"ဦးဓမ္မဓရကို နန်းတော်ပင့်ခေါ်ဖို့ပေါ့ သခင်မ"

"ရဟန်းသံဃာဆီကို ကိုယ်ကပဲ သွားရောက်ရမယ်၊ ဆွမ်းလုပ်ကျွေးပူဇော်တာမျိုး၊ ဘိသေကသဘင်တစ်ခုခု ရှိတာမျိုးကလွဲရင်၊ ကိုယ်ကဘုရင်ဆိုပြီး သံဃာကို နန်းတော်ကြွခဲ့ပါဘုရားလို့ပင့်တာ မသင့်ဘူး၊ သွားချင်းသွား၊ ကိုယ်ကပဲ သူ့ကျောင်းတိုက်ကို သွားရမှာပေါ့မိနဲရယ်"

"ဒါဖြင့်ရင်လည်း ရှေ့ဝင်း နောက်ဝင်းနဲ့ ဝင်းအစုံအညီခင်းပြီး"

"တန်ပါမိနဲရယ် ဒါဟာ ဘုရင်မ ရှင်စောပု တိုင်းခန်းလှည့်တာမဟုတ်ဘူး၊ လိပ်ပြင်ကျောင်း ကိုယ်တော်ဆီသွားတာ၊ မယ်တော်ကြီးက သူ့သားရဟန်းဆီသွားတာ"

"ဒါဆို ကိုယ်ရံတော်တပ်ဖွဲ့"

"ဘာတပ်ဖွဲ့မှ မလိုဘူး၊ ဟံသာဝတီမှာ ငါ့အတွက် ဘာအန္တရာယ်မှ

www.burmeseclassic.com

www.burmeseclassic.com


မရှိဘူး”

“ဒါဆိုရင် မိနဲတောင် လိုက်ခွင့် ရပါတော့မလား သခင်မ”

“ညဲလိုက်ခဲ့လေ၊ ဒါပေမဲ့ ကျောင်းပေါ်မတက်ရဘူး၊ ငါ ကိုယ်တော်လေးနဲ့ လျှို့ဝှက်တိုင်ပင်စရာရှိလို့”

“အိုး လျှို့ဝှက်ဆိုပါလား သခင်မ ထူးထူးဆန်းဆန်း”

“ဟံသာဝတီအတွက် အင်မတန် ကျေးဇူးများမယ့် အရေးတော်တစ်ခု စီမံဖို့ပါကွယ်၊ ကဲ...သွားကြစို့”

အဆောင်ထဲဝင်လာသည့် သမီးကြီးနဲတကာတော်ကို လှမ်းမြင်သဖြင့် စကားရပ်ပစ်လိုက်၏။ ပြီးမှ မိနဲကို လေသံဖြင့်သမီးကြီးကိုတောင် မသိစေနဲ့ဟု တိုးတိုးတိတ်တိတ် မှာရသည်။

* * *

“တကာမကြီး၊ အချိန်မတော်ပါလား” ဟု ဦးဓမ္မရေက မိန့်၏။

ဦးဇင်းသည် ဦးပဉ္စင်းငယ်များနှင့်သာမဏေငယ်များကို စာဝါကျရန် ပြင်ဆင်နေသည်။

“အချိန်မတော်ဆို အရေးကလည်း ပေါ်လာလို့ပါ ဦးဇင်း၊ လွတ်လပ်ပွင့်လင်းစွာ လျှောက်ထားရမှာ ရှိနေလို့ပါ”

ဦးဓမ္မရေက စာဝါတက်မည့် သူများကို ကျောင်းအောက်ခဏဆင်းနေကြရန် အမိန့်ပေးလိုက်ပြီး၊ သားရေနွယ်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေလိုက်၏။

“ဘာများ အရေးပေါ်သလဲ တကာမကြီး”

“အရေးပေါ်တယ်ဆိုတာက လတ်တလော ဖြုတ်ချည်းပေါ်ပေါက်လာတာကို ပြောတာမဟုတ်ဘူး ဘုရား၊ ဒီအရေးဟာ တစ်နေ့ကျရင် ပေါ်လာမယ်ဆိုတာ မယ်တော်ကြီး ဟိုးကတည်းက စဉ်းစားမိပြီးသားပါ”

မိမိလေသံ အနည်းငယ်ရင်နှီးလွန်းရာ ကျနေသည်ကို သတိထားမိ၏။

“ကဲ...ဆိုပါ တကာမကြီး”

လျှောက်ထားရမည့် စကားလုံးများကို နေသားတကျဖြစ်အောင် စိတ်ထဲမှာ စီကုံးပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com


"ဒီစကားကို လျှောက်ဖို့ မယ်တော်ကြီး အကြိမ်ကြိမ် စဉ်းစားခဲ့ပါတယ်ဘုရား၊ သင့်မသင့် ရာမရာကိုလည်း အဖက်ဖက်က သုံးသပ်ခဲ့ပါတယ်၊ လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးတို့နဲ့လည်း ချိန်ထိုး သုံးသပ်ခဲ့ပါတယ်၊ အဲဒီလို အထပ်ထပ် ဆင်ခြင်ပြီးမှ လျှောက်မယ်လို့ ဆုံးဖြတ်ပြီးလာခဲ့ပါတယ်၊ ဒါကြောင့် မယ်တော်ကြီး စကားကို အလေးအနက်ထားပြီး နားဆင်စေချင်ပါတယ် သားတော်ကြီး"

ဦးဇင်း ငြိမ်နေ၏။ တည်ငြိမ်သော မျက်နှာပြင်ရှိသည့် ရေကန်၏ အနက်အရှိုင်းကို သိရန် ခက်ခဲသည်ဆို၏။ ထိုရေကန်မျိုးသည် နက်တတ်သည်ဟုလည်း ဆိုသည်။ ထိုရေကန်ထဲသို့ မိမိသက်ဆင်းရမည် ဖြစ်လေသည်။

"မိမိကိုယ်ကျိုးကိုစွန့်ပြီး အများသူငါ ကောင်းကျိုးကို ရွက်ဆောင်ခြင်းသည် အမြတ်ဆုံး ဂုဏ်ဆိုတဲ့ စကား၊ မယ်တော်ကြီး စွဲနေပါတယ်၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်ရာမှာ မိမိကိုယ်မိမိ အပင်ပန်း အဆင်းရဲ ခံနိုင်တဲ့ ပုဂ္ဂိုလ်မြတ်တွေထဲမှာ သဗ္ဗညုတ ဘုရားရှင်ဟာ အမြင့်ဆုံး အမြတ်ဆုံးလို့လည်း မယ်တော်ကြီးသိထားပါတယ်၊ ဦးဇင်းတို့ ဟောကြားတဲ့ တရားဓမ္မတွေမှာလည်း ပါပါတယ်"

"ဟုတ်ပါတယ်၊ ရာဇဘိသေက ဆွမ်းလှူဒါန်းပွဲနေ့တုန်းကလည်း ဦးဇင်းဟောခဲ့သေးတာပဲ၊ ဘုရင်မအဖြစ်ကို တကာမကြီး ခံယူရမဟာ၊ မဝံ့မရဲ မနှစ်မမြို့ ဖြစ်နေလို့လေ"

"အရှင်ဘုရားရဲ့ ထွန်းညှိပေးမှုကြောင့် မယ်တော်ကြီးရင်ထဲမှာ လင်းသွားခဲ့ပါတယ်၊ အရှင်ဘုရားဟာ ဟိုး...အဝမှာ ကတည်းက ကိုရင်ငယ်လေးဘဝ စတွေ့ကြစဉ်ကတည်းက မယ်တော်ကြီးအတွက် မီးရှူးတန်ဆောင် ဖြစ်ခဲ့ရတာပါ"

"အင်း...ဒါတွေ ပြန်ပြောဖို့တော့ တကာမကြီးလာတာ မဟုတ်တန်ကောင်းဘူး"

"အဆောက်အအုံတစ်ခုအတွက် ပန္နက်ရိုက်တဲ့သဘောပါဘုရား"

ဦးဓမ္မဓရ အနည်းငယ် ပြုံး၍ ခေါင်းဆတ်ညိတ်သည်။

"တကာမကြီး ဒီတစ်ခါ စကားအသုံးတွေ ထူးခြားလှတယ်"

"တင်ပါဘုရား ခွင့်လွှတ်တော်မူပါ၊ လိပ်ပတ်လည်အောင် လျှောက်မှ ဖြစ်မှာမို့ပါ၊ အဲဒီလို မီးရှူးတန်ဆောင် ဖြစ်ခဲ့တဲ့ ဦးဇင်းဟာ မယ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com


ဘဝ တစ်လျှောက်လုံး မှန်သောအသိ၊ မှန်သောအမြင်များ ကိန်းဝပ်အောင် ဆက်လက်ထွန်းညှိခဲ့တာဟာ အစ ဘုရင်မကြီး ရှင်စောပုဖြစ်ခဲ့တဲ့ အထိပါပဲဘုရား"

"အင်း...အလင်းထိန်ဆုံး အခြေအနေပေါ့ တကာမကြီး"

"အလင်းထိန်ဆုံး ဟုတ်ပါတယ် ဘုရား၊ သို့သော် အလင်းထိန်ဆုံး လဝန်းကြီးဟာ လပြည့်ညပြီးတာနဲ့ ဆုတ်ရမှာပါ ဘုရား"

စကားစကို ဆုပ်ကိုင်မပြီ ဖြစ်၏။

"မယ်တော်ကြီး အသက်ခြောက်ဆယ် ကျော်ခဲ့ပြီ ဦးဇင်း၊ တရားဓမ္မနဲ့ ယှဉ်တဲ့ အုပ်ချုပ်ရေးအောက်မှာ ဟံသာဝတီနိုင်ငံတော်ကြီးလည်း တိုးတက် အေးချမ်းခဲ့ပါတယ်၊ ဒါပေမဲ့ တစ်စတစ်စ ဆုတ်သွားတဲ့ လဝန်းကြီးဟာ နောက်ဆုံးလကွယ်အထိ ရောက်ရမှာပါ၊ ကောင်းကင်က လဝန်းကြီးမှာ ပြန်လည်ပြီး ဆန်းနိုင်တဲ့ သဘာဝရှိသော်လည်း ဘုရင်မကြီး ရှင်စောပုက တော့ လကွယ်ညပြီးရင် လဆန်းပြန်မဖြစ်နိုင်တော့ပါဘူး ဦးဇင်း"

"ဆက်ပြောပါ တကာမကြီး"

"သူ လဆန်း ပြန်မဖြစ်နိုင်တော့ပေမဲ့ အခြားသော ဆန်းစ သော်တာ လမင်းကိုတော့ တစ်စတစ်စ ပြည့်ဝိုင်းလာတဲ့ လဝန်းကြီးအဖြစ် သူက မြင်ချင်ပါတယ် ဘုရား၊ အဲဒါမှသာ ဟံသာဝတီပြည်ကြီးဟာ လရောင်ကို ဆက်လက်သုံးဆောင်ခွင့် ရပါလိမ့်မယ်"

"တကာမကြီး ထီးညွန့်နန်းလျာ အရေးကို တွေးနေသလား"

ဦးဇင်း ဤသို့လိုရင်းကို မြင်နိုင်သည့်အတွက် ဝမ်းမြောက်မိ၏။

"မှန်ပါတယ် ဘုရား၊ အများသူငါ ကောင်းကျိုးအတွက် မိမိ၏ ဘဝကို စွန့်လွှတ်နိုင်သော၊ မိမိ၏အတ္တကို ချိုးနှိမ်နိုင်သော ပုဂ္ဂိုလ်ကို မယ်တော်ကြီး တွေးနေရွေးနေမိပါတယ်"

"ဟုတ်ပေတယ်၊ တွေးသင့်ရွေးသင့်တယ်၊ ဘယ်သူ့ကိုမြင်သလဲ"

စကားဝိုက်သွယ်စရာ မလိုတော့ဟု ယူဆသည်။ ဤအခါသည် အကောင်းဆုံးအခါပင်။

"အရှင်ဘုရားကို မြင်ပါတယ်ဘုရား"

ရှင်းလင်းတိကျစွာ ဆိုလိုက်၏။ အမြဲတမ်း ရင့်ကျက်ခိုင်ခဲ့သော ဦးဓမ္မဓရသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ နက်ရှိုင်းသော ကန်ရေပြင်ထဲသို့ သက်ဆင်းဖြစ်ပြီ။ ကန်ရေပြင်ဝယ် ဂယက်လှိုင်းများ ထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သာသနာ့ဘောင်မှာ ငြိမ်းချမ်းစွာမွေ့လျော်နေသူတစ်ဦးကို ရှုပ်ထွေးလှတဲ့ လောကီ၊ အဲဒီလောကီမှာမှ အရှုပ်ထွေးဆုံးဆိုတဲ့ တိုင်းရေးပြည်ရာ၊ အဲဒီ တိုင်းရေးပြည်ရာရဲ့ အချုပ်အညှာ ဘုရင်မင်းမြတ်အဖြစ်သို့ ဆွဲယူခေါ်ငင်ခြင်းကား အင်မတန် မညှာတာရာကျတဲ့အရာ ဖြစ်မယ်ဆိုတာ မယ်တော်ကြီး အထပ်ထပ် စဉ်းစားဝေဖန်ခဲ့ပါတယ်၊ သို့သော် ရှင်လူရဟန်းတိုင်းသားပြည်သူတို့ရဲ့ အရေးဖြစ်နေပါတယ်ဘုရား"

"ဟံသာဝတီမှာ ထီးညွန့်နန်းလျာ ဒီလောက် ရှားသလား တကာမကြီး၊ နောက်တစ်ခုက ဦးဇင်းအပေါ်မှာ တကာမကြီး ပုဂ္ဂိုလ်ရေးကိုင်းညွတ်မှု များပြားလွန်ကဲနေပြီထင်တယ်"

"ဖြေပါမယ်ဘုရား၊ ဟံသာဝတီမှာ ထီးညွန့်နန်းလျာ မရှိသလောက်ရှားပါတယ်ဘုရား၊ အဖကို သားက၊ အစ်ကိုကို ညီက၊ ဦးရီးကို တူက၊ နည်းအမျိုးမျိုးနဲ့ ဖယ်ရှားပြီး ထီးနန်းဆက်ခံကြတယ်ဆိုတာ ရာဇာမင်းတို့ရဲ့ ကျိန်စာသင့် ရာဇဝံသများ ဖြစ်နေကြပြီလားလို့တောင် မယ်တော်ကြီး တွေးမိပါတယ်၊ နောက်တစ်ခု အဖြေက ဦးဇင်းအပေါ်မှာ မယ်တော်ကြီး ပုဂ္ဂိုလ်ရေး ကိုင်းညွတ်မှု များပြားလွန်ကဲနေပြီလားဆိုတာလည်း မှန်ပါတယ်၊ ကမ်းပါးသစ်ပင်ဟာ မြစ်ဘက်ကိုပဲ ကိုင်းညွတ်မှာပါ ဘုရား"

"ဦးဇင်းကို နန်းလျာအဖြစ် တွေးတယ်၊ ဒီလိုထွေလီကေလာ စိတ်ကူးမျိုး တကာမကြီးမို့ ပေါ်ပေါက်လေတယ်၊ အင်မတန်ထူးဆန်းပြီး မယုံနိုင်စရာ ကောင်းလောက်တဲ့ အံ့ဩဖွယ်ပေပဲ"

ငြင်းဆိုသော စကားထက် ပို၍ ထူထဲပိတ်ဆို့သော အဖြေဖြစ်၏။ သို့သော် ထိုသို့ထူထဲပိတ်ဆို့မှု ဖြစ်ပေါ်လာလျှင် ညင်သာစွာ ထွင်းဖောက်ဖို့လည်း အဆင်သင့် ပြင်လာပြီးသား။

"စစ်မက်ဘေးကင်းဝေးသော၊ ရဟန်းသံဃာတို့ အေးချမ်းစွာ ပရိယတ်၊ ပဋိပတ် လိုက်စားနိုင်သော၊ တောင်သူမိလက္ခူတို့ အေးချမ်းစွာ လယ်ဆင်းနိုင်သော၊ ကုန်သည်တို့ အေးချမ်းစွာ ဖောက်ကားနိုင်သော၊ ခပ်သိမ်းသော တိုင်းသားပြည်သူတို့ လုံခြုံချမ်းမြေ့စွာ ဘဝရပ်တည်ရှင်သန်နိုင်သော ဟံသာဝတီ နိုင်ငံတော်ကြီးအတွက်လို့ စဉ်းစားလိုက်တဲ့ အခါမှာ ဦးဇင်းမိန့်လိုက်တဲ့ ထွေလီကေလာ ထူးဆန်းလှတဲ့ မယုံနိုင်စရာ စိတ်ကူးမျိုး ပေါ်လာတာပါပဲဘုရား"

ဂယက်တို့ ပိုမိုကျယ်ပြန့်လာကာ ကန်၏ကမ်းစပ်သို့ ရိုက်ခတ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"တကာမကြီးဟာ ကိုရင်လေးတစ်ပါးကို ဥပသမ္ပဒါကံဆောင် ရဟန်းဘောင်သွတ်သွင်းတဲ့ ရဟန်းဒါယိကာမကြီးအဖြစ်ခံယူ ပစ္စည်းလေးပါး ထောက်ပံ့ပြီးခါမှ အဲဒီရဟန်းကို ရွှေသင်္ကန်းပြန်အချွတ်ခိုင်း လူ့ဘောင်အကူး ခိုင်းနေတယ်၊ အမြင့်သို့ တင်ပေးပြီးခါမှ အောက်သို့ ပြန်ဆွဲချနေတယ်"

ဦးဇင်း၏ ဖြူဝင်းသော မျက်နှာမှာ သွေးရောင်သန်းလာသည်။ အမျက်ဒေါသကြောင့် မဟုတ်ဘဲ အရှက်အကြောက်တရားကြောင့်ဟု နားလည်ရင်း စိတ်မကောင်းဖြစ်ရသည်။ သို့သော်...

"ပုဂ္ဂိုလ်အနေနဲ့ ကြည့်ရင်တော့ အဲဒီအတိုင်း မှန်ပါလိမ့်မယ်ဘုရား၊ သို့သော် အများကောင်းကျိုးဆိုတဲ့ ပါရမီမြောက် လုပ်ငန်းကြီး အနေနဲ့ ကြည့်တဲ့အခါမှာတော့ မြင့်ရာမှ နိမ့်ရာသို့ ဆွဲချခြင်းလို့ မခေါ်နိုင်တော့ပါဘူး ဦးဇင်း"

"အခုလို လျှောက်နေတာကိုက တကာမကြီး အပြစ်သင့်နေပြီ"

"လောကအကျိုးအတွက်ဆိုတဲ့ စေတနာအထွတ် တပ်ထားတာမို့ အပြစ်သင့်ရင်လည်း အဲဒီအပြစ်ကို မယ်တော်ကြီး ပြုံးပြုံးကြီးနဲ့ ခံပါမယ် ဘုရား"

"တကာမကြီးက ကျုပ်ကိုတရားပြန်ဟောနေပါလား"

"မျိုးစေ့မှန် ဓာတ်ခံအားကောင်းတဲ့ သီးနှံကို မြေယာအမှန်ဆီသို့ ပြောင်းရွှေ့စိုက် ပျိုးခြင်းပါဘုရား"

စိတ်ကူးစီစဉ်ထားသော စကားလုံးများ အစီအစဉ်အတိုင်း ပြောဖြစ်နေ၏။ ဦးခမ္မရသည် အတော်ကြီးကြာသည်အထိ ငြိမ်သက်နေပြီးမှ...

"မဖြစ်နိုင်ပါဘူး တကာမကြီး"

ဤအဖြေကို ကြားရလိမ့်မည်ဟု မဆွကတည်းက တွက်ပြီးသားပင် ဖြစ်သည်။ သို့သော် လျှောက်စရာရှိသမျှ လျှောက်ခဲ့ပြီးပြီ။

"မဖြစ်သင့်တာတွေ မဖြစ်အောင်၊ ဖြစ်သင့်တာတွေဖြစ်အောင် ဖြစ်နိုင်တဲ့ အရေးတွေကို မျှော်တွေးရပါမယ် ဦးဇင်း၊ အခုလျှောက်ထားခဲ့တာတွေဟာ ဘုရင်မ ရှင်စောပုရဲ့ စကားတွေ မဟုတ်ပါဘူး၊ သားရဟန်းကို အားကိုးတဲ့ မယ်တော်ကြီး တစ်ပါးရဲ့စကား၊ ဟံသာဝတီ အကျိုးကို မျှော်ကိုးတဲ့ ရှင်စောပုဆိုတဲ့ ဟံသာဝတီသူ မိန်းမအိုကြီး တစ်ယောက်ရဲ့ စကားပါ ဦးဇင်း၊ ခွင့်ပြုတော်မူပါဦးဘုရား"

ထိခြင်းငါးပါးဖြင့် ဦးနှိမ်ချလျှက် ကျောင်းပေါ်မှ ဆင်းခဲ့သည်။ မလှုပ်မယှက် ထိုင်ကျန်ရစ်ခဲ့သော ဦးခမ္မရအတွက် စိတ်မကောင်း ဖြစ်မိရင်းမှာပင် ကျေနပ်အားရရှိမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com


(၁၈)

"ပင်လုံးကျွတ်လျှင်၊ နီထွတ်လှတင့်၊
အပွင့်ရဲရဲ၊ ပေါက်လဲကျေးနေ၊ သီခဲထွေဖြင့်၊
မိုးခြေတိမ်သွင်၊ ခတွင်ကြက်ငယ်၊ လျှပ်ရောင်
နွယ်သို့၊ ခြောက်သွယ်သေးဖွဲ့၊ ပုလဲလုံးညီ၊
သီသော်ခဲ၏။ နက်နဲဆွေးနွေး၊ ပြည်ထဲရေးကို၊
ဆွေးနွေးထောက်၍၊ မမေ့မလျော့၊ မပေါ့မလေး၊
မနေးမလျှင်၊ မြော်မြင်အရေး၊ အတွေးအခေါ်၊
အမြော်အတင်း၊ လုပ်ကြံပြင်းလျှက်..."

ညီလာခံသဘင်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။ အသက်ရှုရှိုက်သံ၊ ချေဆတ်သံ၊ ဝတ်ရုံပွတ်ရွေ့သံ၊ ခြေလက်နုတ်သိမ်းသံ တစ်သံမျှ မရှိ။ အတွင်းအပြင် စဝေါ်များနှင့် ဆိုင်ရာနေရာများတွင် မှူးမတ်ဝန်များ အစုံအညီရှိကြသည်။ အားလုံး၏ မျက်နှာတွင် စိတ်အား ထက်သန်သော တက်ကြွသော အရိပ်များဖုံးလွှမ်းနေသည်။ စိတ်ဝင်တစားရှိအားလွန်း၍ တစ်စုံတစ်ခုကို စောင့်စားနေသည့် တိတ်ဆိတ်မှုမျိုး။

ညီလာခံက စောင့်စားနေသည့် အရာမှာ ဘုရင်မကြီး ရှင်စောပု၏ နှုတ်မှထွက်လာမည့် အမည်နာမတစ်ခုဖြစ်သည်။

ထိုအမည်နာမမှာ ဟံသာဝတီ၏ အနာဂတ်နှင့်ဆက်စပ်နေသည့် ထီးညွန့်နန်းလျာ၏ အမည်နာမ။

ယနေ့ညီလာခံတွင် ဟံသာဝတီရွှေနန်းရှင် ဘုရင်မကြီး ဗညားထောက နန်းမွေဆက်ခံမည့်သူကို ထုတ်ဖော်ကြေညာမည်။ ညီလာခံသို့ ထိုအမည်နာမ တင်သွင်းမည်ဟူသော အချက်ကပင် စိတ်မောရင်ခုန်ဖွယ် ဖြစ်ခဲ့၏။ ဟံသာဝတီ မင်းရိုးစဉ်ဆက်တွင် မရှိခဲ့ဖူးသောအဖြစ်။

သာမန်အားဖြင့်မူ အိမ်ရှေ့ဥပရာဇာ ဖြစ်နေသူသည် နောင်တစ်ချိန် တွင် ရာဇပလ္လင်ပေါ်သို့ အလိုလိုရောက်မည့်သူဟု အားလုံး နားလည် ထားကြပြီးသားဖြစ်၏။ သို့သော် ဘုရင်မကြီး ဗညားထောလက်ထက်တွင်

www.burmeseclassic.com

www.burmeseclassic.com


ဥပရာဇာ မရှိ။ သမီးတော်ကြီး နဲ့တကာတော်က ပင်တိုင်နန်းတွင်သာ ဘုရင့်သမီးတော်အဖြစ် စံနေသည်။ သမီးတော်ငယ် နဲ့တကာသင်ကား ဗညားပရူ ကွယ်လွန်သွားပြီးနောက်တွင် မာန်စွယ်ကျိုးကာ ရွှေနန်းတော် အသိုက်အဝန်းနှင့် ကင်းကွာနေသည်။ ဗညားထောတွင် သားတော်မရှိ။ ထို့ကြောင့် ဥပရာဇာမရှိ။

ထိုထူးခြားသော အခြေအနေမှာပင် ထပ်မံထူးခြားချက်တစ်ခု ပေါ်ပေါက်လာခြင်းပင်ဖြစ်၏။

လက်ရှိ စိုးစံဆဲ ဘုရင်မကြီးက သူရှိနေစဥ်မှာပင် နန်းလျာကို ထုတ်ဖော် ကြေညာမည်တဲ့။ နန်းလုခြင်းဖြင့်လည်းကောင်း၊ ရာဇပလ္လင် မလစ်လပ်အောင် မျုးမတ်ဝန်တို့ရှာဖွေ တင်မြှောက်ခြင်းဖြင့်လည်းကောင်း ဟံသာဝတီ ထီးနန်းတွင် ဘုရင်ရာဇာများပေါ်ပေါက်ခဲ့သည်။ စိုးစံဆဲဘုရင်က သူ့အရိုက်အရာ ဆက်ခံမည့်သူအား တင်သွင်းကြေညာရိုး ထုံးစံမရှိခဲ့။ ထူးခြားသော အတွေ့အကြုံသစ်ကြောင့် ညီလာခံတစ်ခုလုံး တိတ်ဆိတ်စွာ စောင့်မျှော်ငံ့လင့်နေကြခြင်းဖြစ်၏။

သီဟာသန ပလ္လင်ပေါ်သို့ဘုရင်မကြီး ဗညားထောနေရာယူသည်။

အဆောင်အယောင် အပြည့်ဝတ်ဆင်ထားသည့် အသက် ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်း ဘုရင်မကြီး၏အသွင်မှာ ရာဇက္ကန္ဒြေအပြင် ထူးခြားရင့်ကျက်မှုမျိုးဖြင့် သိုက်မြိုက်ခမ်းနားနေသည်။

ညီလာခံသဘင်တို့ ထုံစံအတိုင်း နားခံတော်မျုးနှင့် အတွင်းသင်းမျုးတို့က ဆောင်ရွက်ကြသည်။ ဗညားထော၏ အမိန့်တော်အလှည့်...။

အေးမြလေးနက်သည့် အသံသည် တိတ်ဆိတ်နေသော ညီလာခံ ထဲသို့ ထိုးဖောက်လွှမ်းခြုံသွား၏။

"ဟံသာဝတီ ရွှေနန်းတော်ရဲ့ ထီးညွန့်နန်းလျာ ဥပရာဇာအဖြစ် ရှင်ဓမ္မဓရတစ်ဖြစ်လဲ ဓမ္မစေတီကို ကျွန်ုပ်တင်သွင်း ကြေညာလိုက်တယ်"

တိုတောင်း တိကျပြတ်သားစွာ တစ်ခွန်းချင်း ထွက်ပေါ်လာသည့် ကြေညာသံအဆုံးဝယ်...

ညီလာခံတစ်ခုလုံး တဝေါဝေါဖြစ်သွားတော့သည်။ ရွှေနန်းတော် ခန်းမတွင်းသို့ ဆင်ရိုင်းကြီးတစ်ကောင် ဝင်မွှေလိုက်သည့် အလားဖြစ်သည့် အာမေဋိတ်သံ၊ အံ့ဩသံ၊ ညည်းတွားသံ၊ ငြင်းပယ်သံ။

အလုအယက် လျှောက်တင်စကားများဆိုနေ၍ နားခံတော်မျုးက မျုးကြီးမတ်ကြီးများ ရာထူးဌာနန္တရအလိုက် အလှည့်စဥ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com


နန်းရင်းဝန် သမိန်ထောကစ၍ တင်သည်။ ထို့နောက် ဘုရင့်အတိုင်းပင်ခံ ပညာရှိအဖွဲ့ ခေါင်းဆောင်အမတ်ကြီး ဖြတ်တဗ။ ထို့နောက် သေနာပတိချုပ် သမန်ဇိပ်ဖြဲ၊ လွှတ်ရုံးအကြီးအမှူး အမတ်အဟာသမွန်၊ မြို့တော်ဝန် မဏိဒိဗ္ဗ၊ တရားစိုးမင်းကြီး သီရိဖြတ်ကမန်။

အမည်နှင့် ရာထူးဌာနန္တရတို့သာ ပြောင်းလဲသွားသော်လည်း လျှောက်တင်ကြသောစကားမှာအတူတူပင်ဖြစ်သည်။

"ရဟန်းလူထွက်တစ်ဦးဖြစ်၍ မသင့်တော်ပါကြောင်း"

ချက်လက်ကျနစွာ စကားဆိုတတ်သူများချည်းဖြစ်၍ တစ်ဦးပြောပြီးတိုင်း ညီလာခံ ပရိသတ်က တဝေါဝေါ ထောက်ခံကြသည်။ ဘုရင်မကြီး ဗညားထောအဖို့ တစ်နန်းတော်လုံးနှင့် တစ်ယောက် ရင်ဆိုင်ရသည်မှာ ပထမဆုံးအကြိမ်ဖြစ်၏။ လွှတ်ရုံးထုံးတမ်းစဉ်လာ လက်ရုံးတပ်တော်တို့၏ သေနင်္ဂအစီအရင် တရားစီရင်ရေး သဘာဝဆိုင်ရာ အမတ်ဝန်တို့က ဆိုင်ရာအကြောင်း အချက်များဖြင့် လျှောက်တင်ကာ ငြင်းပယ်ကန့်ကွက် စကား ဆိုကြသည်။

ရဟန်း လူထွက်တစ်ဦးကို နန်းလျာ မထားသင့်ပါကြောင်း။

ငြင်းဆိုကန့်ကွက်စကားများကို တစ်လုံးမျှ မထောက်ဘဲ အစအဆုံး နားထောင်နေလိုက်၏။ ထို့နောက်...

"ညီလာခံ ခေတ္တစဲမယ်၊ နန်းရင်းဝန်၊ ပညာရှိအဖွဲ့ခေါင်းဆောင်နဲ့ မှူးမတ်များ၊ သေနာပတိချုပ်၊ လွှတ်တော်အကြီးအမှူး၊ တရားစိုမင်း၊ မြို့တော်ဝန်နဲ့ အတွင်းစဝေါမင်းမတ်ကြီးများ၊ အားလုံးခေတ္တ နေရစ်ခဲ့ကြ"

ရှေ့ပိုင်းမှ ရာထူးဌာနန္တရကြီးများအပ ညီလာခံ ပရိသတ် စဲသွားသည်။ ဗညားထောနှင့် မှူးကြီးဝန်ကြီးများသာ ကျန်ရစ်ခဲ့သည်။

"မင်းမတ်ကြီးတို့ နေ့လယ်ပွဲတော်စာကို ကျွန်ုပ်နဲ့အတူသုံးဆောင်ကြ၊ မသုံးဆောင်ခင် နန်းဦးဘုရားတော်ဆီ ဘုရားလိုက်ဖူးကြဦး"

မှူးကြီး ဝန်ကြီးများ၏ မျက်နှာမှာ ကျက်ဆူပြီးမှ အအေးခံထားသော နို့ခွက်၏ အပေါ်ရေခွံကဲ့သို့ ဖြစ်နေကြ၏။

*   *   *

www.burmeseclassic.com

www.burmeseclassic.com


"ကိုင်း…ကိုင်း…ဘုရားဖူး လိုက်ကြပါဦး၊ မနေ့ကမှ ဗုဒ္ဓါဘိသေက ခံပြီး အနေကဇာတင်ထားတဲ့ ဆင်းတုရုပ်ပွားတော်အသစ်ပဲ၊ ဘုရားဂုဏ်တော်ကို အာရုံပြုဖူးကြနော်"

အဘယမုဒြလက်တော်ဟန်ဖြင့် သပ္ပာယ်ဝင်းဝါစွာ စံမြန်းနေသော ရွှေပိန်းချ ဆင်းတုတော်ရှေ့တွင် မှူးမတ်ဝန်ကြီးများ ဒူးတုပ်ကြသည်။ ရုပ်ပွားတော်မှာ ဉာဏ်တော်မကြီးလှသော်လည်း လက်ရာအနုစိတ်လှ၏။ မပွင့်တစ်ပွင့် မျက်လွှာတော် ချထားပုံနှင့် အဘယ မုဒြဟန်လက်တော် တို့မှာ ရုပ်ပွားတော်ကို အသက်ဝင်နေစေသယောင် ထင်ရသည်။ ရွှေရောင် ဝိုးဝင်း အဆင်းမှာလည်း ကြည်ညိုဖွယ် အတိ။

"မင်းမတ်ကြီးတို့ ဒီဘုရားကို အခုမှပဲ ဖူးဖူးကြတာမဟုတ်လား"

"ဟုတ်ပါတယ် သခင်မကြီးဘုရား၊ အင်မတန်သပ္ပာယ်ပါပေတယ်၊ ပန်းပုလက်ရာ အနုစိတ်သလို ကြည်ညိုဖွယ်အပြည့် ဖြစ်ပါတယ်"

"အင်း…ဟုတ်ပြီ၊ မိနဲရေ …ယူခဲ့ပါကွယ်"

အတွင်းဆောင်ဘက်သို့ လှမ်းပြောလိုက်၏။ မှူးမတ်ကြီးတို့ ဘာမှ နားမလည်နိုင် ဖြစ်နေစဉ်မှာပင် အထိန်းတော်ကြီး မိနဲထွက်လာသည်။ မိနဲလက်ထဲတွင် ညိုမဲမဲအရာတစ်ခု ကိုင်ဆောင်လာသည်။ မိနဲက ဘုရင်မကြီး လက်သို့ ထိုအရာကို ဆက်သည်။

"ဒါဟာ ဟံသာဝတီ အရှေ့ပြင်ရပ်က ချောင်းကူး တံတားမှာ သုံးထားတဲ့ တံတားယက်မ သစ်သားချောင်းပဲ မင်းမတ်ကြီးတို့ မြင်တဲ့ အတိုင်းပါပဲ"

ရေရိပ်တို့ စိုနှူးနေဆဲ၊ ရေညှိတို့ တစ်ပိုင်းတစ်စ ပေကျံညိုမည်း နေသည့် ယက်မသစ်သားချောင်းကို ကိုင်မြှောက်ပြလိုက်၏။

မှူးကြီးဝန်ကြီးများ အံ့အားသင့်နေကြ၏။ နန်းရင်းဝန်ကြီး သမိန်ထောမှာမူအသက်အရွယ်လည်း အကြီးဆုံး အတွေ့အကြုံဉာဏ်ပညာလည်း အကြွယ်ဆုံး ဖြစ်သူပီပီ ဘုရင်မကြီး၏စကား ရှေ့သွားရင်းကို ရိပ်စားမိသွားပြီး ပြုံးယောင်သန်းလာ၏။

ဘုရင်မကြီး၏ စူးရှလွန်းသော မျက်လုံးများကို ရင်မဆိုင်ရဲသဖြင့် လွှတ်ရုံးဝန်ကြီး မဟာသမွန် မျက်နှာလွှဲလိုက်ရ၏။

"ရှင်ဓမ္မခရ တစ်ဖြစ်လဲ…ဓမ္မစေတီဟာ"

www.burmeseclassic.com

www.burmeseclassic.com



အဝ ရွှေနန်းတော်တွင် ပဏ္ဏာအဆက်ခံ မိဖုရားအဖြစ် ရောက်ရှိခဲ့စဉ်။ တစ်ခုသော နံနက်ခင်း ကိုရင်လေးနှစ်ပါးကို ဆွမ်းလောင်းဖို့ ပင့်ခေါ်ခဲ့ပုံမှ အစချီလျှက် ရှည်လျားရှုပ်ထွေးသော အတိတ်ဖြစ်ရပ်များကို ဆောင်ကြဉ်း ပြလိုက်သည်။

ရှင်ဓမ္မဓရ၏ စိတ်နေသဘော၊ စရိုက်သဘာဝ၊ ကိုယ်ရည်အသွေး၊ ခိုင်ကြံ့သောသတ္တိ ဗျတ္တိ၊ လှော်ကားလှေကြီးတွင် ပဲ့နင်းမှူးလုပ်ခဲ့ပုံ၊ ရှေ့ရေးနောင်ရေး တွေးမြော်တတ်ပုံ၊ လောကသဘာဝ၊ လူ့သဘာဝကို သိပုံ၊ စာနာခြင်းတရားဖြင့် ပြည့်ဝပုံ၊ ဉာဏ်ပညာထက်မြက်ပုံ၊ လောဘ ရမ္မက်နည်းပုံ၊ အကျင့်သီလဖြူစင်ပုံ၊ အနစ်နာခံတတ်ပုံ။

"ကိုင်း…မင်းမတ်ကြီးတို့၊ ဟံသာဝတီဟာ၊ မင်းမျိုးမင်းနွယ်ကို အလိုရှိတာလား၊ ခေါင်းဆောင်ကောင်းကို အလိုရှိတာလား ပြောကြပါဦး၊ ကျွန်ုပ် ဗညားထောရဲ့ အမိန့်တစ်ချက်လွှတ်လည်း မဟုတ်ပါဘူး။ သင်တို့ အထဲက အရည်အသွေးပြည့်ဝသူ နန်းလျာ တစ်ဦးဦး တွေ့ထားရင်လဲ ကြေညာပါ၊ သင်တို့ကိုယ်တိုင် မိမိကိုယ်မိမိ ယုံကြည်စိတ်ချရင်လည်း ကိုယ့်အမည်ကို တင်နိုင်တယ်"

ရွှေရောင်ဝင်းသော ဆင်းတုတော်ရှေ့မှ နန်းလျာရွေးချယ်ပွဲ။

တစ်ယောက်ပြီးတစ်ယောက် အဖြေပေးကြသည်။

ရှင်ဓမ္မဓရ တစ်ဖြစ်လဲ ဓမ္မစေတီသည်သာ ဟံသာဝတီ နန်းလျာအတွက်၊အသင့်မြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ပါကြောင်း…တစ်ခုတည်းသောအဖြေ။

"ကိုင်း…ကိုင်း…နှလုံးစိတ်ဝမ်းကြည်နူးရှင်းလင်းစွာနဲ့ လက်ခံသဘောတူ ကြတယ်နော် မင်းမတ်ကြီးတို့"

"အတိုင်းထက် အလွန်ပါ သခင်မကြီး ဖုရား"

"ဒါဖြင့်လည်း နေ့လယ်စာ သုံးဆောင်ကြစို့"

နန်းရင်းဝန်ကြီး သမိန်ထောက ဖြူဖွေးနေသော နှုတ်ခမ်းမွေးများကို သပ်ကာ ပြောလေသည်။

"ကျွန်တော်မျိုးကြီးအတွက် အမြိန်ဆုံးနေ့လည်စာ ထမင်းဖြစ်မှာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စိတ်ထဲမှာလည်းကြည်နူး၊ ရင်ထဲမှာလည်း ရှင်းပြီး ချောင်သွားလို့ပါပဲ"

အားလုံးလွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်ကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

> “သူများမိန်းမ၊ လှပကြသည်၊ ပြသ
> ဆင်ယင်၊ ခြယ်လွင်ထပ်ဆင့်၊ ထုံးဖြိုက်သင့်မှ၊
> ယဉ်နုကြ၏၊ မင်းလှမယ်တော်၊ လှသည့်သော်
> ကား၊ တွေ့ခေါ်မမူ၊ အဖြူသက်သက်၊ ခြယ်ဖက်
> မဲ့ပါ၊ ဆင်ဝတ်ကာမျှ၊ ရှုသာမျက်ပွင့်၊ တော်လှ
> သင့်၏။ နုရင့်ခြယ်ဆင်၊ ပျော်ရွှင်မှိုင်းမှိုင်း ၊
> ယဉ်ရိုင်းမရွေး၊ နီထွေးညိုပြာ၊ ရွှေဝါငွေသား၊
> ဝတ်စားသမျှ၊ ထင်တိုင်းလှ၏ စိမ်းမြကေသာ၊
> ထုံးဖြိုက်မှာလည်း၊ ဖွာဖွာပွပွ၊ ရှုရှုသိမ့်သိမ့်၊
> နိမ့်နိမ့်မြင့်မြင့်၊ စွင့်စွင့်ရှည်ရှည်...”

ထူထဲစေ့စပ်သော သံမဏိတံတိုင်းကြီးကို ထွင်းဖောက်ခဲ့ပြီ။

ယခုထွင်းဖောက်ရမည်ကား မာကျောသော အရာမဟုတ်။ နူးညံ့ပါးလွှာသော တိမ်မျှင်စနှယ် နှလုံးသားတစ်ခုဖြစ်၏။

ပို၍သတိထားရမည်။ ပို၍ညင်သာရမည်။ အချိန်အဆ အရှိန်အဟုန်များယွင်းသွားလျှင် ထိုနှလုံးသားလေး ပျက်စီးသွားလိမ့်မည်။ ဒဏ်ရာအနာတရ ဖြစ်သွားလိမ့်မည်။ တစ်သက်လုံး နောင်တရမဆုံး ဖြစ်သွားလိမ့်မည်။

သတိထား...ရှင်စောပုရေ...သတိထား...

မိမိကိုယ်မိမိ အားပေးလိုက်ရ၏။

သမီးတော်ကြီးနဲ့တကာတော်သည် ချစ်စဖွယ်မော့ကြည့်နေရှာသည်။ သူ့အဖေ သမိန်စည်သူ၏စိတ်ဓာတ် သဘာဝစရိုက်ကို အမွေခံရရှိခဲ့သော သမီးကြီး။ ကျက်သရေရှိစွာ တည်ငြိမ်သော မိန်းမလှ တစ်ဦး။

“ခု ပြောမယ့် စကားတွေဟာ မိခင်တို့ရဲ့ မေတ္တာစကား ရင်တွင်းစကားဆိုတာ သမီးကြီး ဦးဆုံး နားလည်ခံယူထားပေးပါ ဟုတ်လား”

နဲ့တကာတော်က မျက်တောင်တစ်ချက်ပုတ်လျှက် ခေါင်းညိတ်၏။

“နောက်ပြီး...သမီးကြီးရဲ့ မယ်မယ့်အပေါ်ထားရှိတဲ့ မေတ္တာတရား သံယောဇဉ် နားလည်ယုံကြည်မှုတွေ အပေါ်မှာလည်း မယ်မယ်အားပြုပြီး ပြောမှာဆိုတာ ယုံထားပေးပါနော်...သမီး”

www.burmeseclassic.com

www.burmeseclassic.com



ဗညားထောဘွဲ့ခံ ဘုရင်မကြီးနှင့် ပင်တိုင်နန်းစံ သမီးတော်ဟူသော ဘဝတွေကို ခွာချထားသော မအေနှင့် သမီးတို့စကား ပြောခန်းဖြစ်၏။

"နောက်တစ်ခုက သမီးကြီးရဲ့ ဖြောင့်မှန်တဲ့စိတ်နဲ့ ရိုးသားပွင့်လင်းသောစရိုက်သဘာဝအပေါ်မှာ အခြေခံပြီး မယ်မယ် ဒီစကားပြောတယ်လို့ တပ်သိမှတ်ပေးပါဦး"

"ပြောပါမယ်မယ်"

"အင်း... မပြောခင်မှာ သမီးကြီး တစ်ခါက ဆိုခဲ့ဘူးတဲ့ စကားလေး တစ်ခွန်း သွားအမှတ်ရတယ်၊ ဒီစကားလေးက ဒီနေရာမှာ အသင့်မြတ်ဆုံး ဖြစ်နေလို့ မယ်မယ်ပြန်ပြောရဦးမယ်"

"ဘာများပါလိမ့် မယ်မယ်"

"မိုးညှင်းမင်းရဲ့ တူမတော်ကို သမီးတို့ ဦးရီးတော် ဗညားရံနဲ့ လက်ထပ်ထိမ်းမြားစဉ်က ဘိသေကသဘင်ကို ဗညားရံ ဖောင်တော်အပေါ်မှာ ကျင်းပခဲ့စဉ်ကလေ"

"သြော်...လိတ်မွတ်ထောတို့ မိခင်လား"

"အေး...အဲဒီ မင်္ဂလာသဘင်ကို အကြောင်းပြုပြီး မယ်မယ်တို့ မိနဲတို့ မိသင်တို့တစ်တွေ မိန်းမသားများဘက်က နာကြည်းခံခက်စွာနဲ့ ပြောခဲ့ကြတယ်လေ၊ ဒီတုန်းက မယ်မယ်က ညည်းတွားတယ်၊ မိနဲက ကဲကဲဆတ် ပြောတယ်၊ မိသင်က ဖြစ်သမျှအကြောင်း အကောင်းလို့ ဖြေတွေးတွေးတယ်၊ ဒီအချိန်မှာ သမီးရောက်လာပြီး ပြောခဲ့ဘူးတဲ့ စကား"

သူပြောခဲ့သည်များကို ပြန်လှန်စဉ်းစားနေသည့် အရိပ်များက နဲတကာတော်၏ လှပသော မျက်လုံးအိမ်များတွင် ပေါ်ပေါက်နေသည်။

"သမီးပြောခဲ့တယ်၊ အများသူငါ ကောင်းကျိုးအတွက် မိမိကိုယ်မိမိ အဆုံးရှုံး အနစ်နာခံတယ်ဆိုတာ လူသာခု၊ နတ်သာခုခေါ် ကိစ္စပဲ မဟုတ်လားတဲ့၊ ဒါဟာ ကိုယ်ကျိုးအတ္တစွန့်တဲ့လမ်း ဖြစ်တဲ့အတွက် ပါရမီမြောက်လမ်းစဉ်ပဲ မဟုတ်ဘူးလားတဲ့၊ မှတ်မိလားသမီး"

"သမီးမှတ်မိပါတယ် မယ်မယ်"

"အေးကွယ့် အခု သမီးပြောခဲ့တဲ့ စကားအတိုင်း သမီးကျင့်သုံးရမယ့် အခြေအနေတစ်ရပ် ဖြစ်ပေါ်နေတယ်"

"ဘာများပါလိမ့် မယ်မယ်"

"ဟံသာဝတီ နိုင်ငံတော်ကြီးနဲ့ တိုင်းသားပြည်သူများအတွက် သမီးဟာ သမီးရဲ့ အတ္တဆိုတာလေးကို ချိုးနှိမ်ရမယ့် အခြေအနေပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com


ဒီအခြေအနေဟာ သမီးရဲ့ နှလုံးသားနဲ့ ဆန့်ကျင်ကောင်း ဆန့်ကျင်နေလိမ့်မယ်၊ သမီးအလိုဆန္ဒနဲ့ ဖီလာဆန့်ကန့်လန့်ဖြစ်ကောင်း ဖြစ်နေလိမ့်မယ်၊ ဒါပေမဲ့ သမီး ရင်ဆိုင်ရတော့မယ်"

"ပြောပါ...မယ်မယ်"

သတိထား...သတိထား...ဒါဟာ နူးညံ့ပါးလွှာတဲ့ နှလုံးသားတစ်ခု။ ဒါဟာ မိန်းမသားချင်းဆိုတဲ့ ဘဝ။ ငယ်နုတဲ့ နှလုံးသည်းပွတ်။

သမီးထံမှ အကြည့်ကိုလွှဲကာ ပြောလိုက်၏။ မိမိအသံ တိုးတိမ်သွားသည်ကိုလည်း သတိထားမိသည်။

"ခမ္မစေတီကို သမီးလက်ထပ်ရလိမ့်မယ်"

* * *

နဲတကာတော်ထံမှ မည်သို့ တုံ့ပြန်လာမည်ကို မခန့်မှန်းတတ်။

မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်ကတော့ အတိုင်းသား။

"တစ်ခုခု ပြောပါဦး သမီး"

"မယ်မယ်က ဘုရင်မကြီးအဖြစ် အမိန့်ပေးနေတာတော့ မဟုတ်ပါဘူးနော်"

ဖူးဖူးမြမြ နှုတ်ခမ်းမွှာလေး တုန်နေသည်ကို မြင်ရသည်။

"မဟုတ်ပါဘူး သမီးရယ်...မဟုတ်ပါဘူး၊ မယ်မယ်ပြောခဲ့ပြီးပါပြီ"

"ဟံသာဝတီအတွက်တဲ့လား မယ်မယ်"

"အများသူငါ ကောင်းကျိုးအတွက်ပါ သမီးရယ်"

"တစ်လျှောက်လုံးလုံး ရဟန်းတစ်ပါးအဖြစ် ဆည်းကပ်ကြည်ညိုခဲ့ရသူတစ်ယောက်၊ မသန့်ရှင်းသော ကိလေသာတဏှာစိတ်နဲ့ ဘယ်တုန်းကမှ မတွေးခဲ့မိတဲ့ ယောကျ်ားတစ်ယောက်၊ ပြီးတော့ သူကိုယ်တိုင်ကလည်း လောကီလူ့ဘောင်ထဲကို အစိမ်းသက်သက် ကူးပြောင်းရောက်ရှိလာတဲ့ ရဟန်းလူထွက်တစ်ယောက်၊ သူ့ကိုသမီးက လက်ထပ်ရမယ်"

"မယ်မယ် အထပ်ထပ် သုံးသပ်ဆင်ခြင်ပြီးမှ ဒီစကား ပြောတာပါသမီး"

"အရွေးခံ အဆုံးဖြတ်ခံဖြစ်ခဲ့ရတဲ့ မယ်မယ်ဟာ အခုတော့ ကိုယ်တိုင်ရွေးသူ ဆုံးဖြတ်သူ ဖြစ်လာပြီနော်"

www.burmeseclassic.com

www.burmeseclassic.com


"နှစ်ပြည်ထောင် မင်းတို့ အပြန်အလှန် ပဏ္ဏာဆက်၊ အဆောင်အယောင် လက်ခံကြတာမျိုးနဲ့ လားလားမှ မတူဘူး သမီး"

"တစ်ခု မေးပါရစေ မယ်မယ်"

"မေးပါ သမီးရယ် မေးပါ"

ဘုရား...ဘုရား...သမီးမေးသည်ကို မိမိဖြေနိုင်ပါစေ။

"ခမည်းတော် သမိန်စည်သူနဲ့ မယ်မယ်ဟာ ချစ်သူတွေ ဖြစ်ခဲ့ကြတယ် မဟုတ်လား"

သမီး၏လှပသော တန်ပြန်ထိုးစစ် စတင်ပြီလား။

"ဟုတ်တယ် သမီး၊ ချစ်သူတွေ ဖြစ်ခဲ့ကြပါတယ်"

"ပြီးတော့...အကြင်ဇနီးမောင်နှံအဖြစ် ရောက်ခဲ့ကြတယ်"

"ဟုတ်ပါတယ်...သမီး"

ချစ်ခြင်း သမုဒ္ဒယဆိုတာကို မယ်မယ် ချိုမြိန်စွာခံစားခဲ့ဖူးတယ် နော်"

ဘာပြန်ပြောရမှန်း မသိဖြစ်နေ၏။

"မယ်မယ် ခံစား သုံးဆောင်ခဲ့တဲ့ အချစ်ဆိုတာကို သမီးအလှည့်ကျတော့ အိပ်မက် မက်ခွင့်လေးတောင်မှ မရတော့ဘူးတဲ့လား... မယ်မယ်"

"သမီးရယ် ... မယ်မယ်က"

နဲ့တကာတော်၏ မျက်လုံးအိမ်မှ မျက်ရည်ပေါက်နှစ်ပေါက် လိမ့်ဆင်းလာ၏။ မျှော်လင့်မထားသော်လည်း သမီးမျက်ရည်ကျပြီကို တွေ့ရသောအခါ၊ ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားသည်။ သို့သော် သူ့ပါးပြင်ပေါ်မှ မျက်ရည်တို့ကို မသုတ်ပေးရဲ။

"လောကကောင်းကျိုး၊ မိခင်မေတ္တာ၊ သမီးမေတ္တာ၊ ဟံသာဝတီနိုင်ငံတော်၊ အို ... ဒီအထဲမှာ၊ မိန်းမသား တစ်ယောက်ရဲ့ ချစ်ခြင်းနှစ်လုံးသားဆိုတာလေး အပ်ဖျားတစ်နေရာစာတောင်မှ မရှိပါလား"

သမီးသည် သူ့မျက်ရည်များကို လက်ခုံဖြင့်အသာအယာသုတ်လိုက်၏။ မျက်တောင်ကော့ရှန်းများကို အခါခါ ပုတ်ခတ်၏။ မျက်ခမ်းသားလေးများ၊ နှာသီးဖျားကလေးများ နီရဲနေသည်။

" မယ်မယ့်ကို သမီးအပြစ်စကားဆိုနေတာ မဟုတ်ပါဘူး၊ မယ်မယ့်အမိန့်ကို သမီးငြင်းပယ်နေတာလည်းမဟုတ်ပါဘူး"

အိုး သူ...သူ ဝန်ခံစကား အဖြေပေးနေပါလား။

"ခမ္မစေတီကို သမီး လက်ထပ်ပေးပါ့မယ် မယ်မယ်"

www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်ပေးပါမယ်…။ ရင်နာဖွယ် စကားလုံးပေတကား။

"စကြေပြီဆိုကတည်းက အချစ်ဆိုတာလေး မပါလာဘူးနော်၊ ဒီတော့တစ်လျှောက်လုံးလည်း သူပါလာဖို့မရှိတော့ဘူး၊ အင်မတန် စေ့စပ်လုံခြုံတဲ့ နန်းတော်ကြီးမှာ အရေးကြီးတဲ့ တံခါးတစ်ချပ်ပြုတ်ပွင့် နေသလိုပေါ့။ အဲဒီလစ်ဟာနေတဲ့ ကွက်လပ်ဆီကနေ မလိုလားအပ်တာတွေ ဝင်မလာပါစေနဲ့၊ ထွက်မသွားပါစေနဲ့ လို့ပဲ ဆုတောင်းရတော့မှာပေါ့၊ ဟုတ်လား မယ်မယ်"

"သမီးဆုတောင်းပြည့်မှာပါကွယ်"

အားပေးနှစ်သိမ်းစကားတွေ ပြောလိုက်ချင်သော်လည်း နှုတ်ဆွံ့ နေ၏။

"ထီးညွန့်နန်းလျှာ မမ္မစေတီဟာ တစ်နေ့မှာ ဟံသာဝတီ ရွှေနန်းရှင်ဖြစ်လာဦးမယ်၊ အင်း… နဲ့တကာတော်ကလည်း ရှည်လျားတဲ့ ဘွဲ့နာမ တစ်ခုခုနဲ့ ဘုရင့် မိဖုရားခေါင်ကြီး ဖြစ်လာဦးမယ်ပေါ့၊ အဲဒီ မိဖုရားကြီးရဲ့ ပုံတူကို သမီး ရွှေစင်ရုပ်သွန်းပြီး နောင်အခါ မိန်းမသားများ စံနမူ ယူကြရန်ဆိုပြီး ပြသထားလိုက်မယ်။ အားကျဖွယ် လေးစားဖွယ် ဂုဏ်ယူဖွယ် မိန်းမသားတို့၏ ပြယုဂ် တစ်ခုပေါ့လေ၊ ဒါပေမဲ့ မယ်မယ်"

သမီး၏ မျက်ဝန်းများ လက်ကနဲတောက်သွားသည်။

"အဲဒီရွှေစင်ရုပ်ထုရဲ့ လက်ဝဲဘက်ရင်အုံ နှလုံးသား တည်ရှိရာ နေရာမှာတော့ အပေါက် ဟင်းလင်းထားပြီး သမီးသွန်းထုမယ် မယ်မယ်"

သည်တစ်ခါမျက်ရည်ကန်တို့ ကျိုးပေါက်ရသူကား မိမိကိုယ်တိုင် ဖြစ်သွား၏။

သမီးရယ်…သမီးရယ်…ရင်ထဲမှာ ပဲ့တင်မြည်နေ၏။

မိန်းမသားနှစ်ဦးတို့၏ မျက်ရည်များ ရောနှောသွားကြသည်။ ရာဇဝံသကမ္ဗည်းကို မင်းယောကျ်ားတို့က သွေးဖြင့် ရေးထိုး မော်ကွန်း တင်နေကြသည်ဆိုလျှင် မိန်းမတို့၏ ထိုမျက်ရည်များသည်ကော မည်သည့် နေရာမှ ပါဝင်လေမည်နည်း။

မင်းယောကျ်ားတို့၏ စေးနဲနီပျစ်သွေးများကို ကမ္ဗည်းအက္ခရာ စာလုံးတင်၍ရအောင် ရောနှောဖျော်စပ်ပေးသည့် မျက်ရည်များ ဖြစ်ပေမည်။ မင်းယောကျ်ားတို့၏ သွေးဖြင့်ချည်းရေး၍ မရ။

ရာဇဝံသ ကမ္ဗည်းအက္ခရာများနောက်၌ နှလုံးသားတို့၏ အသံများ ပုန်းခိုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com


## (၂၀)

"နန်းလုံး ဦးသျှောင်၊ နတ်မင်းနောင်သို့၊
အခေါင်စိုးပိုင်၊ တန်ခိုးပြိုင်၍၊ မဏ္ဍိုင်မေရု၊
ကြွေစလုပင်၊ရေထုတမွတ်၊ဘုန်းရောင်လွှတ်က၊
အာဝဇ္ဇနိဂ်ီ၊ ခန်းခြောက်ရာသည်၊ အချာပရဝ၊
ရာမျှော့သနင်း၊ တရားမင်း၊ ချိုသင်းကြည်စွာ၊
မိန့်ရွှေဗျာကို၊ မကွာစုရုံး၊ ပုလဲလုံးသို့၊ စွဲကုံးသီကာ၊
ဝန်မဟာလျှင်၊ ကဗျာဖွဲ့ငင်၊ လျှောက်ဆို
တင်မည်။ ။ နတ်ရှင်တည့် ရွှေနားဆင်တော်
မူဘုရား..."

BURMESE CLASSIC .com

တင်းတိမ်ခန်းဆီးစသည် လေပြည်တစ်ချက် အသုတ်တွင် လှိုင်းနှယ် တွန့်ရှုန့် လှုပ်ရှားသွား၏။ ပြတင်းပေါင်မှ ဟိုအဝေးတွင် ဝင်းမွတ်ပြာစင် ကောင်းကင်တစ်မျှော် တစ်ခေါ်တိမ်တိုက်တိမ်လွှာတို့ ကင်းသော ကြည်လင် သည့် ကောင်းကင်ပြာ။ နေရောင်ခြည်ကောင်းစွာ တောက်ပသော အဇ္ဈော။

ထိုနေရောင်၊ ထိုကောင်းကင် နောက်ခံတွင် အတင့်အတယ် သပ္ပာယ်လှစွာ မိုးမိုးမားမား တည်နေသည်ကား တိဂုံဆံတော်ရှင် စေတီတော် မြတ်၊ သိင်္ဂုတ္တရ ကုန်းတော်ပေါ်တွင်ရွှေတောင်ကြီး ထပ်ဆင့်ပေါက်နေသည်။ ထီးတော်စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်သည် မိုးယံသို့ ထိုးစွင့်ကာ အနာဒိအနန္တစကြာဝဠာမှတစ်ဆင့် အလုံးစုံကို သိတော်မူခြင်းတည်းဟူသော သဗ္ဗညုတဉာဏ်တော်ကို ကိုယ်စားပြုနေ၏။

သလွန်ညောင်စောင်းပေါ်မှ ဖြူရော်သေးသွယ်သဏ္ဍာန်သည် ပကတိ အလှုပ်မရှား။ ရင်အုံထက်တွင် တင်ထားသော လက်အုပ်ကြာပဒုံသည် ညင်သာစွာ နိမ့်ချည်မြင့်ချည်။ အဝေးမှ ဖူးမြော်ဦးခိုက်နေသော လက်အုပ် ကြာပဒုံ။

များမြောင် ရှုပ်ထွေးလှစွာသော အတိတ်ရုပ်ပုံလွှာတို့ စီကာစဉ်ကာ ရှိခဲ့ကြပြီ။ ကာလသုံးပါးသည် ပစ္စုပ္ပန်၌ ပေါင်းဆုံတည်ကြပြီ။

ဘုရင်မကြီး ရှင်စောပုသည် အတိတ်ရုပ်ပုံလွှာ ကားချပ်ကြီး၏ နောက်ဆုံး ဆေးရောင်များကို တို့ထိ အနားသတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


မိမိအသက် ခြောက်ဆယ့်ခြောက်နှစ် အပြည့်၊ ဗညားထောဘွဲ့ဖြင့် နန်းစံခဲ့သော နန်းစံ ခုနစ်နှစ်အရတွင်၊ သမက်တော် ဥပရာဇာ ဓမ္မစေတီအား အရိုက်အရာကို လွှဲပေးခဲ့၏။ သီဟာသနပလ္လင်၏ ထီးဥကင်ရိပ်အောက် မှသည် တိဂုံဆံတော်ရှင်နှင့် မော်ဓောဆံတော်ရှင် ထီးရိပ် အောက်သို့ ရွှေ့ပြောင်း ခိုလှုံလိုက်သည်။

ပြုဖွယ်ကိစ္စများ အလုံးစုံပြီးစီးခဲ့ပြီ။

စာနာမှုဖြင့် ရင့်ကျက်ပြည့်ဝလာခဲ့သော နှလုံးသည်းပွတ်သည် အရာခပ်သိမ်းကို နားလည်ခွင့်လွှတ်နိုင်ခဲ့ပြီ။ မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရားတို့ဖြင့် သန့်စွမ်းခိုင်လုံခဲ့သော နှလုံးသားသည် ဥပေက္ခာတရား အတွက် နိုးကြားခဲ့ပြီ။

ခမည်းတော်သုဿျှင်၊ မယ်တော်တလသုဒ္ဓမာယာ၊ ကြင်ဖက်တော် သမိန်စည်သူ၊ အစ်ကိုတော် ဗညားရံ၊ သားတော်လေး ဗညာပရူ၊ အဝဘုရင် သီဟသူ၊ မိုးညှင်းမင်း၊ ကျေးတောင်ညို၊ မင်းလှငယ်၊ ထို့နောက် ဗညားကျန်း၊ လိတ်မွတ်ထော...ချစ်သူ မချစ်သူ အားလုံးအပေါ်၌ ညီညွတ်မျှတစွာ မြင်ရှုနိုင်ခဲ့ပြီ။

သမက်တော်ဓမ္မစေတီနှင့် သမီးတော် နဲတကာတော်တည်းဟူသော တင့်တယ်သည့် နေလနှစ်စင်းကိုလည်း ဟံသာဝတီ ကောင်းကင်ထက်တွင် ထွန်းတက် စံမြန်းစေခဲ့ပြီ။

အတုလဝံသဆရာတော်လေး ရှင်ဓမ္မဉာတစ်ဖြစ်လဲ ဓမ္မပါလ၏ ကိုယ့် အတတ်ကျူးနှင့် ကိုယ်စူးသော ကွယ်လွန်အနိစ္စရောက်ခန်းကိုလည်း ကြင်နာစွာ မေတ္တာပို့နိုင်ခဲ့ပြီ။

သြော်...မည်သို့ရှိစေ...။

အချစ်ဖြင့်သော်လည်းကောင်း၊ အမုန်းဖြင့်သော်လည်းကောင်း ကျေးဇူးပြုရာရောက်ခဲ့သည့် ကျေးဇူးရှင်များမှာ များပြားလေစွ။

ခုနစ်ဆယ့်ရှစ်နှစ်တာတို့ ကာလပတ်လုံး လူ့ဘဝဇာတ်ခုံ၌ ကျင်လည် ကပြခဲ့ပြီးဖြစ်သည်။ ဆီခန်းခဲ့ပြီ။ မီးစာကုန်ခဲ့ပြီဖြစ်သည်။ ဤဆီမီး၏ အလင်းသည် ဆီနှင့်မီးစာတို့ အားကောင်းခဲ့သည့် တစ်ချိန်လုံးလုံး ရရှိသည့် ထောင့်တစ်နေရာလေးမှနေ၍ လောကအမှောင်ထုကို အန်တုခဲ့ပြီ ဖြစ်သည်။ အထိုက်အလျောက် တာဝန်ကျေပေပြီ။

သံသရာခရီးကို ထွက်ခွာတော့မည်။

ခရီးသည်၌ အဆောင်အယောင်အားလုံး အသင့်ပြည့်စုံသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးရှည်ကြီးကို စိုးနှောင့်ကြောက်ရွံ့ခြင်း မရှိတော့။

ဤခြေတစ်လှမ်းရောက်ရှိနေသော ဤအခိုက်ဝယ်၊ ခရီးသည်ကြီး… ဘာကို ဆုတောင်း ဆုပန်ပြုမည်နည်း။

ညင်သာလွန်းစွာ နိမ့်မြင့်လှုပ်ရှားဆဲ ရင်းအုံပေါ်မှ လက်အစုံကို နဖူးထိပ်ထက်သို့ ချီမလိုက်ပြန်သည်။ နဖူးထိပ်ဆံစ ဖြူလွ ကျိုးကျဲတွင် လက်ကြာပဒုံတည်သည်။

အဘယ်ဆုကို တောင်းမည်နည်း ရှင်စောပု။

အာသဝေါတရားတို့ ကင်းကုန်ရာ၊ ဗောဓိဉာဏ်ကို ရရှိရာ၊ နိဗ္ဗာန် အမတသို့ ဆိုက်ရောက်ရာ… ထိုသို့သော အန္တိမအဆုံး သံသရာမှ ကျွတ်လွတ်မှုအဆုံးသို့ မရောက်မီကာလ…

အကြားအကြားသော ဘဝ၊ ခန္ဓာနှင့် နာမ်ရုပ်တို့ဖြစ်ပေါ်ကြဦးမည် သံသရာ ဘဝဘဝ တို့ကို ဖြတ်သန်းရာတွင်…

မည်သို့သော ဘဝမျိုးကို ရပါလို၏ဟု ဆုတောင်းမည်နည်း။

* * *

နဖူးထိပ်မှ လက်အစုံတို့ ပြေလျော့သွားကြ၏။

ရင်အုံပေါ်မှ ညင်သာသောလှိုင်း ငြိမ်သက်သွား၏။

"သခင်မကြီး မရှိတော့ဘူး"

မိနဲ၏ ပြိုအက်သောအသံ ထွက်ကျလာသည်။ မိသင် ထံမှ တိုးတိမ်သော ရှိုက်သံနစ်နစ် ပေါ်လာသည်။

မိဖုရား နဲတကာတော် သလွန်အနီး ချဉ်းကပ်သည်။ ဓမ္မစေတီမင်းက မျက်လွှာအစုံကို ပိတ်လျက် သလွန်ဆီသို့ လက်အုပ်ချီသည်။

သလွန်တစ်ဖက် ပြတင်းပေါင်မှ ဖြူလွခန်းဆီးစ ငြိမ်သက်နေသည်။ လေပြည်တို့ ရပ်တန့်သွားသည်။ အဝေးသိင်္ဂုတ္တရ ကုန်းတော် တိဂုံဆံတော်ရှင် ထီးတော်မှ ဆည်းလည်းသံတို့ ပြတင်းပေါက်ကို တွန်းဖယ်စုန်ဆင်းလာ သယောင်…။


အဘယ်ဆုကို တောင်းသွားသလဲ… ဆိုသည်ကိုတော့ နတ်ရွာစံ ဘုရင်မကြီး ရှင်စောပုသာ အသိဆုံး ဖြစ်ပေမည်။

ချစ်ဦးညို

၂၇-၃-၉၆

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com